
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

**စာမူခွင့်ပြုချက်အမှတ်**
၅၀၀၃၀၁၀ ၂၀၈
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၁၃၉၄၁၀၀၈
**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ
**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်
**ထုတ်ဝေခြင်း**
ဒုတိယအကြိမ် ၂၀၀၈ခုနှစ် ဒီဇင်ဘာလ
အုပ်ရေ ၁၀၀၀၊ တန်ဖိုး ၁၀၀ကျပ်
**မျက်နှာဖုံးပန်းချီ**
မြင့်မောင်ကျော်
မောင်မျိုး
(ကြောင်နှစ်ကောင်စာပေ)
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ॥ ၁ ॥

BURMESE CLASSIC .com

ပူတတ်သောကလေးငယ် တအီအီငိုကြွေးနေသလို မိုးရွာနေပုံက စိတ်ပျက်ငြီးငွေ့ဖွယ်ပင်။ စဲလည်းမစဲ သဲလည်းမသဲနှင့်···

မြင်းရထားခေါင်မိုးပေါ်သို့ ဖြိုးဖြိုးဖြောက်ဖြောက် ကျနေပုံက အရိုးခြောက်လက်များဖြင့် စည်းချက်ညီညီ ရိုက်တီးနေသည်သို့ရှိသည်။ ရထားလုံးတစ်ခုလုံး ဗရာသရုပ်ကိုဆောင်နေသည်သို့ ရှိပေသည်။ မြင်းပိန်မက နှမ်းရိုယန်းချိစွာ ယိုင်နဲ့နဲ့လေး ပြေးနေသည်။ ရထားအိုက ဆွေးမြည့်စပြုနေပြီ။ ဝင်ရိုးသံကလည်း မိုးသံနှင့် ပဏ္ဍာတင့်လေအောင် တအီအီနှင့် အော်မြည်ရင်း လိုက်ပါလာသည်။

မိုးစိုနေသည့် ရထားအိုရှင်မှာ မောင်းနှင်နေသည်မှ ဟုတ်ပါလေစ၊ ငိုက်မြည်းရင်းများ လိုက်ပါသလားပင်၊ ရထားယိမ်းတိုင်း သူနွဲ့နေသည်။ အကြောပြိုင်းပြိုင်း လက်များပေါ်သို့ မိုးရေများ သွန်းလောင်းချိန် ကြာမြင့်၍ နူးပွနေပေသည်။ အဖြူနှင့်အနက် တစ်ဂက်စီလို ရောယှက်နေသော ဆံပင်၊ မျက်ခုံးနှင့် နှုတ်ခမ်းမွေးများ



www.burmeseclassic.com

www.burmeseclassic.com

ကြားရှိ မျက်နှာပြင်မှာ လူသေတစ်ယောက် အသက်သွင်းထားဘိသည်သို့ ရှိသည်။ မျက်တွင်းဟောက်ပက်၊ ပါးရိုးငေါထွက်နေပြီး အသားအရေက ဖြူဖျော့လှသည်။ သွေးမရှိသလိုပင်။ ဤဇရာအိုရထားထက်မှ လွှန်မြောက်၍ "**မဟော်ဂနီစံအိမ်**" သို့ ရောက်လိုစိတ်စောလွှန်းနေသော ကျွန်မက နာရီငုံ့ကြည့်မိသည်။ ခြောက်နာရီခွဲလေပြီ၊ အပြင်တွင် အလင်းရောင်ဟူ၍ မှောင်ပိန်းမနေရုံသာ ဖျော့ဖျော့လေးလင်းနေတော့သည်။ ရှေးလူကြီးသူမတို့ မကြိုက်နှစ်သက်ဆုံးသော နေဝင်ဖျိုးဖျ ဘာလအချိန်ဖြစ်ပေသည်။

"ရောက်ဖို့ ဘယ်လောက်လိုသေးလဲဟင်..."

"နီးပြီ"

"ဒီတည့်တည့်ကြီးသွားရမှာပဲ ထင်တယ်နော်"

"ဟုတ်ဘူး... တောလမ်းထဲ ချိုးရဦးမယ်"

"ရှင်"

ကျွန်မ လန့်သွားမိသည်၊ သူ့စကားကြောင့် မလိုက်ရဲသလို ရှိမိသည်၊ အဘိုးအိုက စကားဆက်သည်။

"ကြပ်ကုန်းရပ်က ဘယ်သူ့အိမ်သွားမှာလဲ" ရထားငှားစဉ်က ပြောခဲ့သော အရပ်ကို မှတ်မိဟန်ဖြင့် သူက ပြန်မေးသည်။

"**ဦးကောင်းမြတ်ရဲ့ အိမ်ကိုပါ**"

"ဘာ...ဘာ ပြောတယ်"

သက်မဲ့အရုပ်လို လှုပ်ရှားခြင်းကင်းသော အဘိုးအို၏





ချောက်ချောက်ချားချား လှုပ်ရှားမှုများကြောင့် ကျွန်မ စိုးရွံ့ထိတ်လန့်သွားရသည်။

"အ... အဘ,က သိလို့လား ဟင်"

"ဒီမြို့မှာကဘူး ဒီတစ်နယ်လုံး ဒီအိမ်အကြောင်း မကြားဘူးသူမရှိဘူး"

"ဘာ... ဘာ... အကြောင်းထူး ကြားကြလို့လဲရှင်"

ကျွန်မ၏အမေးကို မြင်းရထားရှင်အဘိုးအိုက မဖြေ၊ သူက ဆက်၍ပြောသည်။

"သူတို့တစ်အိမ်လုံး ဆူလို့...လှုပ်လှုပ်ရှားရှားဖြစ်လို့"

"ဟုတ်မှာပါ-ဟုတ်မှာပါ...နက်ဖြန် ဘိုးဘိုးဦးကောင်းမြတ်ရဲ့ မွေးနေ့ပွဲ ကျင်းပမယ်လေ၊ အသက်ခြောက်ဆယ်ပြည့် မွေးနေ့ပွဲပေါ့... ကျွန်မလည်း အဲဒီပွဲကိုလာတာပါ"

"ဘာ...ဘာပွဲ"

"မွေးနေ့ပွဲပါ-အဘ...ဒီတစ်ခါ တော်တော်စည်စည်ကားကား လုပ်ဖို့ စီစဉ်ထားကြတယ်လို့ပြောပါတယ်"

"ဘယ်ကမွေးနေ့လုပ်ရမှာလဲ"

"ဩော်... ဩော် အဘမသိလို့ဖြစ်မှာပါ၊ ကျွန်မက ဦးကောင်းမြတ်ရဲ့မြေးပါ၊ သူမှာလို့..."

ကျွန်မစကားမဆုံးမီ သူ၏ ကြောင်စိစိမျက်လုံးများဖြင့် ကျွန်မကို လှည့်ကြည့်သည်။ မျက်လုံးများကျွတ်ထွက်မတတ် ပြူးကျယ်သော သူ့မျက်လုံးများကို ကျွန်မရင်ဆိုင်လိုက်ရသဖြင့် ရင်၌ လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com

သွားရသည်။ စကားပြောစဉ်က ဟန်ဆောင်ပြုံးများပင် ပျယ်လွင့်ကုန်ပြီ တင်သည်။ မှောင်ရီဖျိုးဖျအချိန်တွင် လူသေဇကောင် အသက်သွင်းထား သည်သို့ အရိုးပြိုင်းပြိုင်းအဘိုးကြီးနှင့် နှစ်ဦးတည်း ခရီးသွားနေရသော ကျွန်မမှာ၊ သွားလိုရာသို့ ရောက်ချင်လှပါပြီ။ စည်ကားသိုက်မြိုက်နေ မည့် မွေးနေ့ပွဲကျင်းပရာနေရာတွင် လူပေါင်းစုံ၏ အလင်းရောင်ပြည့်ဖြင့် ကျွန်မကို ဆီးကြိုနေပေလိမ့်မည်။ ကျွန်မမှာ ဤရထားအိုရှင်နှင့် ခရီးဆုံးချင်လှပါပြီ။ ကျွန်မစကားဖြင့် အဆုံးသပ်ပြီး ရပ်မည်မှတ်သော် လည်း သူက ကျွန်မကို မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ကြည့်ရင်း…

"ဘာ ဦးကောင်းမြတ် ဟုတ်လား သေပြီ ခုမသာဖြစ်နေပြီ"

"အို…ဒီ…ဒီ…အဘိုးကြီး မတော်တရော်တွေရှင်"

"ဟင်း… ဟင်း… မယောက်ဂနီအိမ် သွားစမ်းလို့ ဘာရမလဲ၊ အခုသေပြန်ပြီ…မသာတစ်လောင်း"

ကျွန်မမှာ အဘိုးကြီး၏ လည်ပင်းကို ထ,ညှစ်ရ ကောင်းလေ မလား၊ ရထားပေါ်က ခုန်ချပြီး ထွက်ပြေးရကောင်းလေမလား ဟူသော လမ်းနှစ်သွယ်ကို ခဏအတွင်း၌ပင် ရွေးနေမိသည်။ လက်တွေ့၌မူ ဘာမှအထမမြောက်၊ မြို့ပြင်ဘောလမ်းသည် ပိန်းပိတ်မတတ် မှောင်နေလေပြီ။ ပြီးနောက် ကျွန်မကိုယ်တိုင်လည်း လူမသတ်ရဲပါ။

အပြင်ပတ်ဝန်းကျင်တစ်ခုလုံး ကြည့်နေရင်းပင် အမှောင်က ပါးမြိုစပြုလေပြီ၊ မိုးသံက ပိုမိုပြင်းထန်လာသည်။ မိုးစက်နှင့် လေအေးတို့ကြောင့် ကျွန်မတစ်ကိုယ်လုံး အေးနေရသည်ယက်၊





ကျွန်မ၏အသည်းနှလုံးကို လူသေ၏လက်ဖြင့် ဆုပ်ညှစ်ထားသည် သို့ ခံစားရသည်က ပိုမိုရှိ၍ထိတ်လန့်ကြောက်ဖွယ်ပါပင်။

"မဖြစ်နိုင်ဘူး ဘိုးဘိုးသေတယ်ဆိုတာ မဖြစ်နိုင်ဘူး… ဒီလူကြီး ရမ်းပြောတာ အလကား အရူးကြီး"

ရထားအိုရှင်ကို စိတ်တွင်းမှ ကျိန်ဆဲရင်း ကျွန်မမှာ အားငယ် စိတ်၊ စိုးရိမ်စိတ်များဖြင့် ငိုချင်လာတော့သည်။

ကျွန်မ၏ ဦးတည်ရာသည် မယောက်ဂနီစံအိမ်… မျှော်လင့်ခြင်း အားကိုးခြင်းအပြည့်ဖြင့် ခိုလှုံဝင်ရောက်ရမည့်နေရာသည် ဘိုးဘိုး ဦးကောင်းမြတ်၏ မေတ္တာရင်ခွင်…

ယခုမူ ဘိုးဘိုးသေနှင့်လေပြီဟုဆိုသော စကားသည် မယုံကြည် ပါ ဆိုငြားသော်လည်း ကျွန်မ၏ရင်ကို ကိုင်လှုပ်သည်သို့ ရှိချေသည်။ ဤမြေဤဒေသတွင် ထာဝရနေထိုင်ခိုလှုံရန် ကျွန်မအပြီးတိုင် ထွက်ခွာ လာခဲ့ပြီလည်း ဖြစ်ချေသည်။ ဤသတင်းသာ မှန်ကန်ပါလျှင် ကျွန်မ ဘဝသည် ရပ်တည်ရန်ပင် ခက်ခဲလှချေသည်။ မိုးရေနှင့်အတူ မျှောချ လွင့်ပြယ်သွားစေချင်ပါပြီ။

"ကလေးမက ဦးကောင်းမြတ်ရဲ့မြေးဆိုတော့ မင်းဟာ 'လှထူးမြတ်' ရဲ့သမီးလား… ဘယ်သူက မွေးတာလဲ"

"ဟင်"

အဘိုးကြီး၏စကားကို ကျွန်မ ဘာပြန်ဖြေရမှန်းမသိပါပေ။ ကျွန်မသည် ဦးကောင်းမြတ်၏မြေးအရင်းပါ ဆိုငြားသော်လည်း ဤမိသားစု၏ အနွယ်ဝင်နှင့် ကင်းကွာအလှမ်းဝေးခဲ့ရသူဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ မမွေးဖွားမီ ကျွန်မမေမေ၏ လက်ထပ်မှုစ၍ ဤမဟော်ဂနီစံအိမ်ရှိ ဦးကောင်းမြတ်တို့ မိသားစုနှင့် ကင်းဝေးခဲ့ရသူဖြစ်ချေသည်။ အဘိုးကြီးပြောကြားသည့် 'ဟုထူးမြတ်' ဆိုသူ၏အမည်ကို မကြားဖူးခဲ့။ အမျိုးသားလား၊ အမျိုးသမီးလား မကွဲပြား။ ယင်းပြဿနာက အရေးမကြီး၊ အရေးကြီးသည်က ဘိုးဘိုးဦးကောင်းမြတ် သေမသေဆိုသော ပြဿနာသည်သာ ကျွန်မအတွက် သေရေးရှင်ရေးဖြစ်ပါလေသည်။

"ဒီ...ဒီမှာ...ဦး...ဦးကြီး၊ ကျွန်မအဘိုး ဦးကောင်းမြတ် သေတယ်ဆိုတာ တ...တကယ်လားရှင်"

"ဟော...ဟောဟော။ သေတယ်ဆိုမှ တကယ်လားတဲ့။ ခုရောက်တော့မယ်၊ ဦးကောင်းမြတ်ရဲ့ မသာအလောင်းကြီးက မင်းကို ဆကြို..."

"အို...အဘိုးကြီး၊ ရှင်...ရှင်...ဟင်"

ကျွန်မမှာ ရထားမောင်းသမားကြီး၏စကားကို ဆက်လက်မကြားဝံ့နိုင်ပါတော့၍ ကြုံးအော်ပစ်မိသည်။ ကျွန်မအသံသည် ရှုံ့မြောက်စိတ် ဒေါသစိတ်တို့ကြောင့် တုန်ယင်လှိုက်လှဲစွာ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာပါသော်လည်း ရထားပြင်ဘက်ရှိ မိုးသံလေသံများကို ထွင်းဖောက်ထွက်ပေါ်နိုင်မည် မဟုတ်ပါပေ။

ဤအဘိုးကြီး၏ စကားသံတို့သည် ဘိုးဘိုးသေဆုံးခြင်းကို နှစ်ခြိုက်သလိုရှိနေလေသလား၊ မဟော်ဂနီစံအိမ်၏ ကျဆုံးမှုကို ဝမ်းမြောက်နေလေသလားဟု ကျွန်မ သံသယစိတ်ဝင်မိပါသည်။

"အေး...ပြောမရလည်းသွားပေါ့၊ မဟော်ဂနီစံအိမ်ရှင် မိသား



BURMESE CLASSIC .com



စုက သမီးကို ဒုက္ခအဖုံဖုံ အန္တရာယ်အသွယ်သွယ်ပေးဖို့ စောင့်ကြိုနေကြပါလိမ့်မယ်"

ဤခရီးသို့ လာခါနီးဆဲဆဲတွင် မေမေက မကြေမချမ်းသံနှင့် ထွေ့၍ပြောလိုက်သော စကားများကို ကျွန်မပြန်လည် ကြားယောင်လာမိပါသည်။ မဟော်ဂနီစံအိမ်၏ ဝန်းကျင်သို့ မခိုဝင်ရခင်မှာပင် ကျွန်မမှာ "မှားလေပြီလား" ဟူသော အတွေးစိတ်က ရင်ကို ပိုင်နှင်းစွာ စိုးမိုးပါချေပြီ။

ရထားအပြင်တွင် အမှောင်ထုက လုံးဝ ဝါးမျိုလွှမ်းခြုံသွားလေပြီ။ ကြခတ်ဝါးပင်ချင်း ပွတ်တိုက်သံ၊ မိုးကြားမှ အော်မြည်ပြေးလိုက်လာသော လေတိုက်သံတို့က တမလွန်ရောက် ဝိညာဉ်ရှင်တို့၏ အော်ဟစ်ငိုကြွေးနေသံများပမာ ချောက်ချားစရာကောင်းလိုက်ပါဘိခြင်း။

"အမလေး...ဘုရား...ဘုရား"

ကိုယ်ကို မထိန်းနိုင် ယိမ်းယိုင်မှောက်လှဲမတတ် ဖြစ်သွားပါ၍ အလန့်တကြား ကျွန်မအော်ရင်း ရထားဘောင် သံတန်းများကို ဖမ်းဆုပ်ကိုင်မိသည်။

"ကြပ်ကုန်းရောက်လို့ ကွေ့လိုက်လို့ပါ"

"ဖြည်းဖြည်းကွေ့ရောပေါ့ရှင်...၊ ကံကောင်းလို့ အောက်လိမ့်မကျတယ်"

ကျွန်မ ကြောက်လန့်စိတ် ဒေါသစိတ်များဖြင့် အဘိုးကြီးကို အော်ပြောမိသည်။ သူ့ထံမှ ဘာသံမျှမကြားရ၊ ကျောခိုင်းအနေထားနှင့်



www.burmeseclassic.com

www.burmeseclassic.com

မို့ သူ့မျက်နှာ မည်သို့ရှိမည်ဆိုသည်ကိုလည်း ကျွန်မအကဲမခတ်နိုင်။ အကယ်၍ မျက်နှာချင်းဆိုင် ထိုင်နေစေဦး အမှောင်တွင်း၌ ဖြစ်ပါ၍ သူ့မျက်နှာပြင်ကို ဝိုးတဝါးသာ မြင်နိုင်ပါလိမ့်မည်။ ကျွန်မမှာ ဤခရီး အတွက် စိတ်ပင်ပန်းခြင်းကြီးစွာ ဖြစ်နေရချိက်···

"ကြပ်ကုန်းဆိုတာ ဘာဖြစ်လို့ခေါ်လဲသိလား"

"ဟင့်အင်း"

"ကြပ်တွေနေလို့"

"ဘာလဲ··· ကြပ်ဆိုတာ"

သူက စကားစရှာ၍ မပျင်းရိရအောင် ပြောလေသလားပင်၊ ကျွန်မက စိတ်မပါတပါဖြင့် သူ့စကားကို ဝင်ထောက်လိုက်ရသည်။

"ကြပ်ဆိုတာ သူ့ဘို့ ဖန်ဆင်းပြနိုင်တယ်လေ··· ပုစွန်ခေါင်း ပုတ်တွေကို စိန်ပန်းခိုင်လေးတွေဖြစ်အောင်···ခွေးသေကောင်ပုတ်ကို ရွှေမြင်းရုပ်ဖြစ်အောင် ဖန်ဆင်းပြနိုင်တဲ့ သရဲတစ်မျိုးပေါ့ကွဲ···။ အခု ရောက်နေတဲ့ ကုန်းတစ်ခုလုံး အဲဒီကြပ်တွေနေတာပေါ့"

"အို···အဘိုးကြီး···တော်တော့ရှင်··· ကျွန်မ မယုံဘူး၊ ဒါတွေ ရှိတယ်ဆိုတာ ကျွန်မအပါအဝင် ဒီနေ့ခေတ်လူငယ်ပိုင်းတွေဟာ ဘယ်သူမှ လက်မခံကြတော့ဘူး။ ကျွန်မကို ဘာစကားမှမပြောပါနဲ့"

ဝိညာဉ်လောကကို လက်မခံခဲ့ပါ၊ ကြပ်၊ မှင်စာ၊ စုံး၊ ကဝေ စသည်များကိုလည်း ဒဏ္ဍာရီပုံပြင်ထဲမှ ဇာတ်ကောင်များအဖြစ်သာ သတ်မှတ်လက်ခံသည် မှန်ပါသော်လည်း ယခုလို အ၊ ကာလအခါ သမယမျိုးတွင် ယင်းစကားများ ကြားရခြင်းအတွက် ကျောတွင်းမှ





စိမ့်တက်လာသည်။ ရထားဘေး ကျွန်မ၏ ကျောဘက်မှနေ၍ တစ်ခုံ ဘစ်ခုသော ဝိညာဉ်က လက်အေးကြီးနှင့် လက်ဆွဲ လှမ်းပုတ်လိုက်လေ မလားဟူသော အတွေးဝင်သည်နှင့် ကျောကော့သွားအောင် နေရာ ပြင်ထိုင်လိုက်မိသည်။ ကိုယ့်ဘိုးအေအရွယ်ကြီး ဖြစ်လင့်ကစား "ဘာစကားမှမပြောပါနဲ့"ဟူ၍ ကျွန်မ ဟိန်းဟောက်လိုက်မိသည်။

တကယ်တမ်း စာနာတတ်သော အဘိုးအိုဆိုပါလျှင်၊ ဤအချိန် ဤနေရာ၌ တခြားသော စကားသာ ဆိုသင့်ပါသည်။ ရဲမာန်ဝင်စေ သည့် အကြောင်းအရာများ၊ နှစ်သိမ့်ကျေနပ်ဖွယ်ရာ စကားမျိုးများသာ ပြောကြားသင့်ပါလျက် ဘယ်အတွက် ကျွန်မ ချောက်ချားစေမည့် စကားရပ်များကိုသာ ရွေးချယ်၍ ပြောနေလေသည်ကို ကျွန်မတွေး၍ မရခဲ့။ ဘာပဲဖြစ်ဖြစ် သူ့ထံမှ စကားသံ ထပ်မံထွက်ပေါ်မလာပါ၍ တော်ပေသေးသည်။

ကျွန်မမြင်ကွင်း၏ အရှေ့စူးစူးတွင် အမှောင်တွင်းသို့ အလင်း ရောင်တန်းတစ်ခု ခပ်ဝိုင်းဝိုင်း ဖြာထွက်နေသည်ကို လှမ်းမြင်လိုက်ရ ပါ၍ စိတ်၌ တစ်မျိုးအားတက်သွားမိသည်။ အလင်းရောင်သည် စိတ်အင်အားကို ပေးစွမ်းနိုင်သော သတ္တိထူးရှိလေသည်။ အလင်းရောင် မြင်ရခြင်းအားဖြင့် လူနေအိမ်ခြေတို့ ရှိလေမည်။

အမှောင်လမ်း···မှုမမှန်သော ရထားအိုရှင်··· ချိနဲ့စွာ လူးလိမ့် နေသည့်ရထား···။ ဤနေရာ ဤဒွါနများမှ ကျွန်မ အမြန်ဆုံး ကင်းကွာဝေးလိုပါပြီ။ ဦးကောင်းမြတ်၏ မဟော်ဂနီစံအိမ်သို့ မရောက် နိုင်စေဦး၊ လူသူလေးပါးရှိရာအရပ်သို့ ကျွန်မ ချဉ်းကပ်လိုလှပါပြီ


www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ကဟာ…ရွာလားဟင်"

အဘိုးကြီးက ဘာမှမဖြေ၊ ကျွန်မ၏စကားကို သူစိတ်ခုသွားဟန် ရှိသည်၊ နှုတ်ပိတ်နေလေသည်။

"ရွာလားလို့မေးနေတာ ဖြေပါဦး"

"နင်ပဲ ငါ့စကားမပြောနဲ့ဆို"

"ကျွန်မမေးတာလေးတော့ ဖြေပါဦး"

"မသာအိမ်"

"ရှင်"

"တောလယ်ကုန်းမြင့်မှာ တစ်အိမ်တည်းရှိတဲ့ မဟော်ဂနီစံအိမ် ဆိုတာ အဲဒါပဲ၊ ခု မသာအိမ်ဖြစ်နေလို့ မသာအိမ်လို့ ပြောတာ… မင်းပါးစပ်ပိတ်ထားစမ်း"

ကျွန်မ ငိုချင်လာပါပြီ။ ကယ်သူ ကူသူဝေးမည့် အရပ်မှန်း သိလေ၊ အားငယ်စိတ်က လွှမ်းကဲလာလေပင်။

အမှန်က ဤမဟော်ဂနီစံအိမ်သည် ကျွန်မ၏ ခရီးဆုံးရာဌာန ဖြစ်ပေသည်။ နားခိုရာခရီးဆုံးရောက်ရှိတော့မည်ဆိုသော်လည်း ခရီးသည်ကျွန်မမှာ ရွှင်ပျခြင်းမရှိနိုင်ခဲ့ပါ။ အကယ်၍ ဤအဘိုးကြီး စကားမှန်၍ ဘိုးဘိုးဦးကောင်းမြတ်သာ သေဆုံးရှိုးမှန်ပါလျှင် ကျွန်မ မတွေးတတ်၊ မတွေးချင်တော့။ ကျွန်မ မသိသော၊ ကျွန်မကို လိုလားမည်မဟုတ်သော ကျွန်အိမ်သားများနှင့် မည်သို့သော ပုံစံဖြင့် ဆက်ဆံရလေမည်ဟူ၍လည်း ကျွန်မ မသိ။ ခက်ပြီ…ခက်ချေပြီ။





"ဘိုးဘိုးသေတယ်ဆိုတာ မဟုတ်ပါစေနဲ့… ဒီအဘိုးကြီး စကား မမှန်ပါစေနဲ့"

ယင်းဆန္ဒ၊ ယင်းဆုတောင်းများဖြင့် အလင်းရောင် ထွန်းပေါ် နေသော နေရာသို့ တဖြည်းဖြည်းချင်း နီးကပ်လာပါလေပြီ။

"ဘုန်းကြီးကျောင်းလား… ဘုရားတန်ဆောင်းလားပဲ၊ အဆောင်တွေ အခန်းတွေကလည်း များလိုက်တာ… နေရာတိုင်းမှာ မီးတွေကလည်း လင်းလို့"

ကျွန်မမှာ ရထားပေါ်တွင် ထိုင်ရင်း ကိုယ်ကို ကိုင်းညွတ်၍ ရှေ့သို့ ငုံ့ကြည့်မိသည်။ ကျွန်မမြင်ရသော အဆောက်အဦကြီးမှာ ကျောင်း၊ တန်ဆောင်းမဟုတ်သည်မှာ သေချာသွားပါပြီ။ သို့သော် လည်း လူနေအိမ်တစ်ဆောင်နှင့်ဖြင့်မတူ၊ အချွန်အတက်များစွာ၊ အခန်းပေါင်းများစွာနှင့် သုံးဘက်မြင်ပမာ လုံးဝန်းသောပုံသဏ္ဌာန်ကြီး ဖြစ်ပါသည်။

"ဘေးမှာလည်း ဘာအဆောက်အဦမှ မတွေ့ရဘူး… အိမ်ကြီး တစ်အိမ်တည်း ထီးထီးကြီး… ဒါ-ဒါ- လူနေအိမ်မှဟုတ်ရဲ့လား"

နန်းတော်ကြီးတစ်ဆောင်နှင့် သဏ္ဌာန်တူနေသော အိမ်အိုကြီးကို ကြည့်ပြီး ကျွန်မစိတ်တွင် အတွေးတစ်ခုဝင်လာသည်။

"ဒါ-ဒါ…ခုနပြောတဲ့ ကြပ်ဆိုတဲ့သတ္တဝါတွေကများ ငါ့ကို ဖန်ဆင်းပြတာလား…ဒီလူကြီးကရော လူအစစ်မှဟုတ်ရဲ့လား"

ယင်းအတွေးများရှိနေခိုက်၊ မိုးသက်လေက ရထားတွင်းသို့ အေးခနဲနေအောင် ဖျန်းပက်လိုက်၍ ကျွန်မမှာ ရထားသံတိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ခါ၊ အံကို မနည်းခဲပြီး မျက်စိစုံမှိတ်မိသည်၊ ခေါင်းခါယမ်းမိသည်။

"မဟုတ်ဘူး-မဟုတ်ဘူး မဖြစ်နိုင်ဘူး"

"ဘာမဖြစ်နိုင်တာလဲဟ"

ချမ်းနေဟန်တူသော အဘိုးကြီး၏ အသံတုန်တုန်ကို ကြားရလေမှ ကျွန်မသတိတရား ပြန်ရသလိုရှိသည်။ ကျွန်မ၏အတွေးများ စိတ်ကူးများကို နှုတ်က ဖွင့်ဟမိလေပြီဟူ၍လည်း ယခုမှပင် သိရပါလေ၏။ အဘိုးကြီးကပင် ဆက်သည်။

"ဘယ့်နှယ် မဖြစ်နိုင်ရမှာလဲ… အဲဒါ မဟော်ဂနီစံအိမ်တော်ကြီးပေါ့။ ဟင်းဟင်း… သဒ္ဒါတရားမဲ့ကြလွန်း၊ စိတ်ယုတ်မာရှိကြလွန်းလို့ ကျိန်စာသင့်နေတဲ့အိမ်ကြီးပေါ့"

"အို… ဒီအိမ်ဟာ ကျွန်မရဲ့အမျိုးအိမ်၊ ကျွန်မရဲ့ အဘိုးအိမ်ပါဆိုမှ… ဘာကြောင့် ဒီလောက် ပက်ပက်စက်စက် ပြောရက်ရတာလဲရှင့်"

"အေးပါ… ငါဘာကြောင့် ဒီလိုပြောမိတယ်ဆိုတာ မင်းရောက်တော့ သိပါလိမ့်မယ်။ ငါဟာ 'စိမ်းမေ' ရဲ့ 'အဘ' ဆိုပါရင်အဲဒီ ဦးကောင်းမြတ် မိသားစုနဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာ ဟိုအိမ်ကြီးက ဆီးပြောကြလိမ့်မယ်၊ ဒီမယ် ကလေးမ…"

အဘိုးအိုက ယခင်လာတုန်းကလို လူသေတစ်ယောက် ငုတ်တုတ်ထိုင်လာသည့် ဟန်ပန်မျိုး လေသံမျိုးလိုမဟုတ်တော့၊





နာကျည်းခြင်းမှ ပေါက်ဖွားလာသော လေသံမျိုးဖြင့် ခပ်မာမာပင် စကားဆက်သည်။

"ဒီနေ့ ရထားကလည်း နောက်ကျ၊ ခရီးသည်ကလည်း မရလို့ ရွာပြန်ရင်း မင်းကို တင်ခေါ်လာခဲ့တာ။ ဒီငွေငါးကျပ်ရမှ နက်ဖြန် ထမင်းစားရမှာမို့ နို့မဟုတ်ရင် ဒီအိမ်အကြောင်း ကြားတောင်မကြားချင်ဘူး။ ဟော့… ဒီမှာ…"

"အင်"

"ဒင်းတို့မြေတော့ ငါခြေမနင်းဘူး၊ ထိပ်ဝကပဲပို့ပေးမယ်"

"ရပါတယ်…အမြန်သာမောင်းပါ"

လက်ရှိအကျဉ်းအကျပ်မှ လွတ်မြောက်ချင်လှပါပြီ၊ ရှေ့တွင် ဘာပဲရင်ဆိုင်ရ ရင်ဆိုင်ရပါ။ ဒီအဘိုးကြီး၏ ရထားအိုပေါ်မှ သက်ဆင်းလိုလှပါပြီ။ အမှောင်ကမ္ဘာအတွင်း မိုးသက်လေပြင်းအောက်မှ လွတ်မြောက်လိုလှပါပြီ။ လူသူလေးပါးရှိရာ အဆောက်အဦ တစ်ခုတွင်း၌ ခိုလှုံလိုလှပါပြီ…။

ရထားက တုန့်ခနဲ ရပ်သွားသည်။

"ကဲ…ဆင်းတော့၊ ပေးငွေငါးကျပ်"

"ပေးပါ့မယ် ရှော့ပါ၊ ဒါပေမယ့် အိမ်ဟာ အဝေးဝေးသေးတယ်။ ပြီးတော့ ကုန်းကမြင့်မြင့်ကြီး၊ လှည်းတက်နိုင်တဲ့ လမ်းလည်း ရှိပါရက်နဲ့ မိုးထဲလေထဲမှာ တစ်ယောက်တည်း လျှောက်သွားခိုင်းရက်တဲ့ အဘရဲ့လုပ်ဆောင်ချက်ကို ကျွန်မ အံ့ဩမဆုံးဘူး။ မြန်မာလူမျိုး အဘိုးအဘွားရွယ်တွေဟာ စေတနာမနည်းတတ်ကြပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ကဲ မတတ်နိုင်ဘူး မြင်းကိုပဲ ငြိမ်အောင်ထိန်းထားပါ ကျွန်မ ပစ္စည်းလေးတွေ ချလိုက်ဦးမယ်''

ကျွန်မက ခတ်ဆတ်ဆတ်ပြော၍ ငွေငါးကျပ် ပေးပြီးနောက် မြင်းလှည်းပေါ်မှ ခုန်ချလိုက်ရသည်။ မိုးရည်စက်တို့က ကျွန်မ၏ ကိုယ်ခန္ဓာတစ်ပြင်လုံးပေါ်သို့ ပေါက်ကြဲ၍ စိုရွှဲစေသည်။ ကျွန်မ၏ ပစ္စည်းများက မများလှ။ သားရေပျော့ လက်ဆွဲအိတ်တစ်လုံးနှင့် ယိုးဒယား ပလတ်စတစ်လက်ဆွဲခြင်းတစ်လုံး၊ ကျွန်မ၏ ပခုံးလွယ် သားရေအိတ်ကလေးတစ်လုံးတို့သာ ဖြစ်ပါသည်။

''အေး... ဘုရားအစ်မ 'မယ်ရွှေနိုင်' ရဲ့ 'ကျိန်စာ' တွေ ဒင်းတို့ တစ်မျိုးလုံး သင့်ကြပါစေ''

ရထားက ဆောင့်ခနဲ ထွက်သွားသည်။ အဘိုးအို၏ ကျိန်စာ သင့်စေသော ကျိန်ဆိုချက်များကြောင့် ကျွန်မမှာ မြင်းရထားဆီသို့ ခဲ၊ တုတ် စသည်တို့ဖြင့် လှမ်း၍ ပစ်ပေါက်ချင်လောက်အောင် ဒေါသ ဖြစ်မိသည်။ အချိန်မမီတော့၊ ရထားက အမှောင်တွင်းသို့ တိုးဝင်သွားချေပြီ၊ မြင်းခွာသံနှင့် ခြူသံများပင် တဖြည်းဖြည်း ဝေး၍ဝေး၍ သွားလေပြီတကား...

❖ ❖ ❖





ကုန်းမြေက မတ်စောက်မြင့်မားခြင်း မရှိလှပါသော်လည်း တက်ရသည်မှာ ခြေဆွဲလှသည်။ တစ်နေ့နှင့်တစ်ည ရထားစီးလာခဲ့ရသောကြောင့် ခရီးပန်းလာသည့်ဒဏ်၊ ညစာ မစားရသေးသဖြင့် ဆာလောင်မွတ်သိပ်နေရသည့်အထဲတွင် ရွှံ့ထိတ်လန့်ကြောက်ခဲ့ရသော ဒဏ်ကြောင့် ရင်မှာ ပမ်းလျှလှသည်။

မိုးရေများက မညှာမတာ သွန်းလောင်းနေသည်သို့ရှိသည်။ အဝတ်မဲ့ လက်မောင်းသား မျက်နှာနေရာများတွင် နာကျင်စပ်ဖျင်းသည် အထိ မိုးစက်တို့က ထိမှန်လာသည်။ နင်းရသည့် မြေပြင်ကလည်း မညီညာ၊ နွံဗွက်ထဲ ခြေကျွံသွားသည်လည်း ရှိသည်။ ကမူ၊ ခဲတို့ကို နင်းမိ၍ ခြေလိမ့်သွားသည်လည်းရှိရသည်။ ခက်ခဲပင်ပန်းစွာ လှမ်းလာရခိုက်...

''အို... ခွေးအူသံပဲ''

လူကိုမြင်၍ ထိုးဟောင်ခြင်းမဟုတ်၊ အကာလ မိုးညတွင် ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံကြောင့် ကျွန်မမှာ ကြက်သီးများ ဖြန်းခနဲ ထမိသည်။ ချမ်းနေသည့် ကိုယ်ခန္ဓာမှာ ရှိန်းခနဲ ဖြစ်သွားမိပါ၏။ ကြောက်ရွံ့စိတ်ကြောင့်ပါပင်...။

''အို... ရောက်တော့မယ် အမြန်ဆုံးလျှောက်မှ၊ ဘိုးဘိုးရှိပါစေ ဘိုးဘိုး ငါ့ကိုကြိုနေပါစေ''

အမောဆို့မတတ် မပြေးရုံတမယ် အမြန်ဆုံး လျှောက်တက်ရသည်။ ခြံဝင်းတံခါးက ဖွင့်လျက်၊ စောစောက ခွေးအူသံကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

မကြားရတော့။ အမြန်လျှောက်ခဲ့သောအရှိန်ကို သပ်၍ ကျွန်မမှာ ကြီးမားခန့်ညားလှန်းပါသော "မယော်ဂနီစံအိမ်ကြီး" ရှိရာသို့ မဝံ့ရဲသော ခြေလှမ်းများဖြင့် တစ်လှမ်းချင်း၊ တစ်ရွေ့ချင်း တိုးကပ်ခဲ့ရချေပြီ တကား...။

❖ ❖ ❖



အခန်း ။ ၂ ။

"ဟဲ့... မိန်းကလေးတစ်ယောက်ပါလား"

"အို... မိုးရေတွေစိုရွှဲလို့ ဧည့်သည်နဲ့တူပါရဲ့"

"လုံလိုက်တာ ဥစ္စာစောင့်မလေးများ လူယောင်ဖန်ဆင်းလာသလားပဲ"

ပိတ်ထားသော ကျွန်းပန်းခက် တွန်းတံခါးဝတွင် ကျွန်မ ရပ်မိသည်နှင့် အတွင်းမှ အမျိုးသမီးနှစ်ဦးနှင့် ပထမဆုံးစကားကို ပြောကြားသော အမျိုးသားကြီးတစ်ဦးကို မြင်တွေ့လိုက်ရသည်။

သံပန်းခက်တံခါးများသဖွယ် ကျွန်းသားကို ပန်းနွယ်ပန်းခက်များ ဖော်ထားသော လေးထောင့်ကွက်ကြားတံခါးက အလယ်တွင် ခံနေသော်လည်း အပေါက်များကြားမှ တစ်ဦးကိုတစ်ဦး ကောင်းစွာ မြင်သာနေသည်။ ကျွန်မကိုဝေဖန်သည့် စကားများသာ ဆိုကြသည်။ ကိုယ်ဆိုဖိတ်ခေါ်ခြင်းမပြုကြပါ၍ ကျွန်မက...


www.burmeseclassic.com

www.burmeseclassic.com



"ဒါ…မဟော်ဂနီစံအိမ်ကြီးပါနော်၊ ကျွန်မချမ်းလွန်းလို့ အိမ်ထဲဝင်ပါရစေရှင်၊ ပြီးတော့ ဦးကောင်းမြတ်ကိုလည်း တွေ့ခွင့်ပေးကြပါ"

"ဟဲ့… ဟဲ့… အို"

သူတို့၏မျက်နှာ နီမြန်းမြန်း သွေးကြော ယှက်သန်းနေသော မျက်ဝန်းစုံတို့ ပြူးကျယ်သွားရင်း အာမေဋိတ်သံများ အစီအရီ ထွက်လာသည်။ အသက်လေးဆယ်ကျော် ငါးဆယ်ခန့်အရွယ် အမျိုးသားတစ်ဦးက -

"ဖွင့်ပေးလိုက်ပါကွယ်၊ အထဲရောက်မှပြောကြဆိုကြတာပေါ့"

ကျွန်မ အထဲဝင်ခွင့်ရခဲ့ပြီ။ ဖိနပ်ချွတ်သောင်မှတစ်ဆင့် လှမ်းတက်လိုက်သည်နှင့် ကျယ်ပြန့်ခမ်းနားလွန်းသော ဧည့်ခန်းမကြီးကို မြင်ရသည်။ ကနုတ်ပန်းများဖော်ထားသော စားပွဲ ဘီရို၊ သလွန်သဖွယ် ကွပ်ပျစ်နှင့် အိမ်ထောင်ပရိဘောဂအားလုံး အခန်းနံရံရှိ ရှာထိုးပျဉ် အားလုံး မဟော်ဂနီရောင်ဖြင့် လက်လက်ပြောင်နေပေသည်။ ကျွန်မက ခမ်းနားလွန်းသော ဧည့်ခန်းမကြီးကို ခြေရင်းဘက်မှစတင် ရှုကြည့်ပြီး ခေါင်းရင်းပိုင်းရှိ "ဥယျာဉ်တိုင်" တည့်တည့်တွင် ချထားသောခုတင်နှင့် လိုက်ဖြူများကို မြင်လိုက်ရသည်နှင့် -

"ဟင်…ဒါ…ဒါ…"

"ဟုတ်တယ်… မိန်းကလေးတွေ့ချင်တယ်ဆိုတဲ့ ဦးကောင်းမြတ် ရဲ့ ရုပ်ကလာပ်ပါပဲ"

"အမယ်လေးဘုရား… ဘုရား၊ ဒုက္ခပါပဲလား၊ သူ… သူပြောသွားတာ ဟုတ်တာပဲ"





ကျွန်မမှာ လှပ်လှပ်တုန်သောရင်ကို လက်ဖြင့် ဖိကပ်ရင်း တီးတိုးရွတ်ဆိုလိုက်မိပါသည်။

"ဘယ်သူပြောသွားတာလဲ"

"ဖြော်… ဟို ရထားမောင်းသမားကြီးပါ"

"မိမ်းမေရဲ့အဘ 'ဦးမြစ်' နဲ့ တွေ့လာခဲ့ပြီထင်တယ်"

"အို…ဦးမြစ်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ဒါက အရေးမကြီးပါဘူး။ ဘိုး…ဘိုးဘိုး ဘယ်တုန်းကသေတာလဲရှင်၊ ခက်တော့တာပဲ"

"အလို… အမေ့ကို ဘိုးဘိုးဆိုပါလား"

"နေပါဦး… ညီးက ဘယ်ကတုံး"

"ကျွန်မ…ကျွန်မ"

ကျွန်မ ဘာစကားမျှ မဆက်နိုင်။ သည်အိမ်တွင် သည်သို့ ရင်ဆိုင်ရပေလိမ့်မည်ဟူ၍လည်း ကျွန်မ မတွေးမိခဲ့ပါ၍ မည်သို့ ပြောရမည်ဆိုသည့် အဖြေစကားကို ကျွန်မ ရုတ်တရက်မစဉ်းစားနိုင်။

**"ငါ့မြေး မဟော်ဂနီစံအိမ်ကို ရောက်ရင် ဒီအိမ်ရဲ့ အနွယ်တော်ဝင်ပါ၊ ဘိုးဘိုးရဲ့မြေးပါလို့ ရုတ်တရက် မပြောလိုက်နဲ့ဦးနော်၊ ဘိုးဘိုးကလွဲလို့ အိမ်သား အားလုံးဟာ ငါ့မြေးတစ်ယောက် ပေါ်လာပြန်တယ်ဆိုရင် ဘယ်သူမှ ရှုစိမ့်ကြမယ်မဟုတ်ဘူး"**

ဘိုးဘိုး ကျွန်မကိုမှာကြားခေါ်ယူစဉ်က စာတွင် ရေးသားထားသော အကြောင်းအရာများက ကျွန်မ အသိဉာဏ်တွင်းသို့ ရုတ်ချည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြန်လည်ဝင်ရောက်လာသည်။

အိမ်သားဖြစ်ဟန်တူသူများအားလုံးနှင့် အသုဘရှုလာကြဟန်တူသော တစ်စိမ်းဧည့်သည် ဖြစ်ပုံရသည့် လက်ဖက်ရည်ကြမ်းဝိုင်းမှ အမျိုးသားကြီး သုံးလေးဦးကပါ ကျွန်မကို ဝိုင်းအုံ ပြုံကြည့်နေကြသည်။ ကျွန်မ၏အဖြစ်မှန်ကို ရုတ်တရက် ဖွင့်ဟပြော၍ ဖြစ်မည်မထင်တော့။ ကျွန်မကို မရှုစိမ့်ပါဆိုသူများအားလုံးသည် ယနေ့ညပင် ကျွန်မကို မောင်းထုတ်ကောင်း မောင်းထုတ်ကြပါလိမ့်မည်။ ကျွန်မ၏ ဘက်မှ ကာကွယ်ခုခံပေးရှာမည့် ဘိုးဘိုးသည်လည်း လူ့လောကမှ အပြီးတိုင် စွန့်ခွာထွက်သွားနှင့်လေပြီ။

''ကျွန်မ ··· ကျွန်မဟာ ခရီးသွားဧည့်သည်ပါရှင်''

''အို ··· အချိန်မတော်ကြီး''

''ဟုတ်ပါတယ်၊ ဒီနေ့ ရထားက နောက်ကျမှဝင်လို့ပါ''

''နေပါဦး၊ ဘယ်ကလာလို့ ဘယ်ကိုသွားမှာလဲ''

ကျွန်မ ဘာဖြေရမှန်းမသိ၊ ရုတ်တရက် အကြံဉာဏ်မထွက်ပါ။ ကိုယ်ပေါ်မှ မိုးရေစက်များကို သပ်ချရင်း စဉ်းစားရပါသည်။ လျော်ကန် လျောက်ပတ်မည့်အဖြေကို ရွေးချယ်ရပါမည်။

ကျွန်မကို မယုံကြည်နိုင်ဖွယ်ရာ သတ္တဝါဆန်းတစ်ကောင်ပမာ နှိမ့်နှိမ့်ချချအကြည့်များ အမေးများဖြင့် ဆက်ဆံနေသည့် အမျိုးသမီးကြီးမှာ အသက်ငါးဆယ် မပြည့်တပြည့်အရွယ်၊ အသားဖြူဖြူ ဝဝ အရပ်မြင့်မြင့်နှင့် မာန်ဝင့်သောဟန်များဖြင့် ရှိသည်။ သူ့ဘေးတွင် ဖြူဖြူနွဲ့နွဲ့၊ သေးသေးသွယ်သွယ် အသက်နှစ်ဆယ်ရွယ် အမျိုးသမီးငယ်





တစ်ဦး သူတို့နောက်တွင် အမျိုးသားကြီးတစ်ဦး၊ ယင်းတို့က အိမ်၏ ဒိမ်ခန့်ခွဲမှုကို ချုပ်ကိုင်နိုင်ခွင့်ရှိသူများ ဖြစ်ပုံရသည်။ အမျိုးသမီးနှစ်ယောက်၏ နောက်ဆီမှ အမျိုးသားကြီးမှာ အမျိုးသမီးကြီး၏ အသွင်သဏ္ဌာန်နှင့် ခပ်ဆင်ဆင်တူသဖြင့် မောင်နှမများလားပင်။ အမျိုးသားကြီးက ကျွန်မကို စာနာထောက်ထားသော၊ ညှာတာသနားသော အကြင်နာကြည့်များနှင့် မျှော်ကြည့်နေရာမှ ရှေ့သို့ သုံးလေးလှမ်းမျှ တိုးထွက်လာပြီး ကျွန်မနှင့် မနီးမဝေးအရောက်တွင် ···

''ကဲ ··· ကလေးမ၊ မင်းဟာ ဘယ်သူပဲဖြစ်ဖြစ်၊ တို့ကိုတော့ အန္တရာယ်ပြုနိုင်မယ့်သူ မဟုတ်ဘူး၊ တစ်ယောက်တည်းရောက်လာရှာတာပဲ။ ကဲ ··· ကလေးမကြည့်ရတာ သိပ်ပြီးချမ်း၊ သိပ်ပြီး စိတ်ချောက်ချားနေပုံရတယ်။ ကဲ ''နန်းနုမြတ်''သူ့ကို အတွင်းခန်း ခေါ်သွားလိုက်ပါ''

''အို···ဘဘကလည်း၊ ခင်နုတို့ ခေါ်သွားလိမ့်မပေါ့''

''ဟုတ်သားပဲ၊ ကိုကိုကလည်း ဘာမှန်းမသိ ညာမှန်းမသိ၊ ခင်နုရေ··· ဟေးခင်နု၊ သူ့ကို ရေချိုးခန်းခေါ်သွားလိုက်ပါ။ တစ်အိမ်လုံးလည်း ရွှဲကုန်ပြီ''

အမျိုးသားကြီး၏ ဆုံးဖြတ်ချက်ကို နန်းနုမြတ် ဆိုသော နဲ့းကလေးက လက်မခံပါ။ ကျွန်မကို စက်ဆုပ်ရွံရှာဖွယ်တစ်ခုပမာ ကြည့်ပြီး အမျိုးသမီးကြီးနား တိုးကပ်သွားသည်။ ကျွန်မ၏ကိုယ်မှ အိမ်းပြင်ပေါ်သို့ စီးကျလာသော မိုးရေစက်များကို ကျွန်မ သုတ်သ ပေးလိုပါသည်။ အားနာအလိုက်သိတတ်ပါသည်။ သို့ပါသော် ချိုးလိုက်မှ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဘာမှမတတ်နိုင်ပါချေ။ အစေခံဖြစ်ဟန်တူသော မခင်နု ဖြစ်မည့် အမျိုးသမီးက ကျွန်မဘေးမှ လက်ဆွဲအိတ်နှင့် ခြင်းတောင်းကို မယူ၍ သူ့နောက်သို့လိုက်ခဲ့ရန် ခေါင်းညိတ်ခေါ်သည်။ ကျွန်မကိုယ်မှ အဝတ်ရေစိုများကို လဲလှယ်လိုလှပြီဖြစ်ပါ၍ သူ့နောက်လိုက်ရန် ခြေတစ်လှမ်း လှမ်းမိသည်နှင့် အမျိုးသမီးကြီးက…

"နေပါဦး… ခုနစကားထဲမှာ ဘိုးဘိုးလို့ပါတယ်။ အဲဒါ ငါ့အဖေ… အခုသေနေတဲ့ ငါ့အဖေ ဦးကောင်းမြတ်ကို ပြောတာ လား၊ ဟုတ်လား"

"မ…မ… ဟုတ်ပါဘူး"

"ဒါနဲ့… ဘိုးဘိုး ဘယ်တုန်းကသေတာလဲရှင်၊ ခက်တော့ တာပဲဆိုတာ ဘာကိုပြောတာလဲ"

"ဒီ…ဒီအိမ်ဟာ ဦးကောင်းမြတ်ရဲ့အိမ်၊ တစ်ညတည်းခိုရင် ရမယ်ထင်ပြီး လာခဲ့တာပါ၊ အဘိုးအရွယ်မို့ အဘိုးလို့ခေါ်မိတာပါ၊ ခွင့်လွှတ်ပါရှင်၊ ကျွန်မ ချမ်းလွန်းလို့ အဝတ်သွားလဲပါရစေဦး"

"အေး… သွားသွား၊ ခက်ခက် စကားကို ခဏရပ်ပါဦး"

ကျွန်မ မစောင့်နိုင်တော့၊ မခင်နုဆိုသူ၏နောက်မှ လိုက်လာရသည်။ ကျွန်မ၏နောက်ဘက်ဆီမှ လွင့်ပျံ့လာသော စကားသံများက…

"ကိုကို ဘာသိလဲ၊ သူဟာ ဦးမြစ် ရထားနဲ့ ပါလာတယ်။ ဖေဖေဆုံးတယ်လည်းကြားရော ရောက်လာတာ၊ ဧည့်သည်ဆိုတာ အ… …က်ဘူး၊ သူညာတာ၊ ဒီကိုသက်သက်လာတာဖြစ်ရမယ်၊ ကိုကို မြဖြန်နဲ့… …က်တို့အုပ်စုဆီကလားပဲ။ အမလေးနော်… ဖေဖေသေတာမှ





နှစ်ရက်ရှိသေးတယ်၊ ဇာတ်က ရှုပ်ချင်လာပြီ။ ဘာပဲဖြစ်ဖြစ် ခက်ခက် တော့ ဒီကလေးမကို လက်ခံမထားချင်ဘူး၊ သူ့အဝတ်လဲပြီးရင် တစ်ခါ တည်း နှင်ချလိုက်ချင်တယ်"

"အို…တယ်ခက်ပါလား…နေစမ်းပါဦးကွယ်၊ အသုဘက တစ်ဖက်နဲ့ တခြားပြဿနာမတက်စမ်းပါနဲ့"

"ဒေါ်ခက်ခက်" ဆိုသူ၏ ပြန်လည်ဖြေကြားသော စကားသံ များကို ကျွန်မ မကြားနိုင်တော့၊ အိမ်ရှေ့ခန်းမနှင့် ဝေးခဲ့လေပြီ။ အိမ်၏ နောက်ဘက်တွင် အိမ်ရှေ့မှာထက် လူသူများပြားသည်။ တစ်ကျိပ်ကျော်ခန့် ရှိမည်ထင်သည်။ ဇလုံနှင့် ထမင်းစားနေသူ၊ ပန်းကန်ဆေးနေသူ၊ ကြက်သွန်ခွာနေသူ စသည်တို့ ဖြစ်ကြသည်။ အားလုံး မျက်နှာမကောင်းကြ၊ ငိုထားသောမျက်နှာများနှင့်ချည်း…။

ညဥ့်ဦးယံ အမှောင်တွင်း မိုးရေများကြားမှ ရောက်ရှိလာသော ကျွန်မကို အားလုံးက လည်ပြန်လှည့်ကြည့်ကြသည်။ အိမ်ရှေ့ရှိ သူများကို သံသယမျက်လုံးများဖြင့် မကြည့်ကြ။ အံ့သြဟန် သနား ကြင်နာဟန်များဖြင့်သာ ကျွန်မရွှေ့လျားရာ နေရာများသို့ လိုက်လံ ကြည့်ရှုကြသည်။ သူတို့သည် ဤမဟော်ဂနီစံအိမ်၏ အိမ်တွင်းရေး နှင့်ပတ်သက်သော သွေးသားရင်းခြာများ ဟုတ်ပုံမရကြ၊ ဘေးပန်းမှ မှီခိုသူ… ဝိုင်းဝန်းလုပ်ကိုင်ပေးကြရသူများသာ ဖြစ်ဟန်တူသည်။

"အဲဒီထဲမှာ အဝတ်အစားလဲပါလား" မခင်နုက အခန်းတစ်ခု ကို ညွှန်ပြရင်းပြောသည်။

"ဒါ ရေချိုးခန်းနော်… ကျွန်မ ချမ်းပေမယ့် ရေချိုးဖို့ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမယ်ထင်တယ်… တစ်ကိုယ်လုံး ရွှံ့တွေသဲတွေ စင်လာလို့ပါ။ ပေး…ကျွန်မအိတ်၊ ကျွန်မအထဲမှာပဲရေချိုးပြီးအဝတ်လဲလိုက်ပါ့မယ်''

ကျွန်မက မခင်နုကိုပြောပြီး လက်ဆွဲအိတ်ကို ရေချိုးခန်းတွင်းသွင်း၍ တံခါးပိတ်လိုက်ရသည်။ အပေါ်ဝတ်များကို ချွတ်… လုံချည်ကို ရင်လျားပြီး ရေချိုးချလိုက်ရသည်။ ရေချိုးပြီး အဝတ်များ ထုတ်လဲ၊ ဝတ်လာသော အင်္ကျီ၊ လုံချည်တို့ကို သဲများစင်သွားစေရန် ရေလောင်းပြီး ပွတ်သပ်ချရသည်။

ယင်းအချိန်များအတွင်း ကျွန်မမှာ မလုံမလဲ ချောက်ချားသော စိတ်များဖြင့် အခန်းပတ်လည်ကို မကြာခဏ လှည့်ကြည့်မိသည်။ အန္တရာယ်တစ်ခုခုသည် ကျွန်မကို စောင့်နေသည်၊ ချောင်းမြောင်း ရှုကြည့်နေသည်ဟုလည်း ထင်မိ၍ ချောက်ချားရပါဘိခြင်း…။

''ငါဘာပြောရမလဲ…ငါဘယ်လို ဖြေရပါ့မလဲ''

အိမ်ရှင်များနှင့် ရင်ဆိုင်ဖြေရှင်းရမည့် စကားလုံးများကို ကျွန်မ မရွေးတတ်တော့၊ ယုံကြည် လက်ခံနိုင်ဖွယ်ရာ စကားလုံးများကို မည်သို့ သီကုံးရမည်ဟူ၍လည်း အပြေးအလွှား တွေးရပါသေးသည်။ နိုက်နိုက်တုန် ချမ်းနေပါသော ကျွန်မ၏ကိုယ်ခန္ဓာပေါ်သို့ ဆွယ်တာ အနီလေးကိုပါ ထပ်ဝတ်လိုက်ရသည်။ စိုနေသော ဆံပင်များကို မျက်နှာသုတ်ပဝါနှင့်သုတ်ပြီး ကျောလည်တဝိုက် သည်တိုင်း ဖြန့်ချထားရပါသည်။ ပြီးသည်နှင့် ရေချိုးခန်းတံခါးကို ဖွင့်လျက် သူခိုးဟန်ဖြင့် ဘေးနှစ်ဖက်သို့ လှည့်လည်ကြည့်ပြီးမှ ကျွန်မ အသာလေး ထွက်ခဲ့ရပါသည်။ နောက်ဖေးဘက်ထွက်သည့် ခန်းမရှည်မြောမြော





ကြီးဘက် သွားရလေမလား၊ အပြင်ဘက် ပြန်ထွက်ပြီး ဒေါ်ခက်ခက်၊ နန်းနုမြတ်ဆိုသူတို့နှင့် ရင်ဆိုင်ရလေမလား၊ ကျွန်မ မဝေခွဲတတ်။ ကျွန်မမှာ ရေချိုးခန်းထိပ်ရှိ လှေခါးတစ်ခုစ၊ ရာ နေရာ၌ ရပ်နေမိစဉ် အပေါ်ထပ်မှ ပြေးဆင်းလာသူ တစ်ဦးနှင့် တိုက်မိမတတ် နီးကပ်သော အနေအထားရှိလေမှ သူက ခြေလှမ်းတုန့်သွားပြီး…

''ဟဲ့…အို…ဒါ…ဒါဘယ်သူလဲ''

သူက ကျွန်မကို အလန့်တကြား ကြည့်လိုက်သည်။ အံ့သြခြင်းကြီးစွာဖြင့် ကျွန်မကို လက်ညှိုးညွှန်လျက်က မေးသည်။

''ကျွန်မ…ကျွန်မ…ဧည့်သည်ပါရှင်''

''ဟဲ့…ဧည့်သည်ကလည်း ရေချိုးခန်းက ထွက်လာရသလား၊ ဒါ ဘယ်သူ့အိတ်ကြီးလဲ…ဘယ်ကို လစ်ပြေးမလို့လဲ၊ ရုပ်ကလေး သနားကမားနဲ့ သူတစ်ပါးအိမ်ထဲကို ဘာကြောင့် ခိုးဝင်ရတာလဲ''

''အို…မ…မဟုတ်ရပါဘူးရှင်၊ ကျွန်မ သူခိုးမဟုတ်ရပါဘူး၊ ခက်တော့တာပဲ…ဒုက္ခပါပဲ''

''အံမယ်…မင်းကများ ပြန်ငြင်းနေရသေးတယ်၊ မင်း ဘယ် အပေါက်ကနေ အိမ်ထဲဝင်လာတာလဲ ပြောစမ်း''

''အိမ်…အိမ်ရှေ့ကပါရှင်''

''ဒါဖြင့် အိမ်ရှေ့ကလူတွေ သိရမှာပေါ့၊ လာစမ်း…အိမ်ရှေ့ကို ထွက်ပြပြီး မေးရမယ်''

ထိုသူက သူခိုးဖမ်းမိသည့်ပုံစံဖြင့် ကျွန်မလက်ကို ခပ်ကြမ်းကြမ်း ဆွဲခေါ်ထုတ်သွားခဲ့သည်။ မခင်နုသည်လည်းကောင်း၊ အစားစား အလုပ်



www.burmeseclassic.com

www.burmeseclassic.com

လုပ်နေကြသူများကိုလည်းကောင်း ကျွန်မ မတွေ့ရတော့ပါ။ တရွတ်တိုက်မတတ် ခပ်ကြမ်းကြမ်း ဆွဲထုတ်ခံလာရသော ကျွန်မမှာ ဧည့်ခန်း၏ အလယ်ပေါက်ကြီးတည့်တည့်သို့ ရောက်ရှိလာခဲ့ရပါပြီ။ ယင်းနေရာမှ မသာခုတင်ကြီးကိုလည်း ကောင်းစွာမြင်သာနိုင်ပါ၏။

"ဟော်...ငါဝင်သွားတုန်းက ခြေရင်းဘက်အပေါက်ပဲ၊ ရေချိုးခန်းတံခါးက နှစ်ဖက်ပေါက်၊ ငါဝင်တဲ့ဘက်က မီးဖိုချောင်ဖြစ်မယ်၊ ငါထွက်လာတော့ အလယ်ဆောင် မျက်စိမှားပြီး တံခါးမှားဖွင့်မိလို့ပဲ...ခက်လိုက်တာနော်"

ကျွန်မအတွေးများဆုံးလျှင်ပင် ကျွန်မတို့နှစ်ယောက် ဧည့်ခန်းမသို့ ရောက်လာခဲ့ကြသည်။ ကျွန်မ ဝင်လာစတုန်းကလိုပင် အားလုံးဝိုင်းကြည့်နေကြခိုက်၊ ကျွန်မကို ဆွဲလာသောသူက...

"သူ့ကို အလယ်ဆောင်မှာ အိတ်ကြီးနဲ့တွေ့လို့ ဖမ်းခေါ်လာတာ...၊ သူ့ အိမ်ရှေ့ကဝင်လာတယ်ဆို... ဟုတ်သလား ဒေါ်လေးခက်"

ဒေါ်ခက်ခက်က ဘာမှမဖြေ၊ မှုန်တေတေမျက်နှာထားနှင့် မကျေနပ်သောအကြည့်များဖြင့် ကျွန်မကို စူးစိုက်ကြည့်နေသည်။

"ဟုတ်ပါတယ် 'မောင်ပန်ဦး' သူ ဒီက ဝင်သွားတာပါ"

ကျွန်မကို ကြင်နာဟန်ပြသော အမျိုးသားကြီးက ထောက်ခံသည်။ သည်တော့မှ ချုပ်ကိုင်ထားသော ကျွန်မလက်မောင်းကို သူက ဖြေလွှတ်လိုက်သည်။ ပြီးကျွန်မကို အဖြေရှာသလို စေ့စေ့ကြည့်ပြီးမှ...





"ကျွန်တော် အိမ်ပေါ်တက်သွားတုန်းလေး ရောက်လာတာဖြစ်မယ်၊ အချိန်မတော်ကြီး မိုးထဲလေထဲမှာ ဘယ်ကရောက်လာတာလဲ၊ ဘိုးဘိုးအသုဘကိုလာတဲ့ ဧည့်သည်များလား"

ကိုပန်ဦးက ကျွန်မကို မေးလေသလား၊ သူတို့ကို မေးလေသလားမသိ။ ဤအမျိုးသား၏ အစဦး ဆက်ဆံပုံသည် ရိုင်းပျလွန်းလှသော်လည်း သူ့အင်္ဂါရုပ်ကမူ ရက်စက်ယုတ်မာမည့် အသွင်မျိုး မမြင်ရပါ။ အရပ်မြင့်၍ ရင်အုပ်ကားကား ပခုံးကျယ်ကျယ်နှင့် အသားညိုသည်၊ မဟာနဖူးနှင့် မေးရိုးလေးထောင့်နှင့် နှုတ်ခမ်းထူထူ၊ မျက်ခုံးနက်နက်၊ ရွန်းလက်ဝိုင်းစက်သော မျက်ဝန်းနှင့် အသင့်အတင့်ပေါ်လွင်သော နှာတံတို့ဖြင့် မြန်မာစစ်စစ် ရုပ်ရည်မျိုးဖြစ်ပြီး ခန့်ခန့်ညားညား တည်တည်ကြည်ကြည်နှင့် တော်စာည့်မှန်ကန်စွာ ဆုံးဖြတ်ပေးတတ်မည့် ရုပ်ရည်မျိုးဖြစ်လေသည်။ ရဲရင့်သွက်လက်ထက်မြက်မည့်ရုပ်မျိုး ဖြစ်သော်လည်း ကြင်နာခြင်း၊ စာနာခြင်းတို့ သူ့နှလုံးသားတွင် ကိန်းဝပ်နေလိမ့်မည်ဖြစ်ကြောင်းကို သူ့မျက်ဝန်းများက ဖော်ပြနေကြပါ၏။

ကျွန်မ၏ ရိုးသားသောအသွင်၊ ကြောက်လန့်နေမည်ဖြစ်သောမျက်နှာကို သူ စေ့စေ့ကြည့်ခါ ကျွန်မအတွက် စိတ်မကောင်းဖြစ်သွားပုံရပါ၏။

"မပြောတတ်ဘူးကွဲ့... မရေမရာ ဖြေနေတာပဲ၊ ငါတော့ သက်ခံမထားချင်ဘူး၊ အန္တရာယ်ဖြစ်နိုင်တယ်... ပြဿနာတက်နိုင်တယ်၊ ဖြစ်နိုင်ရင် ဒီညပဲ နှင်ချလိုက်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"အို… ခက်ခက်ကလည်း ဘာပဲဖြစ်ဖြစ်ဒီညတော့ မိန်းကလေး တစ်ယောက်တည်း ဘယ်ပြန်လွှတ်လို့ ဖြစ်ပါ့မလဲကွဲ့"

အမျိုးသားကြီးက ဝင်၍ စစ်ကူပေးပါသည်၊ ကျွန်မရှေ့မှ ရပ်ပါ၏။

"အဲဒါတွေကြောင့် မဖြစ်သင့်တာတွေချည်း ဖြစ်နေရဲ့ ဘာပေါ့ မောင်ပန်ဦးရဲ့… မင်းဦးလေးတော် စေတနာအိုးကြီး **'ဦးအောင်ထူး မြတ်'** ကိုလည်း ကြည့်ပြီး ပြောတော်မူပါဦး"

ဒေါ်ခက်ခက်က မကျေနပ်သံနှင့် ဒေါသသံရော၍ ပြောသည်။ ကျွန်မဘက်မှ ကာကွယ်ပေးနေရှာသူသည် **'ဦးအောင်ထူးမြတ်'**

ရထားအိုရှင် ဦးမြစ်ထံမှ ကြားသိခဲ့ရသည်က **'ဦးလှထူးမြတ်'** ညီကိုတစ်တွေ မိသားစုတစ်တွေသာ ဖြစ်ရပါလေမည်။

နန်းနုမြတ်က အေးအေးနေတတ်ပုံရသည်။ ကျွန်မကို မလိုလားဟန် မပြပါ။ ဒေါ်ခက်ခက်ကမူ ကျွန်မအပေါ်တွင် မလိုလား သော အကြည့်များ ရှိနေပါ၍ သူတို့အကြည့်များကို လွှဲဖယ်ခါ ဦးအောင်ထူးမြတ်နှင့် ကိုပန်ဦးဆိုသူတို့ကို ကျွန်မ အားကိုးတကြီး ကြည့်လိုက်မိပါသည်။ ကျွန်မ၏ မျက်ဝန်းများလည်း အသနားခံနေ ကြလိမ့်မည်ဟု ထင်ပါသည်…။

"နေဦးလေ၊ ဒေါ်လေးခက်၊ အရမ်းလုပ်လို့ ဘယ်ဖြစ်မလဲ… ဒီမိန်းကလေး ဘာဖြေမလဲဆိုတာ ကျွန်တော်သိချင်တယ်… သူက ဘာပြောသလဲ"

"မရေမရာပါကွယ်… ဖေဖေ့ကိုလည်း ဘိုးဘိုးတဲ့။ ငါထင်တာ တော့ မဟုတ်မှလွဲရော ဖေဖေသေတယ်ကြားလို့ အမျိုးဟန်ဆောင်ပြီး အမွေတောင်းရအောင် လာတာထင်တာပဲ"

"ကျွန်မကို ထင်ချင်သလိုထင်ပြီး ပြောချင်သလိုသာ ပြောကြပါ ရှင်… ဒါပေမယ့် ကျွန်မဟာ သူတစ်ပါးငွေကြေးကို တံတွေးပေါက် လောက် အောက်မေ့တယ်ဆိုတာတော့ ပြောပါရစေ"

"အံမယ်… ကြီးကြီးကျယ်ကျယ်"

"ဒေါ်လေးခက် အသာနေစမ်းပါ၊ ကျွန်တော် ဖြေရှင်းစမ်း ပါရစေ… ကဲ လာထိုင်စမ်းပါဦး မိန်းကလေး"

ကိုပန်ဦးက အခြေအနေကို ဝင်ထိန်းရင်း ကျွန်မကို ထိုင်ခိုင်း သည်။ သူတို့အုပ်စုမှာ… ခုတင်ထက်တွင် လျောင်းစက်နေသော ဘိုးဘိုးဦးကောင်းမြတ်၏ သက်မဲ့ရုပ်ကလာပ်ကို အမှတ်မရတော့သည့် ပမာ ရှိချေသည်…။

"ကဲ… ဆိုစမ်းပါဦး… ဒီအိမ်ကို ဘာကိစ္စနဲ့ ရောက်လာခဲ့ သလဲမိန်းကလေး… မင်းဘယ်ကလာသလဲ၊ ပြီးတော့ မင်းရဲ့ခရီးဆုံး ဟာ ဒီအိမ်ပဲလား၊ ဘယ်ကိုသွားမှာလဲ ဘာရည်ရွယ်ချက်ရှိသလဲ… ပြီးတော့ မင်းရဲ့မှတ်ပုံတင်ကတ်ကိုလည်း ပြစမ်းပါ… မေးတာတွေ တစ်ခုချင်းဖြေနော်"

အောင်မြင်ခန့်ညားသော လွန်ဆန်ရန်ခက်ခဲသော အသံသြဇာ ပြည့်ဖြင့် ကိုပန်ဦးက ကျွန်မကို စတင်စစ်သည်၊ ကျွန်မမှာ ရုတ်တရက် ဖြေရပါ၍ လက်ဆွဲအိတ်တွင်းမှ မှတ်ပုံတင်ကို အရင်နှိုက်ရသည်၊ ကျန်ရှိသော လက်နှစ်ဖက်ဖြင့် ကိုပန်ဦးကို လှမ်းပေးမိသည်…။







www.burmeseclassic.com

www.burmeseclassic.com

အမည်…………………… စုနန္ဒာ

အဘအမည်…………… ဦးမြတ်မုန်း

မွေးဖွားရာဒေသ…… ဖွဲ့ပင်ချောင်းရွာ

အလုပ်အကိုင်………… ကျောင်းသူ

ထင်ရှားသောအမှတ်အသား ……… ဝဲဘက်မေးဖျားတွင် မှည့်ရှိသည်။

ကိုပန်ဦးက အသံထွက်ဖတ်ရင်း ကျွန်မမျက်နှာနှင့် မှတ်ပုံတင်မှ ဓာတ်ပုံကို တိုက်ကြည့်သလို ကျွန်မကို လှမ်းကြည့်ပြီးမှ ပြန်ပေးသည်…။

"ကဲ…မေးထားတာတွေဖြေဦး…"

"ကျွန်မ…ကျွန်မ အိမ်နဲ့စိတ်ဆိုးလို့ ခြေဦးတည့်ရာ ထွက်လာတာပါရှင်"

"ဟုတ်ရဲ့လား"

အသည်းနှလုံးကို ဖောက်ထွင်းမြင်နိုင်ဟန်နှင့် ကိုပန်ဦးက တန့်ပြန်သည်။ သူ့အကြည့်ကို ရင်မဆိုင်ရဲပါ၍ ကျွန်မ မျက်လွှာချရင်း ဖြေရသည်။

"ကျွန်မအမေဟာ နောက်အိမ်ထောင်ပြုလို့ ပထွေးနဲ့ မနေချင်တာနဲ့ ထွက်ပြေးလာခဲ့တာပါ"

"ဦးမြတ်မုန်းဆိုတဲ့ မင်းအဖေရော"

"သေပြီလို့ပြောပါတယ်… ဒါပေမယ့်… ဒီကျွန်းပင်သာ





မြို့နယ် မြို့သစ်ခရိုင် ကြပ်ကုန်းအနီးနားကရွာတွေမှာ ကျွန်မအဖေရဲ့ အမျိုးတွေ ရှိတယ်ဆိုလို့ ကျွန်မအရဲစွန့်ပြီးထွက်လာခဲ့တာပါ အဖေ့အမျိုးတွေနဲ့ပဲ အပြီးတိုင်နေချင်လို့ လာခဲ့တာပါရှင်"

"ဘယ်ကလာတာလဲ အဲ့ဒီ ဖွဲ့ပင်ချောင်းရွာက လာတာလား"

"မဟုတ်ပါဘူးရှင်… ရန်ကုန်ကိုပြောင်းနေကြပါပြီ၊ ကျွန်မ ရန်ကုန်က လာခဲ့တာပါ"

"မင်းအမျိုးတွေ နာမည်က ဘယ်သူတဲ့တုန်း"

"ကျွန်မ ပါးစပ်နဲ့ မမှတ်မိပါဘူးရှင်… စာအုပ်ထဲမှာ ရေးမှတ်လာပါတယ်"

ကိုပန်ဦးက ယုံကြည်ဟန်မပြ၊ ကျွန်မ ,မတတ်နိုင်တော့ ဇွတ်ပင် လိမ်ညာရပါတော့မည်…။

"နေပါဦး… တို့အိမ်ကို ဘယ်လိုရောက်လာတာလဲ"

"ကျွန်မစီးလာတဲ့ ရထားဟာ ညနေလေးနာရီ ဆိုက်ရမယ့်အစား ခြောက်နာရီခွဲမှရောက်ပါတယ်… ဒါနဲ့ ကျွန်မလည်း ကြပ်ကုန်းဖြစ်ဖြစ် ဇရပ်လုရွာမှာဖြစ်ဖြစ်သွားပြီး စုံစမ်းမယ်လို့ဆိုပြီး မြင်းလှည်းငှားတော့…တစ်စီးတည်းကျန်နေတဲ့ မြင်းလှည်းကြီးပဲရတယ်။ ရထားကလည်းစုတ် မောင်းသမားကလည်း အို၊ မြင်းကလည်းပိန်တော့ ခရီးက မတွင်ပါဘူး၊ ဒီကြားထဲ မိုးကရွာသေးတယ်"

"ဦးမြစ်နဲ့ တွေ့လာတယ်"

ကိုပန်ဦးက ဖြေရှင်းနေသော ပရိသတ်သုံးယောက်ကို လှည့်ကြည့်ရင်း ပြောသည်။ ဒေါ်ခက်ခက်က…

"အစစ်ပေါ့ သူနဲ့ပေါ့… အဘိုးကြီး သူ့မြေးစိမ်းမေ တို့ကြောင့်


www.burmeseclassic.com

www.burmeseclassic.com

သေရတယ်ဆိုပြီး အမြဲတို့အိမ်ကို ကျိန်စာတိုက်နေတဲ့ကောင်ကြီး''

''သြော်…ဒေါ်လေးခက်ကလည်း တစ်မျိုး၊ တကယ်ခက်ပါတယ် ဦးတည်ရာကို မရောက်ဘူး၊ ကဲ မစုန္နာ စကားကိုဆက်ပါဦး''

''အဲဒီ မြင်းလှည်းကြောင့် ငါးမိုင်ကျော်ခရီးကို အကြာကြီး မောင်းခဲ့ရလို့ ခုလို မိုးစုပ်စုပ်ချုပ်မှ ရောက်ခဲ့ရတာပါရှင်''

''အင်း…မင်းအမျိုးတွေအိမ်ကို မရှာဘဲ တို့အိမ်ကို ဘာလို့ ရောက်လာရတာလဲ''

ကိုယ်န်ဦးက ကျွန်မကို စေ့စေ့ကြည့်ရင်း မျက်နှာတည်တည်နှင့် မေးသည်။ ကျွန်မစကားကို လက်ခံသင့်မသင့် ချင့်ချိန်နေဟန်လည်း ရှိပါသည်။ ကျွန်မက ဆက်ရပါ၏။

''အဘိုးကြီးက ကျွန်မသွားချင်တဲ့ရွာကို မပို့နိုင်ဘူးတဲ့၊ ကြပ်ကုန်းမှာပဲချပေးမယ်… အဲဒီမှာ သူဌေးဦးကောင်းမြတ်ဆိုတဲ့ အဘိုးကြီး သေနေတဲ့ မသာအိမ်ရှိတယ်၊ အဲဒီမှာဆင်းဆိုပြီး ကုန်းဆင်းလမ်းထိပ်မှာ အတင်းဆင်းခိုင်းလို့ ကျွန်မလည်း မီးရောင်ရှိတဲ့ဒီအိမ်ကို အရဲစွန့်ပြီးတက်ခဲ့ရတာပါ။ အပြင်မှာ မိုးတွေကလည်း သိပ်ရွာနေလို့ အစ်ကိုရယ်… ကျွန်မကို ဒီမှာ နားနေခွင့်ပေးပါရှင်… ကျွန်မတောင်းပန်ပါတယ်''

''တို့အိမ်အကြောင်း မင်းမကြားဖူးဘူးလား… မကြောက်ဘူးလားဟင်''

''ရှင်…''

''ဒီအိမ်ဟာ ကျိန်စာတွေသင့်ပြီး ကစဥ့်ကလျားဖြစ်နေကယ်၊





လာရောက်ခိုလှုံသူဟာ ဒုက္ခသုက္ခတွေနဲ့ ရင်ဆိုင်ရတတ်တယ်၊ ပြီးတော့ အခုလက်ရှိက တို့များအဘိုး မနေ့ကပဲဆုံးသွားတဲ့ မသာအိမ်''

''မခြောက်ပါနဲ့ မလှန့်ပါနဲ့ရှင်…ကျွန်မ ကြောက်ပါ လန့်ပါတယ်။ အပြင်မှာ မှောင်နေပါတယ်… မိုးသက်လေပြင်းတွေ ကျနေပါတယ်… ပြီးတော့ သက်ရှိလူသားလည်း မရှိပါဘူး။ ဒီတစ်ညတော့ ဒီအိမ်ရိပ်မှာ နားနေခွင့်ပြုပါ၊ ကျွန်မလည်း နောင်တရပါပြီ၊ လာလမ်းကို ပြန်ပါ့မယ်…အခုချက်ချင်းကြီးတော့ နှင်မလွှတ်လိုက်ကြပါနဲ့ ရှင်တို့ရယ်''

ကျွန်မမှာ ဝမ်းနည်းလှိုက်လှဲစွာပြောရင်းက မျက်ရည်များ သွယ်ကျလာသည်။ အမေ တားမြစ်စဥ်က သည်မျှ ကြောက်မက်ဖွယ်ရာ ပြဿနာဆိုးများနှင့် ရင်ဆိုင်ရလိမ့်မည်မထင်၊ ယခုမူ ကျွန်မ အမှန်ပင် နောင်တရမိပါပြီ။ ချောက်ချားဖွယ်၊ ရွံ့ထိတ်ဖွယ်ရာတို့နှင့် ပြည့်လျှမ်းနေသည့် အကြင်နာမဲ့ရာ ဤမဟော်ဂနီစံအိမ်ကြီးမှ ယခုချက်ချင်းပင် ပြန်ပြေးလိုပါသော စိတ်များ… နောင်တများဖြင့် ကျွန်မ တိုးတိုးတိတ်တိတ် ကြိတ်၍ ငိုရှိုက်မိပါပြီ။

''မငိုပါနဲ့ကွယ်…ဒီညတော့ ဒီမှာ စိတ်ချလက်ချသာ အိပ်ပါတော့''

ဦးအောင်ထူးမြတ်က နှစ်သိမ့်သည်။

''မင်း ဘာပဲပြောပြော စုန္နာ ငါယုံချင်မှယုံမယ်။ ဒါပေမယ့် မင်းဟာ စဉ်းလဲကောက်ကျစ်မယ့် မိန်းမမျိုးထဲက မဟုတ်ဘူးဆိုတာတော့ ငါယုံတယ်။ မင်းဘဝရဲ့ ရိုးသားသန့်စင်မှုတွေကို မင်းမျက်ဝန်း


www.burmeseclassic.com

www.burmeseclassic.com



လေးတွေက ဖော်ပြနေတာ ငါတွေ့ရပါတယ်၊ ဒီတော့ မငိုပါနဲ့လေ… အပေါ်ထပ်မှာ သူ့ကို တစ်ခန်းပေးလိုက်ပါ ညီမလေး။ ကဲ စုနန္ဒာ… နန်းနုမြတ်နဲ့သာ လိုက်သွားပေတော့နော်…"

ကိုပန်ဦးက နောက်ဆုံးစီရင်ချက်ကို သက်ညှာစွာ ချမှတ်သည်။ ဒေါ်ခက်ခက်က ကိုပန်ဦးကို လွန်ဆန်ဝံ့ပုံမရ၍သာ ဘာမှဝင်မပြောရသည်၊ ကျေနပ်ခြင်း အလျဉ်းမရှိကြောင်း ပေါ်လွင်လှသည်။ နန်းနုမြတ်က…

"သူတစ်ယောက်တည်း အိပ်ရဲပါ့မလား"

"အင်း ဟုတ်တယ်…ဒီအိမ်ကလည်း တစ်ချီတစ်ချီ ဖောက်တယ်၊ အဖော်တစ်ယောက်တော့ ပေးထားလိုက်ပါ"

ဆွေးနွေးခန်း ပြီးဆုံးပြီမို့ ကျွန်မတို့ ထရန်ဟန်ပြင်စဉ် အပြင်မှ မီးအိမ်ကိုင် လူကြီးနှစ်ဦးက တံခါးဝတွင် လာရပ်သည်။ ဒေါ်ခက်ခက်လည်း မြင်သွားသည်နှင့် ကြိုးအော်တော့သည်။

"အမလေး ဖေဖေရဲ့… ဖေဖေ့ကို ခေါင်းသွင်းဖို့ စဏ္ဍာလတွေ လာကြပြီ နောက်ဆုံးဝအောင်ကြည့်လိုက်မယ် ဖေဖေရေ…ဖေဖေရဲ့"

ဒီလိုငိုပုံမျိုး ရိုးနေပြီဖြစ်သော သုဘရာဇာကြီးနှစ်ယောက်က သူတို့လုပ်ငန်းစရန် အိမ်တွင်းသို့ ဝင်လာကြသည်။ အလောင်းစင် ခုတင်နားသို့ ကပ်သွားကြပြီ…။

ကျွန်မမှာ အလောင်းစင်ပေါ်ရှိ ကျွန်မ၏ဘိုးဘိုးဆိုသူ စေတနာရှင်ကြီး၏ မျက်နှာကို မဝံ့မရဲ လှမ်းကြည့်လိုက်သည်။ မေမေနှင့် တူလိုက်သည့်ဖြစ်ခြင်း၊ ဖြူဖျော့ကြုံလှီသော မျက်နှာပြင်သည် သေအံ့





မူးမူးကာလက ဝေဒနာဒဏ်ကို ခံစားရလွန်း၍လေလား၊ တစ်စုံတစ်ခုသော အကြောင်းရာကို မကျေမနပ် ဖြစ်သွားခဲ့ရလေသလားပင်၊ အံတင်းတင်းကြိတ်၍ မကျေမနပ် မရှုမလှ ခံစားသွားရကြောင်း မြင်သာသည်။ နောက်ဆုံးအချိန်မှ ခံစားမှုသရုပ်သည် ဝိညာဉ်ခွာသွားချိန်၌သည်အတိုင်း ကျန်ရစ်ဟန် ရှိပေသည်။

အသက်နှင့်အမျှ မမြင်ဘူးခဲ့ရ၊ အလောင်းဘဝ ရောက်လေမှ ပထမဆုံးအကြိမ် မြင်တွေ့ခွင့်ရခဲ့ပါသော်လည်း ကျွန်မမှာ ဘိုးဘိုး၏ မေတ္တာစေတနာများကို သူ၏ စာလွှာများမှတစ်ဆင့် ခံလှဲ့ခွင့်ရခဲ့လေပြီမို့ နမြောတသ ယူကြုံးမရသောစိတ်များဖြင့်…

"ဘိုးဘိုးရယ်… အသက်နှစ်ရက်လောက်များ ပိုရှည်ခွင့်ရစမ်းပါတော့၊ ဘိုးဘိုး ဖွင့်ပြောမယ်ဆိုတာတွေ၊ ပေးခဲ့မယ်ဆိုတာတွေကို ဘာတစ်ခုမှ သမီးသိခွင့် ရပိုင်ခွင့် မရှိတော့ဘူးပေါ့နော်"

ကျွန်မရင်မှ သည်သို့ မြည်တမ်းမိသည်နှင့် မျက်ရည်များ ဝိုင်းတက်လာခဲ့ရပါပြီ။ မျက်ဝန်းမှ အံမကျဖြစ်ရလေအောင် ကျွန်မ မနည်းထိန်းရပါသည်။ စောစောပိုင်း ငိုခဲ့သည်က အရေးမကြီး၊ ဘိုးဘိုး၏အလောင်းကိုကြည့်ပြီး မချိတင်ကဲ ဝမ်းနည်းစွာ ငိုကြွေးမိလျှင် အခြေအနေက တစ်မျိုးပြောင်းလဲနိုင်စရာရှိပါ၍ ကျွန်မ အတတ်နိုင်ဆုံး ထိန်းထားရပါသည်။

ညှိသည်အမျိုးသားကြီးလေးဦးနှင့် အိမ်သားတို့မှာ သုဘရာဇာများ ရောက်လာခြင်းအတွက် ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ ဘိုးဘိုး၏ ခုတင်အောက်တွင် ငွေပန်းခက်များကပ်ထားသော ခေါင်းက



www.burmeseclassic.com

www.burmeseclassic.com

လည်း အသင့်ရှိနေချေပြီ။ ဘိုးဘိုး၏ ရုပ်ကလာပ်ကို ကြပ်စည်း၍ ခေါင်းသွင်းကြမည်ထင်သည်။ သုဘရာဇာ ၏လက်တွင် ဝါးကပ်နှင့် အုန်းဆံကြိုးထုံးတို့ ပါလာသည်။

"ကဲ…သွားကြလေ၊ နန်းမြတ်နဲ့ စုနန္ဒာ အပေါ်သွားကြတော့"

"နန်းနုတော့ ကြောက်တယ်ကိုကို"

"တစ်ယောက်ယောက်ခေါ်ပြီး သွားကြစမ်းဟယ်"

ကိုပန်ဦးက စိတ်မရှည်သလိုဆိုပါ၍ ကျွန်မရော နန်းနုမြတ်ပါ အိမ်တွင်းသို့ ဝင်ခဲ့ကြရသည်။ ဒေါ်ခက်ခက်၏ ငိုသံအပြင်၊ အမျိုးသမီး တစ်ဦး၏ အော်ငိုသံ၊ ခြေဆောင့်သံများ၊ အမျိုးသမီးငယ်တစ်ဦး၏ ခပ်အုပ်အုပ်ရှိုက်ငိုသံများကိုပါ ဆက်တိုက်ကြားလာရသည်။

"စုနန္ဒာ မကြောက်ဘူးလား"

"နန်းနုမြတ် ကြောက်လို့လား"

"သိပ်ကြောက်တာပဲ၊ ဘိုးဘိုး လှေခါးပေါ်ကကျစက မျက်လုံး ကြီးပြူးပြီး လက်ညှိုးကြီးထိုးနေတဲ့မျက်နှာကို မျက်စိထဲက မထွက် တော့ဘူး"

"ဟင်…ဘိုးဘိုး၊ အဲ…နန်းနုတို့ဘိုးဘိုးက လှေခါးပေါ်က ကျလို့ သေတာလား"

"ဟုတ်တာပေါ့၊ မယ်မယ်ကြီးတုန်းကလည်း ဒီလိုပဲ လိမ့်ကျပြီး သေတာ"

"မယ်မယ်ကြီးဆိုတာ…"





"ဘိုးဘိုးအစ်မဝမ်းကွဲပေါ့"

"သြော်"

"နောက် ဦးဦး 'စံထူးမြတ်' တုန်းကလည်း ဒီလိုပဲ လိမ့်ကျ သေတာ။ ကိုစံအေးတုန်းကတော့ ရေနစ်ပြီးသေတာ။ ဒီအိမ်မှာနေရင် တစ်ယောက်ပြီးတစ်ယောက် သေမှာပဲလို့ ကျိန်စာဆိုထားခဲ့တာတဲ့၊ အမလေး…ပြောရင်းတောင် ကျောထဲကစိမ့်တက်လာပြီ"

နန်းနုမြတ်က ကျွန်မနား တိုးကပ်လာသည်။ အိမ်ရှေ့မှ ငိုသံ များကလည်း တဖြည်းဖြည်း ဝေး၍သွားလေပြီ။ စုန်းတစ္ဆေကဝေသရဲ စသည်တို့ကို မယုံပါ၊ လက်မခံပါ။ အန္တရာယ်ပေးမည့်သူက စုန်းကဝေ တစ္ဆေတို့ လုပ်လေဟန် မျက်စိလှည့်ပြီး ဒုက္ခပေးတတ်ကြပါကြောင်း ကျွန်မ ခိုင်ခိုင်မာမာ ယုံကြည်ပြီးခဲ့သော်လည်း လက်ရှိ ကြားသိရသော အကြောင်းအရာ၊ မြင်တွေ့ရသော အဖြစ်အပျက်များကြောင့် ကျွန်မ စိတ်ကိုပင် ထိန်းနိုင်ရန် ခက်ခဲလှပါပြီ။

ရွံ့ကြောက်စိတ်က အသိမှန်စိတ်ကို ကျော်လွှားဖုံးအုပ်မတတ် ရှိချေပါပြီ။

တစ်ယောက်လက်ကို တစ်ယောက်တွဲလျက် နန်းနုမြတ်နှင့် ကျွန်မတို့မှာ စောစောက ကိုပန်ဦးဆင်းလာရာ လှေခါးမှတစ်ဆင့် အပေါ်ထပ်သို့ ဖြည်းဖြည်းချင်း တက်လာခဲ့ကြပါသည်။ လှေခါးထစ် လှေခါးလက်တန်း ပန်းဆွဲများသည် စာဖွဲ့ရလောက်အောင်ပင် ပန်းပုရုပ်လုံးများက ဖောင်းကြွလှပခန့်ညားလှပါသည်။ မဟော်ဂနီ ရောင်က ဖိတ်ဖိတ်တောက်နေပေသည်။ ဆေးရုံ၊ ကျောင်း စသည်တို့


www.burmeseclassic.com

www.burmeseclassic.com



တွင် တပ်ဆင်ထားလေ့ရှိသော လေခါးမျိုးလောက် ကျယ်ဝန်း၍ တက်ရသည့်အထစ်များမှာလည်း ပြေပြစ်လှသည်။

ဒီလိုလှေခါးမျိုးက ခြေချော်ကျတယ်ဆိုတာ ဖြစ်နိုင်စရာမရှိပါဘူး၊ ဘိုးဘိုးဦးကောင်းမြတ်ဟာ တစ်စုံတစ်ယောက်ရဲ့ ပယောဂကြောင့်များ လိမ့်ကျပြီး သေရတာလား''

အောက်ထပ်မှ ငိုသံများကို ကြားနေရာမှ ကျွန်မအတွေးဝင်လာခြင်းဖြစ်ပေသည်။ အမှန်တော့ ကျွန်မသည် ဤမဟော်ကနီစံအိမ်သို့ အရောက်လာခဲ့ခြင်းမှာ မိုက်မဲလွန်းလှပါသည်။ ဤခရီးကို စတင်စဉ်ကမူ မေတ္တာရှင်ဘိုးဘိုးအား ကိုးနှင့် လာခဲ့ခြင်းဖြစ်ပေသည်။ ယခုမူ သေဆုံးနှင့်လေပြီ။ သူက ကျွန်မ၏အဖြစ်ကို သိနိုင်မြင်နိုင်တော့မည် မဟုတ်သလို ကူညီကယ်တင်နိုင်ခြင်းလည်း မရှိတော့ပါချေ။

ကျွန်မသည် ဤမဟော်ကနီစံအိမ်နှင့်ဝေးရာ သာ၍ဝေးရာဆီသို့ ဖြစ်နိုင်ပါလျှင် ယခုချက်ချင်းပင် ထွက်ခွာသွားသင့်လှပြီဖြစ်ပါသော်လည်း မမျှော်မှန်းနိုင်သော အန္တရာယ်တို့ စုစည်းဝိုင်းလည်နေရာ ဤစံအိမ်မှ ယနေ့ည ဘယ်နည်းနှင့်မျှ ခွာ၍မဖြစ်နိုင်တော့ပါချေ။

''အိမ်ခန်းတွေက မျက်စိလည်စရာကြီး စုန္တနား၊ ဆောက်ပုံကြီးကလည်း တစ်မျိုးပဲ ဝိုင်းဝိုင်းကြီး''

နန်းနုမြတ်၏စကားမှာ မှန်ကန်ပါသည်။ လူနေအိမ်နှင့်မတူ၊ ရှေးဟောင်းပြတိုက်ကြီးတစ်ခု၏ ပုံစံမျိုးလို ဖြစ်ချေသည်။ အလယ်တွင် ကျယ်ပြန့်သော ခန်းမဝိုင်းကြီး ချန်လှပ်ထားပြီး ဘေးပတ်လည်တွင် အဆောင်တွေ အခန်းတွေ များလှချေသည်။ ခေတ်မီအဆောက်အဦများလို အခန်းအမှတ်များလည်း ရေးမထား၊ တစ်ပုံစံတည်းလည်း ဘူညီနေပါ၍ မှားစရာကောင်းလှသည်။

အပေါ်ထပ်ကြီးသည် ကြီးမားခန့်ညားလွန်းလှပါသော်လည်း သန့်ရှင်းသစ်လွင်မနေပါချေ။ နေ့လယ်ခင်းဆိုလျှင်လည်း အလင်းရောင်ကောင်းစွာ ရရှိမည်မထင်၊ ခပ်ကုပ်ကုပ် လေဝင်ပေါက်ကျဉ်းကျဉ်း ဖြစ်ပေလိမ့်မည်။ ရှုရသောလေက ညစ်ညမ်းနေသည်။ လင်းနို့ချေးနံ့နှင့် ပိုးဟပ်ချေးနံ့တို့က ချဉ်စုတ်စုတ် အောက်သိုးသိုးနှင့်. . .။

''အိမ်သားတွေ အများကြီးပဲလားဟင်. . . အခန်းတွေက များလိုက်တာ''

''အရင်တုန်းကတော့ အများကြီး မနှစ်ကနဲ့ ဒီနှစ်ထဲမှာပဲ ရှေ့ဆင့်နောက်ဆင့်လို သေကုန်ကြတာ ငါးယောက်ရှိပြီ''

''အို. . .ခု. . .ခုနပြောသလို လှေခါးက ကျသေတာချည်းပဲလား''

''သုံးယောက်က လှေခါးက ကျသေတာ၊ တစ်ယောက်က အဆိပ်သောက်သေတယ်. . .တစ်ယောက်က ရေနစ်သေတယ်. . .''

''ဟင်. . .တော်ပါတော့ နန်းနုမြတ်ရယ်''

''ဟုတ်တယ်. . . နန်းနုတို့လည်း သတိထားပြီးနေကြရတယ်''

နန်းနုမြတ်သည် ကျွန်မအား ခင်မင်စိတ်နှင့် အမှန်ဖြစ်စဉ်ကို ဟင်ပြနေခြင်းလား၊ ခြောက်လှန့်လိုသောစိတ်ဖြင့် တမင်ပြောကြားနေသည်လား ကျွန်မ မသိ။

ကျွန်မမှာ ထမင်းလုံးတန္တေခြောက်ခံရသည်ဆိုသော အိပ်မက်







www.burmeseclassic.com

www.burmeseclassic.com



မျိုးကို မြင်မကျက်နေလေသလားဟုပင် ကိုယ့်ကိုယ်ကို စမ်းစစ်မိပါသည်။ အမှန်တကယ်ဖြစ်ပျက်နေပေသည်ဟူ၍ သိလာရစဉ်၌တွင် ကျွန်မရင်၌ တုန်လှုပ်ရွံ့ကြောက်ခြင်း၊ အားငယ်ဝမ်းနည်းခြင်း စသော စိတ်ဝေဒနာများကို ရာနှုန်းပြည့် ခံစားနေရလေပြီတကား…။

❖ ❖ ❖



## အခန်း ။ ၃ ။

ပြတင်းတံခါးကို ပြင်ပမှ တစ်စုံတစ်ယောက်က ရိုက်ပုတ်နေသံကို ကြားရသည်။ လက်မည်းတစ်ခုနှင့် ရိုက်ခြစ်နေသလို မြင်ရသည်။ သက်ရှိမဟုတ်ပါ၊ သက်မဲ့လှုပ်ရှားမှုသာ။ အပြင်တွင် မိုးသည်း၍ လေထန်နေပါ၏၊ မှန်ပြတင်းနှင့်ကပ်နေသော သစ်ပင်တစ်ပင်၏ အကိုင်းအရွက်များက မှန်တံခါးကို ရိုက်ပုတ်နေခြင်း ဖြစ်ပေသည်။ ကျွန်မမှာ လဲ့ပင်မလဲ့ဝံ့၊ အိပ်ပျော်သွားမည်ကို စိုးရွံ့မိလှပါသည်၊ အသိမဲ့ခိုက်တွင် အန္တရာယ်က ပိုမိုကြီးထွားလာနိုင်စရာရှိပေသည်။ တစ်ယောက်တည်းမို့ အင်အားနည်းသည် ဆိုသော်လည်း အသိဉာဏ်ဖြင့် တော်တန်ရုံရန်သူကို ကာကွယ်နိုင်ကောင်းအံ့ ထင်ပါသည်။

ကျွန်မအိမ်ပေါ် စရောက်ကတည်းက တစ်စုံတစ်ယောက်၏ ငိုရှိုက်သံကို ကြားနေရသည်၊ ကလေးကြီးတစ်ယောက်ဖြစ်မည် ထင်သည်။ ဆိုးနွဲ့ဟန်နှင့် ငိုသည်မဟုတ်၊ ရွံ့ကြောက်ဟန်နှင့် ကြိတ်၍ ရှိုက်နေသည့်အသံ။ မိုးကလည်း ပို၍သဲလာသည်၊ မိုးသဲလျှင် ငိုသံ



www.burmeseclassic.com

www.burmeseclassic.com

မကြားသာ၊ မိုးသံနည်းနည်းစဲသည်နှင့် ငိုသံက ဆက်လက်ပြန့်လွင့်လာသည်။

"စုနန္ဒာ… စုနန္ဒာ"

တံခါးကိုလည်းခေါက်၍ ခပ်အုပ်အုပ်ခေါ်လိုက်သည်၊ အမျိုးသားတစ်ယောက်၏အသံကိုလည်း ကြားရပါသဖြင့်… ကျွန်မ ခုတင်မှ ခုန်ဆင်းမိသည်။ တံခါးဖွင့်ရန်မဟုတ်၊ တံခါးဂျက် လုံခြုံရဲ့လားဟူ၍ ကြည့်ရန်ဖြစ်ပေသည်။ တံခါးမင်းတုံး ချထားသည်၊ ကျွန်မအတွက် ပေးထားသော အဖော် မခင်နုသည်လည်း ကြမ်းပြင်တွင် ခွေခွေလေး အိပ်မောကျနေလေပြီ…။

"စုနန္ဒာ… စုနန္ဒာ… မြန်မြန်လာ တံခါးခဏဖွင့်စမ်းပါ"

သူ့အသံက အရေးကြီးဟန်ပြနေသည်။ လေသံဖြင့် ခပ်အုပ်အုပ်ပြောသော်လည်း ပီပီသသကြားသာသည်။ ကျွန်မမှာ မခင်နုကို နှိုးရကောင်းမလားဟု အနားကပ်သွားသည်နှင့်…

"ခင်နုမသိစေနဲ့… ခဏလာ တံခါးဖွင့်စမ်းပါ"

ကျွန်မမှာ မဝေခွဲနိုင်၊ ဘာလုပ်ရမှန်းမသိ၊ ငြိမ်နေ၍လည်း မဖြစ်တော့…။

"ဘယ်သူလဲ… ဘာကိစ္စလဲ ကျွန်မတံခါးမဖွင့်ရဲဘူး"

"မကြောက်နဲ့…မကြောက်ပါနဲ့ ဦးလေးပါ၊ အောင်ထူးမြတ်ပါ တံခါးနားခဏလာစမ်း မြန်မြန်လာကွယ်"

ဦးအောင်ထူးမြတ်သည် ကျွန်မဘက်က ရှိသောသူ ဖြစ်ပေလိမ့်မည်ဟု ကျွန်မအလိုလိုနေရင်း ယုံကြည်နေမိသူဖြစ်ပါ၏၊ ကျွန်မက





ခြေဖော့နင်း၍ တံခါးနားကပ်မိသည်နှင့်…

"ကြောက်ရင်မဖွင့်နဲ့… ဦးလေးပြောတာကြားအောင် တံခါးနှစ်ရွက်ရဲ့ အလယ်မှာ နားကပ်ထားပါ"

"ဟုတ်… ဟုတ်ကဲ့"

ကျွန်မက သူပြောသည့်အတိုင်း တံခါးရွက်နား၊နားကပ်ထားမိသည်။ ထူထဲသော ကျွန်းတံခါးနှစ်ချပ်ကြားမှ နားကပ်မိသည်နှင့် တီးတိုးလေသံကို ပီသစွာ ကြားရတော့သည်…။

"နက်ဖြန် အသုဘချရင် လိုက်မပို့နဲ့… ဦးလေး စုနန္ဒာကို ပြောစရာရှိတယ် ကြားလား"

"အင်း… အင်း… ဟုတ်… ဟုတ်ကဲ့"

"ဒါပဲ… သွားမယ်"

"နေ-ပါဦး ဦးလေး… စုနန္ဒာ သိပ်ကြောက်တာပဲ မအိပ်ရဲဘူးပြီးတော့… ငိုနေတာ ဘယ်သူလဲဟင်…"

"မကြောက်နဲ့ အပေါ်ထပ်မှာ ဦးလေးရှိနေတယ်… မောင်ယန့်ဦးလည်း လာအိပ်လိမ့်မယ်… သူတို့အားလုံးတော့ အောက်မှာ။ ငိုနေတာက 'ပပငယ်' ပါ"

"အို… သနားပါတယ်"

"အရေးထဲ မသနားပါနဲ့"

"ပပငယ်ဆိုတာ ကလေးလား"

"ဟုတ်တယ် ရှစ်နှစ်သမီးလေးတစ်ယောက်တည်း ငိုနေတာ… သူလည်း ကြောက်နေရှာတယ်… ခေါ်ထားမလား"



www.burmeseclassic.com

www.burmeseclassic.com

"အင်း…ကောင်းတယ်…စုန္နှာ သူ့ကို ချော့ထားချင်တယ်"

စေတနာအပြည့် သနားကြင်နာခြင်း အပြည့်ဖြင့်… ကျွန်မ ပြောလိုက်မိသည်။ ကလေးငယ်၏ ငိုရှိုက်သံက အားငယ်ဝမ်းနည်း လွန်းဟန်၊ အမိအဖတို့က မချော့ကြလေရော့သလား၊ ဦးအောင်ထူးမြတ် သံညပင် ကျွန်မ၏ အခန်းသို့ ဝင်ခွင့်ရရန် ဉာဏ်ဆင်လေသည်လား၊ ကျွန်မမှာ ဘာကိုမှ တိတိပပ မခွဲခြားနိုင်။ မည်သူ့ကိုကြောက်၍ မည်သူ့ကို ယုံကြည်ရလေမည်လဲ မသိနိုင်တော့။ ကလေးငိုသံနီးလာသည်၊ ဦးအောင်ထူးမြတ် ပပငယ်ကို ကျွန်မထံ ခေါ်လာခဲ့ပြီ ထင်သည်…။

"ဒါ… ဘာလုပ်တာလဲဦးလေး… ကလေးကို ဘယ်ခေါ် သွားမလို့လဲ"

ကိုပန်ဦး၏အသံပင်…။

"ဟို…စုန္နှာ…အခန်းပို့မလို့"

"မဟုတ်တာဘဲ ညှဉ့်သည်အခန်းကို ငိုနေတဲ့ကလေးကို ထားရမယ်လို့ သူ့ဟာသူနေပစေပေါ့၊ ဒီကောင်မလေးက ငိုနေကျပဲ"

"စုန္နှာက သနားတယ်ဆိုလို့ပါ မောင်ပန်ဦးရယ်"

"ဒီမိန်းကလေးအကြောင်း ခင်ဗျား ဘယ်လောက် သိသေးလို့ ဒီကလေးကို သူ့လက်သွားအပ်မှာလဲ။ ဒီမှာဦးလေး အေးအေးနေစမ်း ပါဗျာ၊ အိမ်မှာ ဘယ်လောက် ပြဿနာတက်နေတယ်၊ ဘယ်လောက် အရေးကြီးနေတယ် ဆိုတာတွေ သိရဲ့သားနဲ့ ဟိုရှုပ်ရှုပ် ဒီရှုပ်ရှုပ် မလုပ်စမ်းပါနဲ့ ကဲ-ကိုယ့်အခန်းကိုယ်သွားကြ တိတ်စမ်း ပပငယ်"





အောင်မြင်ခန့်ညားသောအသံ၊ ဒေါမာန်ဝင့်သံတို့၏ အဆုံးတွင် ပပငယ်၏အသံနှင့် ဦးအောင်ထူးမြတ်တို့၏အသံကို လုံးဝမကြားရ တော့။ ကိုပန်ဦး၏ ဩဇာအာဏာသည် အိမ်သားစု၏ လှုပ်ရှားမှုကို မီးရှေသတ်သည်ထက် ငြိမ်သက်စေလေသည်။ ခြေသံပြင်းပြင်းနင်း၍ လှေခါးမှ ပြန်ဆင်းသွားသော ခြေသံသည် ကိုပန်ဦး၏ခြေသံသာ ဖြစ်ချေလိမ့်မည်တည်း။

❖ ❖ ❖

ချောက်ချားရသော ညသည် ကြာမြင့်ရှည်လျားစွာ ခရီးဆက်ပြီး ခါမှ အလင်းရောင်တန်းနုလေးကို မြင်ခွင့်ရခဲ့ပါပြီ။ တစ်ညလုံး တစ်မေး မှ အိပ်မရ၊ အိပ်မရဆိုခြင်းထက် မအိပ်ရဲဆိုခြင်းက ပို၍မှန်ကန်ပါမည်။ ဆိုင်၍ ခုတင်တိုင်ကိုမှီပြီး ငိုက်မြည်းနေမိသည်၊ သတိမလစ်အောင် တစ်ညလုံး သတိထားနေရပါ၏။

တစစနှင့် အလင်းရောင်က လျှင်လျှင်မြန်မြန် ဖြန့်ကျက်စိုးမိုး လာသည်။ မခင်နုလည်း အိပ်ရာမှ လူးလဲထ၍ အောက်သို့ ဆင်းသွား ချေပြီ။ ယနေ့ အသုဘချမည့်နေ့ဖြစ်ပါ၍ မြေဆင်းသပိတ်သွတ်ရန် သုံ့ပရကိုင်ရပေလိမ့်မည် ထင်ပါသည်။ ကျွန်မက တံခါးပြန်ပိတ်ပြီး ဆံပင်အရင်ဖီး၍ သရေကွင်းဖြင့်သာ နှစ်ဖက်ခွဲ၍ စီးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ရေသောက်ကောင်းနှင့် ၄င်းအပေါ်မှ မှောက်ထားသော ကျောက်ကာခွက် နီနီကိုယူ၍ ရေသွန်ချရသည်။ မတတ်နိုင်တော့၊ ပြတင်းတံခါးကိုဖွင့်ပြီး ဤရေနှင့်ပင် မျက်နှာသစ်လိုက်ရတော့သည်။ ဖရိုဖရဲဖြစ်နေသော ဆံပင်ကို ချည်နှောင်ပြီး မျက်နှာသစ်ပြီးချိန်၌ စိတ်တွင် အနည်းငယ် လန်းဆန်းသွားမိသည်။

“မမ . . . မမ . . . က ဧည့်သည်လားဟင်”

စကားပီကာစ ကလေးငယ်တစ်ယောက်၏ အသံကြောင့် ကျွန်မ မျက်နှာသုတ်နေရာမှ လှည့်ကြည့်မိသည်။

“ပပငယ်ဆိုတာ ညီမလေးနာမည် မှတ်လားဟင်”

မြင်မြင်ချင်းပင် ကျွန်မ အကဲခတ်နိုင်စွမ်းရှိပါသည်။ နီမိုနေသော မျက်လုံးအိမ်လေးနှင့် အားငယ်မှုကြီးစိုးနေသော မျက်ဝန်းလေးကိုမြင်ရပြီး ခုနစ်နှစ်၊ ရှစ်နှစ်ရွယ် ချစ်စဖွယ် ဖြူဖြူသွယ်သွယ် မိန်းကလေးကို ကျွန်မက ပြုံး၍ နှုတ်ဆက်ရင်း မေးလိုက်မိသည်။

“ပပကို မမက သိတယ်လား”

“မမက ဧည့်သည်ပဲဆိုပါတော့ . . . ညက ပပငယ် ငိုသံကို ကြားတည်းက မမတွေ့ချင်နေတာ၊ ဘာလို့ငိုနေရတာလဲဟင်”

ကျွန်မက ကလေးကို ကြင်ကြင်နာနာ ကြည့်လိုက်ရင်း သူ့မေးစေ့လေးကို ဆွဲမော့၍ မေးမိသည်။

ပပငယ်သည် ကျွန်မအခန်းအပြင်ဘက် ပြတင်းဝမှရပ်လျက်ရှိသည်။ ကျွန်မအိပ်သည့်အခန်း၏ အပြင်ဘက်တွင် စင်္ကြံလမ်းလေးရှိကြောင်း ကျွန်မ ယခုမှ မြင်မိတော့သည်။ စင်္ကြံလမ်းက သုံးပေ





ခွဲလောက်သာ ကျယ်ဝန်းမည်၊ လူတစ်ယောက်သွားသာရုံ ဝရံတာရှိ၍ အမိုးမပါချေ။ စင်္ကြံလမ်းတွင် ရေညှိကွက်များကို မြင်ရပါ၏။ ကျွန်မအခန်းတည့်တည့်တွင် ထင်းရှူးကိုင်းတစ်ခုက ငိုက်ကျနေသည်။

ပပငယ်မှာ စင်္ကြံလမ်းမှ ရပ်လျက် ပြတင်းပေါက်တွင် မျက်နှာလေး ဖော်ပြီး ကျွန်မကို လာရောက်နှုတ်ဆက်သူ ဖြစ်လေသည်။

“ပပတစ်ယောက်တည်း အိပ်ရတာ ကြောက်တယ် . . . ချမ်းလည်း ချမ်းတယ်၊ ဒါကြောင့် ငိုတာပါ”

“ပပ မေမေရော . . .”

“မောင်လေးကိုခေါ်ပြီး အဝေးကြီးကို ထွက်သွားတယ် . . . အကြာ ကြီးရှိပြီ ခုထိ ပြန်မလာသေးဘူး၊ မေမေ့ကို ပပ သိပ်ပြီး အောက်မေ့ တာပဲ”

ပပငယ်၏ မျက်လုံးအိမ်ဝိုင်းဝိုင်းလေးတွင် မျက်ရည်ကြည်များ သွဲ့တက်လာသည်၊ ကျွန်မ ရင်နင့်လှပါသည်။

“ပပ ဖေဖေရော”

“နောက်ဖေးက ကန်ထဲမှာ ရေနစ်ပြီး သေသွားပြီ”

“ဟယ်”

ကျွန်မမှာ ပပ၏ ပခုံးလေးကို ပိုမို၍ဖျစ်ညှစ်မိသည်။ ဘာပြောရမည်၊ မည်သို့ ဖြေသိမ့်ရမည်ကို မသိတတ်နိုင်တော့ပါချေ။

“နောင်ခမ်းကြီးဆိုတာ မမ သိလားဟင် . . .”

ပပငယ်က မျှော်လင့်အားကိုးဟန်ဖြင့်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



''နောင်ခမ်းကြီး… နောင်ခမ်းကြီးဆိုတာ ကြားဖူးပါတယ်၊ သြော်…သိပြီ…နောင်ခမ်းကြီးဆိုတာ ရွာကြီးပဲ…ပြင်ဦးလွင်နားမှာ''

''ဟာ… မမသိတယ်…ဝမ်းသာလိုက်တာ၊ ပပကို အဲဒီရွာ ပို့ပေးပါနော်… ပို့ပေးမယ်မဟုတ်လားဟင်''

''ဒီနေရာဟာ မြေလတ်ခရိုင်ထဲမှာပါတဲ့ ရွာစွန်တစ်ခုမို့ နောင်ခမ်းကြီးရွာနဲ့ဆို အဝေးကြီးပဲ နေပါဦး… ပပက အဲဒီ နောင်ခမ်းကြီးရွာကို ဘာလို့သွားချင်ရတာလဲဟင်''

''မေမေနဲ့ မောင်လေး… မေမေနေတဲ့ရွာကို ပြန်သွားကြတယ်၊ ပပမေမေဆီကို လိုက်ပို့ပေးပါနော်…ပပ ရှိခိုးပါတယ်မမရယ်''

ကျွန်မ မျက်ရည်မဆယ်နိုင်တော့၊ အကြောင်းမှန်ကို တိတိကျကျ မသိပါဘဲနှင့် လက်အုပ်လေးချီခါ ငို၍ပြောနေရှာသော ပပငယ်လေး၏အဖြစ်ကို ကျွန်မ မကြည့်ရက်တော့။

''ပပ…ပပငယ်''

''ဟော…ဖွားလေးခက် ခေါ်နေပြီ… သွားတော့မယ်၊ ပပကို နောင်ခမ်းကြီးရောက်အောင် ခေါ်သွားပေးပါနော်…မမ''

''ပပငယ်''

''လာပါပြီ…ဖွားလေးခက်''

ခေါ်သံက ခက်ထန်လှသည်၊ ပြန်ထူးသံလေးနှင့် ဆန့်ကျင်ဘက် ကျလွန်းလှပါချေသည်။ ပပငယ်မှာ ညှိုးယူခြင်းခံရသော သတ္တဝါငယ်လေးပမာ မျက်လုံးလေး အဝိုင်းသားနှင့် ကျွန်မကို တစ်ချက်ကြည့်ပြီး ကျွန်မ၏ရှေ့မှောက်မှ ပျောက်ကွယ်သွားခဲ့ပါချေပြီ။





ရင်တွင်း၌ ကျပ်တည်းနေသော အစိုင်ခဲများကို သက်သာလိုသက်သာငြား သက်ပြင်းကြီးတစ်လုံးကို ချလိုက်မိပါသည်။ ကျွန်မသည် ရပ်လက်စ ပြတင်းဝမှ မခွာမိသေး၊ မျက်စိတစ်ဆုံးသို့ မျှော်ငေးကြည့်မိသည်။ ယခုမှပင် မဟော်ဂနီစံအိမ်၏ ဝန်းကျင်ကို ပြက်ပြက်ထင်ထင် မြင်ရသည်။

''အို…အနီးနားမှာ အိမ်လည်း မရှိပါလား၊ နိမ့်လျှောလွင်ပြင်ကြီးပါပဲလား၊ ဟိုးဝေးဝေးမှာတော့ စေတီလေးတစ်ဆူ၊ သွပ်မိုးဖြူဖြူလေးလည်း မြင်ရတယ်၊ ကျောင်းလား… တန်ဆောင်းလားပဲ''

ကျွန်မက မြင်ကွင်းတဆုံးကို ကုန်းကြည့်မိသည်။ လူနေအိမ်ခြေဟူ၍ တစ်စု,တစ်အိမ်,တစ်တဲမျှ မမြင်ရ၊ ကုန်းနိမ့်ဆီမှ ဤအိမ်ကြီးရှိရာသို့ တက်လာသည့် မြေနီလမ်းကွေ့ကွေ့လေးကို မြင့်ရသည်။ မနေ့ညဦးက ကျွန်မသည် လမ်းမှ တက်လာခဲ့ခြင်းဖြစ်နိုင်သည်။ မဟော်ဂနီစံအိမ်၏ သည်မှာဘက်ခြမ်း ကြင်ကုန်းမြေတွင် လူနေအိမ်ခြေ လုံးဝမရှိ၊ ဟိုဘက်ခြမ်းတွင်ဖြင့် မသိ၊ ရှိ[illegible]င်လည်း များများစားစားရှိမည်မဟုတ်၊ လူသွားလူလာ လုံး[illegible] မမြ[illegible]သေး။

မြေလတ်ဒေသဆိုသော်လည်း မိုးဦးကျချိန်ဖြစ်[illegible] သစ်ပင်တို့က စိမ်းနုဝေဆာနေကြသည်။ ညက ရွာသွန်းခဲ့သော မိုးရေစက်တို့က မြေသို့ မဆင်းသက်ကြသေး၊ သစ်ရွက် သစ်ကိုင်းများပေါ်တွင် နားခိုလျှောင်းစက်နေသည်သို့ ငြိမ်ဝပ်နေကြသည်။ နေရောင်ခြည်နုက မိုးစက်ဥများပေါ်သို့ ကျရောက်သည့်အခါ ရောင်ပြန်ဟပ်လာသည်။ [illegible]နံပွင့်ငယ်တို့ ဖြန့်ကြဲထားသည်သို့ ရှိပါချေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမျက်စိရှေ့ မြင်ကွင်းအတွင်းသို့ မြင်းနှစ်ကောင် ခုန်ပေါက်မြူးတူး၍ ရောက်လာသည်။ တစ်ကောင်က ငယ်ငယ်လေး ပို၍ မြူးကျူးလှုပ်ရှားသည်၊ သားအမိဖြစ်ဟန်တူပါ၏၊ မြင်းသားအမိကို မြင်ရလေမှ ကျွန်မရင်တွင် တမ်းတခြင်းတစ်ခုက မြည်ဟိန်းလာပါတော့သည်။

"မေမေ..."

ချစ်လှစွာသော ကျွန်မ၏မေမေကို လွမ်းဆွတ် တ,သစိတ်က လှုံ့ကဲလာသည်။ မွေးကင်းစမှစ၍ တစ်ညတာမျှ မေမေနှင့် ခွဲမအိပ်ဖူးခဲ့၊ မေမေ့ရင်ခွင်သည် ကျွန်မ၏ တစ်ဘဝစာ ခိုလှုံနိုင်ခွင့် ရရှိလိမ့်မည်ဟု အမြဲထင်ခဲ့မိသည်။ အဖမဲ့ဘဝဖြင့် မေမေ့ကို အားသွန်၍ ပုံချစ်ခဲ့မိသည်။ ဖခင်ဆိုသူကို မမြင်ဖူးခဲ့၊ မည်သည့်ပုံသဏ္ဍာန်ဟု မှန်းကြည့်စရာ ဓာတ်ပုံတစ်ပုံတလေမျှပင် မကျန်ရစ်ခဲ့ပါဟု မေမေက အပြတ်ပြောသည်။

"ယူ့ မေမေက သိပ်လှတာပဲ... သိပ်ကိုချောတာပဲ"

သူငယ်ချင်းများ ဝိုင်းပြောစဉ်က ကျွန်မမှာ ပီတိဖြစ်၍မဆုံး၊ ဂုဏ်ယူဝင့်ကြွား၍မပြီး။ သို့ပါသော်လည်း မေမေပိုင်ဆိုင်သည့် ယင်းအလှသည်ပင် နောင်အခါ၌ ကျွန်မနှင့်မေမေတို့ ခွဲခွာပေးရမည့် ပြဿနာဖြစ်လာမည်မှန်း ကျွန်မ မမျှော်မှန်းမိခဲ့။ ဤခရီးသို့ ထွက်ခွာမလာမီ ဆယ့်ငါးရက်ခန့်က ဖြစ်ပါသည်။

"သမီးကို မေမေ လေးလေးနက်နက် ပြောချင်တာ တစ်ခု ရှိတယ်"





မေမေ၏ တည်ကြည်မှင်သေသော မျက်နှာကို ကျွန်မက ကြည့်ပြီး မေမေ့အဖြေကို စောင့်နေမိခိုက်...

"မေမေဟာ ဆယ့်ကိုးနှစ်လုံးလုံး သမီးလေးအတွက် ပင်ပန်းဆင်းရဲခံပြီး ရုန်းကန်လှုပ်ရှားပေးခဲ့တာ သမီးအသိနော်။ ခုတော့ သမီးလည်း အရွယ်ရောက်လာပြီ... မေမေဟာလည်း သုံးဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်လေ၊ အနောက်တိုင်းအယူအဆနဲ့ဆိုရင် ဘဝစတဲ့ အရွယ်တောင် မတိုင်သေးဘူးပေါ့။ ဒီတော့ မေမေရဲ့ ရုန်းကန်ဖန်တီးခဲ့ရမှုတွေကို နားချင်ပြီသမီးရယ်။ သူတစ်ပါး ဦးဆောင်မှုအောက်မှာ ငြိမ်ငြိမ်အေးအေးလေး နေချင်ပြီ။ ပြီးတော့ မေမေရဲ့ အသည်းနှလုံးမှာလည်း မေတ္တာသစ်တစ်ခု ခိုဝင်လာနေပြီ။ ဒါကြောင့် သမီး မေမေ့ဘဝကို စာနာငဲ့ညှာပြီး ခွင့်လွှတ်ပါနော်။ မေမေ ယဉ်ကျေးမှုဌာနက အရာရှိလေး 'ဦးမြင့်ထွန်း' နဲ့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီးပြီ။ သူဟာ လူတော်လူကောင်းတစ်ယောက်ဆိုတာ သမီးသိပါတယ်လေ မေမေရဲ့ ဆုံးဖြတ်ချက်ကို သမီး ခွင့်လွှတ်ပါ... ကျေနပ်ပါလိုက်လျောပါ"

မေမေ၏စကားကို ကြားရစဉ်၌ ကျွန်မရင်၌ ဝမ်းနည်းသည်လား၊ နာကြည်းသည်လား၊ ဒေါသဖြစ်သည်လား၊ မကျေနပ်သည်လား၊ ကန့်ကွက်လိုသည်လား... ကိုယ်တိုင်ပင်မသိ၊ မခွဲခြားနိုင်။ ကျွန်မထင်ပါသည်။ ယင်းခံစားမှုအားလုံး စုပြုံ၍ တစ်ချိန်တည်း၌ ခံစားလိုက်ရသည်...လို့။

"မေမေရယ်... မေမေ့ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလား၊



www.burmeseclassic.com

www.burmeseclassic.com



သမီးကို မသနားတော့ဘူးလား··· မချစ်တော့ဘူးလား"

"သမီးကိုချစ်တဲ့ မေတ္တာမျိုးနဲ့ သူ့ကို မေမေချစ်တာမှ မဟုတ်တဲ့ ကြားစိပ···ဘာဆိုင်လဲ။ ခမမေဟာ ဖခင်ဝတ္တာရားရော မိခင်ဝတ္တာရားပါ ကြေခဲ့ပြီးပြီသမီး၊ မေမေ့ကို အနှောင့်အယှက်မပေးပါနဲ့ ကွယ်··· မေမေ ဆုံးဖြတ်ပြီးပြီ စီစဉ်ပြီးပြီ"

မေမေ၏ သံမဏိဆုံးဖြတ်ချက်ကြောင့် ကျွန်မမှာ မေမေနှင့် ခွဲခွာရန် ဆုံးဖြတ်လိုက်ရခြင်း ဖြစ်ပေသည်။ အရွယ်ရောက်ပြီး သမီးပျို တစ်ယောက်မှာ မေမေနှင့် ပထွေးဖြစ်သူတို့ ကြည်ဖြူကလူကျီစယ် ၍ ရွှေလည်တွဲနေမည့် အဖြစ်မျိုးကို ဘယ်နည်းနှင့်မျှ မကြည့်ဝံ့ မကြည့်ရဲ ရင်မဆိုင်ရဲပါပေ။ ကျွန်မ မှီကပ်ခိုနားလဲလျောင်းရာ မေမေ၏ရင်ခွင်သာသည် ကျွန်မထံမှ တစ်သက်တာ ပျောက်ပျက်ဆုံးရှုံး ရတော့မည်။ ကျွန်မ၏နေရာတွင် "ဦးမြင့်ထွန်း" ဝင်ရောက်လာပေတော့ မည်။ မကျယ်ဝန်းလှသော အိမ်ခန်းအတွင်း၌ ကျွန်မတစ်ယောက် တည်း အိပ်စက်ရမည့်အဖြစ်ကို အားငယ် ရက်ကြောက်လှပါပြီ၊ သည့် အတွက် သည်ခရီးကို ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ ဤမဟော်ဂနီ စံအိမ်သို့ ကျွန်မထွက်လာတော့မည်၊ ဘိုးဘိုး၏ မေတ္တာရင်ခွင်တွင် နားခိုတော့မည်၊ ဘိုးဘိုးကမ်းလှမ်းသည့် ကိစ္စကို လက်ခံတော့မည်··· စသော ကျွန်မ၏ ဆုံးဖြတ်ချက်ကို မေမေ ကြားနာပြီးသည်နှင့်···

"မေမေ့ကို စိတ်နာလို့···မေမေ့ ဆုံးဖြတ်ချက်ကို မကျေနပ်လို့ အန္တုတိုက်ချင်တိုက်ပါ၊ ဒီကြပ်ကုန်းကို သွားမယ်ဆိုတာတော့ မေမေ အံ့သြလို့မဆုံးဘူး စုနန္ဒာ"





"ဒီကလွဲလို့ ဘယ်သွားစရာရှိလို့လဲ"

"ငါ့ကန်ပြီး ထွက်ချင်ထွက်ပါ··· ငါနဲ့မနေချင်ရင် တစ်ခုခုစီစဉ် ပေးမှာပေါ့၊ ခုတော့ ဒီမဟော်ဂနီစံအိမ်က တစ်ပဲခြောက်ပြား အမွေကို ညီးမက်လို့ သွားမှာမှုတ်လား"

"မေမေ ဒီလိုမပြောပါနဲ့၊ ဘိုးဘိုးရဲ့စာဟာ ဘယ့်လောက် သနား စရာကောင်းလဲ၊ မေမေအသည်းမာပြီး လျစ်လျူပြုခဲ့ပေမယ့် သမီးတော့ သနားတယ်၊ ဒီမှာလည်း မနေချင်ဘူး သွားမယ်၊ ဟိုမှာပဲ အပြီးသွားနေ တော့မယ်"

"အမလေး မိစုနန္ဒာရယ်··· နင့်ကို လူတစ်လုံး သူတစ်လုံး ဖြစ်အောင် မွေးကျွေးလာရတဲ့ ကျေးဇူးဆပ်တာပေါ့လေ။ အေး··· သွား···သွား။ မဟော်ဂနီစံအိမ်နဲ့ မြတ်မိသားစုက ညီးကို အမွေ သုပ်ကြီးပဲ ဆီးပေးမလား၊ ဒုက္ခသုက္ခ တနင့်တပိုးကြီးပဲ ညီးကျောပေါ် ပုံချကြ မလားဆိုတာ သွားကြည့်ပေါ့ မိစုနန္ဒာ သွားကြည့်ပေါ့အေ"

နာကျည်းစိတ်ဖြင့် မေမေက အံကိုခဲ၍ ပြောလိုက်သောစကား များကို ကျွန်မ ကြားယောင်လာမိသည်။ မေမေ၏ အသွင်သဏ္ဌာန် ကိုလည်း မျက်စိတွင် ပြန်လည် ဟပ်ထင်မြင်ယောင်လာမိပါ တော့သည်။

"မေမေရယ်···တကယ်တော့ သမီးမေမေ့ကို အာခံလို့ မဟုတ် ပါဘူး၊ မေမေရဲ့ စကားကို မနာခံလို့ မဟုတ်ပါဘူး၊ သမီး သိပ်ချစ်နေတဲ့ မေမေ့ကို ပထွေးဖြစ်သူနဲ့ ကြည်ဖြူပျော်တွဲနေမှာကို သမီး မကြည့် ရဲဘူး၊ မကြည့်ရက်ဘူး၊ မကြည့်ချင်ဘူး။ ဒါကြောင့်ပါ၊ သမီး မေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com

ချစ်လွန်းလို့ပါ… ခွင့်လွှတ်ပါ မေမေ၊ မေမေပြောတဲ့ အတိုင်းပဲ လောလောဆယ်မှာ သမီးအတွက် ဘယ်လိုပြေလည်မှုမှ မရခဲ့သေးပါဘူး မေမေရယ်။ သမီး မေမေ့ဆီလည်း မပြန်ချင်တော့ဘူး၊ ဒီအိမ်ကလည်း သမီးကို ဘယ်လိုပုံစံနဲ့ လက်ခံကြမယ် ဆိုတာ သမီးမမျှော်မှန်းနိုင်ခဲ့သေးပါဘူး မေမေရယ်… သမီး မေမေ့ကို မုန်းလို့ မှုတ်ဘူး၊ ချစ်လွန်းလို့ ထွက်ပြေးလာခဲ့တာပါ မေမေ။ ပြီးတော့ ဘိုးဘိုးရေးလိုက်တဲ့ စာတွေ အကြောင်းရာတွေကလည်း ကြည့်ပါဦးတော့''

''ဒေါက်…ဒေါက်…ဒေါက်…စုနန္ဒာ''

ကျွန်မအတွေးများ မဆုံးမီမှာပင် အခန်းတံခါးခေါက်သံနှင့် ကျွန်မအမည်ခေါ်သံကို့ တဆက်တည်းပေါ်လာသည်။ ယင်းအသံကို ကျက်မိပါသည်။ အသံရှင်ကို သိပါသည်။

''ကိုပန်ဦး''

''စုနန္ဒာ…စုနန္ဒာ…တံခါးဖွင့်ပါဦး''

သူ့အသံက နူးနူးညံ့ညံ့ ငြင်ငြင်သာသာပင် အရေးကြီးဟန်မရှိပါ။ မိုးလင်းနံနက်ခင်းလည်းဖြစ်ပါ၍ ကျွန်မ တံခါးနားကပ်ခါ ကျွန်းတံခါးချပ်ကြီးကို ဖြည်းဖြည်းချင်း လှစ်ဟကြည့် လိုက်မိသည်။ ဟုတ်ပါသည် ကိုပန်ဦးပါပင်။ တစ်ယောက်တည်း။

''အောက်ဆင်းဦးလေ၊ လက်ဖက်ရည်လေးဘာလေးသောက်ရအောင်။ ညကရော အိပ်ပျော်ရဲ့လား''

''အင်…ဟုတ်…ဟုတ်…ကဲ''

မလွန်ဆန်နိုင်၍သာ ဟုတ်ကဲ့လိုက်ရသည် ဘာကိုထောက်ခံ





လိုက်မိမှန်းလည်းမသိ။

''ဒါဖြင့် လာလေ…အခန်းက စိတ်ချရပါတယ်၊ အဲဒီအခန်းကို ကြိုက်ရင် အဲဒီမှာပဲနေပါ၊ ဒီမှာ အခန်းသော့၊ ညတုန်းကတော့ အပြင်က ခတ်ထားတယ်''

''ရှင် ပိတ်လှောင်ထားတယ်လား''

''ဒီလိုထင်ရင်တော့ လွန်ကဲသွားလိမ့်မယ် ထင်ပါတယ်…၊ သုနန္ဒာရဲ့ လုံခြုံရေးအတွက်လည်း ပါပါတယ်လေ။ ဒီအိမ်ကလူတွေဟာ တစ်ယောက်နဲ့တစ်ယောက် အရိပ်စောင့်ကြည့်နေရတဲ့ အခြေနေမျိုး ဘယ်ကလာမယ်မှန်း မသိတဲ့ အန္တရာယ်ကို ကာကွယ်နိုင်ဖို့ ကြိုးစားနေကြရတဲ့ အချိန်မျိုးမို့ပါ။ စုနန္ဒာတော့ မကြောက်ပါနဲ့လေ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားကာကွယ်ပေးပါ့မယ်၊ ကဲ လာ… အောက်ဆင်းကြရအောင်''

ကိုပန်ဦးက ဦးဆောင်၍ ဆင်းနှင့်ရန် ဟန်ပြင်လိုက်သည်။ ကျွန်မမှာ ဘာမှပြုပြင်နေရန်မလိုတော့၊ သူ့နောက်မှသာ ထွက်လိုက်ခဲ့ရပါသည်။ အဝတ်စားကိုလည်း လဲဖယ်မနေအား။ ညက အဝတ်စားအတိုင်းပင်၊ ပြင်ဆင်ချိန်လည်းမရ၊ ပြင်ဆင်ရန်လည်းမတော်၊ ကိုယ့်အဘိုးတစ်ယောက်လုံး သေဆုံးနေချိန် အသုဘအိမ်…။

ကိုပန်ဦးက တံခါးကို သော့ခတ်ပိတ်လိုက်ပြီး ကျွန်မလက်တွင်းသို့ သော့ကိုပေးအပ်သည်၊ ကျွန်မတို့နှစ်ယောက် လှေခါးထိပ်နားအရောက်တွင် ကိုပန်ဦး၏ အသက်ရှယ် မျှလောက်ရှိမည့် အမျိုးသား


www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က အခန်းဝတစ်ခုမှ ကျွန်မတို့ကို မျက်လုံးအပြုံးသားနှင့် ငေးစိုက်ကြည့်နေရာမှ၊ ကျွန်မက လှမ်းကြည့်လိုက်မိသည်နှင့် နီးရာ အခန်းတစ်ခုတွင်းသို့ လှစ်ခနဲ ဝင်ရောက် ပျောက်ကွယ်သွားတော့ သည်...။

“သူဘယ်သူပါလိမ့် ဒီအိမ်မှာ အိမ်သားတွေ ဘယ့်လောက် များပါလိမ့်”

ကျွန်မက တွေးရင်း လှေခါးမှစ၍ ဆင်းသည်။ ကျွန်မ ရောက်ရှိ လာချိန်၌ ဘိုးဘိုးအသက်ထင်ရှားသာ ရှိနေပါလျှင် သူက မည်သူ သူကမည်ဝါ၊ မည်သို့ တော်စပ်သည် စသည်များကို ပြောကြားပေးပေ လိမ့်မည်ထင်ပါသည်။ ယင်းသို့ ဆွေမျိုးစပ်မှုကို လူကြီးသူမများ ပြောလေ့ပြောထ ရှိကြသည်မဟုတ်ပါလား။ ဘိုးဘိုးသာ ရှိခဲ့လျှင် ဟူသော အတွေးနှင့် တဆက်တည်းပင်...

“အင်း... ဒီလှေခါးကြီးပေါ်က လိမ့်ကျပြီး ဘိုးဘိုးသေရတာ ပါလား” ဟူသော အတွေးကြောင့် လက်လွတ်မဆင်းရဲတော့ ကျွန်မ ကိုယ်တိုင်ပင် ခြေချော်ကျသွားလေမလားဟု ရှိထိတ်စိတ်ဖြင့် လှေခါး လက်ရမ်းကို ကိုင်၍ ဆင်းခဲ့ရသည်။

ကိုပန်ဦးက အလယ်ခန်းမရှိ ထမင်းစားခန်းရှိရာ ကျယ်ဝန်း သော တရုတ်ကျောက်စားပွဲဖြူကြီး ဘေးမှ ကုလားထိုင်တွင် ထိုင်ရန် ကျွန်မကို ညွှန်ပြသည်။ ကော်ဖီနှင့်မုန့်များက အသင့်ပင်၊ မည်သူမျှ စားရသေးဟန် မတူ။ ကိတ်မုန့်တစ်ချပ်နှင့် ကောက်ညှင်းမုန့်ဖက်ထုပ် နှစ်ခုကို ကျွန်မ ယူစားမိသည်။ မနေ့ ညစာ ထမင်းကိုလည်း ကျွန်မ





စားခဲ့၍၊ ဤအိမ်မှလည်း ကျွန်မကို မည်သူမျှ ကျွေးမွေးမည့်သူ ရှိပါ၍၊ ဆာလွန်းနေသော ဝမ်းကို ဤမုန့်များနှင့် ဖြည့်တင်းလိုက်ရ သည်...။

“ကဲ-စုနန္ဒာ အိမ်ရှေ့မှာ နေမလား၊ အပေါ် ပြန်သွားမလား”

“ဒီနေ့ ဘိုးဘိုးအသုဘချမှာနော် စုနန္ဒာ ဘာများကူလုပ်ပေးရ လဲရှင်၊ နိုင်းချင်တာခိုင်းပါ”

“စုနန္ဒာ”

“ဟုတ်ကဲ့ ကိုပန်ဦး”

“စုနန္ဒာဟာ ကျွန်တော်တို့ရဲ့ အိမ်ကို အိမ်သားအဖြစ်နဲ့ ရောက်လာတာလား၊ ဧည့်သည်အဖြစ်နဲ့ ရောက်လာတာလား”

ကျွန်မ မဖြေတတ် ဘာပြောရမှန်းလည်းမသိ...။

“ပြောလေ စုနန္ဒာ”

“ကျွန်မ ဘာဖြေရမှန်းတောင် မသိပါဘူးရှင်”

“နှစ်ခုလုံးပဲလို့ ကျွန်တော်ထင်တယ် ဘယ့်နဲ့လဲ”

“နီးစပ်ပါတယ်”

“ဒါဖြင့် ထပ်မေးပါရစေ ဘယ်တော့ပြန်မှာလဲ”

“ရှင်”

“ဘယ်တော့ပြန်မှာလဲဆိုတာကို မဖြေချင်ရင် ဘယ်လောက် ကြာကြာနေမှာလဲဆိုတာကို ဖြေပါလား စုနန္ဒာ”

သူ့မေးခွန်းနှစ်မျိုးကို ပထမ၌ သီးခြားစီလို့ ထင်မိသည်။ နောက်ပြီးမှ တသဘောတည်းပါလားလို့ တွေးမိလာသည်နှင့်...



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မရှိနေလို့ ကိုပန်ဦးတို့မှာ အနှောင့်အယှက်ဖြစ်နေလို့လားရှင်''

''မဖြစ်ပါဘူး စုနန္ဒာ မဖြစ်ပါဘူး''

''ဒါဖြင့်လည်း အဲဒီမေးခွန်းနှစ်ခုလုံးကို ကျွန်မ မဖြေပါရစေနဲ့ဦး… ဘာဖြစ်လို့လဲဆိုတော့ ကျွန်မကိုယ်တိုင်တောင် ဘာလုပ်ရမယ်ဆိုတာ မဆုံးဖြတ်ရသေးလို့ပါ''

''သဘောပေါက်ပြီ စုနန္ဒာ… ဘာဘဲလုပ်လုပ် ကျွန်တော့်ကို အရင်ဦး သတိပေးပြီးမှ လုပ်ပါလို့ပဲမှာလိုပါတယ်၊ စုနန္ဒာ လိုက်နာပါလိုအပ်တဲ့ အကူညီလည်းပြောပါ၊ ကဲ ကျွန်တော်တာဝန်ရှိသေးတယ်… စုနန္ဒာ အိမ်ရှေ့ထွက်ချင်လည်းထွက် အပေါ် တက်ချင်လည်းတက်ပါ''

သူစကားဆုံးသည်နှင့် ကျွန်မနားမှ ထွက်ခွာသွားတော့သည်။ ကိုပန်ဦး ဆိုသူကို ကျွန်မနားလည်ရန် ခက်ခဲလှချေသည်သာတည်း…။

မုန့်စားပွဲရှေ့တွင်လည်း အကြာကြီး ထိုင်မနေလိုပါ။ သည့်အတွက် လက်ကျန်ကော်ဖီကို မော့သောက်ပြီး ကျွန်မအိမ်ရှေ့ဧည့်ခန်းအလောင်းစင်ရှိရာနေရာသို့ပင် ထွက်လာခဲ့မိပါသည်…။

အိမ်ရှေ့တွင် မျက်နှာစိမ်းဧည့်သည်များ ရှိဟန်မတူ၊ သို့သော်လည်း ကျွန်မအတွက် မျက်နှာသစ်သုံးယောက် ပါရှိနေပါသည်။ သူတို့၏အသွင်က အိမ်သားများပုံစံမျိုးပင်။ အမျိုးသားကြီးတစ် ယောက် အမျိုးသမီးအရွယ်လတ် တစ်ယောက်နှင့် ဆယ့်သုံးလေးနှစ် အရွယ် အမျိုးသားငယ်တစ်ယောက်တို့ ဖြစ်ကြပါသည်။ သူတို့အပြင်





ဒေါ်ခက်ခက်၊ ကိုပန်ဦးနှင့် ဦးအောင်ထူးမြတ်တို့လည်း ရှိကြသည်။ နှင်းနုမြတ်ကိုမူ မတွေ့ရပါ၊ ပပငယ်ကိုလည်း မမြင်ရတော့…။

''ညက အိပ်လို့ပျော်ရဲ့လား ကြောက်နေသေးလား…''

ယင်းအမေးနှင့်အတူ ကျွန်မနားသို့ ခြေတစ်ဖက်တန်းခါ ဘရွေ့ရွေ့ လှမ်းလာသူက ဦးအောင်ထူးမြတ်…။

''အို…ခြေတစ်ဖက်မသန်ဘူးပဲ၊ ခြေတုတတ်ထားတာပဲ…''

ကျွန်မဦးအောင်ထူးမြတ်ကို ကြင်နာစွာ ကြည့်လိုက်မိပါသည်။ မနေ့ညက သူ့ကိုတွေ့ရသော်လည်း သူလမ်းလျှောက်ပုံကို ကျွန်မ သတိမထားမိခဲ့။

''ကြောက်တော့ မကြောက်ပါဘူး ဦးလေး ဒါပေမယ့် ကျွန်မ အိပ်လို့တော့ မပျော်ဘူး''

ဦးအောင်ထူးမြတ်က ခေါင်းညိတ်ပြီး ကျွန်မနားကပ်လာသည်။ သူသည် ကျွန်မကို တစ်စုံတစ်ခုပြောလိုဟန်နှင့် ကြည့်လိုက်ပြီးမှ စိတ်မချဟန်ဖြင့် ဘေးပတ်လည်သို့ မသိမသာ လှည့်ကြည့်လိုက်ရာသည်။ အားလုံး၏ အကြည့်များက ကျွန်မတို့နှစ်ဦးထံ၌သာ…။

ရောရှုလိုက်ကြည့်မိသော ကျွန်မပင် လန့်သွားသည်။ သူတို့အားလုံးသည် ဘိုးဘိုး၏ ရုပ်ကလာပ် လဲလျောင်းရာ အလောင်းစင်ကို ကျောခိုင်းလျက် ကျွန်မတို့နှစ်ဦးကို အကဲခတ်နေကြဟန်ရှိသည်။ ဘိုးဘိုးဆုံးပြီးသည်၏ နောက်နေ့တွင်မှ တိုက်ဆိုင်စွာ ရောက်ရှိလာပါသော ကျွန်မကို မည်သူကမျှ လုံးဝဥဿုံ ယုံကြည်စွာ လက်ခံကြပုံမပေါ်ပါပေ။ ''ဘယ်လိုပါလိမ့်၊ ဘာလာလုပ်ပါလိမ့်'' စသော-



www.burmeseclassic.com

www.burmeseclassic.com



အဲတွေးများ၊ သံသယစိတ်များဖြင့်သာ ကျွန်မကို စောင့်ကြည့်နေကြပေသည်။

သူတို့ သူတို့အားလုံးသည် ဘိုးဘိုးသေဆုံးခြင်းထက် အရေးကြီးသော အကြောင်းအရာများ ရှိနေကြပုံရသည်။ စကားများများ ပြောခြင်း၊ တိုင်ပင်နှီးနှောခြင်း မရှိကြသော်လည်း တစ်ယောက်နှင့် တစ်ယောက် အလစ်မပေးကြသည့်ပုံစံမျိုး ဖြစ်လေသည်။ ကျွန်မမှာ ဘိုးဘိုး၏မြေးပါဟူ၍လည်း တိတိကျကျ ဖွင့်ပြောဝံ့သူမဟုတ်ပါ၍ 'သူခိုးမယား မငိုဝံ့' ဟူသော စကားပုံနှင့် နိူင်းရလေမလားပင်။

သက်မဲ့အလောင်းကောင်ဘဝနှင့် ညက ခဏတာသာ မြင်ဖူးခဲ့ပါသော်လည်း ဘိုးဘိုးအပေါ်တွင် ကျွန်မ သံယောဇဉ်ရှိနေပါသည်။ ချစ်ခင်အားကိုးစိတ် လွှမ်းကဲနေမိပါသည်။ ဘိုးဘိုးနှင့် ကျွန်မတို့နှစ်ဦး၏ မေတ္တာထုထည်နှစ်ခုကြားတွင် 'စာလွှာများ' က သံယောဇဉ်ကြိုးသွယ်များအဖြစ်နှင့် ယှက်လှယ်ဆက်သွယ်ခဲ့ပြီးလည်း ဖြစ်ပါသည်။

''အတွေ့နှောင်းလေခြင်း ဘိုးဘိုးရယ်၊ ဒီလိုဆို သမီး နှစ်ရက်သုံးရက်လောက် ကြိုစောလာပါတယ်ရှင်။ ခုတော့ သမီးမှာ အတီးကျွန်ဘဝမျိုးလို့ ပြောမရပေမယ့် ဆွေမျိုးများအလယ်မှာ မျောက်သစ်ကိုင်းလွှတ်တဲ့အဖြစ်မျိုး ရောက်ရုံမကဘဲ သောင်ပြင်လွှတ်တဲ့ ခွေးငယ်မရဲ့ဘဝထက် ဆိုးရွားတဲ့ အဖြစ်မျိုးပါလားရှင်...''

ဘိုးဘိုးကို တိုင်တည်ပြီး ပြောဆိုမိပါသော ကျွန်မမှာ ငိုချင်ပါလျက် မျက်ရည်မထွက်ဖြစ်အောင် မနည်းပင် ထိန်းထားရပါသည်။





အားလုံး၏အကြည့်များထဲတွင် ဒေါ်ခက်ခက်၏အကြည့်က အထက်ဆုံး၊ အစူးရှဆုံး။ သူသည် ကျွန်မကို နားမလည်နိုင်သည်နှင့်အမျှ ...လားနှစ်မြို့က်ခြင်းလည်း ရှိပုံမရပါချေ။ သူက သည်းခံဟန်ဆောင်...ခြင်းမရှိတော့ဟန်ဖြင့်...

''ကိုပန်ဦး... ဒီကလေးမလေး သွားချင်တဲ့ရွာကို လမ်းပြပေး...ကိုက်ပါကွယ်၊ သူ့ခမျာ အသုဘအိမ်မှာဆိုတော့ နေရတာ စိတ်ဘယ်ရှင်းမလဲ''

အပြောက ချိုသော်လည်း ရင်တွင်းစိတ်က မျက်နှာပြင်တွင် ...ပေါ်လွင်နေပါချေသည်။ ကျွန်မမှာ ကိုပန်ဦးကို ဖျတ်ခနဲ လှမ်းကြည့်...သည်။ ဒေါ်ခက်ခက်၏ စီစဉ်ချက်ကို သူပါ သဘောတူဟန်ဖြင့်...

''လာ...ခင်ဗျားသွားချင်တဲ့ရွာကို လမ်းညွှန်ပြမယ်'' ဆိုလျှင်...က်ရုံပါချေမည်။ ကျွန်မ ဦးအောင်ထူးမြတ်ကိုလည်း ကြည့်မိသည်။ ''ကိုပန်ဦးနှင့် ဦးအောင်ထူးမြတ်တို့ ကျွန်မကို ကူညီကြပါ'' ဟူသော သဘောမျိုး သက်ရောက်ပါလိမ့်မည်။ ကိုပန်ဦးက လက်အုပ်ချီသလို ...က်နှစ်ဖက် ယှက်လိုက်ပြီး လက်ချောင်းထိပ်ကလေးများချင်း ...ခတ်နေရာက ကျွန်မကို စိုက်ကြည့်သည်။ သူကိုယ်တိုင်လည်း ကျွန်မကို ဆင်ခြင်သုံးသပ်နေပုံရပါ၏။

''ဒီမှာ အသုဘချရမယ့်ကိစ္စမှာ လူသူမရှိတာကတစ်ကြောင်း၊ ...မလား ထိတ်နေရတာကတစ်ကြောင်း၊ အရေးကြီးနေရတဲ့အထဲ... ဘယ့်နှယ့် ဘယ်နှယ့် ဒီကလေးမကိစ္စချည်း ပြောပြောနေရတာလဲ ...ခက်ရဲ့''



www.burmeseclassic.com

www.burmeseclassic.com

''အို…ကိုကိုဘာသိလို့လဲ၊ ကိုကိုဝင်ဝင်ပါလို့ချည်း ဒုက္ခဖြစ်

ဘာတွေလည်း မနည်းဘူး။ အခုခေတ်ဘာမှတ်သလဲ''

ဦးအောင်ထူးမြတ် ငြိမ်ကျသွားသည်။ ဆက်လက် ဆင်ခြေ

တက်ဝံ့ဟန်မရှိ။ ဤအိမ်တွင် ဦးအောင်ထူးမြတ်မှာ သြဇာတိက္ကမရှိ

မတှာတ်ကြောင်း ကျွန်မသိရပါပြီ။ မစွမ်းမသန်သူ့ပေကိုး။

''ဒီမှာ ဒေါ်လေးခက်''

ကိုပန်ဦးက ပြတ်သားသောအသံနှင့် ခေါ်လိုက်သည်။ အားလုံး

က ကိုပန်ဦးကို ဝိုင်းကြည့်ကြသည်။

''ကျွန်တော်တို့အိမ်မှာ အသုဘနဲ့ အိမ်ရဲ့ အကြီးအက

တစ်ယောက်လုံး ဆုံးရှုံးနေချိန် ကိုယ့်ပြဿနာနဲ့ကိုယ် ရှိနေကြချိန်မှ

ဘာမဟုတ်တာလေးကို အရေးလုပ်မနေပါနဲ့လို့ ကျွန်တော် ပြောပါ

ချေ။ စုနန္ဒာကို ကြွက်ဖြူမလေးလို့သာ သဘောထားလိုက်…

ကျွန်တော်တို့တစ်တွေက ကြောင်တစ်အုပ်ပါ၊ ဘာမှ အရေးလုပ်နေစ

လိုတဲ့ ကိစ္စမှတ်ပါဘူး၊ အသုဘချပြီးတော့ သူ့ကိစ္စကို ကျွန်တော်

ကြည့်စီစဉ်ပါ့မယ်၊ ဒေါ်လေးခက် အေးအေးသာနေ''

ကိုပန်ဦးက ခပ်အေးအေး ခပ်တည်တည်လေသံနှင့် ဒေါ်ခ

ခက်ကို ပြီးပြတ်အောင်ပြောသည်။ ဒေါ်ခက်ခက် ဘာမှမဆက်တော့

သို့ပါသော်လည်း သူ့အမူအရာက ကျေနပ်ပြီးပြေသွားခြင်းမရှိ။

''ကဲ… စုနန္ဒာ၊ ညကလည်း အိပ်ပျက်တယ်မှတ်လား

အဆောက်ဦးထဲနဲ့စာရင် အပြင်ကပိုပြီး ကြည်လင်လန်းဆန်းနိုင်

တယ် စုနန္ဒာ ခြံထဲဆင်းနေပါလား''





ဘူးနပုဒ်မှာ အမျိုးရှိတယ်ဆိုတာ ဘယ်ဖြစ်ပါ့မလဲ၊ စုနန္ဒာ ကျွန်တော်တို့

အိမ်ကိုပဲ လာတာမှတ်လား''

ပထမစကားက ပျော့ပျောင်းဟန်ရှိပါသည်။ ကိုယ့်စိတ်က

လဲ့မလဲ၍လားမသိ၊ နောက်ဆုံးအမေးပိုဒ်က မာကျောပြတ်တောင်း

နေသည်ဟု ထင်မိသည်။ ကျွန်မ ကိုပန်ဦးကို တစ်ချက် မော့ကြည့်မိ

သည်၊ သူ့မျက်ဝန်းအကြည့်ကို ရင်မဆိုင်ရဲသလို ရှိရပါ၍ အသာလေး

မျက်လွှာချကာ ခေါင်းငုံ့ထားမိရပါသည်။

''ပြောလေစုနန္ဒာ…ကျွန်တော်တို့အိမ်ကိုပဲ လာတာမှတ်လား''

''ဟုတ်ပါတယ်''

မထူးတော့၊ ကျွန်မငြင်း၍လည်း ရမည်မထင်တော့ပါ၊ သူ့

စကားကိုလည်း ကျွန်မမှာ မလွန်ဆန်ဝံ့သလို ရှိရပါသည်။

''ဘာရည်ရွယ်ချက်နဲ့လဲ''

''ဘာရည်ရွယ်ချက်မှ မရှိပါဘူး''

''ကျွန်တော့်ကို မညာပါနဲ့ စုနန္ဒာ… ဒီမဟော်ဂနီ စံအိမ်မှာ

ကျွန်တော့်ကို ညာရဲတဲ့သူနည်းပါတယ်''

''ရှင်ကရော မြတ်မိသားစုထဲကပဲလား။ **'နေမျိုးသီဟဗလ

ဘွဲ့ခံ အမတ်ကြီး ဦးမြတ်သူရ'** ရဲ့ အနွယ်တော်ဝင်ပဲလား''

''ကျွန်တော့်ကို ပြန်မမေးပါနဲ့လား၊ စုနန္ဒာ…ကျွန်တော်

ဘယ်သူ့ပဲဆိုတာ အဲဒီက အိမ်သားနဲ့ အစေအပါးအားလုံး ဆယ့်ရှစ်

ယောက်ရှိတဲ့အနက် တစ်ယောက်ယောက်ကို မေးကြည့်ရင် သိပါ

တယ်''



www.burmeseclassic.com

www.burmeseclassic.com

''ဦးလေး… အလောင်းကို ဆေးရုံမပို့ဘူးလား၊ ဒီကိစ္စကို ရဲဌာန ကို မတိုင်ဘူးလားဟင်''

ဦးအောင်ထူးမြတ်က အံ့ဩဟန် ထိတ်လန့်ဟန်များဖြင့် ကျွန်မကိုကြည့်သည်။

''ဆေးရုံနဲ့ ရဲဌာန ဟုတ်လား''

''ဟုတ်တယ်လေ…ဒါဟာ ရဲအရေးပိုင်တဲ့ လူသတ်မှုလား… လူသေမှုလားပဲ''

''ဒီကိစ္စတွေက မောင်မြတ်ဝဏ္ဏရဲ့ကိစ္စပဲ စုန္ဒရာ၊ အင်း… ဦးလေးတို့ကတော့ မှိုခိုသူဘဝ ဖြစ်နေတော့ ဘာမှ စီစဉ်ဖန်တီးနိုင်စွမ်း မရှိတော့ဘူးပေါ့လေ''

ကျွန်မမှာ ဤအိမ်၏ပြင်ပဆက်သွယ်မှုကို ဘဝင်မကျနိုင် အောင် ရှိမိသည်။ မြို့သစ်နှင့်လည်း ၇ မိုင်မျှသာဝေးပါလျက်နှင့် သီးသန့်အုပ်ချုပ်ရေးနယ်ပယ်လို ဖြစ်ချင်ရာ ဖြစ်နေကြသည်ကို ကျွန်မ ဘဝင်မကျနိုင်။ မီးစက်ကလည်း ကြပ်ကုန်းမြေပေါ်တွင် သီးသန့် ဆောက်လုပ်ထားပါသော ကိုယ်ပိုင်မီးစက် ဖြစ်ပါလျက်နှင့် ခေတ္တမျှလေး ပျက်သွားရသည်မှာလည်း စဉ်းစားစရာပင်။ ကျွန်မမှာ အိမ်နှင့် ပတ်သက်သော ချောက်ချားဖွယ် တုန်လှုပ်ဖွယ်များကို ထိတ်ထိတ် ခုန်သောရင်များဖြင့် စဉ်းစားရင်း ရှုပ်ထွေးရင်း ဖြစ်နေရစဉ် ဦးအောင်ထူး မြတ်က…

''ခက်တယ်စုန္ဒရာ… ဒီမဟော်ဂနီစံအိမ်ကြီးမှာ ဥပဒေတွေ သိပ္ပံနည်းတွေ သုံးလို့ကိုမရတော့ဘူး။ ကျိန်စာတွေ ဝိဇ္ဇာတွေဆိုတာ





ကို လက်ခံရတော့မလိုဖြစ်နေပြီ။ ရှေးဟောင်း ရွှေငွေရတနာတွေကို သိမ်းသိမ်းထားတဲ့ လူတိုင်းဟာ အဲဒီနည်းနဲ့ လျှော့ခါးပေါ်က လိမ့်ကျ သေကြတာချည်းပဲ၊ ဘာဖြစ်လို့လဲဆိုရင် အဲဒီရွှေပြားတွေထဲမှာ ဘုရား အစ်မ မယ်ရွှေမှိုင်ရဲ့ ကျိန်စာတွေ ပါနေလို့ပဲ၊ ပထမသေပြီးသား လူတွေရဲ့ ဝိဉာဉ်ဟာ ကျိန်စာသင့်ပြီး ဒီအိမ်ကြီးမှာရှိနေတယ်လို့ ယူဆ နေလားပဲ တူမတို့ရယ်။ ဒီအိမ်ရဲ့အရေးပါ အရာရောက်သူတိုင်း ဒီနည်း နဲ့ သေကြရတာချည်းပဲ။ ဒီဝိဉာဉ်လောကဆိုတာလည်း မရှိဘူးလို့ ယုံဖို့ခပ်ခက်ခက်ပါပဲလေ။ အခုတော့ ဒီအိမ်မှာ အကြီးအကဲဆိုလို့ ဦးလေးပဲရှိတော့တယ်၊ ထိန်းသိမ်းတတ်တဲ့ မိန်းမသားလည်း မရှိတော့ ဘူး။ ဦးလေးကို အမွေထိန်းအပ်ခဲ့ရင်တော့ ဦးလေး ဘုန်းကြီးပဲ ဝတ် တော့မယ်၊ ဒီ 'ကျိန်စာသင့်ဝိဉာဉ်' တွေရဲ့ရန်ကိုလည်း ကြောက်လှပါပြီ။ မောင်မြတ်ဝဏ္ဏဘဲကြည့်ပြီး စီစဉ်ပေးပါစေတော့။ ဩော် ခက်ခက်… ခက်ခက်၊ လောဘရမ္မက်ကြီးရှာလွန်းလို့ သူ့အရင်က သေဆုံးခဲ့ကြတဲ့ ကျိန်စာသင့်ဝိဉာဉ်တွေရဲ့ ခေါ်ယူခြင်းကို ခံယူသွားရရှာတာပဲလား၊ တွေးတတ်အောင်ပါပဲလားကွယ်''

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မမေးနေတာ ရှင့်ကိုပါ"

"ကျွန်တော် ပြောနေတာလည်း ခင်ဗျားကိုပါ"

"အို"

"ဟုတ်တယ် မအိုနဲ့ ကျွန်တော် မဖြေနိုင်ဘူး၊ ခင်ဗျားအိမ်သားတွေကို မေးကြည့်ပေါ့။ ကဲ ဖြေစမ်းပါ စုနန္ဒာ ဘာရည်ရွယ်ချက်နဲ့ ဒီကိုရောက်လာခဲ့တာလဲဆိုတာ"

သူက ကျွန်မကို သံသယဝင်စိတ် ဒေါသနှောသည့်စိတ်ဖြင့် မေးပါသဖြင့် အသံက အနည်းငယ် မာနေပေသည်။

ကိုပန်ဦးဆိုသည့်သူကို ကျွန်မ အကဲမခတ်တတ်။ သူ့တွင် ဤအိမ်နှင့်ပတ်သက်၍ မည်မျှအာဏာရှိသဖြင့် ဤအိမ်၏ ကိစ္စရပ်ကို ရှေ့မှရပ်နေသည်လဲ မပြောတတ်၊ သူ့အမေးကို ကျွန်မ မဖြေ၍ မဖြစ်...။

"ရှင်းရှင်းပြောရရင်တော့ ဘာရည်ရွယ်ချက်မှ မရှိပါဘူး၊ ရှင်တို့ဆီက တစ်စုံတစ်ခုရယူဖို့လည်း မဟုတ်ဘူး။ ဘာအနှောင့်အယှက်မှလည်းပေးဖို့ မဟုတ်ပါဘူး... ပေးနိုင်လောက်အောင်လည်း ဘာအခွင့်အားမှ မရှိပါဘူး"

"ဒါတော့သိတယ်... ပေးလို့လည်း မရပါဘူး။ ကဲ ထားတော့... ဒါဖြင့် ကြွေရုပ်လေးလိုလှနေတဲ့ ခင်ဗျားလို မိန်းကလေးဟာ ဒီလောက်ဝေးခေါင် ချောင်ကျလှတဲ့ အရပ်ကို ဘာလို့ ရောက်လာရတာလဲ ဘယ်သူနိုင်းလို့လဲ"





"ဘယ်သူမှ မခိုင်းတာ အမှန်ပါ... ကျွန်မဟာ ကျွန်မစွန့်ပြီး ရောက်လာခဲ့တာ"

"ခင်ဗျားစကားတွေက ယုတ္တိမတန်ဘူး စုနန္ဒာ"

"ဒီ လောလောဆယ်မှာတော့ ကျွန်မ ဒီလောက်ပဲ ပြောနိုင်ပါသေးတယ် ကိုပန်ဦး၊ ပြီးတော့ ကျွန်မကို ဒီအိမ်မှာ ဆက်လက်နေခွင့်ပြုပါဦးလို့လည်း တစ်ဆက်တည်းပဲ တောင်းပန်လိုက်ပါရစေ"

"ကောင်းပြီလေ ခင်ဗျား ရောက်လာတာဟာ မဟော်ဂနီစံအိမ်မှာ ဘာစ်ခုခု အပြောင်းအလဲများ ဖြစ်မလားဘဲ၊ ခင်ဗျားဟာ အတော်ပဲ အသိရခက်တဲ့ မိန်းကလေးပဲ၊ ဒါပေမယ့် သိပ်ပြီး စိတ်ဝင်စားစရာကောင်းပါတယ်"

ကိုပန်ဦးက စကားကို တစ်ဆက်တည်းပြောပြီးသည်နှင့် ကျွန်မအနားမှ ရုတ်တရက် ပြန်လည်ထွက်ခွာသွားပါတော့သည်။ ကျွန်မမှာ သူ့နောက်ကျောပြင်ကို ငေးကြည့်ရင်း ကျန်ရစ်ရသည်။ ကျွန်မရင်မှာလည်း သူ့ကိုရည်ညွှန်း၍ မြည်တမ်းမိရပါသည်...။

"ကိုပန်ဦးဟာလည်း အသိရခက်မယ့် လူစားမျိုးပါပဲ... ဒါပေမယ့် စိတ်ဝင်စားစရာတော့ ကောင်းပါတယ်"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၄ ။

ကြေးစည်သံက တဖြည်းဖြည်း ဝေးဝေး၍ သွားလေပြီ… ခွေးနက်ကြီး၏ နှဝ်ဆက်သံလို ဆွဲဆွဲငင်ငင် အူသံက ကြက်သီးမြမြ ထစေသည်။ ကြေးစည်သံနှင့် ခွေးအူသံတို့ ခြံရံလျက် ဘိုးဘိုး "ဦးကောင်းမြတ်" ၏ အလောင်းတင်ရထားမှာလည်း ဤမဟော်ဂနီ စံအိမ်မြေမှ တရွေ့ရွေ့ခွာချေပြီတကား…။

လူသားတစ်ယောက်၏ လှုပ်ရှားစွမ်းဆောင်မှု ကာယအပိုင်း စိတ်စဉ်ကြံဆမှု ဉာဏ်အပိုင်း ဆောင်ရွက်ချက်များနှင့်အတူ၊ ချစ်ခြင်း မုန်းခြင်း သံယောဇဉ်ကြီးခြင်း၊ နာကျည်းခြင်း၊ ကလဲ့စားချေခြင်း စသည်တို့အပြင် သိုမှီးအပ်သော ဥစ္စာဓန၊ သင်အံခဲ့ရသော ပညာ စသော ရုပ်ဒြပ်ဝတ္ထု၊ ဉာဏ်အမြင်ပိုင်း စသော ကိစ္စအားလုံးတို့ကို ဘာတစ်ခုမျှ သယ်ဆောင်ယူငင်နိုင်ခြင်း မရှိပါဘဲနှင့် မွေးစကလိုပင် ဗလာကိုယ်ခန္ဓာနှင့် မြေမှာထာဝရ ခိုအောင်း၍ ပျက်စီးလွင့်ကြဲ ရလေတော့မည်…။





"လူတစ်ယောက် သေဆုံးခြင်းသည် အားလုံးကို အပြီးတိုင် နှင့်လွှတ်ခွဲခွာရခြင်းပါတကား…"

ကျွန်မမှာ အသက်ထင်ရှား မမြင်တွေ့လိုက်ရဖြားသော်လည်း ဘိုးဘိုး၏ မေတ္တာရိပ်ကို အဝေးမှ ခိုလှုံခဲ့ရဖူးသည့်အပြင် အဘိုးအရင်း သည်း ဖြစ်ပါ၍ ဝမ်းနည်းပူဆွေးခြင်း ဖြစ်မိသည် အမှန်ပါပင်။ ဘိုးဘိုး၏ အရိပ်အာဝါသကို ရောက်လာရလေမှ ဘိုးဘိုးက ထာဝရ ခွဲခွာခြင်းဖြင့် စွန့်ခွာထားရစ်သွားလေပြီမို့ အားငယ်ဝမ်းနည်းစိတ်ဖြင့် ဘိုးဘိုးအသုဘချသွားသည်ကို အပေါ်ထပ်မှနေ၍ မျက်စိတဆုံး ကျွန်မ လှမ်းမျှော် ငေးကြည့်နေမိပါ၏။

သုသာန်သည် ယခုလှမ်းမြင်နေရသော ဘုန်းကြီးကျောင်း၏ အနောက်ဘက် အနိမ့်ပိုင်းမြေတွင် ရှိသည်ဟု ဆိုပါသည်။ ဤအိမ်မှ လှမ်းမမြင်ရ…

ဘိုးဘိုး၏အသုဘသည် များစွာစည်ကားခြင်း မရှိလှပါ၊ အိမ်သားများပါပေါင်းမှ လူအစိတ်ခန့်သာ လိုက်ပါပို့ဆောင်ကြသည်။ အသုဘ,ရထားသည် ကြပ်ကုန်းမြေပေါ်မှ တရွေ့ရွေ့ သက်ဆင်းခါ ကျွန်မ၏မြင်ကွင်းမှ ကွယ်ပျောက်သွားချေပြီ။ ကျွန်မ၏ မျက်လုံးအိမ် တွင်း၌ မျက်ရည်ပူများ လျှံပိတ်ဆီးကာလာပါ၍ အမြင်များသည် ဝိုးဝါး ဝေသီလာပါပြီ…။

"စုနန္ဒာ"

အသံကြောင့် ကျွန်မ ဖျတ်ခနဲ လှည့်ကြည့်မိသည်…။



www.burmeseclassic.com

www.burmeseclassic.com



''ဦးလေး ဦးအောင်ထူးမြတ်'' အခန်းဝတွင် ရပ်၍ ကျွန်မကို ကြည့်ကြည့်လင်လင် ကြည့်နေသည်…။

''အခန်းထဲမှာ မကောင်းဘူး၊ အပြင်မှာ စကားပြောကြရအောင် သား၊ စုနန္ဒာ ထွက်ခဲ့ပါ''

ကျွန်မ အံ့သြသွား လိုက်မပို့ဖြစ်ခြင်းမှာ ဦးအောင်ထူးမြတ်၏ အားမြစ်ချက်ကြောင့် ဖြစ်ပါသော်လည်း ဘိုးဘိုးအသုဘရထားကို ငေးကြည့်နေမိစဉ်၌ လိုက်လှဲဝမ်းနည်းသော စိတ်များကြောင့် ဦးအောင်ထူးမြတ်ကို မြင်ရသည့်တိုင် ကျွန်မ ပြန်လည်သတိမရသေး၊ သူအစဖော်မှ ကျွန်မ အမှတ်ရတော့သည်။ ကျွန်မအတွက် ပေးထားသော အခန်းတွင်းမှ ကျွန်မ ထွက်လိုက်ပြီးသည်နှင့်…

''အခန်းတံခါးပိတ်ခဲ့ စုနန္ဒာ… ဒီအိမ်မှာ ဘယ်သူဘယ်သူမှ မယုံရဘူး၊ အန္တရာယ်ဟာလည်း ဘယ်ကလာမှန်းမသိတော့ ကိုယ့်ဘက်က အမြဲသတိရှိဖို့ လိုတယ်လေ''

ဦးအောင်ထူးမြတ်၏ စကားကြောင့် ဝမ်းနည်းအားငယ်စိတ်တွင် ရွံ့ထိတ်လန့်ကြောက်စိတ်မှာ နှောလာမိတော့သည်။ ကျွန်မတို့ နှစ်ယောက် ဧည့်ခန်းအဝိုင်းကြီးနှင့် ပတ်လည်ရှိ အခန်းများကို ကျော်ဖြတ်၍ အိမ်ရှေ့တည့်တည့် မှန်တပ်ကျွန်းတံခါးခြေကျော်ပေါက်ကြီးကို ဖွင့်လိုက်သည်။ အပြင်ဝရံတာသည် သစ်သားခက်များ လက်စွမ်းပြထားပါသော်လည်း အားလုံး ညစ်ပေရှုပ်ပွနေပေသည်။

ပင့်ကူအိမ်နှင့် အမှိုက်သရိုက်များတွယ်ကပ်နေသည့် ကျွန်းသားရုပ်လုံးဖော် ကြိမ်ထိုးကုလားထိုင်ကြီးနှစ်ခုပေါ်တွင် ကျွန်မနှင့် ဦးအောင်ထူးမြတ်တို့ မျက်နှာချင်းဆိုင် ထိုင်မိကြသည်။

''ကဲ- ဦးလေးနဲ့ ငါ့တူမတို့ အနေအထိုင် ဆွေးနွေးရမှာက… ဦးကောင်းမြတ်ရဲ့ မိသားစု ကိစ္စပဲ။ ဘယ်သူဟာ ဘာတော်တယ်… ဘယ်လိုဆက်စပ် ပတ်သက်မှု ရှိတယ်ဆိုတာ ငါ့တူမကို ဦးလေးက အိမ်သားများစာရင်း အရင်ပြောပြမယ်နော်…''

''ဟုတ်တယ်ဦးလေးရယ်… စုနန္ဒာမှာ ဂုဏ်မဆုံး ခက်ခဲနေရတာက ဒီအိမ်နဲ့မပတ်သက်တဲ့ ဧည့်သည်ပုံစံမျိုးနဲ့နေရတာ အနေကြီးကျပ်လှပါတယ်၊ စုနန္ဒာ ဘာဆက်လုပ်ရမှန်းတောင် မသိတော့ဘူး''

''စုနန္ဒာဟာ ဦးလေးအင်မတန်ချစ်တဲ့ ညီမလေး 'စုမြတ်သန္တာ' ရဲ့ သမီးလေးမှတ်လားကွယ်''

''ဟုတ်… ဟုတ်ပါတယ်၊ မေမေနဲ့ ဦးလေးဟာ သိပ်ချစ်ကြတဲ့ မောင်နှမတွေလား''

''ဟုတ်တယ်… ဦးလေးနဲ့ စုမြတ်သန္တာဟာ ငယ်ငယ်တည်းက အတွဲဆုံးမောင်နှမ… စုမြတ်သန္တာ ဒီအိမ်က မလှင့်သွားစေရေးအတွက် ဦးလေး ဟောဒီခြေတစ်ဖက် အဆုံးခံပြီး ကာကွယ်ပေးခဲ့ဖူးတယ်။ ဒါပေမယ့် သူတို့က အင်အားကြီးတော့ ဦးလေးရဲ့ညီမလေးက လွင့်သွားခဲ့ရရှာကယ်ပေါ့။ ဒီအကြောင်းတွေကို ညီမလေး စုမြတ်သန္တာက သမီးစုနန္ဒာကို ပြောပြတယ်မှတ်လား''

''ဟင့်အင်း ဦးလေး… မေမေဟာ ဒီမဟော်ဂနီအိမ်က မိသားစုအကြောင်းကို စုနန္ဒာတစ်သက်မှာ ဘယ်ခါမှ မပြောမပြဘူး







www.burmeseclassic.com

www.burmeseclassic.com

ပါဘူးရှင်''

''အော်… ညီမလေး စုမြတ်သန္တာဟာ ဒီလောက်တောင် စိတ်နာသွားရှာပြီကိုး''

ဦးအောင်ထူးမြတ်၏အသံက ကြေကွဲဝမ်းနည်းဟန်နှင့် လွန်ခဲ့သည့် နှစ်များစွာက အကြောင်းအရာများကို ပြန်လည်တမ်းတ သတိရနေဟန်ရှိပါသည်…။

''ဒီမှာ ဦးလေးရယ်… မေမေဟာ ဦးလေးရဲ့ ညီမလေးဆိုရင် စုနန္ဒာအနေနဲ့ 'ဘဘ' တော်မှာပေါ့နော်၊ ဦးလေးလို့ခေါ်တာ မှားနေပြီ ပေါ့နော်…''

''အင်း စုမြတ်သန္တာဘက်က အမျိုးစပ်တာ ဆိုရင်တော့ မှားတာပေါ့၊ ဒါပေမယ့် ဦးလေးရဲ့အစ်ကိုအရင်းဖြစ်တဲ့ 'ကိုအောင်မြတ်စံ' ဘက်က စပ်မယ်ဆိုရင်တော့ ဦးလေးလို့ပဲ ခေါ်ရမှာပဲ… ဦးလေးလို့ပဲ ခေါ်ပါလေ''

''ဟင်…ကိုအောင်မြတ်စံ ဆိုတာက…''

''စုနန္ဒာရဲ့- ဖေဖေ…လေ''

''အို…စု…စုနန္ဒာ-ဒီနာမည်ကို ဒီတစ်ခါပဲ ကြားဖူးပါလားရှင်''

''ဒါဖြင့် သမီးဖေဖေနာမည်ကို ဘယ်သူလို့ သိထားလို့လဲ''

''ဦးမြတ်မှန်းတဲ့''

''အော်…ဟုတ်ပေသားပဲ၊ ဟိုညက မောင်ပန်ဦး သမီးရဲ့ မှတ်ပုံတင်ကို ဖတ်တာကြားလိုက်ရတယ်။ အမှတ်မဲ့ပဲ အခုမှ အဓိပ္ပာယ်





ပေါက်တော့တယ်ကွယ်''

''ဘာကိုလဲ ဟင်… ဦးလေး…''

''အော်…အရင်းကြီးပဲကွယ်…မြတ်မိသားစုကို မှန်းတယ် ပေါ့''

''အင်…ဟုတ်ပါရဲ့''

''အခု စုနန္ဒာလာတာကို သူကြည်ကြည်ဖြူဖြူ လွှတ်ရဲ့လား''

''မလွှတ်ပါဘူး၊ အကြီးအကျယ် တားပါတယ်''

''ဒါနဲ့များ ဘာလို့ ဖွတ်ထွက်လာခဲ့ရတာလဲ ကလေးရယ်''

''စုနန္ဒာဟာ မေမေရဲ့စကားကို အသက်နဲ့အမျှ နာခံခဲ့ပါတယ် ဦးလေး၊ ဒါပေမယ့် အခုတော့ မေမေနဲ့ကို မ‌နေချင်တော့လို့ပါရှင်''

''ဘာဖြစ်လို့များလဲကွယ်''

''မေမေ…မေမေဟာ… နောက်အိမ်ထောင်ပြုလိုက်ပြီ''

''အို''

ဦးအောင်ထူးမြတ်ကိုယ်တိုင် အမှန်ပင် အံ့သြသွားဟန်ရှိပေသည်၊ မထင်မှတ်သော အကြောင်းရာများ ဖြစ်လာသဖြင့် အံ့အားသင့်ခြင်းမျိုးလည်း ဖြစ်ပါမည်၊ သူကပင် ဆက်သည်။

''အင်း… စုမြတ်သန္တာဟာ ရုပ်ကသိပ်ချော အရွယ်လေးကလည်းကောင်းဆိုတော့ တစ်ပင်ထူချင်ဦးမှာပေါ့လေ၊ သမီးကို ဒီအရွယ်ရောက်အောင်လည်း ခများမနည်း ကြိုးပမ်းရရှာမှာပဲ။ ဟုတ်ပြီ ဦးလေးနားလည်ပြီ စုနန္ဒာဟာ စုမြတ်သန္တာဆီက ဘာလို့ ခွဲထွက်လာတယ် ဆိုတဲ့အကြောင်းဟာ လုံလောက်ပါပြီကွယ်''


www.burmeseclassic.com

www.burmeseclassic.com



''ဦးလေး…ဒါ…ဒါဖြင့် မေမေနဲ့ဖေဖေဟာ မောင်နှမတွေပေါ့နော်''

''အင်း…တစ်ဝမ်းကွဲပါ၊ ဒါပေမယ့် ဦးလေးတို့ဟာ မူးမတ်အမျိုး… မင်းသွေးပါတယ်ဆိုပြီး မောင်နှမချင်း လက်ဆက်ခွင့်ရှိကြတယ်''

''ဒါနဲ့များ မေမေနဲ့ဖေဖေဟာ…''

''စုမြတ်သန္တာနဲ့ အောင်မြတ်စံရဲ့ အကြောင်းအရာဟာ… အင်မတန်မှ ရင်နာကြေကွဲစရာကောင်းလှပါတယ် ကလေးရယ်''

''စုနန္ဒာ သိချင်လိုက်တာ ဦးလေးရယ်… သိပါရစေနော်… စုနန္ဒာကို ပြောပြပါနော်'' ကျွန်မက ကုလားထိုင်ရှေ့သို့ တိုးထိုင်ပြီး ကိုယ်ကို ကိုင်းညွတ်ခါ စိတ်အားထက်သန်စွာ မေးမိသည်။ ဦးအောင်ထူးမြတ်က တည်ငြိမ်သော နှစ်သိမ့်သော လေသံဖြင့်…

''ပြောမယ် စုနန္ဒာ… ဒါပေမယ့် ဒီအကြောင်းအရာက ဝတ္ထုဇာတ်လမ်းတစ်ပုဒ်လို ပြောရမှာ အကြာကြီး… အခု ဦးလေးတို့ အချိန်ရတာက တိုတိုလေး၊ သူတို့အလောင်းမြေမြှုပ်ပြီး ပြန်မလာခင်လေး အပြေးအလွှားပြောကြရမှာ… ဆွေးနွေးကြရမှာ''

''အင်း… ဟုတ်ပါရဲ့… အဲဒီအကြောင်းကလည်း အရေးကြီးတာပဲ''

''ဟုတ်တယ် စုနန္ဒာ…တခြားက ညှိသည်ပါ၊ ဒီမှာ ခဏတည်းနိမှာပါလို့ ပြောလို့မဖြစ်တော့ဘူး၊ ခက်ခက်က အတင်းနှင်လွှတ်လိမ့်မယ်''





''ဟုတ်တယ်…အဲဒီဒေါ်လေးခက်ဆိုတာကို စုနန္ဒာ ကြောက်တယ်၊ သူက စုနန္ဒာကို နည်းနည်းမှ လိုလားပုံမရဘူးနော်''

''အင်း… သူကတော့ နှမ်းနှမြတ်ကလွဲရင် ဘယ်သူမှ မလိုလားဘူး၊ အကုန်လုံး ကန့်ချပစ်ချင်တာ''

''ကိုပန်ဦးဆိုတာကရော ဘာတော်လဲ ဟင်''

''မောင်ပန်ဦး…အင်–သူကလည်း ဒီအိမ်မှာ ကြီးစိုးချင်နေတာပဲ၊ သူလည်း ရောက်လာတာ မကြာသေးဘူး။ ဒီတော့ မိသားစုဖွဲ့စည်းပုံ အရင်ပြောပြမယ်နော်''

''ဟုတ်ကဲ့… ဦးလေး''

''သက်ဦးဆံပိုင်ဘုရင်ခေတ်က ဒီနယ်ကို ဆုလာဘ်အဖြစ်ပေးသနားခြင်းခံရတဲ့ နေမျိုးသီဟဗလဘွဲ့ရ အမတ်ကြီး ဦးမြတ်သူရဆိုတာ ရှိတယ်။ သူပိုင်နယ်မှာ အခု ဒီက ကြပ်ကုန်းမြေပါတယ်၊ ဒီရွာနားကလူတွေ ညဘက် ဖြတ်လျှောက်သွားကြရင် အမျိုးမျိုးဖန်ဆင်းပြတယ်တဲ့၊ ပြီးမှ နှစ်သက်လို့ ယူဆောင်သွားကြတဲ့ ပန်းခိုင်တို့၊ ငွေဖလားတို့၊ ရွှေခြသေ့ရုပ်တို့ဟာ ခွေးသေကောင်ပုပ်တွေ ဖြစ်ကုန်ကြတယ်လို့ ပြောကြပြီး ကြပ်ကုန်းမြေရယ်လို့ နာမည်ကြီးနေခဲ့တယ်ဆိုပဲ''

''ဟုတ်နိုင်ပါ့မလား ဦးလေးရယ်''

''အေး… ကောလာဟလတို့၊ ဝိဉာဉ်ကိစ္စတို့ ဆိုတာတွေဟာ တစ်ဆင့်စကားတစ်ဆင့်ကြားနဲ့ အကျယ်ချဲ့တတ်ကြတာမျိုးပဲ၊ ဘာကယ်တမ်းလိုက်ပြီး စေ့ငုံလိုက်ရင် တိတိကျကျ မတွေ့ရပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ဆက်ပါဦး"

"အေး . . . အဲဒီလူမကပ်ဝံ့တဲ့အရပ်ကို တို့များရဲ့ ဘိုးဘေးတော်မလား . . . အမတ်ကြီး မြတ်သူရဟာ ခုတ်ထွင်ရှင်းလင်းစေခဲ့တယ်၊ အိပ်မက်ရသလိုလို ဘာလိုလိုပဲ"

"ဟုတ်ကဲ့"

"အဲဒီလို တောရှင်းမြေဆွလိုက်တဲ့အခါမှာ ရွှေအိုးခုနစ်လုံး ငွေအိုးခုနစ်လုံးနဲ့ ကြေးပြားမှာရေးထားတဲ့ **'ကျိန်စာစာတမ်း'** တစ်ခုကို တူးဖော်ရရှိခဲ့တယ်လို့သိတယ် စုန္ဒာ"

"ကျိန်စာ စာတမ်း . . . ဘယ်လိုဟာလဲ ဟင်"

"**ဘုရားအစ်မ မယ်မှိုင်**တဲ့ . . . ကျိန်စာတိုက်သူက။ အဲဒီ ရွှေအိုးငွေအိုးတွေဟာ 'အရိမေတေးယျ' မြတ်စွာ ပွင့်တဲ့အခါ လှူလိုပါ၏တဲ့၊ အကယ်၍ တစ်ဖုံတစ်ယောက်က တူးဖော်တွေ့ရှိ သုံးစွဲခဲ့ရင် အဲဒီ မိသားစုအားလုံး အသေဆိုးနဲ့သေပြီး ဒီမြေမှာ ဝိဉာဉ်အဖြစ် နှစ်ပေါင်းများစွာ မကျွတ်တမ်း စောင့်နေရပါစေသတည်းတဲ့။ သူ့ကျိန်စာက တစ်ဘဝစာမဟုတ်ဘဲ ဝိဉာဉ်ဘဝအထိပါ ဆက်ပြီး ကျိန်ထားတဲ့ ကျိန်စာပဲ"

"ဒါဖြင့် **'ကျိန်စာသင့်ဝိဉာဉ်'** တွေဟာ ဒီကြုပ်ကုန်းမြေမှာ တကယ်များရှိနေသလား ဦးလေးရယ်"

"ရုပါနယ်ချရယ်(လ်)ပေါ့ကွယ် . . . သဘာဝထက် ပွန်ဆန်တဲ့ ကိစ္စတွေမို့ ဦးလေး ဝေဖန်တတ်ဘူး၊ မရှိဘူးလို့လည်း ပြောလို့ မဖြစ်ဘူး"





"ဟင် . . . ကြောက်စရာကြီးပဲ၊ စုန္ဒာတောင် ကျောချမ်းလာပြီ"

"သိပ်လည်း မလန့်ပါနဲ့လေ၊ နေဦး . . . ခုနပြောတာ ပြန်ဆက်ဦးမယ်၊ အဲဒီ တို့ရဲ့ ဘိုးဘေးတော်မယ့် အမတ်ကြီးဟာ ကျိန်စာတွေဘာတွေကို သိပ်ပြီး အမှုမထားဘဲ အဲဒီရွှေတွေ ငွေတွေနဲ့ အခုမဟော်ဂနီစံအိမ်ကြီးကို ဆောက်ခဲ့တယ်ဆိုပဲ"

"ကြာလှပြီပေါ့နော်"

"အင်း . . . သစ်တွေကလည်း နှစ်တစ်ရာသား ကျွန်းတွေချည်းပဲ။ လက်ရာကလည်းကောင်း၊ စရွေးကလည်း ကိုက်တော့ ခုထိခံတာပေါ့ကွယ်။ ကဲ . . . အဲဒီအမတ်ကြီးမြတ်သူရရဲ့ နောက်-နောက် သားစဉ်မြေးဆက်တွေ ဆက်လက်ပြီး နေလာခဲ့ကြတာ ဦးလေးတို့ရဲ့အဖေခေတ်၊ 'ဦးလေး ဦးကောင်းမြတ်' ရဲ့ လက်ထက်ရောက်ရောဆိုပါတော့ . . ."

"အရင်လူတွေကရော ကျိန်စာသင့်သလားဟင်-ဦးလေး"

"အေး . . . အသေဆိုးနဲ့သေကြတာ များတယ်လို့ ဖေဖေပြောဖူးတာပဲ စုန္ဒာ"

"ဟုတ်ကဲ့ . . . စုန္ဒာတို့ သိရမှာက ဒီဘက်ပိုင်း ကိစ္စပါလေ။ ကဲ ဆက်ပြောပါဦး ဦးလေး၊ ဦးကောင်းမြတ် မိသားစု ဆွေမျိုးစပ်ဟပ်ပုံ အကြောင်းကို"

"ဦးလေး ဦးကောင်းမြတ်တို့ အထက်က ဆွေမျိုးတွေအကြောင်းတော့ မပြောလိုတော့ပါဘူး၊ ဦးကောင်းမြတ်တို့ဆီက စကြတာပေါ့။ ဦးကောင်းမြတ်တို့က မောင်နှမသုံးယောက်ရှိကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဦးလေးတို့ရဲ့ဖေဖေက 'ဦးဆောင်းမြတ်'၊ အလတ်က 'ဦးကောင်းမြတ်'၊ အငယ်ညီမက 'ထိပ်စုမြတ်' တဲ့''

''ဟုတ်ကဲ့… ဘိုးဘိုးတို့က မောင်နှမသုံးယောက်နော်။ စုန္ဒာရဲ့ ဘိုးဘိုး အခုသေဆုံးသွားတဲ့ ဦးကောင်းမြတ်က အလတ်… သူ့အထက်က ဦးလေးတို့ရဲ့ ဖေဖေ ဦးဆောင်းမြတ်၊ အငယ်ဆုံး မိန်းကလေးက ထိပ်စုမြတ်… ဟုတ်ပြီ စုန္ဒာ မှတ်မိပါပြီ''

''ဒေါ်လေးတော်တဲ့ ထိပ်စုမြတ်က အပျိုကြီး… အဖွားကြီးဖြစ်ပြီး ဆုံးသွားတဲ့ သူ့အတွက် အမွေဝေစုက ပြတ်သွားခဲ့တယ်''

''ဟုတ်ကဲ့…ဦးဆောင်းမြတ်နဲ့ ဦးကောင်းမြတ်တို့ ညီအစ်ကို နှစ်ယောက်ပဲ ကျန်တော့တာပေါ့နော်''

''ဟုတ်တယ်… အမတ်ကြီး မြတ်သူရရဲ့ ဆွေစဉ်မျိုးဆက်မှာ အဲဒီ ညီအစ်ကိုနှစ်ယောက်တည်းနဲ့ ဇယားရှုပ်ပြီး ကျန်ရစ်ခဲ့တာပေါ့''

မိ ''ညီအစ်ကိုချင်း မတည့်တာလား''

မျ ''ဟုတ်တယ်…မတည့်တာပါ၊ အမှန်တော့ နှစ်ယောက်လုံး မကောင်းဘူး… ဗိုလ်လုကြတာပေါ့''

''အင်း… ပြောပါ…၊ ဦးဆောင်းမြတ်နဲ့ ဦးကောင်းမြတ် အကြောင်း''

''သူတို့နှစ်ယောက်က မယားနှစ်ယောက်စီ ယူလိုက်တော့ ဇာတ်က ပိုရှုပ်ကုန်တာပေါ့ကွယ်''

''အဲဒီ ညီအစ်ကိုနှစ်ယောက်က ပေါက်ပွားတာ အများကြီးပဲ လား''





''အင်း…ရှင်းပြမယ်လေ၊ ဖေဖေဦးဆောင်းမြတ်က ပထမဇနီး ဦးလေးတို့မေမေနဲ့ ဒုတိယဇနီးအဖြစ် မေမေရဲ့ညီမကို ကောက်ယူထား လိုက်တယ်''

''အဲဒီ မယားနှစ်ယောက်က သားသမီး ဘယ်နှယောက် မွေးလဲဟင်''

''မွေးတာတွေတော့ အများကြီးပေါ့…၊ကျန်ရစ်သူတွေပဲ ပြောပြ တော့မယ်။ ဦးလေးအစ်ကို 'လှထူးမြတ်' သူက ဒီမှာမရှိဘူး တခြား မှာ။ နောက် ဦးလေးက 'အောင်ထူးမြတ်'၊ နောက် ဒီအိမ်မှာပဲရှိနေတဲ့ ဦးလေးထက်အငယ် 'မြတ်ထွန်း' သူက နောက်ဇနီးကမွေးတာ''

''သြော်… မနက်စောစောက ဧည့်ခန်းမကြီးမှာ တွေ့တဲ့ အသက်ငါးဆယ်နား နီးနေတဲ့ အမျိုးသားကြီး မှတ်လား၊ ထိပ်ပြောင် ပြောင်နဲ့ ဒေါ်ခက်ခက်နားမှာ ထိုင်နေတာလေ''

''ဟုတ်တယ် သူနဲ့ ဦးလေးနဲ့က ညီအစ်ကိုဆိုပေမယ့် အရင်း မဟုတ်ဘူး၊ အဖေတူအမေကွဲပေါ့''

''ခက်ခက်ကရော''

''ခက်ခက်က ဦးလေး ဦးကောင်းမြတ်ရဲ့သမီးလေ… စုန္ဒာ အမေနဲ့ဆို ညီအစ်မပေါ့… သူတို့လည်း အဖေတူ အမေကွဲ''

''သြော်… စုန္ဒာမေမေ စုမြတ်သန္တာနဲ့က ညီအစ်မအရင်းကိုး။ ဘိုးဘိုးက ဦးလေးတို့ဖေဖေလိုပဲ ခယ်မကို ဆက်ယူတာလား''

''မဟုတ်ဘူးကွဲ့… ဦးလေးဦးကောင်းမြတ်က သိပ်လှတဲ့ အိမ်စေမလေးကို ကောက်ယူလိုက်တယ်။ ဦးလေးက အဲဒီမယားကို



www.burmeseclassic.com

www.burmeseclassic.com



ရော သမီးလေး 'စုမြတ်သန္တာ' ကိုရော သိပ်ပြီးချစ်မြတ်နိုးရှာပါတယ်... ဒါပေမယ့် အိမ်စေနဲ့ရတဲ့သမီးမို့ အဆင့်တန်းနိမ့်တယ် မတူမတန်... ဆိုပြီး စုမြတ်သန္တာကို ခွဲခြားခွဲခြား လုပ်ထားကြတယ်လေ''

ကျွန်မ၏မေမေသည် အိမ်စေ၏သမီး ဆိုခြင်းအတွက် ရှက်... ခြင်းလိုလို၊ ဝမ်းနည်းအားငယ်သွားသလိုလို။ မေမေ့ကို ဝိုင်းနှိမ်... သည် ဆိုခြင်းအတွက် နာကျည်းခံပြင်းသွားမိသလိုလို၊ ကျွန်မ... တစ်ချိန်တည်း တစ်ပေါင်းတည်း စုစည်းခံစားလိုက်ရပါသည်။

ဦးအောင်ထူးမြတ်က ဆက်သည်။

''အဲ့... ဦးလေးဦးကောင်းမြတ်မှာ သားသမီးငါးယော... ထွန်းကားပေမယ့် နည်းအမျိုးမျိုးနဲ့ သေဆုံးကုန်ကြတယ်၊ ယောက်... သုံးယောက်ဆုံးပြီး မိန်းမနှစ်ယောက်သာ ကျန်ရစ်တယ်။ ခက်ခက်... စုနန္ဒာမေမေ စုမြတ်သန္တာပေါ့''

''နန်းနုမြတ်က ဒေါ်ခက်ခက်ရဲ့သမီးလား''

''မဟုတ်ဘူး၊ သူက အပျိုကြီး... ဆုံးသွားတဲ့ သူ့ရဲ့မော... တစ်ယောက်က ကျန်ရစ်ခဲ့တဲ့သမီးပါ''

''အင်း... စုနန္ဒာ... မှာတော့ ရှုပ်ကုန်ပြီ၊ မိသားစုတွေကများ... နာမည်တွေကရှည်တော့ မမှတ်တတ်တော့ဘူး''

''ဇာတ်ရှည်လည်းအောင် အစက စပြောနေလို့ ဆွေမျိုးတွေ... များနေတာပါ။ နောက် ဒီအိမ်သားတွေကို အလွတ်ရအောင် တစ်က... ပြောပြပါ့မယ်''

''ကိုပန်ဦးဆိုတာက ဘယ်သူလဲဟင်''





''ဦးလေးအစ်ကိုကြီး လှထူးမြတ်ဟာ အဲဒီမဟော်ဂနီစံအိမ်... ကနေ ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားတယ်။ လှထူးမြတ်ဟာ ...လေးဦးကောင်းမြတ်တို့ရဲ့ အဖေအတွက် ပထမဆုံးရတဲ့ မြေးဦးမို့ ...က 'သြရသ' ဆို ရမယ်လေ။ အမွေခွဲဝေတဲ့အပြင် တစ်စုပိုရဦးမယ် ...ပါ။ ဒါပေမယ့် သူဟာ ဒီအိမ်ကနေ ပျောက်ခြင်းမလှ ပျောက်သွား ...တယ်။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကတည်းကပဲ။ လွန်ခဲ့တဲ့ ...ထဲမှာတော့ အဲဒီ မောင်ပန်ဦး ရောက်လာတယ်''

''ဘယ်ကရောက်လာတာလဲဟင်... သူက ဘယ်သူလဲ''

''စေ့စေ့စုံစုံ မပြောပါဘူး၊ ဒါပေမယ့် သူဟာ လှထူးမြတ်ရဲ့ ...သားကြီးပဲဆိုပြီး အထောက်အထားခိုင်ခိုင်လုံလုံပြပြီး ဒီမဟော်ဂနီ ...အိမ်ကြီးကို ရောက်လာတယ်... အမွေယူဖို့ပေါ့''

''ဘယ်လိုခိုင်လုံတဲ့ အထောက်အထားလဲဟင် ဦးလေး''

''ဦးလေးတို့ ဆွေစဉ်မျိုးဆက် ရထားတဲ့ သူ့အဖေရဲ့ ရွှေဘယက်... ...က် မောင်ပန်ဦးမှာ ပါလာတယ်။ ပြီးတော့ လှထူးမြတ်ကိုယ်တိုင် ...မောင်ပန်ဦးဟာ သူ့သားပါရယ်လို့ သူ့လက်ရေးနဲ့ ရေးပေးလိုက်တဲ့ ...တစ်စောင်လည်း ပါလာတယ်''

''သူဟာ ခေတ်မီဖျတ်လတ်တဲ့ လူငယ်တစ်ယောက်ပဲနော် ...ဦးလေး... သူဟာ တစ်မျိုးပဲ''

''ဟုတ်တယ် စုနန္ဒာ သူရောက်လာမှ အိမ်ဟာ အားလုံး ...အမောက်ကမတွေ ဖြစ်နေတယ်။ လူသေတာလည်း ဦးလေးဦးကောင်း ...မြတ် အပါအဝင် သုံးယောက်ရှိပြီ။ အားလုံး လေ့ခါးပေါ်က လိမ့်ကျပြီး



www.burmeseclassic.com

www.burmeseclassic.com



သေကြတာချည်းပဲ။ အဲဒီ သုံးယောက်လုံး လိမ့်ကျလာကြခိုက်မှာ မောင်ပန်ဦးဟာ အပေါ်ထပ်မှာပဲ သုံးချိန်လုံး ရှိနေခဲ့တယ်။ မထင်တော့ မထင်အပ်ဘူးပေါ့ကွယ်... အထင်မှားရင် အကုသိုလ်ပွားတတ်တယ်၊ မတော်ကဆ လိမ့်ကျတာပါလို့ပဲ ယူဆလိုက်ကြပါတယ်''

''ဟုတ်ကဲ့... သေတာတွေ ထွက်သွားတာတွေကတော့ ထားလိုက်ပါတော့ မမှတ်မိနိုင်လောက်အောင်ပဲ ရှုပ်နေတယ်''

''အခု စပြီးပြောစမ့်ပါ၊ ဒီမှာ ကြာကြာနေရင် ရှင်းသွားပါလိမ့်မယ် စုနန္ဒာ''

''ဟုတ်ကဲ့ ထားပါတော့...ဒီအိမ်မှာ လက်ရှိလူ ဆယ့်ရှစ်ယောက်တောင်ဆို၊ အဲ့ဒါတွေကို သန်းခေါင်စာရင်းကောက်သလို ဆီလက်မှတ်ထဲမှာ နာမည်သွင်းသလို တစ်ခုချင်းရွတ်ပြစမ်းပါလား ဦးလေးရယ်''

''အင်း ဆယ့်ရှစ်ယောက်ဆိုတာက ဦးလေး ဦးကောင်းမြတ်ကိုပါ ထည့်ပြောတာပါ။ သေစမို့ စာရင်းမပယ်ဖြစ်သေးဘူးနဲ့တူပါတယ်''

''ဟုတ်ပါလိမ့်မယ်''

''ကဲ အခု ဆယ့်ခုနစ်ယောက်အနေနဲ့ ရေတွက်မယ်။ ဦးလေးကိုယ်တိုင်ရယ် ဦးလေးညီ မြတ်ထွန်းရယ်၊ ခက်ခက်ရယ်။ ဒါက လူကြီးပိုင်းမောင်နှမဝမ်းကွဲသုံးယောက်''

''ဟုတ်ကဲ့ သိပါပြီ''

''ကျန်တဲ့ အမျိုးတော်မောင်နှမဝမ်းကွဲတွေက...မောင်ပန်ဦး၊





နန်းနုမြတ်၊ မနက်ပိုင်းကတွေ့တဲ့ ဆယ့်နှစ်နှစ်ရွယ် ကောင်လေး **'မောင်မြတ်သီဟ'** ၊ ပြီးတော့ အပေါ်ထပ်မှာပဲ အမြဲပန်းချီဆွဲနေတဲ့ ခပ်ကြောင်ကြောင်ဖြစ်နေတဲ့ ခက်ခက်တို့ရဲ့တူအရင်း **'မောင်စံရိပ်ငြိမ်'**

''မုန့်နှာနဲ့ဆို မောင်နှမ တစ်ဝမ်းပဲကွဲတယ်ပေါ့နော်၊ မနက်က ကိုပန်ဦးနဲ့ လှေခါးကဆင်းခါနီးမှာ လှစ်ခနဲ မြင်လိုက်ရတယ်။ သူ့နာမည်က အဆန်းပဲ စံရိပ်ငြိမ် ရယ်လို့''

''သူ့ဟာသူ ပေးထားတဲ့နာမည်လေ... လူက ကဗျာရူး ပန်းချီရူး အနုပညာရူးလေ... နာမည်ရင်းကတော့ **'မောင်မြတ်စိုး'** ပါ''

''ဟုတ်ကဲ့ ဆက်ပါဦး''

''အဲ...မြို့မှာ ဆွမ်းကျွေးဖို့အတွက် ဈေးတက်ဝယ်နေတဲ့ **'မောင်မြတ်ဝဏ္ဏ'** ဆိုတာ ရှိသေးတယ်... မြတ်သီဟရဲ့ အစ်ကိုပေါ့။ သူတို့ညီအစ်ကိုက မြတ်ထွန်းက မွေးတာတွေလေ၊ သူတို့အမေ သေသွားပြီ။ အဲ... အမျိုးထဲက နောက်ဆုံးတစ်ယောက်ကတော့ ပပငယ်ပဲ''

''ဟုတ်ပါရဲ့ ဒီကလေးမိဘတွေရော''

''သူ့အမေက ဦးလေးတူမအရင်းပဲ၊ ဒရိုင်ဘာနဲ့ ရလို့ သူ့ကို ဝိုင်းကျဉ်ထားကြတာ။ အရင်တုန်းက ဒီအိမ်မှာ အော်စတင်ကားစုတ်လေးတစ်စင်းရှိသေးတယ်။ ပပငယ်အဖေက မောင်းရတယ်။ အဲ–သူတို့လင်မယားချင်းလည်း ဘာဖြစ်တယ်မသိပါဘူး၊ ပပငယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ဒရိုင်ဘာ 'စံအေး' ကို ထားရစ်ပြီး သားငယ်တစ်ယောက်နဲ့ နောင်ခမ်းကြီးရွာက သူ့သူငယ်ချင်းဆီထွက်သွားလိုက်တာ ကားမှောက်ပြီး သေတယ်။ စံအေးကတော့ နောက်ဖေးကကန့်မှာ ရေနစ်သေလို့ ပပငယ် တစ်ယောက်တည်း အမြဲလိုငိုပြီး ကျန်ရစ်နေရရှာတာပေါ့"

"ပပငယ်ဟာ သိပ်သနားစရာကောင်းတဲ့ကလေးပဲ"

"ဟုတ်တယ်… ခက်ခက်က ဒေါသကြီးတယ်… စိတ်ကြမ်းရှိတယ်၊ ဒီတော့ ကလေးက သူ့ကို ကြောက်လည်းကြောက် မုန်းလည်းမုန်းတာပေါ့။ ပပငယ်ရဲ့ တာဝန်ကိုလည်း ခက်ခက့်ကလွဲလို့ ယူမယ့်လူ မရှိဘူးလေ"

"ဟုတ်တာပေါ့… မိဘမေတ္တာနဲ့ ကင်းကွာတာလောက် ကလေး မှာ ပူလောင်တာမရှိပါဘူး"

"ဟုတ်တယ်… ဒီအိမ်ရဲ့ ဆွေမျိုးမိသားစုမှာ ပပငယ်ဟာ အငယ်ဆုံးပေါ့။ ကဲ… ဦးလေးပြောပြသွားတဲ့ အမျိုးတွေရဲ့ အမည် တွေကို သမီးစုနန္ဒာ မှတ်မိရဲ့လား"

"ဟုတ်ကဲ့… မှတ်မိနိုင်လိမ့်မယ် ထင်ပါတယ်၊ စုနန္ဒာက သိပ်ကို အာရုံစိုက်ပြီး နားထောင်ထားပါတယ်"

"ကဲ…ဒါဖြင့် စုနန္ဒာကပဲ ပြန်ပြောပြပါလား"

"ဟုတ်ကဲ့… ပထမ လူကြီးပိုင်း မောင်နှမသုံးယောက်က ဦးလေးရယ်၊ ဒေါ်ခက်ခက်ရယ်၊ ဦးမြတ်ထွန်းရယ်"

"ဟုတ်ပြီ"

"နောက် မိဘမဲ့ မောင်နှမဝမ်းကွဲတွေက နန်းနုမြတ်ရယ်၊





ခပ်ကြောင်ကြောင် ဖြစ်နေတယ်ဆိုတဲ့ ပန်းချီဆရာမောင်စံရိပ်ငြိမ်ရယ်၊ ပြီးတော့ ပပငယ်"

"ဟုတ်ပြီ၊ သူတို့က သုံးယောက်၊ အားလုံး ခြောက်ယောက် ရှိသွားပြီ၊ ကဲ… ဆက်ပြောဦး စုနန္ဒာ"

"ကျန်တာက ဦးမြတ်ထွန်းရဲ့သား မြတ်ဝဏ္ဏနဲ့ မြတ်သီဟ သီအစ်ကိုနှစ်ယောက်"

"ဟုတ်ပြီ… အားလုံးရှစ်ယောက်"

"နောက်ပြီးတော့ ကိုပန်ဦး"

"ဟုတ်ပြီ… အစကတော့ ဦးလေး ဦးကောင်းမြတ်ပါ ဆယ်ယောက်ပေါ့။ ကျန်တဲ့ရှစ်ယောက်က မခင်နုတို့လို အိမ်ဖေ လေးလည်းဖြစ်၊ ကျွေးမွေးထားရတဲ့ မွေးစားသမီးလည်း ဖြစ်ကြတဲ့ နီးကလေးလေးယောက်၊ မြင်းဇောင်းကြည့်တဲ့ အဘိုးကြီး တစ်ယောက်၊ တောက်တိုမယ်ရခိုင်းရတဲ့ ကောင်လေးတစ်ယောက် ပြင်ကိစ္စသွားဖို့ ယောက်ျားနှစ်ယောက်၊ ဒီမိသားစုကြီးကို ဆပ်(ဖ) သုပ်ဖို့ ပြုစုမဲ့လူက ရှစ်ယောက်"

"ဟုတ်ကဲ့… သူတို့က အရေးမကြီးပါဘူး၊ ပင်မမိသားစုက ပြီး အရေးကြီးပါတယ်နော်၊ အသေအချာ မှတ်မိသွားအောင် စုနန္ဒာ ပြန်ပြောပါရစေ"

"ကောင်းတယ် ပြော"

"ဦးလေးရယ်၊ ဒေါ်ခက်ခက်ရယ်၊ ဦးမြတ်ထွန်းရယ်၊ သူ့သား



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်က မြတ်ဝဏ္ဏနဲ့ မြတ်သီဟ''

''ဟုတ်တယ်… ငါးယောက်ရှိပြီ၊ ဆက်ပြော''

''နောက်… ပန်းချီဆရာ မောင်စံရိပ်ငြိမ်၊ နန်းနုမြတ်၊ ပပဝယ် နဲ့ ကိုပန်ဦး''

''ဟုတ်တယ်…အားလုံး ကိုးယောက်၊ အခုဆို စုနန္ဒာပါ တို့များအနွယ်တော်ဝင် မိသားစုစာရင်းထဲထည့်လိုက် ဆယ်ယောက် ပြည့်ရော''

''ဦးလေးပြောမှ စုနန္ဒာ သတိပြန်ရလာပြီ။ ပြောပါဦးလေ၊ စုနန္ဒာ ဘယ်လိုပုံစံနဲ့ ဒီအိမ်မှာ ဆက်နေရမလဲလို့၊ မနက်တုန်းက ကိုပန်ဦး ကတောင် မေးသေးတယ်''

''ဟုတ်လား၊ ဘာ…ဘာမေးလဲ''

''ဒီအိမ်မှာ ဘာလာလုပ်တာလဲ၊ စုနန္ဒာဟာ ဘယ်သူလဲပေါ့''

''ဒီတော့ ဘာပြောလိုက်လဲ''

''ဦးလေးနဲ့လည်း အသုဘချိန်မှာ တီးတိုးပြောဖို့ ချိန်းထားတော့ စုနန္ဒာလည်း မရေမရာပဲ ဖြေလိုက်ရပါတယ်''

''အေး…အေး ကောင်းတယ်''

''နေပါဦး၊ ဦးလေးကရော စုနန္ဒာဟာ မေမေစုမြတ်သန္တာရဲ့ သမီး၊ ဒီအိမ်ကို ဘိုးဘိုးမှာလို့ ရောက်လာသူပါရယ်လို့ ဘယ်လိုလုပ် သိသလဲဟင် ဦးလေး''

''ဦးလေး ဦးကောင်းမြတ်ဟာ သူ့သမီးရင်း ခက်ခက်ကိုတောင်





စိတ်မချရှာဘူး၊ ဒီအိမ်မှာ စုနန္ဒာရဲ့ဘိုးဘိုး ယုံကြည်စိတ်ချဆုံးလူဟာ ဦးလေးပါပဲကွယ်''

''သြော်… ဒါကြောင့် ဘိုးဘိုးမှာတယ်ဆိုတာ ဦးလေးက သိနေတာကို''

''ဒါပေါ့… စုနန္ဒာ ရောက်လာတည်းက ဒါ စုမြတ်သန္တာရဲ့ သမီးလေးပဲဖြစ်ရမယ်လို့ ထင်မိခဲ့တာပေါ့။ သမီးစုနန္ဒာကို ဒီလာဖို့ မှာထားတယ်ဆိုတာ စုနန္ဒာဘိုးဘိုး ဦးကောင်းမြတ်ကလွဲရင် ဒီအိမ်မှာ သိသူဟာ ဦးလေးတစ်ယောက်ပဲရှိတယ်''

''သမီးကို လာပါလို့ခေါ်ဖို့ ဘိုးဘိုးဟာ ဦးလေးနဲ့တိုင်ပင် လို့လားဟင်''

''ဟုတ်တာပေါ့။ ဒါကြောင့် မနေ့သက ခက်ခက်ရဲ့ မလိုတမာ မှုကို ဦးလေးက ဝင်,ဝင်ပြီး ကာကွယ်ပေးနေရတာပေါ့''

''ကျေးဇူးတင်ပါတယ်ဦးလေးရယ်၊ တကယ်ပါပဲ''

''ကိစ္စမရှိပါဘူးကွာ၊ ကိုယ့်တူမသားချင်းပဲ''

''ကဲ… သူတို့ပြန်လာချိန်လည်းနီးပြီ ဦးလေးရဲ့ စုနန္ဒာဟာ ဘယ်သူဘယ်ဝါပါလို့ ဘယ်လိုလုပ်ပြီး ပြောရပါ့မလဲ''

''စုနန္ဒာဆီမှာ ဦးလေးဦးကောင်းမြတ်ရေးလိုက်တဲ့ စာလေးများ မပါဘူးလား''

''ပါတာပေါ့၊ သုံးစောင်လုံး ယူလာခဲ့တယ်''

''ဟန်ကျလိုက်လေ ငါ့တူမရယ်… ဒါ အဘိုးကြီးကိုယ်တိုင်ရဲ့ လက်ရေးနဲ့ရေးတဲ့စာပဲ၊ သူတို့ မငြင်းနိုင်ပါဘူး။ ဒီပုံဒီနည်းရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှာလို့ ဒီကိုရောက်လာတာပါလို့ ခပ်ရှင်းရှင်းပဲ ရင်ကော့ပြီး ပြောလိုက်ရုံပေါ့''

''ဖြစ်ပါ့မလား ဦးလေးရယ်၊ တော်ကြာ ဘိုးဘိုးသေမှ အမွေလိုချင်လို့ ရောက်လာတယ်လို့ ထင်ကုန်ကြပါဦးမယ်ရှင်''

''ထင်ရုံမဟုတ်ဘူး၊ မြင်ရမယ်...ဟုတ်ရမယ်။ ငါ့ထူမ စုန္ဒာဟာ ဦးကောင်းမြတ်ရဲ့ မြေးအရင်းပဲ၊ သက်ဆိုင်ရာ အမွေတစ်စုထိုက်ထိုက်တန်တန် ရရစေမယ်... သူတို့ ဘာငြင်းရုံမလဲ''

''အို... စုန္ဒာ ဒါတွေတပ်မက်တဲ့စိတ်နဲ့ ရောက်လာတာမှ မဟုတ်ဘဲ ဦးလေးရယ်၊ ဒါဟော့ စုန္ဒာ မပြောချင်ဘူး''

''စုန္ဒာ မပြောလို့ မယူရင် သူတို့ကသာပြီး ကြိုက်ကြမှာပေါ့၊ ဦးလေးဦးကောင်းမြတ်ကိုယ်တိုင်က စုန္ဒာကိုခေါ်တာ အဲဒီသက်ဆိုင်တဲ့အမွေကို ပေးချင်လို့ပဲပေါ့။ စုန္ဒာ မယူရင်လည်း သူတို့က လောဘဇောတိုက်ပြီး ခွဲဝေယူကြမှာပဲ''

''လောဘဇောတိုက်တယ်ဆိုတဲ့ သူတို့ဆိုတာ ဘယ်သူတွေလဲဟင် ဦးလေး''

''အားလုံးပဲ...အကုန်လုံးပဲ၊ အထူးသဖြင့် မောင်ပန်ဦးဟာ အရေးအပါဆုံးလူပဲ၊ သူဟာ တစ်ခုခုအကြောင်းရှိလို့ ဒီအိမ်မှာ တမင်လာပြီး ချယ်လှယ်နေတယ်လို့ ဦးလေးထင်တယ် စုန္ဒာ၊ သူဟာ ဒီအိမ်က ပျောက်ဆုံးသွားတဲ့ ဦးလေးရဲ့အစ်ကို လှထူးမြတ်ရဲ့သား ဆိုတာမှ ဟုတ်ရဲ့လားလို့ ဦးလေးစိတ်မှာ အမြဲပဲ သံသယရှိနေမိတယ်''





ကျွန်မ သက်ပြင်းချလိုက်မိသည်။ ဤမဟော်ဂနီစံအိမ်သည် ဤမျှရှုပ်ထွေးပွေလီနေလိမ့်မည်၊ ဤမျှ များပြားသော မိသားစုအဖွဲ့ကြီး ရှိနေလိမ့်မည်၊ မယုံကြည်မှုများ၊ သံသယစိတ်များ၊ ရွံထိတ်စရာများနှင့် ဖွဲ့စည်းအပ်လိမ့်မည်၊ ကျိန်စာတိုက်ခြင်းခံရသဖြင့် အသေဆိုးဖြင့် သေကြရပြီးသည်၏နောက်တွင် 'ကျိန်စာသင့်ဝိဉာဉ်' အဖြစ်နှင့် ဤကြပ်ကုန်းမြေတွင် ရှိနေသည်ဆိုသည့် အဆန်းတကြယ်ကိစ္စတို့ ရှိနေလိမ့်မည်ဆိုသော အကြောင်းအရာများစွာနှင့် ကျွန်မကို ဆီးကြိုပေလိမ့်မည်ဟု မေမေ့ကို အာခံ၍ ထွက်လာစဉ်က မတွေးမိခဲ့ပါချေ။

''ဟော...ဟိုးပေးဝေးမှာ သူတို့ပြန်လာနေကြပြီ ဦးလေး၊ စုန္ဒာက ဘာလုပ်ရမှာလဲ၊ ဘယ်လိုရင်ဆိုင်ရမှာ ဟင်''

''သမီးစုန္ဒာဟာ မြတ်မိသားစုရဲ့ အနွယ်တော်ဝင်တစ်ယောက်ပါပဲလို့ ကြေညာလိုက်ရုံပေါ့''

''မယုံဘူးဆိုရင်ရော''

''သမီးဘိုးဘိုးရေးထားတဲ့ စာတစ်စောင်စောင် ထုတ်ပြလိုက်ပေါ့...''

''ဒါဖြင့် ပထမဆုံးရေးထားတဲ့စာမှာ အကြောင်းစုံပါတယ်၊ အမွေကိစ္စလည်း အကျယ်တဝင့် ရေးမထားဘူး၊ အဲဒါပြလိုက်ရင် သူတို့ ယုံကြမှာပါ၊ ဘိုးဘိုးလက်ရေး သူတို့သိမှာပေါ့။ ဒါပေမယ့် အခု ဘိုးဘိုး လည်း မရှိတော့ဘူးဆိုတော့ သူတို့က ယုံကြည်ပေမယ့် လက်မခံနိုင် ပါဘူးဆိုရင် ဘယ့်နှယ့်လုပ်မလဲ''

''သြော်...ဒါကတော့ အကြောင်းမဟုတ်ဘူး၊ သူတို့က စုန္ဒာ



www.burmeseclassic.com

www.burmeseclassic.com

ဟာ ဦးကောင်းမြတ်ရဲ့မြေးပါလို့ ယုံကြည်ရင် လက်မခံချင်လို့လည်း မရဘူး၊ တရားဝင်ကို နေခွင့်ရှိနိုင်တယ်''

''ခက်တာပဲ ဦးလေးရယ်''

''အေး . . . ဒီအိမ်မှာ သြဇာအကြီးဆုံးက မောင်ပန့်ဦး၊ ဒုတိယကတော့ ဦးလေးတူ မြတ်ဝဏ္ဏ၊ ပြီးတော့ ခက်ခက်ပဲ။ ဒီအထဲမှာ အသိရအခက်ဆုံးက မောင်ပန့်ဦးပဲ၊ သမီးသူ့ကို အနီးကပ်ပေါင်းပြီး လေ့လာကြည့်ပါ။ ပြီးတော့ ဘာအကြောင်းပဲရှိရှိ ဦးလေးကိုပြောပါ၊ အားလည်းမငယ်ပါနဲ့ကွယ် . . . နော်၊ တကယ်တော့ အမျိုးအဆွေတွေပါ၊ သွေးသားတွေပါ၊ အလကားနေရင်း အချင်းချင်း ပြဿနာတက်နေကြတာပါ။ ကဲ . . . ကဲ သူတို့နီးလာပြီ၊ ဦးလေးတို့ကို မမြင်နိုင်ခင်မှာပဲ လူချင်းခွဲကြစို့ရယ်။ သမီးအောက်ကိုပဲဆင်းပြီး သူတို့ကို ကြိုလိုက်ပါ၊ ပြဿနာကိုတော့ ညဦးကျမှ စပြီး ပြောကြဆိုကြတာပေါ့လေ . . . နော်။ ကဲ . . . ကဲ သွားတော့ သမီးစုနန္ဒာ ချမ်းသာပါစေကွယ်''

❖ ❖ ❖



**အခန်း ။ ၅ ။**

ချစ်သမီး

စုမြတ်သန္တာ . . .

အနှစ် နှစ်ဆယ်ကျော်မှ ဖေဖေ ဒီစာကိုရေးတာက သမီးရဲ့ နေရပ်လိပ်စာကို စုံစမ်းလို့မရခဲ့လို့ပါကွယ်။

မိဘရဲ့မေတ္တာဆိုတာ အနေနီးသည် ဝေးသည် မဟူ ဖေဖေ့လက်ပေါ်မှာ အနှစ် နှစ်ဆယ်နီးပါး ကြီးပြင်းအောင် မွေးကျွေးလာခဲ့တုန်းက မေတ္တာမျိုးပဲ အခု သမီးအပေါ်မှာ ထားရှိဆဲပါဆိုတာတော့ ယုံပါ။

အနွယ်တော်မာန်ဝင့်ကြလို့ . . . ဇာတိမာန်ရင့်ကြလို့ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ကြရတာကို ဖေဖေ ရင်နာလို့ မဆုံးဘူး သမီး။ ဟိုတုန်းကတော့ ဖေဖေဟာ ဒီအိမ်မှာ ဘာသြဇာမှ မရှိခဲ့ဘူး၊ ဖေဖေ့ထက် ကြီးသူတွေ ရှိသေးတာကိုး။

ခုတော့ ကျိန်စာတိုက်ထားတဲ့အတိုင်း ပြေးသူပြေးကြ၊ အသေဆိုးနဲ့ သေသူသေကြ ဖြစ်ကုန်ကြပြီသမီး။ လူ့ဘဝ


www.burmeseclassic.com

www.burmeseclassic.com



သက်တမ်းဆိုတာ ညှို့သည်လိုပဲ ခဏနေကြရတုန်း ကိုယ်ချစ်သူ ခင်သူတွေနဲ့ အတူနေသွားကြရရင် လူဖြစ်ရကျိုးနပ်တယ်လို့ ဆိုရမှာပေါ့လေ။

သမီးမေမေလည်း မရှိတော့ဘူး။ ဖေဖေ့မှာ ဇနီးတွေလည်း ဆုံးကုန်ပြီ၊ သမီးကြီး မြတ်သက်သက်လည်း ဆုံးပြီ။ အခုရှိတဲ့ ‘ မြတ်ခက်ခက် ’က သိပ်ပြီးဒေါသကြီးတာ သမီးအသိပါပဲကွယ်။

သမီးရေ…ဖေဖေမသေခင် သမီးကို တွေ့သွားချင်တယ်ကွယ်။ သမီးရဲ့သမီး၊ ဖေဖေ့မြေးလေး ‘**စုနန္ဒာ**’ဆိုတာကိုလည်း ဖေဖေမြင်သွားချင်ပါတယ်။

ဒါကြောင့် သမီးနဲ့မြေးလေး ဖေဖေ့ကို ခဏဖြစ်ဖြစ်လာတွေ့ကြပါလို့ ဖေဖေတောင်းပန်ပါတယ်ကွယ်။ သမီးတို့အတွက် ဖေဖေသိမ်းဆည်းထားတဲ့ အဖိုးတန်ပစ္စည်းတွေကိုလည်း ပေးအပ်ချင်ပြီ။

ဒီစာရရင် ချစ်သမီး စုမြတ်သန္တာနဲ့ မြေးလေး စုနန္ဒာတို့ ဆက်ဆက်ကြီး ဖေဖေ့ဆီလာတွေ့ပါလို့ ဖေဖေအထူးပဲ အနူးအညွတ်တောင်းပန်လိုက်ရပါတယ်။

ကျန်းမာချမ်းသာကြပါစေ၊ အာဃာတတွေပြေပါစေ။

သမီးနဲ့မြေးကို အလွန်တွေ့ချင်နေတဲ့

ဖေဖေ…

ဦးကောင်းမြတ်





ဒေါ်ခက်ခက်က ကိုင်းနက်မျက်မှန်ကြီးတပ်လျက် လုံးစေ့ပါတ်စေ့ ဖတ်နေသည်ကို ကျွန်မက စောင့်စားနေရရင်းက စာတွင်းပါစကားလုံးများကို အလွတ်ရနေရာမှ ပြန်လည်အမှတ်ရနေခြင်းဖြစ်ပေသည်။

အိမ်ရှေ့ဧည့်ခန်းတွင်ပင်ဖြစ်သည်။ ကိုပန်ဦးလည်း ပါရှိပါ၏။ ဒေါ်ခက်ခက်၏ဘေးတွင် ဦးမြတ်ထွန်းနှင့် ဦးလေး ဦးအောင်ထူးမြတ်၊ လူငယ်တွေတော့ အနားတွင် မရှိကြ။ အားလုံးက ဒေါ်ခက်ခက်စာဖတ်ပြီးလျှင် မည်သို့သော မှတ်ချက်မျိုး ချလေမည်လဲဟု ငြိမ်သက်စွာ စောင့်စားနေကြသည်။ ကျွန်မ၏ရင်ခွင်မှု တထိတ်ထိတ် ခုန်လျက်ပင်။

ဒေါ်ခက်ခက် စာရွက်ကို မျက်နှာနေရာမှ နိမ့်ချလိုက်သည်။ မျက်မှန်ကိုပါ ချွတ်လိုက်ပြီး ကျွန်မကို အာရုံစိုက်ကြည့်သည်။

“ဒါ အမှန်ဆိုရင် ညတည်းက ဖွင့်ပြောဖို့ကောင်းတာပေါ့၊ ညကတော့ ခဏနိမယ့်ဧည့်သည်ပါလို့ ဘာလို့ညာရတာလဲ”

“ကျွန်မ ကျွန်မ ကြောက်လို့ပါ”

ကျွန်မ ညာလိုက်ရသည်။ အမှန်က ဘိုးဘိုး၏ ‘တတိယစာ’ တွင် ကျွန်မတစ်ယောက်တည်းလာဖြစ်လျှင် ဘိုးဘိုး၏မြေးအရင်းပါဟူ၍ ရုတ်တရက် မပြောကြားရန် မှာကြားထား၍ ဖြစ်ပေသည်။ ဘိုးဘိုး၏ စာရစဉ်က မေမေက မပြန်ကြား၊ မလာလိုဟု ခါးခါးသီးသီး ငြင်းသဖြင့် ကျွန်မက ဘိုးဘိုးထံ စာပြန်၍ မြေးအဘိုးချင်း နားလည်ပြီးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီရောက်ရောက်ချင်း ဦးလေးဆုံးနေတာတွေ့တော့ သူလည်း လန့်ဖြန့်ပြီး ပြောမိပြောရာ ပြောမှာပေါ့ ခက်ခက်ရယ်"

ဦးအောင်ထူးမြတ်က ကျွန်မဘက်မှ ကာကွယ်ပေးရှာသည်။

"ကဲ ထားပါတော့…ဒါကို ခွင့်လွှတ်နိုင်စရာ အကြောင်းရယ်ပါပဲ၊ ပြီးတော့ ဟောဒီလက်ရေးဟာ ဖေဖေ့လက်ရေးပဲ မှန်တယ် ဟုတ်တယ်"

ဒေါ်ခက်ခက် ဝန်ခံသဖြင့် ကျွန်မအားတက်သွားမိသည်။

"ဒါပေမယ့် ဒီလိုရှိတယ် ကိုကိုရဲ့။ ဒီစာလေးတစ်စောင်ယူပြီး ရောက်လာရုံနဲ့ လုံလောက်ပြီလို့ လက်ခံလို့ဖြစ်မလား၊ ဒီစာကို တစ်နည်းနည်းနဲ့ ရအောင်ယူပြီး တို့မိသားစုအနွယ်ဝင်ပါရယ်လို့ လာညာပြီး အမွေယူသွားရင်ရော တို့က လက်ပိုက်ကြည့်နေရမှာလား သူ့ကိုပုံပေးလိုက်ရမှာလား"

ဒေါ်ခက်ခက်၏လေသံက ကျွန်မ၏ နှလုံးသားကို ဒေါသလှိုင်းများအဖြစ် ရိုက်ခတ်စေပါသည်။ ဦးမြတ်ထွန်းက ကုလားထိုင်ကိုမှီ၍ လက်ပိုက်နေရာမှ ကိုယ်ကို မတ်လိုက်သည်။

"မောင်ပန်ဦး ရောက်လာတုန်းကလို ရွှေဘယက်ခွက် ပါလာသေးသလား ကလေးမ… နာမည်က စုနန္ဒာနော်"

"ဟုတ်ပါတယ်… ကျွန်မဆီမှာ ဒီစာကလွဲ၍ ဘာအာမခံချက်မှ မပါပါဘူးရှင်… ကျွန်မ ဒီခရီးကို စထွက်လာရတာ သုံးရက်ရှိပြီမို့ အဲဒီတုန်းက ဘိုးဘိုးဟာ အသက်ထင်ရှား ရှိနေဆဲပါ။ ဘိုးဘိုးက မှာယူလို့ ကျွန်မ ရောက်လာရတာမို့ ဘာထောက်ခံချက်မှ ယူလာစရာ





မလိုဘူးထင်ပါတယ်၊ ကျွန်မကိုယ်သားအမိဆီမှာ ဘာပစ္စည်းမှလည်း မရှိပါဘူး"

"ဘယ်ရှိမလဲ မင်းအဘွားကို တို့အနွယ်တော်ဝင် စာရင်းထဲကို မထည့်ခဲ့ကြဘူးလေ"

ကျွန်မအဘွားမှာ အိမ်စေဖြစ်ကြောင်း ဒေါ်ခက်ခက်၏ နှိမ့်ချသော စကားသံကြောင့် ကျွန်မ၏ဒေါသတို့မှာ ချုံးနှိမ်၍မရ ရင်၌ လှိုင်းကြွလာတော့သည်…။

"ဒေါ်ခက်ခက်ရှင့်… ကျွန်မရောက်လာတာ အခုမိသားစုကြီးနဲ့တွေ့ဖို့ ပြဿနာရှာဖို့ အမွေရဖို့ မဟုတ်ပါဘူး၊ ကျွန်မဘာမှ လိုအင်ဆန္ဒမရှိပါဘူးလို့လည်း ဒီနေရာကနေပြီး အတိအလင်း ပြောသာပါတယ်။ ကျွန်မလာတာ ဘိုးဘိုးဆီကို ကျွန်မရဲ့ ဘိုးအေအရင်း ခေါက်ခေါက်ကို တွေ့ရအောင်လာတာပါ…"

"အေး…အခု မင်းရဲ့အဘိုး ငါတို့ဦးလေး ဦးကောင်းမြတ် သေပြီပဲ… အသုဘချလိုက်တာ မင်းအမြင်ပဲ။ အဘိုးဆီလာရုံဆိုရင် မင်းကိစ္စလည်းပြီးပြီ ပြတ်ပြီပေါ့… ပြန်လို့ရပြီပေါ့"

"ဟုတ်တယ်…ဟုတ်တယ်"

ကျွန်မစကားအဆုံးတွင် ထိပ်ပြောင်ကြီးဦးမြတ်ထွန်းက မလိုတမာသော မျက်နှာထားနှင့် အပြတ်နှင့်သည်။ ယင်းစကားကို ဒေါ်ခက်ခက်က ဟုတ်တယ် နှစ်လုံးဖြင့် ထောက်ခံသည်။

"ကွယ်…မင်းတို့ဘာကလည်း စဉ်းစဉ်းစားစားလည်း လုပ်ကြပါ၊ သေတဲ့လူတွေလည်း သေကုန်ပြီ၊ ရှိတဲ့အနွယ်တော်ဝင် ဆွေမျိုးစု



www.burmeseclassic.com

www.burmeseclassic.com

လေးတွေချင်းချင်း ရင်းရင်းနှီးနှီး နေသင့်တာပေါ့ ပြီးတော့''

''အို… ကိုကို အသာနေပါ အိမ်ထောင်ကြီးတစ်ခုလုံး
စားရေးသောက်ရေးကို ဖန်တီးနေရတဲ့ မောင်မြတ်ထွန်း ဆုံးဖြတ်ပေ
ပါလိမ့်မယ်''

ကျွန်မအတွက် ထောက်ခံချက်ပေးရှာသော ဦးအောင်ထူးမြတ်
ကို ဒေါ်ခက်ခက်က လှမ်းဟောက်သည်။

''အေးပေါ့လေ… ငါလည်း ဟိုတုန်းကတော့ ရှာနိုင်ဖွေနိုင်
ဖန်တီးနိုင်ခဲ့တာပါပဲ၊ ခုတော့ မစွမ်းမသန် ဘဝလည်းရောက်နေ
သားထောက်သမီးခံကလည်း မရှိတော့ အောင်ထူးမြတ်ဆိုတဲ့ကောင်က
အိမ်စောင့်ခွေးကြီးလောက်မှ အဖိုးမတန်တဲ့ဘဝ ရောက်နေရပြီပေါ့လေ
အေး…အေး တော်သလိုသာ လုပ်ကြပေါ့ကွယ်၊ ငါဘာမှမပြောတော့
ပါဘူး''

ဝမ်းနည်းစကား အားငယ်စကားများ ပြောကြားပြီး သူ့တုတ်ကို
ထောက်လျက် ခြေတစ်ဖက်တန်းကြီးနှင့် ဧည့်စကားဝိုင်းမှ ထွက်ခွာသွား
တော့သည်။

ဦးမြတ်ထွန်းက ရှုံ့မဲ့ကြက်မြက်သော အကြည့်များဖြင့် ဦးအောင်
ထူးမြတ်သွားရာကို လိုက်ကြည့်သည်၊ ပြီးနောက် ကျွန်မကို အသေ
အချာ စိုက်ကြည့်သည်။ သူ့အမူအရာနှင့် အကြည့်များက ထူးခြား
လွန်းလှသဖြင့် ကျွန်မ ရင်မဆိုင်ရဲ၊ ကျွန်မနှင့် ဦးအောင်ထူးမြတ်တို့
နှစ်ယောက် အသုဘပို့ မလိုက်ဘဲ ဘာတွေများ ကြံစည်ထားကြသလဲ
ဟူ၍လည်း သူသံသယရှိပုံရသည်။





''ဒီကောင်မလေးဟာ ငါ့အစ်ကိုကို ဘယ်လိုဖြီးညာထားလို့
လောက်ကျနေရတာလဲ''ဟူ၍ ပြောလိုက်သည်ကမှ ခံချင်ဦးမယ်၊
င်းသဘောဆောင်သည့် အကြည့်က ရင်တွင်း၌ စူးမြက်လှပါသည်။

''ကဲ…ကိုကိုတော့ သွားပြီ… ငါ့မောင်သဘောအတိုင်းပဲ
ဆုံးဖြတ်ပေါ့''

ဒေါ်ခက်ခက်ကပြောသည်။ ဦးမြတ်ထွန်းက စဉ်းစားချင့်ချိန်
ဟန်ဖြင့်…

''ဒါပေမယ့် ခုချက်ချင်းကြီးတော့ ပြန်နိုင်းလို့ ဘယ်ဖြစ်မလဲ
တစ်ညအိပ်ဦး၊ နက်ဖြန် ညနေရထားအမီ မြို့သစ်ဘူတာကို လိုက်ပို့
ခိုင်းလိုက်မယ်၊ သားကြီး မြတ်ဝဏ္ဏ လိုက်ပို့လိမ့်မပေါ့''

''အင်း… ကောင်းပါတယ်၊ စရိတ် အစိတ်သုံးဆယ်လောက်
တော့ ပေးလိုက်ပေါ့လေ''

ဦးမြတ်ထွန်း၏ ဆုံးဖြတ်ချက်ချအပြီးတွင် ဒေါ်ခက်ခက်က
ကျွန်မအတွက် နှိမ့်ချလွန်းသောစကားကို ဆိုသည်။ ကျွန်မမှာ
အော်ဟစ်ရန်တွေ့လျက် စံအိမ်ဆိုပြီး လူနှင့်မနီးစပ်သည့် ဧည့်မိသား
စုကြီးအတွင်းမှ ချက်ချင်းပင် ထွက်ခွာသွားလိုမိပါသည်။

''ဒီမှာ… ကျွန်တော်ပြောတာလည်း နားထောင်ကြပါဦး''

ကိုပန်ဦး၏အသံက အားလုံးအပေါ်သို့ စိုးမိုးသွားပါ၏။
ထူးသဖြင့် ဦးမြတ်ထွန်း၏အကြည့်က စူးရှလှသည်။ ကိုပန်ဦးပေါ်
တွင် နည်းနည်းမှ ကျေနပ်ပုံမရပေ။ ဒေါ်ခက်ခက်ကမူ ကိုပန်ဦးအား
ကြည့်လျက်…



www.burmeseclassic.com

www.burmeseclassic.com



''လာပြန်ပြီ…ဘာဝင်ရှုပ်ဦးမလို့လဲ''ဟူသော စကားကို ပြောနေ ဘိသည်သို့ ရှိပါ၏။ ကိုပန်ဦးက…

''ဒီမိန်းကလေးဟာ ဒီမိသားစုရဲ့ အဆွေအမျိုးအစစ်ပဲ… သူ ဒီမှာနေပါစေ''

ကိုပန်ဦး၏အသံက ပြတ်သားလှသည်။ သူဆုံးဖြတ်ပြောဆိုချက်သည် နောက်ဆုံးအနေနှင့် အတည်ဖြစ်ရမည်ဟုလည်း အားလုံးကများ သတ်မှတ်ထားကြလေရော့သလားပင်…။ ကိုပန်ဦးက စီရင်ချက် ချမှတ်ပြီးသည့် တရားသူကြီး၏ပုံစံမျိုးဖြင့် ထိုင်ရာမှထကာ အိမ်၏ အတွင်းခန်းသို့ ဝင်သွားသည်။ လှေကားပေါ်သို့ တက်သွားသည့် ခြေသံကိုပါ အားလုံးကြားလိုက်ရပေသည်။

''ငါတင်တယ်မြတ်ထွန်း…ဒင်းဟာ ငါတို့ကို သက်သက်လာပြီး ချယ်လှယ်နေတာပဲ၊ တို့ကို အမျိုးမျိုး အာဏာတွေပြ ဒုက္ခတွေပေး၊ ဟင်း… ငါထင်တာတော့ ကျိန်စာတိုက်ပြီး အသေဆိုးနဲ့ သေကုန်ကြတဲ့ ဝိညာဉ်တွေက သူ့ကိုစီးပြီး တို့ကိုပြောခိုင်းနေတာလို့ ထင်တာပဲ''

''အို မမခက်… ဒါတွေပြောမနေစမ်းပါနဲ့''

ဦးမြတ်ထွန်းက အော်လိုက်သည်။

''အေး မပြောမဖြစ်လို့ ပြောနေရတာ၊ ဘယ်ကရောက်လာမှန်း မသိတဲ့ မိန်းကလေးကို တို့က အိမ်ဦးခန်းတင် ကျွေးထားရမှာလားဟဲ့ ပြောပါဦး''

ကျွန်မဒေါသက ပေါက်ကွဲလာမိသည်။ အတတ်နိုင်ဆုံး





သည်းခံပါလျက် ကဲတက်လာလျှင် ကျွန်မမှာ ဒေါသကို ထိန်းမရတတ်။

''ဟုတ်တယ်…ဟုတ်တယ် တင်ကျွေးထားရမယ်၊ အမှန်တော့ ကျွန်မအဘွားဟာ အိမ်စေမက်လို့ သူတောင်းစားပဲဖြစ်ဖြစ်၊ အခုလေးတင် သေဆုံးသွားတဲ့ ဦးကောင်းမြတ်ရဲ့ဇနီးပဲ။ ဦးကောင်းမြတ်ဟာ ကျွန်မရဲ့ ဘိုးအေအရင်းခေါက်ခေါက်၊ ဒီတော့ ရှင်တို့ရဲ့အမွေကို ရနိုင်တာ မရနိုင်တာက နောက်တစ်ပိုင်း။ လောလောဆယ် ဒီအိမ်ကြီးမှာ ကျွန်မလည်း နေခွင့်ရှိတယ်၊ နေကိုနေမယ် မပြန်ဘူး''

ကျွန်မ၏အသံက ဒေါသနှောလျက် ဟိန်းထွက်လာတော့သည်။ ဒေါ်ခက်ခက် နှုတ်ခမ်းများ ဆတ်ဆတ် တုန်လာသည်အထိ ဒေါသဖြစ်လျက်ရှိသည်။ ဦးမြတ်ထွန်းက ထိုင်ရာမှ ဆတ်ခနဲ ထလိုက်ပြီး…

''ကောင်းပြီ နေကြည့်လေ… ငါ့အကြောင်း သိရမှာပေါ့''

ဦးမြတ်ထွန်း၏ဒေါသက ကျွန်မထက် သာလွန်သွားသည်။ သူ့ကြိမ်းဝါးမှုကလည်း ကျောချမ်းစရာ ကောင်းလောက်အောင် ကြောက်မက်ဖွယ်ရာ ရှိလှပါချေသည်။ သူဒေါသနှင့် ထွက်သွားရာနောက်သို့ ဒေါ်ခက်ခက်က ခြေဆောင့်လျက် လိုက်ပါသွားတော့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၆ ။

အချိန်က ဆည်းဆာကုန်ဆုံးခါနီးလေပြီ။

မိုးရေစက်များ ဆွတ်ဖျန်းထားသော မြက်ခင်းပြင်ပေါ်၌ ကျွန်မ ရပ်နေမိသည်။ နေ့၏ အိုမင်းချိန်က စိတ်ဓာတ်ကျစရာကောင်းလှပါသည်။ လူနေအိမ်ဟူ၍ မမြင်ရ၊ စိမ်းစိုသော မြက်ခင်း၊ သစ်လွင်စနုပျိုစ အရွက်အကိုင်းပင်စည်များနှင့် ပြာလွင်ညို့မှိုင်းသော ကောင်းကင်ပြင်ကြီးကို ကျွန်မ ငေးမျှော်ကြည့်နေမိသည်။

"ဩော်ကွယ် . . . မရေရာလိုက်တဲ့ ငါ့ဘဝနှယ်၊ ငါဘာလုပ်ရပါ့မလဲ၊ ငါဒီမှာ ဆက်နေရမလား၊ မေမေ့ဆီ ပြန်ရမလား"

ဤလမ်းနှစ်သွယ်သာ ရွေးစရာရှိပါသော်လည်း ဤနှစ်လမ်းလုံး ကျွန်မ မရွေးလိုပါ။ ဤအိမ်၌လည်း မနေချင်၊ မေမေ့ထံလည်း မပြန်လိုပါ။

"ဟော . . . မြင်းရထားတစ်စင်း ဒီကုန်းပေါ် တက်လာပါလား"

မရေရာသော ကျွန်မဘဝအတွက် ဟိုဟိုသည်သည် တွေးတောနေမိခိုက် မြင်းလှည်းတစ်စင်း ကျွန်မရှိရာနေရာသို့ တက်လာနေကြောင်း မြင်လိုက်ရ၍ အတွေးအာရုံတို့က ပြောင်းသွားရသည်။





"ရထားက အမိုးအကာလည်း မပါပါလား"

ရုပ်ရှင်ထဲတွင် မြင်ရသော အမေရိကန်နွားကျောင်းသားများ မြက်ခြောက်တင်သည့်အခါ သုံးသည့် လှည်းမျိုးဖြစ်ပေသည်။ လှည်းပေါ်၌ ဝန်စည်စလည်များတင်ပြီး တာလပတ်နှင့် အုပ်မိုးကာကြိုးချည်ထားပေသည်။ လှည်းပေါ်တွင် ဘောင်းဘီရှည်ပြာ ဂျင်း(န်)ဝတ်နှင့် စစ်အင်္ကျီလက်ရှည်ဝတ်၍ ဦးထုပ်ဆောင်းထားပြီး ဦးထုပ်ကရှေ့သို့ ငိုက်ထားပါ၍ သူ့မျက်နှာကို မမြင်သာ၊ သူက လှည်းပေါ်တွင် တတ်တတ်ရပ်လျက် မြင်းဇက်ကြိုးကို လှုပ်ခါမောင်းနှင်ရင်း ကုန်းပေါ်သို့ တက်လာနေပါသည်။

မြင်းလှည်းမောင်းသူက ကျွန်မကို အသေအချာ ငေးကြည့်ပြီး သူ့လှည်းကို မြင်းဇောင်းဘက်ဆီသို့ ကွေ့ပတ်မောင်းနှင်သွားတော့သည်။ ကျွန်မမျက်စိရှေ့မှ မြင်းလှည်းပျောက်သွားသဖြင့် ကျွန်မ၏ အတွေးများကို ဆက်ရပြန်သည်။ ကိုယ့်ဘဝသည် ဤသို့သော အသီးကျွန်အဖြစ်မျိုး ဖြစ်လိမ့်မည်၊ မိမိ၏နေထိုင်မှုကို မလိုလား မနှစ်သက်သူများကြားတွင် ဖွတ်နေရပေလိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးခဲ့မိခဲ့။ ချစ်လှစွာသော မေမေ့ရင်ခွင်မှ လွင့်စင်လာရသည့်အဖြစ်ကလည်း ဝမ်းနည်းကြေကွဲဖွယ် ကောင်းလှပါချေသည်။

"ခင်ဗျား လှူပါပဲနော်"

ယင်းအသံကြောင့် ကျွန်မ အလန့်လန့်အဖြန့်ဖြန့်ဖြင့် နောက်လှည့်ကြည့်လိုက်မိသည်။ စောစောက မြင်းလှည်းမောင်းသမားသူက ဦးထုပ်ကို ချွတ်ကိုင်ထားသည်။ လှိုင်းတွန့်များပါသော



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်က သူ့လည်ဂုတ်နှင့် နားရွက်ရှေ့တွင် ကွေ့ဝေ့ကျနေပေသည်။ ကိုယ်ခန္ဓာကျစ်လစ်ပြီး အရပ်ကရှည်သည်။ ဖြူဆွတ်သော အသား၊ ချွန်မြသောနှာတံ၊ ဝိုင်းစက်ရှန်းပသော မျက်ဝန်းများ၊ နက်မှောင်သော မျက်ခုံးများဖြင့် ချောမောလှပသော လူငယ်တစ်ယောက် ဖြစ်ပါသော်လည်း၊ သူ့စကားက ရင့်သီးလှသည်။ ဖြူဖွေးသော သွားတက်လေးများပေါ်အောင် လွင်လွင်ချိုချိုလည်း ပြုံးထားပါ၍ ကျွန်မ နားကြားလွဲသည်အထင်နှင့်…

"ရှင်…ဘာပြောလိုက်တယ်"

"ခင်ဗျား လူပါပဲနော်…လို့ ပြောလိုက်တာပါ"

"ဟင်…ရှင်…ရိုင်းစိုင်းလှချည်လား…၊ လူလူချင်းတောင် လူလို မမြင်ရင် ရှင်လည်း လူမဟုတ်လို့ပဲ"

"ဟာ… ရန်တွေ့ကောင်းလှချည့်လား၊ ဟဲ…ဟဲ ကျွန်တော်က ခင်ဗျားကို တကယ်ပဲ လူလို့မထင်မိဘူး၊ ဥစ္စာစောင့်မလေးလား အလှနတ်ဖုရားမလေးလားလို့ ထင်မိလို့ပါ၊ ခင်ဗျားက သာမန် လူမိန်းကလေးတစ်ယောက်ထက် ကျော်လွန်ပြီး သိပ်ကိုလှတယ်"

"အို…"

သူက အပြုံးမပြယ်သေးပါဘဲနှင့် သိပ်ကိုလှတယ်ဆိုသော နောက်ဆုံးစကားကို မျက်စိလေးမှိတ်မေးရင်း ခေါင်းဖြည်းဖြည်းလေး တစ်ချက်ရမ်းခါ၍ ဆိုလိုက်ပါသည်။ ကျွန်မမှာ သူ့ကိုမည်သို့ ပြန်လည်တုံ့ပြန်ရမည်မှန်း စကားလုံးမရွေးတတ်တော့ပါ။ အံ့သြခြင်း ရုက်နှုံ့မြင်းဖြင့် သူ့ကို ငေးကြည့်နေမိသည်။





"ခင်ဗျား ဘယ်သူလဲဟင်"

"ရှင်ကရော ဘယ်သူလဲ"

"သြော်… ကျွန်တော်ကလေ ဟောဒီ မဟော်ဂနီစံအိမ်ကြီးမှာ ခေါင်းနေထိုင်တဲ့သူပါ။ အလုပ်ကတော့ သိပ်ကြီးကျယ်တယ်၊ ဟဲဟဲ… မြို့နဲ့ဒီကို ကုန်သယ်ရတယ်၊ မြင်းလှည်းမောင်းရတယ်၊ ပညာက ဒီဂရီရဖို့ နှစ်နှစ်အလိုမှာ ကျောင်းအထုတ်ခံရပါတယ်။ အဖေအမည်က ဦးမြတ်ထွန်း၊ ကျွန်တော့်အမည်က မြတ်ဝဏ္ဏ၊ အမျိုးသားမှတ်ပုံတင် အမှတ်က အက်(ဖ)…"

"အို…ကျွန်မ သန်းခေါင်စာရင်းဌာနက မဟုတ်ပါဘူး၊ ဘာတွေ လျှောက်ပြောနေတာလဲ"

"သိဘူးလေ… ရှင်ဘယ်သူလဲဆိုတော့ ပြည့်စုံအောင် ပညာအရည်အချင်း၊ အလုပ်အကိုင်၊ အဘအမည်ကအစ ပြောမိတာပါ။ ကြိုက်ရင်လည်း ပြောပြီးတာတွေ ပြန်ပေးပါ၊ လိုအပ်တာတော့ မှတ်ထားလိုက်ပေါ့… ကျွန်တော့်နာမည် ကျော်ကျော် မှတ်မှုနော်… မြတ်ဝဏ္ဏ"

ရွှင်လွန်းသော သူ့စကားများ၊ သူ့အပြုံးများနှင့်အတူ ကျွန်မပါ လိုက်နောပြုံးလိုက်မိပါသည်။ သူသည် သူစိမ်းသွေးမစပ်သူလည်း မဟုတ်၊ ကျွန်မနှင့် ဆွေမျိုးအရင်းကြီး မောင်နှမနှစ်ဝမ်းကွဲ။

"ကျွန်မနာမည် စုနန္ဒာ… မေမေက စုမြတ်သန္တာ၊ ဘိုးဘိုးက ဦးကောင်းမြတ်"

ကျွန်မစိတ်မှာ ရင်းနှီးစိတ်ဝင်သွားပြီမို့ သူ့လိုပင် ဟာသသဘော



www.burmeseclassic.com

www.burmeseclassic.com



နောရှ် ပြောလိုက်မိသည်။

"အို…ဟိုး… မောင်နှမချင်းပဲ၊ ဝမ်းသာလိုက်တာ စုနန္ဒာရယ်၊ ဘယ်က ဘယ်ကနေပြီး ခုမှပေါ်လာရတာလဲ၊ ကိုယ့်မှာ ဒီလောက်လှတဲ့ နှမလေးတစ်ယောက်ရှိနေပါတယ်လို့ စောစောတည်းက မကြားရပါလား"

သူ့ဟန်ပန်က မြူးကြွသည်၊ သူ့အသံက လှိုက်လှဲသည်၊ ဟန်ဆောင်ခြင်း၊ မာနထောင်လွှားခြင်း ကင်းပုံရသည်၊ ကျွန်မ ရောက်ရှိလာခြင်းအတွက် မလိုတမာရှိပုံမရ၊ သူ့နှုတ်ဆက်ကြိုဆိုမှုက အမှန်ပင် အားတက်စရာကောင်းလှပါချေသည်။

"အစ်ကိုမြတ်ဝဏ္ဏက စုနန္ဒာရောက်လာတာကို တကယ်ပဲ ဝမ်းသာရဲ့လားရှင်"

"ဟ…ဘယ်လိုပြောလိုက်ပါလိမ့်၊ ဒီလောက် ချောမောလှပတဲ့ ညီမလေးတစ်ယောက် ရှိနေမှန်းသာသိရရင် ပြေးခေါ်တာ ကြာလှပြီပေါ့။ ဘယ့်နှယ့်ဗျာ အလာတောင် နောက်ကျနေသေးတယ်။ ဪ… သိပြီ၊ ဒေါ်စုမြတ်သန္တာဆိုတာက ဒီအိမ်ကြီးနဲ့ ဒီမိသားစုကို စိတ်နာနေတယ်လို့ ကြားဖူးတယ်။ ဒါကြောင့် ငါ့ညီမနာမည်မှာ 'မြတ်' မပါ တာပဲ။ အခု စုနန္ဒာမေမေရောပါလားဟင်… လာလည်တာလား ဪ… အဘိုးလေး အသုဘကို လာတာပေါ့နော်"

"မေမေလည်း မပါဘူး… ဘိုးဘိုးအသုဘကို လာတာ လည်း မဟုတ်ပါဘူး အစ်ကိုမြတ်ဝဏ္ဏ…၊ စုနန္ဒာဖာသာ လာရင်းနဲ့ ဒီကျတော့… ဒီကျတော့…"





ကျွန်မ စကားမဆက်နိုင်၊ မျက်ရည်များ ဝဲတက်လာသည်။ မြတ်ဝဏ္ဏ၏ လှိုက်လှဲသော ကြိုဆိုမှုကြောင့် ကျွန်မ အားတက်လာသည်။ တိုင်တန်း တိုင်တည်လိုသော အားကိုးစိတ်များလည်း ဖြစ်ထွန်းလာမိတော့သည်။ သွေးဆိုသောစိတ်ဖြင့်လည်း မြင်မြင်ချင်း ရင်းနှီးခင်မင်လိုလှပါသည်။ သူ့ဘက်ကလည်း လှိုက်လှဲစွာ ကြိုဆို၍ ဖြစ်ပါ၏။

"ဒီကျတော့ ဘာဖြစ်လဲဟင်… ညီမလေး စုနန္ဒာ"

"ညီမလေး" ဟူ၍ တစ်သက်တာတွင် ပထမဆုံးအကြိမ် အခေါ် ခံရပါ၍ စိတ်၌လည်း အလိုလို ဝမ်းနည်းလာမိသည်။ ဝဲလာသော မျက်ရည်များက လိမ့်ကျလာရင်း…

"ဒီကျတော့လေ… စုနန္ဒာကို ဘယ်သူကမှ မလိုလားကြဘူး၊ အမွေတောင်းရအောင် ရောက်လာသူရယ်လို့ ထင်ကြတယ်၊ စွပ်စွဲကြ တယ်၊ ပြန်နှင်လွှတ်ကြတယ်"

"ဟင်… ဘယ်သူကလဲ"

"စုနန္ဒာ ပြောပါရစေဦး၊ တကယ်တော့…တကယ်တော့ ဒါတွေကို မျှော်ကိုးလို့ စုနန္ဒာ လာတာမဟုတ်ရပါဘူး အစ်ကိုမြတ်ဝဏ္ဏ ရယ်၊ စုနန္ဒာ ကျိန်ပြီးပြောရဲပါတယ်။ ဘိုးဘိုးကလည်း စာရေးမှာတယ်၊ ပြီးတော့… ပြီးတော့… စုနန္ဒာရဲ့ မေမေကလည်း နောက်အိမ်ထောင် ပြုလိုက်လို့ ပထွေးနဲ့ မနေချင်တာနဲ့ ဒီကို အားကိုးတကြီး ရောက်လာခဲ့ တာပါ၊ ဘိုးဘိုးဆုံးမှန်းလည်း ဒီရောက်တော့မှ သိရပါတယ်ရှင်"

"အို…ဖြစ်ရလေကွယ်၊ ညီမလေးကို နှင်လွှတ်တာ ဟို မန်နီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ လူတွင်ကျယ်ကောင်လား''

''မဟုတ်ဘူး… သူနဲ့ ဦးလေး ဦးအောင်ထူးမြတ်က, နေခိုင်းတယ်…၊ နှင်လွှတ်တာက ဒေါ်ခက်ခက်နဲ့ အစ်ကိုမြတ်ဝဏ္ဏရဲ့ဖေဖေ''

''ဟုတ်မယ်… အဲဒီနှစ်ယောက်က နှစ်မျိုး…၊ ဘဘဦးအောင်ထူးမြတ်က တစ်မျိုး…၊ ကိုပန်ဦးနဲ့ဆို… လေးယောက် လေးမျိုးပဲ စုန္ဒာရေ… မလွယ်ဘူး မလွယ်ဘူး''

''စုန္ဒာလည်း စိတ်ညစ်ပါတယ်၊ ကိုယ့်ကို မကျေနပ်မကြည်ဖြူမှန်း သိရက်နဲ့ နေနေရတာ, စားနေရတာ ဘယ်မှာမြို့ကျနိုင်ပါ့မလဲလို့ စဉ်းစားကြည့်ပါဦး''

''ဟုတ်တယ် ဒါမှန်တယ်၊ ဒီအိမ်မှာ စုန္ဒာ ဆက်လက်နေဖို့အတွက် ကြိုက်သူနဲ့ မကြိုက်သူတွေ မဲခွဲကြမယ်ဆိုရင် အစ်ကို့မဲကတော့ စုန္ဒာ နေရရေးအတွက် သေချာပြီလို့သာမှတ်၊ အိမ်တွင်းတိုက်ပွဲလေးတွေမှာလည်း အစ်ကိုဟာ စုန္ဒာရဲ့ရှေ့က ရပ်ပေးမယ်… စိတ်ချ''

''ကျေးဇူးပါပဲအစ်ကို… အစ်ကိုမြတ်ဝဏ္ဏနဲ့ တွေ့ရတာ စုန္ဒာ တကယ်ပဲ အားတက်ဝမ်းသာမိပါတယ်ရှင်''

''ကောင်းပြီ တို့မောင်နှမချင်း ပိ(စ)ဖြစ်ပြီ၊ အိမ်ထဲသွားကြမယ်လေ၊ ဇေ…ပဲ''

ကိုမြတ်ဝဏ္ဏက နောက်ဆုံးပေါ် ငြိမ်းချမ်းရေးစကားလုံးများ သုံးပြီး ကျွန်မလက်ကိုဆွဲလျက် အိမ်တွင်းသို့ ဝင်ခဲ့ကြတော့သည်။ ကျွန်မလည်း ရဲတင်းဝံ့ရဲစွာဖြင့် သူ့နောက်မှ လိုက်လာခဲ့တော့သည်။ မောင်နှမချင်း သွေးသားရင်းပင်မဟုတ်ပါလားရှင်။

ကျွန်မတို့နှစ်ယောက် ဝင်လာသည်နှင့် ကုလားထိုင်ပေါ်မှ အမျိုးသားတစ်ယောက်က မျက်လုံးပြူးကြည့်ပြီး လှစ်ခနဲ ထဝင်ပြေးမည်ဟန်ပြင်သည်နှင့် ကိုမြတ်ဝဏ္ဏက…

''ဟေး…မြတ်စိုး…အာ အဲ…ကိုစံရိပ်ငြိမ်ခင်ဗျာ၊ ဟောဒီက နှမတော်လေး စုန္ဒာနဲ့ ဆုံမိကြပြီးပါပြီလား''

''နှမတော်စုန္ဒာ''

ကိုမြတ်စိုးအမည်ခံ ကိုစံရိပ်ငြိမ်က ကျွန်မကို တည့်တည့်ကြည့်ပြီး ဆိုလိုက်သည်။ ကိုမြတ်ဝဏ္ဏက ပြုံးစစ မျက်နှာထားနှင့်…

''ဘုရားလို့ ထူးလိုက်လေ စုန္ဒာ… အစ်ကိုကော်ဖုရားခေါ်တော် မူနေတယ်ကွဲ့''

''အို… ဘာတွေမှန်းလည်း မသိဘူး''

ကိုမြတ်ဝဏ္ဏက ဓာတ်မင်းသားလေသံနှင့် ပြောလိုက်ပါ၍ ကျွန်မမှာ စိတ်နောက်နောက်နှင့် ပြောလိုက်ရပါသည်။ ကိုစံရိပ်ငြိမ်၏ ''နှမတော် စုန္ဒာ''ဟု ခေါ်သော လေသံမှာ သူ့လို နှန်းဟန် မပါ ,ပါ၊ ခပ်တည်တည် ကြောင်စီစီမျက်လုံးများဖြင့်သာ ပြောလိုက်ခြင်းဖြစ်ပါသည်။ ကိုမြတ်ဝဏ္ဏသည် အရာရာကို ဟာသဘက်မှ မြင်နေတတ်သည့် လူငယ်တစ်ဦးဖြစ်လေသည်။

''စုန္ဒာကရော ဦးလှထူးမြတ်တို့ရဲ့ မိသားစုကနေပြီး ရောက်လာတာပဲလား…ကိုပန်ဦး ရောက်လာပုံမျိုးလားဟင်''

ကိုစံရိပ်ငြိမ် သို့မဟုတ် ကိုမြတ်စိုးသည် ကျွန်မထက် အသက်အနည်းငယ် ကြီးမည်ဖြစ်သော ကိုမြတ်ဝဏ္ဏနှင့် အရွယ်ချင်း မတိမ်း





www.burmeseclassic.com

www.burmeseclassic.com



မယိမ်းလောက် ရှိချေမည်။ သို့ပါသော်လည်း ကိုမြတ်ဝဏ္ဏလို အစဉ် ရွှင်၊ သော၊ စရာများကိုသာ တွေးနေသူမဟုတ်၊ ထာဝရ စိတ် ညစ်ညူး စရာများကိုသာ တွေးနေတတ်မည့် သောကရှင်တို့၏ သရုပ်မျိုးပင်

အရပ်အနည်းငယ်ပု၍ ကိုယ်ခန္ဓာက တုတ်ခိုင်သော်လည်း အင်အားရှိပုံမရ၊ ဖြူဖျော့နေပေသည်။ မျက်နှာဝိုင်းဝိုင်းဖြစ်ပြီး ဝမ်းနည်း အားငယ်သော ပုံစံ၊ စိတ်ကူးယဉ်သော အသွင်မျိုးကို ထာဝရဆောင်နေ ပေသည်။ သူ့အဖြေကို ကျွန်မက ဖြေသင့်သည်လား၊ ကိုမြတ်ဝဏ္ဏက ဖြေလေမည်လား မသိပါသဖြင့် ကျွန်မက ရုတ်တရက် မဖြေမိ…

"မေးနေတယ်လေ… ကိုပန်ဦးနဲ့ တစ်ဖွဲ့တည်းကလားလို့"

ကိုမြတ်စိုး သို့မဟုတ် ကိုစံရိပ်ငြိမ်က အမေးကိုဆင့်သည်…

"ဖြေလိုက် စုနန္ဒာ… သူက ဆရာတော်ကိုပန်ဦးနဲ့မကြည်ဘူး"

ကိုမြတ်ဝဏ္ဏက ဝင်ထောက်သည်။ ကျွန်မက…

"မဟုတ်ပါဘူး… စုနန္ဒာနဲ့ ကိုပန်ဦးက တခြားစီပါ၊ တစ်လမ်း စီက လာကြတာပါ"

"အင်း– သူ့ကို သတိထား သူ့ကိုသတိထား"

ကိုစံရိပ်ငြိမ်က ဆရာကြီးလေသံနှင့် ခေါင်းတညိတ်ညိတ် ပြောရင်း အတွင်းခန်းသို့ ဝင်သွားလေပြီးမှ၊ တစ်စုံတစ်ခုကို သတိ ရလေဟန်ဖြင့် ပြန်လှည့်လာပြီး…

"နာမည်က စုနန္ဒာ နော်"

"ဟုတ်ပါတယ်"

"ထိပ်စုမြတ်ဆိုတာကို သိသလား"





သူ့ အမေးကြောင့် ကျွန်မ ကြောင်သွားရသည်။ ကျွန်မ၏ အခက်အခဲကို ကိုမြတ်ဝဏ္ဏက ဖြေရှင်းပေးသည်…။

"သိနိုင်မလား မြတ်စိုးရာ… ထိပ်စုမြတ်ဆိုတာက ဘိုးဘိုး ဦးဆောင်းမြတ်တို့ ဦးကောင်းမြတ်တို့ရဲ့ ညီမ၊ တို့နဲ့ဆို အဘွားလေး တော်မှာ စုနန္ဒာ မမွေးခင်တည်းက အဲဒီ ထိပ်စုမြတ်ဆိုဟာ သေပြီပဲ"

"အေး ဟုတ်တယ်… စုနန္ဒာ မမွေးခင်တည်းက သေလို့သာ စုနန္ဒာ ဖြစ်လာတာပေါ့"

"ဘာရယ်"

"ဘုရားအစ်မ မယ်ရွှေမှိုင်ရဲ့ ကျိန်စာမသင့်ဘူး၊ ထိပ်စုမြတ်ရဲ့ ဝိဉာဉ်ဟာ ဒီစံအိမ်ကြီးမှာ စောင့်မနေရဘူး ကျွတ်သွားပြီ၊ ဒါကြောင့် သူ့ဘဝကိုပြန်စပြီး စုနန္ဒာ ဖြစ်လာတာ ဖြစ်ရမယ်"

"ဘာလဲမင်းက စုနန္ဒာဟာ ထိပ်စုမြတ် ဝင်စားတယ်လို့ ထင်လို့လား"

ကိုမြတ်ဝဏ္ဏ ရှင်းမှပင် ကိုစံရိပ်ငြိမ်၏ဆိုလိုရင်းကို ကျွန်မ သဘောပေါက်ရတော့သည်။

"ထင်တာမဟုတ်ဘူး၊ ဟုတ်ကိုဟုတ်တယ်"

"ဟာ–ဒါဖြင့် စုနန္ဒာဟာ တို့အဘွားလေးပဲ… ဒီလိုမှန်း စောစော သာ ငါသိရင် တို့အဘွားလေးကို ကန်တော့ဖို့ ကွမ်းဆေးလက်ဖက် အလေး ဝယ်ခဲ့ပါရဲ့ကွာ မြတ်စိုးရာ"

သူ့စကားက ရယ်ရွှင်ဖွယ်ရာ ဖြစ်ပါသော်လည်း ကိုမြတ်ဝဏ္ဏ က မျက်နှာတည်တည်နှင့် နောက်နေသည်…။



www.burmeseclassic.com

www.burmeseclassic.com



"အေး-မင်းတို့ခက်တယ်၊ တစ်လောင်းပြီးတစ်လောင်း သေနေ တာလည်း ခုထိ မယုံကြသေးဘူး။ ဒီမှာ စုန္နာ… အစ်ကို့ရဲ့ ပန်းချီခန်း ထဲကို တစ်နေ့လောက် လာလည်ဖို့ ဖိတ်ပါတယ်။ အဲဒီတော့မှ အစ်ကို့ စကားကို ကန့်ဖိုးထားလာမယ်၊ ဘာဖြစ်လို့လဲဆိုတော့ စုန္နာနဲ့ တထေ ရာတည်းတူတဲ့ ထိပ်စုမြတ်ရဲ့ ပုံတူပန်းချီကားချပ်ကြီး ရှိနေလို့ပါပဲ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ စုန္နာ လာနိုင်အောင် ကြိုးစားပါ့မယ်"

သူက ခေါင်းကို ခပ်ဆတ်ဆတ် ငြိမ့်လိုက်ပြီးမှ ခပ်သွက်သွက် ထွက်သွားတော့သည်။ တစ်အိမ်တည်းနေသူချင်း ဖိတ်သူနှင့် ဖြေသူတို့၏ စကားကို ကိုမြတ်ဝဏ္ဏက သဘောကျဟန်ဖြင့် ရယ်နေ သည်။

"ဒီကောင် ဂယောင် စုန္နာရဲ့"

"အင်း… တစ်မျိုးပဲနော်"

"သူတစ်ယောက်တည်းပဲ ဘိုးစဉ်ဘောင်ဆက်က အစွဲတွေကို ယုံကြည်နေတယ်။ ပြီးတော့ သူ့ပန်းချီခန်းကိုလည်း အစ်ကိုတောင် တစ်ခါမှ ဝင်ကြည့်ခွင့်မရဘူး၊ စုန္နာကျမှ ဖိတ်တာ ဂုဏ်ယူစရာပါပဲ"

"အို… အစ်ကိုမြတ်ဝဏ္ဏကလည်း…"

ကိုမြတ်ဝဏ္ဏက ရယ်မောရင်း ခင်းထားသော ကုလားထိုင်ခုံ ပေါ်သို့ ထိုင်ချလိုက်ပြီး ကျွန်မကိုပါ ထိုင်ပါရန် ညွှန်ကြားသည်။ ကျွန်မက ကိုမြတ်ဝဏ္ဏကိုကြည့်ပြီး…

"သူ့ကို ကိုမြတ်စိုးပဲ ခေါ်ရမလား၊ ကိုစံရိပ်ငြိမ်လို့ပဲ ခေါ်ရ မလားပဲ၊ သူဟာ သာမန်ထက်. ထူးခြားနေတာတော့ အမှန်ပဲ တစ်မျိုးပဲလေ၊ စုန္နာ စိတ်ထဲမှာ ထင်နေရင် ဖြစ်-ဖြစ်လာတတ်တယ်"





"စုန္နာဟာ ဘာကိုထင်နေလို့လဲ"

"ကိုစံရိပ်ငြိမ်ဟာ ဒီအိမ်နဲ့ ပတ်သက်တဲ့ ကိစ္စတွေကို သိနေပုံ ရတယ်၊ မပြောချင်လို့သာ နှုတ်ပိတ်ရေငုံပြီး အခန်းအောင်းနေတာ ဖြစ်ရမယ်။ တကယ်တော့ သူဟာ အားလုံးကို သိနေသလိုပဲ။ သူ့ မျက်လုံး ကြည့်ပုံက တစ်မျိုးကြီးပဲ"

"စုန္နာ သူ့ကိုသွားပြီး အင်္ဂဝိဇ္ဇာ လုပ်မနေလေနဲ့၊ သူက ရာစု နှစ်များနေတဲ့လူ၊ နှစ်ဆယ်ရာစုနှစ် လူသား မဟုတ်ဘူး၊ အိပ်တင်း(န) ခန်ကျူရီက မွေးဖွားထားပြီး ကျောက်ဖြစ်ရုပ်ကြွင်းကို အခုမှ အသက် သွင်းထားသလားပဲ၊ အတွေးအခေါ်တွေက ရာစုနှစ် နှစ်ခုလောက်ကို နောက်ကျနေတယ်… အစ်ကို့ထက် တစ်နှစ်ပြည့်အောင် မကြီးတဲ့ ငယ်တူဖြစ်ပေမယ့် ပေါင်းမရဘူး စုန္နာ သူနဲ့ အရောမဝင်နဲ့"

ကိုမြတ်ဝဏ္ဏ၏စကားက ကိုမြတ်စိုးကို လူရာမသွင်းသည့် ပုံစံမျိုး ဖြစ်လေသည်။ ကျွန်မနှင့်လည်း မရောနှောစေချင်။ ကိုမြတ်စိုးကို သူ၏ သီးသန့်ကမ္ဘာလေးတွင်းခွဲသော စွန့်ပစ်ထားချင်ပုံရသည်။ ဤနှစ်ဆယ်ရာစုနှစ်တွင် သုံး၍မရတော့ဟူ၍ ကိုမြတ်ဝဏ္ဏက တထစ် ချ ယူဆထားပုံရပေသည်။

ကျွန်မကမူ ဤသို့မထင်ပါ၊ ကိုမြတ်စိုး အမည်ခံ ကိုစံရိပ်ငြိမ်၏ နောက်ကွယ်တွင် သိုသိပ်လျှို့ဝှက်ထားသည့် အရာများစွာ ရှိနေသည် ဟု ထင်မိသည်၊ ဤအိမ်သားများ မသိသေးသည့် အရာကို သူက သိရှိနေလေဟန်က အားငယ်သော မျက်ဝန်းအကြားမှပင် မြင်နေရ



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်ဟူ၍၊ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကျွန်မစိတ်တွင် ထင်နေမိသည်က အမှန်ပင် ...။

ထိုစဉ်၌ အခန်းဝ ခပ်လှမ်းလှမ်းမှ ဦးမြတ်ထွန်း ပေါ်လာပြီး...

"ဟဲ့ ... သား အဝတ်ရေစိုလာတယ်မှတ်လား လဲဦးလေ"

"ရပါတယ် ဖေဖေ ... တော်ကြာ ရေချိုးပြီးမှပဲ လဲတော့မယ်... မြတ်သီပါရော"

"ရှိတယ် ... မင်း မနေ့ကတည်းက ပြန်လာဖို့ကောင်းတယ်"

"ဆောရီးပဲဖေဖေ၊ ကျွန်တော် အသုဘချတာကိုမီအောင် ပြန်လာဖို့ပါပဲ၊ ဟို ... ဆီပုံးကို ဝယ်မရသေးတာနဲ့ စောင့်နေရလို့ပါ၊ အိမ်သုံးပစ္စည်းဈေးတွေကလည်း အားလုံး တက်တာပဲ"

"မြို့သစ်မှာ ကုန်စုံဆိုင်တွေပြည့်လို့ပါ ငါ့သားရာ၊ ဆီဝယ်မရဘူး ဆိုတာတော့ မဟုတ်နိုင်ပါဘူး၊ မင်းမြို့မှာ တစ်ညနေချင် ပွဲချင်သေးလို့မှတ်လား"

"ဟဲ ... ဟဲ"

ဦးမြတ်ထွန်း၏ စကားကြောင့် အလိမ်ပေါ်သွားသည့်ဟန်ဖြင့် ကိုမြတ်ဝဏ္ဏက ရယ်သည်။ ဦးမြတ်ထွန်းကပင် ...

"ဘာပဲဖြစ်ဖြစ်၊ ဦးလေးအလောင်း မြေကျတဲ့နေ့မှာ မင်းဟာ ဒီအိမ်မှာ ရှိနေဖို့ကိုကောင်းတယ်။ လိုက်မပို့ဖြစ်တောင် အိမ်မှာ ရှိနေသင့်တာပေါ့။ အခုအိမ်မှာ ကျန်နေတာက မင်းဘကြီးနဲ့ ဟောဒီ သူငယ်မ ... သူတို့ချင်း ဘာတွေပြောလည်ကြတယ်တော့ မသိဘူး၊ သူတို့နှစ်ယောက်ပဲ ကျန်ခဲ့တာပဲ၊ သူက ဦးလေးကောင်းမြတ်ရဲ့ မြေးပါ ဆိုပြီး ရောက်လာသူပဲ။ ကဲ ... သား သွား ဟိုမှာ မင်းကြီးကြီးခက်နဲ့ တုန်ဂယ်လာတဲ့ စာရင်းတွေ သွားရှင်းချည်ဦး"





"အဘိုးကြီး-သိပ်မကြည်ဘူး သွားလိုက်ဦးမယ်"

ကိုမြတ်ဝဏ္ဏက ကျွန်မ နားနားကပ်၍ လေသံတိုးဖြင့် ပြောလိုက်ပြီးမှ အတွင်းသို့ နှစ်ချက်မျှခုန်လျက် ဝင်သွားတော့သည်။ ကိုမြတ်ဝဏ္ဏ ကြည့်ရသည်မှာ ဤအိမ်ကို ရက်မလည်သေးသော အသုဘအိမ်ဟုပင် သူထင်ပုံမရပေ။ "သောကဆိုတာ ဂျုံနဲ့လား" ဟူသော မေးခွန်းမျိုးကို မေးယူရမည့်လူစားမျိုး ဖြစ်ပေသည်။

ကိုမြတ်ဝဏ္ဏ ဝင်သွားပြီးသည့်တိုင် ဦးမြတ်ထွန်းက ကျွန်မကို စူးစိုက်ကြည့်နေဆဲပင်။ သူ့မျက်ဝန်းတွင်း၌ ကျွန်မကို ချက်မှန်းကျိုးသည့်အသွင်များ ပေါ်လွင်လျက်ရှိရုံမျှမက သူ့သားမြတ်ဝဏ္ဏနှင့် ပြေပြေလည်လည် စကားပြောနေမိသည်ကိုလည်း လုံးဝလိုလားခြင်း ရှိဟန်မတွေ့ပါပေ။ သူ့သားကို အပြစ်တင်လိုခြင်းမရှိ။ ကျွန်မက လည်ပတ်ချွန်းစွာဖြင့် သူ့သားကို မိတ်ဆွေဖွဲ့ပေးသည်ဟုသာ ကျွန်မပေါ်သို့ လုံးဝ အပြစ်ပုံချလိုဟန်ရှိပေသည်။

"ယောက်ျားကြီးတန်မဲ့နဲ့ မိန်းမလိုမိန်းမရ မျက်နှာထားမျိုးနဲ့ ဦးမြတ်ထွန်း ... အင်မတန်ကောက်ကျစ်စဉ်းလဲမယ့် ပုံစံမျိုးပဲ။ ငါ ယောမ ဦးဆုံး သာတီထားရမှာ သူ့ကိုပဲ ... အဲဒီ ဦးမြတ်ထွန်းကိုပဲ"

ကျွန်မအတွေးများ ဆုံးသည့်တိုင် သူက ကျွန်မကို စိမ်းစိမ်းကြီး ကြည့်နေဆဲပါပင်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၇ ။

''ကိုပန်ဦးဆီမှာ အခွင့်အရေးတစ်ခု တောင်းဆိုပါရစေ''

''ပြောလေ''

''ဒီညမှာ ပပငယ်ကို စုန္ဒာနဲ့ ခေါ်သိပ်ပါရစေလို့''

''ဘာဖြစ်လို့လဲ''

''စုန္ဒာရောက်နေတာ ငါးညရှိပါပြီ ညတိုင်း ပပငယ်ရဲ့ ငိုရှိုက်သံလေးကို ကြားနေရတာ စိတ်မချမ်းသာလွန်းလို့ပါရှင်''

ကိုပန်ဦးက ကျွန်မ၏မျက်နှာကို စူးစိုက်ကြည့်သည်။ ပပငယ်နှင့်ပတ်သက်၍ ကျွန်မ၏ အတွင်းသဘောမှန်ကို ကျွန်မ၏ မျက်နှာမှတစ်ဆင့်သူအကဲခတ်လိုဟန် ရှိနေပေသည်။

''စုန္ဒာက အပျိုရွယ်လေးပဲ၊ ကလေးတစ်ယောက်ရဲ့ ညတာဝန်ကို ဘာလို့ ယူချင်ရတာလဲ''

''ပပငယ်ဟာ သိပ်ငယ်ပါသေးတယ်၊ ခုနစ်နှစ်၊ ရှစ်နှစ်ရွယ်





ဆိုတာ မိခင်ရင်ခွင်မှာကပ်ပြီး အိပ်နေရမယ့် အရွယ်လေးပါ၊ ခုတော့ ရှင်… ကလေးတစ်ယောက်တည်း အခန်းကြီးတစ်ခုထဲမှာ အိပ်ရတော့ သိပ်ပြီး ကြောက်ရှာမှာပေါ့၊ ပြီးတော့ ခုတလော မိုးတွေကလည်း သိပ်ပြီး ရွာတာပဲ၊ ကလေးမပြောနဲ့ ကျွန်မတောင် ကြောက်တယ်''

''စုန္ဒာအတွက် အဖော် မခင်နု ထားပေးသားပဲ''

''ဟုတ်ပါတယ်… အဲဒီ မခင်နုကို ကျွန်မနဲ့ မအိပ်နိုင်းပါနဲ့… ရပါတယ်၊ ပပငယ်ကိုသာ ကျွန်မနဲ့ အိပ်ခွင့်ပေးပါ''

''ပပငယ်ရဲ့ ညတာဝန်တွေကို စုန္ဒာ ယူနိုင်တယ်ပေါ့''

''ဟုတ်ကဲ့ရှင့်…ယူနိုင်ပါတယ်၊ စုန္ဒာနဲ့ မေမေဟာ နေ့ကလေးသိန်း ရင်ခွင်ပိုက်ကျောင်း ဖွင့်ထားပါတယ်၊ ကလေးလေးတွေဟာ အင်မတန်မှ အပြစ်ကင်းစင်ကြပါတယ်။ ကျွန်မကလေးတွေနဲ့ နေရတာကို သိပ်ပြီး နှစ်ခြိုက်ပါတယ်''

''ကလေးချစ်တတ်တယ်ဆိုတာ နူးညံ့ကြင်နာတတ်တဲ့သဘောကို ပြတာပါပဲ။ ကောင်းပြီလေ… ဒီည စုန္ဒာနဲ့ ပပငယ်ကို သိပ်ဖို့ ခေါ်လေးခက်ကို ပြောလိုက်မယ်''

''ဟာ… ကျေးဇူးတင်လိုက်တာ… ဝမ်းသာလိုက်တာ ကိုပန်ဦးရယ်… တကယ်ပါပဲ''

''ကောင်းပြီလေ…ဒါပဲမှတ်လား''

ကိုပန်ဦး၏ ဒါပဲမှတ်လားသည် ကိစ္စပြီးရင်ပြန်တော့ ဟူသောအဓိပ္ပါယ်ဖြစ်ပါ၍ ကျွန်မ လှည့်ပြန်ရန်သာ ရှိပါသည်။ သို့ပါသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

သူက ကျောခိုင်းအနေအထားနှင့် ဖြစ်ပါ၍ ကျွန်မ ရုတ်တရက် အခန်းဝမှ မခွာသေးပါဘဲ ခေတ္တမျှ ငေးကြည့်နေလိုက်မိသည်။

ကိုပန်ဦးရှိနေသည့်အခန်းက စာကြည့်ခန်း ဖြစ်ပေသည်။ ဖုံအလိမ်းလိမ်းရှိနေသော စာအုပ်စင်ကြီးများက ဟည်းနေအောင်ရှိသည်။ ယင်းအတွင်းမှ စာအုပ်သုံးလေးအုပ်ကို စားပွဲပေါ်တွင် ဖြန့်ဖွင့်လျက် ရေးလိုက်မှတ်လိုက်လုပ်နေသော ကိုပန်ဦး။

သူသည် တစ်ချိန်မှ အနားယူနေသည့် ပုံစံမျိုးကို မမြင်ရ၊ ထာဝရ အလုပ်လုပ်လျက်၊ လှုပ်ရှားနေလျက်ပင်။ အိမ်နောက်ဖေး ချက်ရေးပြုတ်ရေးကိစ္စမှအစ ဘုရားခန်း ပန်းအိုး ပြင်ဆင်သည်အထိ သူပါသည်။ တစ်အိမ်လုံး သူ့အလုပ်ချည်းသာ။ ဦးမြတ်ထွန်း ဒေါ်ခက်ခက်၊ ဦးအောင်ထူးမြတ် စသော လူကြီးပိုင်းကလည်း ကိုပန်ဦးကို ဆရာတင်၍ ကြည်ညိုချင်ကြသည် မဟုတ်ကြောင်း ကျွန်မ သိရမြင်ရပါသည်။ ကိုပန်ဦးဆိုသောသူကို ယင်းအုပ်စုကြီးတစ်ခုလုံးက အဘယ့်ကြောင့်များ မတွန်းလှန်ဝံ့ကြပါသနည်း။

“ဟိတ်… ဘာလုပ်နေတာလဲ”

“အမယ်လေး”

ကျွန်မငေး၍ တွေးနေစဉ် ကိုပန်ဦးက ရုတ်တရက်လှည့်လိုက်ပြီး အသံမြှင့်၍ “ဟိတ်” လိုက်သဖြင့် ကျွန်မလန့်ဖြန့်ပြီး အော်လိုက်မိသည်။ ကျွန်မအခန်းဝမှ အမြန်ဆုံးပဲ ခွာထွက်ပြေးလာခဲ့ရပါသည်။ ရင်မှာ လှုပ်လှုပ်ခုန်နေဆဲ။

ကျွန်မမှာ လှေခါးဆီသို့ အရောက်ပြေးလာခဲ့ပါသည်။ လှေခါး





ထိပ် ရောက်သည်မှ ခြေလှမ်းတုန့်ရသည်။ အောက်သို့ ဆင်းပြန်လျှင်လည်း ဒေါ်ခက်ခက်နှင့် ဦးမြတ်ထွန်းတို့၏ မလိုတမာ အကြည့်များကို မခံလိုပါ။ ဦးလေး ဦးအောင်ထူးမြတ်နှင့်မူ ပြေလည်၍ အပေးအယူတည့်ပါသော်လည်း သူတို့က မကြိုက်ပါ၍ ဦးအောင်ထူး ကိုယ်တိုင်ကပင် သူမကိုတွေ့လျှင် ရှောင်သွားရသည့် အဖြစ်မျိုးကို မြင်ရသည်။ ဒုက္ခိတမို့ သူတို့ကို လွန်ဆန်ဝံ့ပုံမရပေ။ ကျွန်မ၏ အခန်းတွင်းသို့လည်း ပြန်မနေချင်၊ အလင်းရောင်က လုံလောက်စွာ မရပါ၍ ကျွန်မ ခေါင်းနောက်သည်။ အောက်သို့လည်း ဆင်းရခက်သဖြင့် ဘာလုပ်ရမည်မှန်း မသိပါဘဲနှင့် လှေခါးထိပ်တွင် ရပ်နေမိခိုက်…

“စုနန္ဒာ”

ခေါ်သံကြောင့် ကျွန်မ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ လှေခါးထိပ်ဝနှင့် တည့်တည့်ရှိသော သူ့အခန်းထိပ်မှ ထွက်၍ ခေါ်နေသည့် ကိုမြတ်စိုး… သို့မဟုတ် ကိုစံရိပ်ငြိမ်…။

“စုနန္ဒာ… အောက်ဆင်းမလို့လား”

“မဟုတ်ပါဘူး”

“ဒါဖြင့် ကျွန်တော့်ပန်းချီခန်းကို ခဏလာကြည့်ဖို့ ဖိတ်ခေါ်ပါတယ်”

ကိုမြတ်စိုး၏ အမူအရာကို ကျွန်မ ရယ်ချင်သည်။ သူက ရှေးဂျပန်များ နှုတ်ဆက်နည်းအတိုင်း ခါးကိုကိုင်းညွတ်လျက် အရိုအသေပြုပြီး နှုတ်ဆက်သည်။ လက်ကိုလည်း ဆန့်တန်း၍ လက်ဝါးဖြန့်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာပါ…အခိက ပြချင်တာက ထိပ်စုမြတ်ရဲ့ ပန်းချီကားပဲ၊ စုနန္ဒာနဲ့ ဘယ်လောက်တူသလဲဆိုတာ လာကြည့်လှည့်ပါ"

ကျွန်မနှင့်တူသော ထိပ်စုမြတ် ဆိုပါ၍ စိတ်ဝင်စားသွားမိသည်။

ကျွန်မ အလွယ်တကူပင် လေ့ခါးဝမှခွာ၍ ကိုမြတ်စိုးရှိရာသို့ လာခဲ့မိသည်။ သူ့အခန်းတံခါးကို ဟ,ရုံလေး ဖွင့်ထားသည်။ ကျွန်မ အနားရောက်သည်နှင့် ကိုယ်တစ်ခြမ်းစောင်း၍ ဝင်သာရုံလေး တံခါးချပ်ကို လက်နှင့်ကိုင်ပြီး ဟ,ပေးသည်။ ကျွန်မက ကျပ်ကျပ်တည်းတည်းပင် ကိုယ်ကို စောင်းဝင်ပိုက်မိသည်။ ကျွန်မ သူ့အခန်းတွင်းသို့ လုံးလုံးလျားလျား ရောက်ပြီးသည်နှင့် သူကလည်း တစောင်းလေး လှစ်ခနဲဝင်လာပြီး တံခါးကို ဂျိုင်းခနဲ ပိတ်လိုက်ပြီး အပေါ်ဂျက်ကို ထိုးလိုက်သည်။ အတွင်းသော့ခတ်သော သံမောင်းကန့်လန့်ကြီးကိုပါ ထိုးပိတ်လိုက်ပါ၍ ကျွန်မရင်မှာ ထိတ်ခနဲ ဖြစ်သွားမိပြီး…

"အမလေး… သူခေါ်တာနဲ့ အလွယ်တကူ ဝင်လာမိတာ ငါတော့မှားပြီ မှားပြီ၊ တံခါးပိတ်ပြီး ဘာများလုပ်မလို့ပါလိမ့်"

ကြောက်စိတ်များ လွှမ်းဝေတက်လာပါသော ကျွန်မမှာ မူမပျက်အောင် မနည်းထိန်း၍ ဟန်လုပ်နေရပါသည်။ အကယ်၍ တစ်စုံတစ်ရာ အန္တရာယ်နှင့် ကြုံလာပါလျှင် ကိုယ်ခန္ဓာအတွက် လက်နက်ကို ကျွန်မရှာဖွေလိုသည်နှင့် အခန်းတွင်းသို့ လှည့်ပတ်ကြည့်ရှုမိသည်။

"အမလေးလေး…သူ…သူအရူးပဲ"



ကျွန်မမှာ သတိလက်လွတ်မတတ် စိတ်တွင်းမှ ရွတ်ဖတ်လိုက်မိပါသည်။

အခန်းတွင်းရှိ ပန်းချီကားများက ချောက်ချားဘွယ်ရာအတိ ရှိလှပါဘိသည်။ သေအံ့မူးမူးအချိန်၌ ကြောက်ခမန်းလိလိ ခံစားရပုံကို သရုပ်ဖော်ထားသည့် ပန်းချီကားများကိုက မကြည့်ရဲစရာ အသည်းထိတ်ဘွယ်များချည်းသာ။

ယင်းအခန်းတွင်း၌ပင် သူ့အတွက် သီးသန့်အိမ်ရာ ကမ္ဘာယေလေးတစ်ခု တည်ဆောက်နေသည့်ပမာပင်။ ပြန့်ကြဲဖိတ်စင်နေသော စားစရာများက သိုးနံ့များထွက်နေသည်။ အဝတ်ရေစိုများ လှန်းထားပြီး ပြတင်းတံခါးများ ပိတ်ထားပါသဖြင့်လည်း သန့်စင်သော အောက်စီဂျင်ကို ကောင်းစွာ မရရှိ၊ လေနံ့က အောက်သိုးသိုး ညှီစို့စို့နှင့်…။

"အို အခန်းထောင့်မှာလည်း ကြောင်နက်ကြီးတစ်ကောင်၊ မျက်လုံးကလည်း ဝါထိန်လို့ ကြောက်စရာကြီး၊ ငါတံခါးဖွင့်ပြီး ထွက်ပြေးရကောင်းမလား၊ အော်ဟစ်ပြီး အကူညီတောင်းရ ကောင်းမလား"

ကျွန်မမှာ အတွေးစုံကို အလျင်စလိုတွေးလိုက်ပြီး ဘာလုပ်ရမည်မှန်းမသိခိုက်၊ ကိုမြတ်စိုးက ဖုံအလူးလူးရှိနေသော ပန်းချီကားချပ်တစ်ခုကို ပန်းချီကားထပ်ကြီးထဲမှ ဆွဲထုတ်၍ ဖုံများ သုတ်ခါနေသည်။ ကျွန်မမှာ ကြောက်၍စိတ်ဖြင့် မလှုပ်မယှက်ရှိနေမိရင်း ဘာလုပ်ရမှန်းမသိရှိနေမိခိုက်၊ သူက ကျောခိုင်းရာမှ ကျွန်မဘက် လှည့်လာပြီး…

"ကဲလာ ဒီမှာထိုင်…ဒီမှာကြည့်စမ်း စုနန္ဒာ"



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ရှုပ်ပွညစ်ပေနေသော ခုတင်ပေါ်တွင် သူလည်း ထိုင်သည်၊ ကျွန်မကိုလည်း ထိုင်စေသည်။

ကျွန်မက မရှိမရှဲဖြင့် သူနှင့်ခပ်ဝေးဝေးယှဉ်ပြီး ခုတင်စွန်းတွင် တင်ရုံလေးမှေးထိုင်၍ သူ့လက်မှ ပန်းချီကားကို လှမ်းကြည့်လိုက်မိပါသည်။

ဓာတ်ပုံရိုက်ဝါသနာပါသော ကျွန်မတွင် ဓာတ်ပုံပေါင်း စုံစုံလင်လင် ရှိပါသည်။ ယင်းဓာတ်ပုံများထဲမှ ပုံတစ်ခုကို ကြည့်နေသည်သို့ပင် စိတ်၌ ထင်လိုက်မိသည်။

"ဟုတ်သားပဲ… ထိပ်ရှမြတ်ဆိုတာငါနဲ့ တော်တော်တူပါလား"

ရွံ့ကြောက်စိတ်တို့ပင် မေ့ပျောက်ကာ စိတ်အာရုံက ပန်းချီကားတွင်းသို့ သက်ရောက်ကျဆင်းသွားမိသည်။

"ဆေးပျက်စပြုနေတဲ့ ထိပ်စုမြတ်ရဲ့ ဓာတ်ပုံဟောင်းလေး တစ်ခုရတယ်၊ ဒါကိုကြည့်ပြီး ဒီဆီဆေးပန်းချီကားကြီးကို တစ်နှစ်ကြာအောင် ဆွဲခဲ့ရတယ်စုနန္ဒာ"

"ဟင်… တစ်နှစ်တောင်ကြာတယ်"

"ဟုတ်တယ်… စိတ်ကြိုက် ခြယ်မှုန်းနေတာကိုး… ပြီးတော့ ကိုယ့်စိတ်မှာ မှော်လင့်ချက် တွေးထင်ချက်ရှိနေလို့လည်း ဒီပန်းချီကားကို ဆွဲနေမိတာပဲ"

"ဘယ်လိုမှော်လင့်ချက်မျိုး ရှိလို့လဲ"

"အဲဒီထိပ်စုမြတ်ဟာ တစ်ချိန်ချိန်မှာ တစ်နေရာရာက ပြန်ပေါ်လာလိမ့်မယ်လို့ပဲ"





သူက ယင်းစကားကို အောင်မြင်ဝံ့ကြွားဟန်နှင့်ပြောပြီး ပြုံးလိုက်သည်။ ယင်းအပြုံးကို ကိုမြတ်စိုးထံမှ ကျွန်မ ပထမဆုံး မြင်ရခြင်းဖြစ်ပေသည်။ တွက်ချက်သည်နှင့် ဒက်ထိမှန်ကန်သော ဗေဒင်ဆရာ၏ ဂုဏ်ယူဟန်မျိုးလို ဖြစ်သော်လည်း သူ့အပြုံးက ကြောက်ရွံ့စရာကောင်းနေပေသည်။ သူကပင် ဆက်လက်၍…

"ကဲ… အခုမဟုတ်ဘူးလား၊ ထိပ်စုမြတ်နေရာမှာ စုနန္ဒာဆိုပြီး အမည်အသစ် ကိုယ်အသစ်နဲ့ ကိုယ့်ဆီရောက်လာခဲ့ပြီလေ"

"ဒီ… ဒီ… အထဲက မှောင်နေလို့ ဒီပန်းချီကားကို စုနန္ဒာ အပြင်မှာ သေသေချာချာ သွားကြည့်ပါရစေလားရှင်"

ကျွန်မက ထွက်ပေါက်ရှာကြည့်မိသည်။ သူက မျက်နှာ တည်သွားရာက ခေါင်းကို သွက်သွက်ခါရမ်း၍…

"မဖြစ်ဘူး မဖြစ်ဘူး… ဒီဟာတွေကို အပြင်မှာ ယူထုတ်ကြည့်ခွင့် မရှိဘူး၊ အထူးသဖြင့် ကိုပန်ဦးဆိုတာက ပန်းချီလက်ရာတွေ ကောင်းလှပါချီရဲ့ဆိုပြီး အထဲဝင်ကြည့်မယ်လုပ်မှ ဒုက္ခ"

"ကြည့်လည်း ကြည့်ပေစေပေါ့… အစ်ကိုမြတ်စိုးရဲ့ လက်ရာတွေက သိပ်ကောင်းတာပဲဟာ"

"ဘာ… ဘယ်ဖြစ်မှာလဲ နေပါဦး ဘယ်လိုခေါ်လိုက်တယ်"

"အစ်ကိုမြတ်စိုးလို့"

"အေး ဒီနာမည်မခေါ်နဲ့ ငါမကြိုက်ဘူး…၊ ခြေကျိုးကြီး အောင်ထူးမြတ် ငါငယ်ငယ်ကပေးထားတဲ့နာမည်တဲ့… မသုံးချင်ဘူး၊ ပြီးတော့ နာမည်ဆိုတာ ပညတ်သွားရာ ဓာတ်သက်ပါရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



'စံရိပ်ငြိမ်' ဆိုတာ ငြိမ်သက်နေတဲ့ အရိပ်လေးထဲမှာ စံနေရတယ်လို့ အဓိပ္ပာယ်ရတယ်လေ။ မတွေ့ဘူးလား ပန်းချီကားတွေမှာ ထိုးထားတဲ့ နာမည် ... သြော် ပြောရဦးမယ်"

"အင်း"

"ဒေါ်စုမြတ်သန္တာက စုနန္ဒာကို ကိုယ်ဝန်ရခါနီး အခါမျိုးတွေမှာ ထိပ်စုမြတ်လာနေတယ်လို့ အိပ်မက် မမက်ဘူးလား ... အတိတ်နိမိတ်တွေ မပြဘူးလား"

"ဟင့်အင်း"

"စုနန္ဒာ ဝိဉာဉ်လောကရှိတယ်ဆိုတာ ယုံကြည်သလား"

"မ ... ယုံ ... ပါဘူး"

"မယုံမရှိနဲ့၊ ဒီအိမ်မှာ ကျိန်စာသင့်ဝိဉာဉ်တွေ ရှိနေတာတော့ အမှန်ပဲ"

"အင်"

"ဟုတ်တယ် ... ကိုယ့်မျက်စိနဲ့ကို မြင်ရတာ"

"ဘာ ... ဘာတွေမြင်ရလို့လဲ"

"အမွေးရှည်ရှည်နဲ့ မည်းမည်းကြီး သွားလာနေတာ ... အထူးသဖြင့် ဒီအိမ်က လူတစ်ယောက်ယောက် သေဆုံးခါနီး အချိန်မျိုးမှာ အဲဒါကြီးက ပိုပြီး လှုပ်ရှားတယ်"

"အို ... စု ... စုနန္ဒာကို မခြောက်ပါနဲ့ ကို ... မြတ် စံရိပ်ငြိမ်"

ကျွန်မမှာ ကိုမြတ်စိုးအခန်းတွင်းသို့ ဝင်လာမိသည်ကို ကြီးစွာသော နောင်တဖြင့် အထစ်ထစ်အငေါ့ငေါ့ ပြောလိုက်ရင်းက ခုတင်





ပေါ်မှ ဆတ်ခနဲ ထလိုက်မိသည်။

"ဒီမှာ စုနန္ဒာ ... မင်းကို ကိုယ်ခြောက်နေတာ မဟုတ်ပါဘူး၊ ဒီအိမ်ဟာ ဘုရားအစ်မကြီး မယ်ရွှေမှိုင်က ကျိန်စာတိုက်ခဲ့လို့ ကျိန်စာသင့်နေတာတော့ အမှန်ပဲ။ ဒါကြောင့် ကိုယ်ဟာတော့ ဘာမှမလှုပ်ရှားဘူး၊ အခန်းထဲမှာပဲ ပန်းချီဆွဲတယ် ... သီးခြားကမ္ဘာလေး တည်ဆောက်ထားတယ်။ ဒီမှာကြည့်စမ်း စုနန္ဒာ"

ကိုမြတ်စိုးက သူပြောချင်သည်များကို ဇွတ်၍ ပြောလိုက်ပြီး ပန်းချီတစ်ခုကို ဆွဲယူလိုက်သည်။

စုနန္ဒာ နောက်မှပဲလာကြည့်တော့မယ်၊ အခု အပြင်ထွက်လိုက်ဦးမယ်နော်"

"အာ ... ကိုယ့်နှမလည်းဖြစ် ထိပ်စုမြတ် ဘဝလဲပြီး ရောက်လာတာလဲဖြစ်လို့ အင်မတန်မှ ယုံကြည်တော်မူတဲ့စိတ်ထားနဲ့ ခေါ်ခဲ့တာပဲ စုနန္ဒာ၊ ကိုယ်ပြချင်တာတွေ ပြောချင်တာတွေ ပြပြီး ပြောပြီးမှ သွားရမယ် ... ပြန်ထိုင်"

ကျွန်မမှာ မလွန်ဆန်ဝံ့သော ကိုမြတ်စိုး၏ အကျဉ်းသားဖြစ်မှန်းမသိ ဖြစ်နေရလေပြီ။

"ဒါက ... တို့များမယ်မယ်ကြီး လှေခါးက လိမ့်ကျပြီး သေခါနီးတဲ့ မျက်နှာကို ဆွဲထားတာ"

"ဟာ ..."

"ဒီတုန်းက ပထမဆုံး အနီးကပ်မြင်ရတာ ကိုယ်ပဲ၊ ဒါကြောင့် မျက်စိထဲမှာရှိနေတာကို ပုံတူကူးသလို ရေးချထားတာ။ ကြည့်စမ်း ..."



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်လောက် ပြောင်မြောက်သလဲလို့''

ကျွန်မမှာ သူ့ယန်းချီကားကို တုန်တုန်ရီရီဖြင့် ယူကြည့်လိုက်ရ သည်။ ဆံဖြူများ ဖားလျားဖွာလန်ကျလျက် နဖူးပြင်မှ သွေးစီးကြောင်းကြီး၊ သွားကျိုးကျဲများပေါ်အောင် ပါးစပ်ကြီးဟ၍ မျက်လုံးအိမ်ကြီးပါ အပြင်သို့ ပြူးထွက်နေသည့်မျက်နှာ၊ ပြီးတော့ . . . တစ်စုံတစ်ခုကို ကြောက်ကြောက်လန့်လန့်နှင့် ဟန့်တားဟန် လက်ဝါးကြီးကာပြီး လက်ချောင်းလေးများက ကုပ်ကွေးနေသည်။ ကြောက်လန့်ခြင်းဒဏ် သေလောက်အောင် နာကျင်သည့်ဒဏ်ကို မချိမဆန့် ခံစားနေရပုံ သရုပ် မှာ ပီပြင်လှပါသဖြင့် နှလုံးသွေးပျက်ချင်ဖွယ်ရာ အနိဋ္ဌာရုံရှုခင်း ဖြစ်ပေ သည်။

''ဟောဒါက . . . တို့များ ဦးလေးတစ်ယောက် သေတုန်းကပုံပဲ''

အမျိုးသားကြီးတစ်ဦး လှေခါးအလယ်မှ ခါးကော့ညွတ်လျက် ပက်လက်လန်ကျနေပုံဖြစ်သည်။ ခြေချော်ကျသည့် လက္ခဏာမရှိ၊ တစ်စုံတစ်ခုသော ထိတ်လန့်စရာကိုတွေ့၍ သတိလက်လွတ်ဖြစ်ခါ လှေခါးမှ ခြေလွတ်လက်လွတ် လန်ကျခါနီးဆဲဆဲပုံကို ဆွဲထားသော ယန်းချီကားဖြစ်လေသည်။ ကျွန်မ ရင်မှာ လှပ်လှပ်ခါ၍ မူးမိုက်မတတ် ရှိရပါချေပြီ။

''ဟောဒါက ဒရိုင်ဘာကိုစုံအေး ရေနစ်သေပုံ၊ သူ့ရေထဲကျခါနီး မျက်နှာကို မမြင်လိုက်ရဘူး၊ ဆယ်လာမှ တွေ့ရတယ်၊ မျက်နှာတစ်ခု လုံး ဖြူဆွတ်လို့၊ ဗိုက်ကြီးလည်း ဖောင်းပွလို့ . . . တွေ့လား''

''အို . . . တော်ပြီ . . . တော်ပြီ၊ မကြည့်ချင်ဘူး . . . မကြည့်ရဲဘူး''





ကျွန်မမှာ မျက်နှာကို လက်ဝါးနှင့်ပိတ်ပြီး အော်ပစ်လိုက်မိ သည်။ ကိုယ်ပါဆတ်ဆတ်တုန်ပြီး ပုံလဲကျမတတ် ကြောက်ရွံ့စိတ်ဖြင့် တံခါးဆီသို့ ပြေးကပ်သွားမိသည်။

''ဟဲဟဲ . . . ဟယ့် . . . ကြောက်တတ်ရန်ကော နမရယ်''

သူ့အသံကြီးက ဝိဉာဉ်စီးနေပုံဖြင့် အာလေးလျှာလေးကြီး ဖြစ်နေပေသည်။

''တံခါးမဖွင့်နဲ့ စုနန္ဒာ၊ တံခါးမဖွင့်နဲ့လေ . . . ဒီမှာကြည့်စမ်း''

မကြည့်လို မကြည့်ပါဟူ၍ စိတ်တင်းထားမိပါသော်လည်း နောက်ကျောဘက်ဆီမှ မမြင်နိုင်သော အန္တရာယ်က ပိုမို၍ ကြောက်မက်ဖွယ်ရာရှိသည်နှင့် မကြည့်ဝံ့ဘဲနေ၍ မဖြစ်တော့။ ကျောခိုင်းအနေအထားနှင့်ပင် ခေါင်းကိုဖြည်းဖြည်းချင်းလှည့်၍ မျက်လုံးကို ဖွေစောင်းကြည့်လိုက်မိသည်။

ကျွန်မ အသက်ရှူနိုင်ပါပြီ၊ သက်ပြင်းချလိုက်မိပါပြီ။ မြင်ရသောမြင်ကွင်းက စောစောတုန်းကလို အမင်္ဂလာမြင်ကွင်းမျိုး မဟုတ်တော့။ သနပ်ခါးပါးကွက်လေးချထားသည့် တောသူမလေးအသွင် ရိုးရိုးယဉ်ယဉ်လေး ပြုံးနေသည့်ပုံဖြစ်သည်။ တုတ်တုတ်ခဲခဲနှင့် ချစ်စရာအရွယ် ဆယ့်ခွန်နှစ်နှစ် ဆယ့်ရှစ်နှစ်လောက်ရှိမည်ထင်ရသည်။

''ဒါ . . . စိမ်းမေရဲ့ပုံပဲ စုနန္ဒာ''

''စိမ်းမေ . . . စိမ်းမေ'' ကျွန်မရင်မှ မြည်တမ်းကြည့်မိသည်။ ဤအမည်ကို ဤအိမ်တွင် ကျွန်မကြားဖူးခဲ့ပါသည်။ ကျွန်မ၏ရင်မှ ကြောက်စိတ်များ အနည်းငယ် ပြေလျော့သွားလောက်အောင်ပင်



www.burmeseclassic.com

www.burmeseclassic.com

စိမ်းမေ့၏ ပြုံးနေသောမျက်နှာလေးက ဆွဲဆောင်နေပါသည်။

"စိမ်းမေဆိုတာ ဘယ်သူလဲဟင်"

"စိမ်းမေဆိုတာ...ဟောဒီအိမ်ကဟာတွေထဲက တစ်ယောက်ယောက်နဲ့ညားလို့ ကိုယ်ဝန်ရှိသွားတဲ့ 'ဇရပ်လုရွာ' က မိန်းကလေး၊ ကိုယ်ဝန်ရှင်တွေက သူ့လက်ညှိုးထိုး ငါ့လက်ညှိုးထိုးနဲ့ မယူဖြစ်ကြလို့ စိမ်းမေခမျာ ကြိုးဆွဲချပြီး သတ်သေသွားရရှာတယ်။ ဒါအကောင်းဆုံးသော အေးငြိမ်းခြင်းနည်းပဲ၊ ကြိုးဆွဲချသေတာ အငြင်သာဆုံးနည်းပဲ"

ကိုမြတ်စိုး၏ စကားအပြီးတွင် ကျွန်မ၏အသိအာရုံတွင်းသို့ အတွေးတစ်ခု လှစ်ခနဲရောက်လာပြီး နှုတ်မှထွက်သွားမိသည်။

"ဦးမြစ်"

"ဟုတ်တယ်... ရထားမောင်းသမား ဦးမြစ်ကြီးရဲ့ သမီးပဲ၊ စုနန္ဒာနဲ့သိလို့လား"

"မ...မသိပါဘူး၊ စုနန္ဒာ ဒီအိမ်ကိုလာတုန်းက သူ့ရထားကို ငှားစီးလာခဲ့လို့ပါ"

"သြော်... သူကပို့သားပဲ၊ ဒီအိမ်နဲ့ပတ်သက်ပြီး ဦးမြစ်က ဘာလုပ်လဲသိလား"

"ဟင့်အင်း"

"ဒီအိမ်တိုင်ခြေမှာ ရေနံဆီဆွတ်ထားနဲ့ ဂုံအိတ်ကိုပတ်ပြီး မီးရှို့မယ်အလုပ်မှာ ကိုပန်ဦးကမြင်လို့ ဒီစံအိမ်ကြီး မီးမလောင်တာပဲ"

"သူ့ကို ရဲလက်မအပ်ဘူးလား"

"ဒီအိမ်ကလူတွေက ဘယ်သူကမှ ရဲနဲ့ မပတ်သက်ချင်ကြဘူး"





"ဘာဖြစ်လို့လဲ"

"သိဘူး"

"ဦးမြစ်ကို ဘာမှမလုပ်ကြဘူးလား"

"ဝိုင်းထိုးကြရုံပါပဲ၊ နောင်ဒီလိုကြံစည်ရင် သတ်ပစ်မယ်လို့ ည်း ကြိမ်းတယ်"

"ဘယ်သူကလဲ"

"ဦးလေး ဦးမြတ်ထွန်းက"

"နောက် မလာတော့ဘူးလား"

"မလာတော့ဘူး၊ ဒါပေမယ့် သူဘယ်ကြေပါ့မလဲ"

"ဒါ...ဒါဖြင့် ဒီအိမ်ကလူတွေသေတာ သူနဲ့များပတ်သက်နေ ထားဟင်"

"ဒါတွေမတွေးနဲ့...ဒါတွေမမေးနဲ့၊ ဒီပန်းချီကားချပ်လေး ညို့စမ်း၊ စိမ်းမေ ဒီအိမ်မှာ အခိုင်းအစေဘဝနဲ့ လာနေတုန်းကို လေးကိုကြည့်ကြည့်ပြီး ဆွဲထားတာ"

ကိုမြတ်စိုးသည် စိမ်းမေကို သံယောဇဉ်ဖြစ်နေပုံရသည်။ အေးနေပုံရသည်၊ စိမ်းမေအတွက် ခံပြင်းနေပုံရပေသည်။

"အင်း...လှတယ်နော်...သနားပါတယ်။ အစ်ကို စုနန္ဒာ ပြင်ထွက်လိုက်ဦးမယ်နော်၊ လုပ်စရာလေးရှိသေးလို့"

ကျွန်မက ဖန်တီးသောအပြုံး၊ တုန်ရီသော လက်များဖြင့် စကား ည်းပြော တံခါးလည်းဖွင့်ခိုက်...

"ဟိတ်နေဦး...ရောက်တုန်း စုံအောင်ကြည့်သွားဦး၊ ဘိုးဘိုး


www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းမြတ် လှေခါးကကျသေတဲ့ နောက်ဆုံးရှုခင်းကို ကြည့်လိုက်ဦး။ အပြီးတော့ မသတ်ရသေးဘူး၊ မြင်ရတဲ့အတိုင်း စကတ်(ချ)ရှိသေးတယ်''

သူကပြောရင်း လက်တွင်းမှ စိမ်းမေ၏ ပန်းချီကားကို နေသာတကျ ထားလိုက်သည်။ ဘောင်တွင်ထောင်၍ထားသည့် ခဲသားဖြင့်သာ အကြမ်းဆွဲထားပါသော ပန်းချီကားကို ဖြုတ်ယူနေခိုက် ကျွန်မအတွက် အခွင့်သာခဲ့ပါပြီ။ အပေါ်ဂျက်ကိုဖြုတ်၍ ကိုမြတ်စိုး၏ အခန်းတွင်း ကျွန်မ တရှိန်ထိုး ထွက်ပြေးလာမိတော့သည်။

''ဟိတ်...ဟိတ်...ခြော''

နောက်ဘက်မှ ကိုမြတ်စိုး၏အသံကြားပြီးသည်နှင့် ဂျိုင်းခံ တံခါးပိတ်လိုက်သံကိုပါ တဆက်တည်း ကြားလိုက်ရသည်။ ကျွန်မ လှေခါးမှ ဆင်းပြေးမည်ပြုပြီးမှ လှေခါးမှ မဆင်းဝံ့တော့။ ဤလှေခါး ကြီးမှ လိမ့်ကျသူများ၏မျက်နှာကို ဘွားခနဲ ဘွားခနဲ အနီးကပ်ပေါ်လာ ပါ၍ လှေခါးထိပ်တွင် ကြောက်စိတ်တို့ ပိုမိုအားကောင်းလာပါသဖြင့် ခန်းမကျယ်ဘက်သို့ စွတ်ပြေးမိသည်။

''စုနန္ဒာ''

''အမယ်လေး''

ကျွန်မ မျက်စိမှိတ်၍ပင် ပြေးလာမိလေသလား၊ မျက်စိဖွင့်လျက်နှင့် မမြင်မိလေသလားဖြင့် မသိပါ။ ကျွန်မပခုံးကို သန်မာသော လက်နှစ်ခုနှင့် ဆုပ်ကိုင်၍ တန့်ရပ်စေကာမှ သတိပြန်ရသလို ရှိမိသည်။

''ကို...ပန်...ဦး''





''ဟုတ်တယ်... စုနန္ဒာ ဘာဖြစ်လာလို့လဲ''

''အို ဘာ...ဘာမှ မဖြစ်ပါဘူး''

ကျွန်မမှာ ယခုမှရောက်လာသော မျက်နှာစိမ်းမိန်းကလေးတစ်ယောက် ဖြစ်ပါလျက်နှင့် အမျိုးဆိုပါသော်လည်း ယခုမှမြင်ရသော အမျိုးသားငယ်တစ်ယောက်၏ အိပ်ခန်းတွင်းမှ ထွက်ပြေးလာရသော အဖြစ်မျိုးကို ကျွန်မ လူသိမခံဝံ့ပါ၊ သည့်အတွက် လိမ်ညာလိုက်ရခြင်း ဖြစ်ပေသည်။

''ကျုပ်ကိုမညာနဲ့ စုနန္ဒာ ကျုပ်ကိုမညာနဲ့''

ကိုပန်ဦး၏မျက်နှာပြင်တွင် အေးစက်သော အပြုံးများကို မြင်ရသည်။ ကျွန်မ၏ ပြီးစီးခဲ့သော လှုပ်ရှားမှုများကို သူလိုက်လံ ကြည့်ရှုနေ၍သာ ဖြစ်ပေလိမ့်မည်။

''ကဲ... ဘာဖြစ်ခဲ့တယ်ဆိုတာ ကျုပ်ကိုပြောနိုင်မလား''

''ကျွန်မ...ကျွန်မ ဘာမှမဖြစ်ခဲ့ဘူး''

''ကောင်းပြီ စုနန္ဒာ... ဘယ်သူကမှ ဘာမှမပြောဘဲနဲ့ ကျုပ်မှာ သိနိုင်တဲ့ပညာရှိပါတယ်၊ အဲဒီကိုစံရိပ်ငြိမ်ကိုတော့ သတိထား...ဒါပဲ''

ကိုပန်ဦးက ကိုင်ထားသော ကျွန်မပခုံးမှလက်ကို တစ်ချက် ဆောင့်တွန်းပြီးမှ ခပ်တည်တည်ပင် စာကြည့်ခန်းတွင်းသို့ ဝင်သွားတော့သည်။ မကြောက်ရွံ့ရစတမ်း မထောက်ထားရစတမ်းဖြင့် ကျွန်မလုပ်ချင်ရာကို လုပ်နိုင်ခွင့်သာရှိမည်ဆိုပါလျှင် ကိုပန်ဦးကို ဆောင့်ဆွဲပြီး ပါးကို သုံးလေးချက်ဆင့်၍ ရိုက်ပစ်ချင်သည်အထိ ခင်၌ ဒေါသစိတ် အကုသိုလ်စိတ်တို့ ပွားမိပါလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ ခန်းမကျယ်အလယ်တွင်ရပ်လျက် မနှစ်မြို့ဖွယ် ရှုံ့ထိတ်ဖွယ်တို့ကို ပေးစွမ်းကြလေသူ ကိုယန်ဦးနှင့် ကိုမြတ်စိုးတို့ ကြားတွင်…

ကျွန်မမှာ တစ်ယောက်တည်းပါ…။

❖ ❖ ❖



အခန်း ။ ၈ ။

ချောက်…ခနဲ အသံလေးကို ကြားလိုက်ရသည်။

အိပ်ချင်သောစိတ်က မပြေသေးသော်လည်း အမှုမဲ့အမှတ်မဲ့ မနေပါ၊ အစဉ်သတိထား၍ အိပ်ပါသဖြင့် ချွတ်ခနဲ အသံကြားသည်နှင့် ဆတ်ခနဲ ခေါင်းထောင်မိသည်။

"ကျွီ…ကျွီ" ဆိုသော အသံကိုပါ ကြားလိုက်ရသဖြင့် ကျွန်မ မျက်စိဖွင့်လျက် ဟိုဟိုသည်သည် ကြည့်မိသည်။ ကျွန်မဘေးတွင် ပပငယ်လေး နှစ်ခြိုက်စွာ အိပ်ပျော်နေပါသည်။ အခန်းတွင်းမှ သုညအား ညအိပ်မီးသီးလေးကလည်း မလင်း။

"ကျွီဆိုတာ တံခါးပတ္တာမြည်သံပဲ"

ဆီနှင့်ဝေး၍ သံချေးကိုက်နေသော ကျွန်မ၏အိပ်ခန်း ပြတင်း ပေါက်ဆီမှ လာသော အသံဖြစ်ပါ၍ ကျွန်မ မော့ကြည့်လိုက်မိသည်။ ပဆမ ဘာမျှမမြင်ရ၊ မှောင်နှင့်မည်းမည်းပင်။ ထိုစဉ်၌ ကျွန်မ၏ ကိုယ်ပေါ်သို့ အေးမြသောလေက ဖြတ်တိုးသည်နှင့်…



www.burmeseclassic.com

www.burmeseclassic.com



"ငါ တံခါးကို အသေအချာပိတ်ထားပါရက်နဲ့ ဘယ့်နှယ် လေတိုးနေရပါလိမ့်"

ကြောက်စိတ်မဝင်မိသေး၊ သံသယစိတ်များဖြင့်သာ ပြတင်းပေါက်ကို လှမ်းကြည့်မိသည်။ ပြတင်းတံခါး ဟနေပါသည်။

ကျွန်မက အံ့ဩစိတ်ဖြင့် တံခါးပိတ်ရန် ကုတင်ပေါ်မှ အသာအယာ ထလိုက်မိသည်နှင့်...

"အ...အ...အင်...ဘယ်...ဘယ်သူလဲ...အမလေး"

ကျွန်မ၏နှလုံးသားတို့ ရင်မှ လွင့်စင်ကျသွားပြီထင်သည်၊ ပြတင်းတံခါးဘောင်မှတစ်ဆင့် ကျော်ဝင်ရန် ဟန်ပြင်နေသည့်အလား ပြတင်းဘောင်တွင် ခွထိုင်နေသည့် မည်းမည်းအကောင်ကြီး။

ကျွန်မမှာ တံခါးရှက်ဆီသို့ ပြေးသွားပြီး သူမဝင်နိုင်မီ တံခါးကို ပြန်ဆွဲပိတ်ရင်း အားကုန်အော်မိသည်။

"သွား...သွား"

မည်းမည်းကောင်ကြီးက ပြတင်းဘောင်နှင့် တံခါးကြားတွင် ပထမတစ်နေပြီးမှ ရုတ်တရက် အောက်သို့ လျှောချင့်လျှိုးသွားတော့သည်။ ကျွန်မမှာ ဇောချွေးများပြန်လျက်နှင့် လက်များ တဆတ်ဆတ်တုန်ရင်းက တံခါးကို ဂျင်းခနဲ ဆွဲပိတ်မိသည်။ ဂျက်ကိုပင် တော်တော်နှင့်ထိုးမရ၊ လက်များက အရာဝတ္ထုနှင့်ထိသည်မထင်၊ ဂျက်ကို မကိုင်မိ။

"စုနန္ဒာ... စုနန္ဒာ"

အပြင်မှ ခေါ်သံကြားရပြန်သည်။ ဂျက်က အံကျလေသလားမကျလေသလားမသိ၊ ထိုးမိသည်နှင့် မီးခလုတ်ရှိရာကို ပြေးစမ်း





သည်။ မီးခလုတ်ကို ဖွင့်ပြီးသော်လည်း မီးက မလင်းပါလား။

"စုနန္ဒာ... စုနန္ဒာ" ခေါ်သံက မြန်လာသည်၊ တံခါးကိုပါ ထုနေရှာပါ၍...

"မလာနဲ့...မလာနဲ့ သွား...သွား...ဟား..."

ဇောချွေးများ မျက်ရည်များ စီးကျရင်း ကြုံးအော်သော်လည်း အသံက ကျယ်လောင်မလာ၊ ငယ်သံပါ၍ ပြာနေသည်။

"စုနန္ဒာ ကျွန်တော်ပါ... ပန်ဦးပါ၊ ဘာဖြစ်လို့လဲ"

"မီး...မီး ဖွင့်မရဘူး၊ မီး...မီးလင်းပေးပါ"

မှောင်ထဲတွင် ကျွန်မမှာ တောင့်တောင့်ကြီးရပ်လျက်က အော်ပြောမိသည်။ အသံတို့က တိမ်ဝင်နေပါ၏။ မကြာမီတွင် အပြင်ခန်းမမီးကြီး လင်းလာသည်။ အခန်းတွင်းသို့ တိုက်ရိုက်ကျရောက်ခြင်း မရှိသော်လည်း အမှောင်တွင်းမှ ရုတ်တရက် ရသော အလင်းမို့ ပြင်စွာ မြင်သာနိုင်သည်။

"စုနန္ဒာ တံခါးဖွင့်ဦးလေ၊ ဘာဖြစ်နေလဲ"

"ရှင်... ရှင် ဘာလုပ်မလို့လဲ၊ မဖွင့်ရဲဘူး၊ ကြောက်တယ်... ကျွန်မကြောက်တယ်"

ကျွန်မမှာ ကိုပန်ဦးကိုလည်း မယုံကြည်နိုင်တော့၊ တံခါးကိုလည်း ဖွင့်မပေးရဲပါ။ ဘာမှမသိရှာပါဘဲ အိပ်မောကျနေပါသော ပယ်လေးထံ ပြေးလာပြီး အားကိုးတစ်ခုလို ဖက်တွယ်ထားမိသည်။

"ဘာလဲ ကိုပန်ဦး... စုနန္ဒာ ဘာဖြစ်လို့လဲ"

"မသိဘူး မြတ်ဝဏ္ဏ၊ အော်သံကြားလို့ ပြေးလာကြည့်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူသိပ်ကြောက်နေပုံရတယ်။ တံခါးဖွင့်ခိုင်းလို့လည်း မရဘူး''

အပြင်မှ ကိုပန်ဦးနှင့် ကိုမြတ်ဝဏ္ဏတို့၏ အသံများကို ကျွန်မ ကြားလိုက်ရသည်။

''စုနန္ဒာ… စုနန္ဒာ အစ်ကိုမြတ်ဝဏ္ဏလေ… တံခါးဖွင့်ပါဦး ဘာဖြစ်နေလဲ…ဟင် ညီမလေး''

ကိုမြတ်ဝဏ္ဏ၏အသံကိုကြားရလေမှ ကျွန်မ အားတက်သွား မိသည်။ ကိုပန်ဦးတွင် တစ်စုံတစ်ခုသော အကြံအစည် ရှိခဲ့ပါလျှင် လည်း ကိုမြတ်ဝဏ္ဏရှေ့တွင် သူလုပ်စုံမည်မထင်။ ကျွန်မက တံခါး ကြီးရှိရာသို့ ပြေးသွားပြီး ဒ ပေါ်အောက်ဂျက်များကိုဖြုတ်၍ တံခါး ဖွင့်လိုက်ရသည်။ ကိုမြတ်ဝဏ္ဏက တဟုန်ထိုး ပြေးဝင်လာပြီး ကျွန်မ ပခုံးကို ကိုင်လှုပ်မေးရှာသည်။ ကိုပန်ဦးက အခန်းဝမှ ရပ်လျက် ကြည့်နေပါ၏။ အစ်ကိုမြတ်ဝဏ္ဏက…

''ညီမလေး… ညီမလေး စုနန္ဒာ… ဘာဖြစ်လို့လဲ ဟင်… ပြောစမ်း''

''ဟို…ဟို…နေရာက…''

ကျွန်မလက်ညှိုးညွှန်သည့် ပြတင်းပေါက်ဆီသို့ သူတို့ နှစ်ယောက်လုံ လှည့်ကြည့်လိုက်ကြသည်။ ဘာမှမရှိ။ တံခါးဖွင့်လိုက် သဖြင့် အလင်းရောင်က ကောင်းစွာရရှိလာသည်။

''ဟိုနေရာက ဘာဖြစ်လဲဟင်''

ကိုပန်ဦးက ရှေ့သို့ တစ်လှမ်းတိုးပြီး စိတ်အားထက်သန်ဟန် ဖြင့် မေးသည်။ ကိုမြတ်ဝဏ္ဏကလည်း…





''အေး…အဲဒီနေရာက ဘာမြင်လို့လဲ''

''မည်းမည်းကြီး မည်းမည်းကောင်ကြီးဝင်လာတယ်''

''ဟိုက်…''

''ဟာ…''

ကိုမြတ်ဝဏ္ဏနှင့် ကိုပန်ဦးတို့က အာမေဋိတ်သံ ပြိုင်တူပြုလိုက် ရင်း တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ ကိုပန်ဦးနှင့် ကိုမြတ်ဝဏ္ဏတို့မှာ တစ်ယောက်နှင့်တစ်ယောက် ကြည်ကြည်သာသာမရှိကြ။ ယခုလည်း တစ်ဦးပေါ်တစ်ဦး သံသယ မကင်းသော မျက်လုံးချင်းက စကားပြောနေကြသည်။

''နေပါဦး မည်းမည်းကောင်ကြီးဆိုတာ ဘယ်လိုဟာလဲ၊ ပုပုလား ရှည်ရှည်လား၊ ခွေးလိုဝက်လို သတ္တဝါပုံစံမျိုးလား၊ ကြက်လို ငှက်လို လင်းနို့လို ပုံစံမျိုးလား''

''အို ရှင်မေးတာ တစ်ခုမှမဟုတ်ဘူး''

နေ့လယ်က ကျွန်မပခုံးကို ကိုင်ဆောင့်တွန်းပြီး လမ်းခွဲသွား လေသူမို့ ကျွန်မက မုန်းမုန်းနှင့် ပြောချလိုက်သည်။ ကိုမြတ်ဝဏ္ဏက အခန်းထောင့်တွင်ရှိ သောက်ရေအိုးစင်မှ ငွေဖလားနှင့်တစ်ခွက်အပြည့် ရေခပ်၍ ကျွန်မနားကပ်လာကာ…

''ရော့ ညီမလေး…ရေသောက်လိုက်ဦး''

''ဟုတ်ကဲ့ ကျေးဇူးပဲအစ်ကို၊ အာတွေခြောက်ပြီး လည်ချောင်း တွေလည်း ပူလာပြီ''

''သိပ်ကြောက်လန့်ရင် ဒီလိုပဲ ခံစားရတတ်တယ်။ ကဲ–အဲ



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်၊ ဒီလောက်ကြောက်နေတဲ့လူ အကြောက်ပြေမှ စကား မေးလို့ရနိုင်မှာပေါ့''

ကိုမြတ်ဝဏ္ဏက ကျွန်မကိုကြည့်၍ ပြောသော်လည်း ကိုပန်ဦးကို ပြောမှန်း သိသာလှသည်။ ကျွန်မက ရေသောက်လိုက်ရမှ အသည်း နှလုံးတွင်း၌ အေးမြငြိမ်သက်သွားသလို ခံစားလိုက်ရသည်။

''ညီမလေးက အစ်ကိုကို အော်ခေါ်လိုက်ရောပေါ့၊ ကဲ...ပြောနိုင် ရင် မြင်တာလေးပြောပြစမ်းပါဦး စုနန္ဒာလေး''

ကိုမြတ်ဝဏ္ဏက သင့်တင့်လျောက်ပတ် ပြောအပ်သောအချိန် ကို ရွေး၍ မေးလိုက်သည်။

''ပထမ တံခါးဂျက်ဖွင့်သံကြားတယ်''

ကျွန်မပြောလေမှ သူတို့နှစ်ယောက် ပြတင်းဆီသို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။ ကိုပန်ဦးက...

''ဟာ ဟုတ်သားပဲ မှန်တစ်ချပ်ကွဲနေတာပဲ၊ အဲဒီမှန်က လက်လျှိုပြီး တံခါးကိုဖွင့်တာဖြစ်ရမယ်။ ပြီးတော့ မှန်ခွဲပုံကလည်း အသံမမြည်ဘူးဆိုတော့ မှန်ကို ရေစိုစက္ကူတွေဘာတွေနဲ့ ကပ်ပြီးမှ ခွဲဖွင့်သလားပဲ''

ကိုပန်ဦးက စကားပြောရင်း ပြတင်းနားဆီသို့ ကပ်သွားပြီး မှန်စများကို ကြည့်လိုက်သည်။ ကိုမြတ်ဝဏ္ဏက ဒေါသထွက်လွန်း ဟန်ဖြင့် ကိုပန်ဦးကိုကြည့်လိုက်ပြီး...

''ဒီမှာ ကိုပန်ဦး... ခင်ဗျားလေ့လာရမယ့်အချိန် မဟုတ်သေး ဘူး၊ ကိုယ်တွေ့ကြုံထားတဲ့ ကျုပ်ညီမလေးကို မေးပါရစေဦး''





ကျွန်မရော ကိုမြတ်ဝဏ္ဏပါ သူ့ကို မလိုတမာမျက်နှာထားနှင့် ကြည့်လိုက်မိသည်။ သူကဖြင့် ကျွန်မတို့ကို ဂရုမစိုက်ဟန်နှင့် ပြတင်း နားတွင်ရပ်လျက် ကျောခိုင်းထားလေသည်။

''ကဲ ဆက်ပြောစမ်း ညီမလေး''

''အဲဒီဂျက်ဖြုတ်သံကြားပြီး သံချေးတက်နေတဲ့ တံခါးပတ္တာက ကျွီကျွီဆိုတဲ့မြည်သံကြားတာနဲ့ စုနန္ဒာလည်း လှမ်းကြည့်မိတယ်၊ အခန်းလည်း မှောင်နေတယ်''

''ဟုတ်တယ် ဒီအခန်းကိုသွယ်တဲ့ မီးကြိုး ဖြတ်ထားတယ်''

ကိုပန်ဦးက ကျွန်မစကားကို လှမ်းဖြေသည်။ ကိုမြတ်ဝဏ္ဏက...

''ခင်ဗျားက ဘယ်လိုလုပ်သိလဲ''

''ဒီမှာ မတွေ့ဘူးလား''

''မတွေ့ဘူး၊ ကျုပ် ဒါတွေလိုက်ကြည့်နေတာ မဟုတ်ဘူး၊ ကျုပ် ညီမလေးကို ကျုပ်အကြောင်းစုံမေးနေတာ...ဒီမှာ ကိုပန်ဦး ခင်ဗျား ထွက်သွားရင် ကောင်းမယ်ဗျာ''

''ဟ မြတ်ဝဏ္ဏရ... ကျုပ်ညီမလေးကိုဆိုတော့ ငါက တစိမ်း လား၊ စုနန္ဒာကို မင်းက ညီမနှစ်ဝမ်းကွဲတော်သလို ငါကလည်း တော်တာပဲ''

ကိုပန်ဦးက လေသံအေးနှင့် ပြောသော်လည်း သူ့အသံ သူ့ ဟန်ပန်များက မခံချင်စရာကြီး။

''အရေးထဲ ဆွေမျိုးစပ်မနေကြပါနဲ့ ... ဒီမှာကိုပန်ဦး စုနန္ဒာတို့



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမချင်း စကားပြီးအောင်ပြောစမ်းပါရစေ... ဝင်ဝင်မထောက်စမ်းပါနဲ့"

ကျွန်မက ကိုပန်ဦးကို လှမ်းပြောပြီးမှ စကားဆက်ရသည်။

"အဲဒီအသံကြားပြီး စုနန္ဒာကိုယ်ပေါ်ကို လေခပ်ပြင်းပြင်း ဖြတ်တိုက်သွားတယ်၊ ဒါကြောင့် ပြတင်းတံခါးများ ပွင့်နေသလားလို့ ထင်ပြီး မော့ကြည့်လိုက်တော့ ကိုယ်တစ်ခြမ်းစာ ကျော်ဝင်လာတဲ့ ခပ်မည်းမည်းသဏ္ဍာန်ကြီး တွေ့ရတော့ စုနန္ဒာလည်း ကြောက်အားလန့်အားနဲ့ တံခါးပြန်ဆွဲပိတ်ပြီး ကြုံးအော်လိုက်တာပါပဲ"

"မည်းမည်းက ဘယ်လိုပုံစံမျိုးလဲ"

"လူပုံသဏ္ဍာန်လိုလို ထင်ရတာပဲအစ်ကို... သူ့ကိုယ်ကလည်း ပြောင်နေသလိုပဲ၊ တစ်မျိုးပဲ မပြောတတ်ဘူး။ စုနန္ဒာ သိပ်ကြောက်နေရတဲ့အချိန်၊ မှောင်ကလည်းမှောင်၊ ရတ်တရက်ကြီးလည်း ဖြစ်နေရလို့ ဘာမှန်းကို မသိလိုက်ရဘူး၊ စုနန္ဒာ... ကြောက်တယ်အစ်ကိုရယ်"

"မကြောက်နဲ့ညီမလေး... မကြောက်နဲ့၊ နောက်ဆို တစ်ယောက်တည်းမထားတော့ဘူး၊ အဖော်ရှိမှဖြစ်မယ်"

ကိုမြတ်ဝဏ္ဏက ကျွန်မပခုံးနှင့်ကျောပြင်ကို ညင်ညင်သာသာလေး ပုတ်ပွတ်၍ နှစ်သိမ့်ရသည်။

ထိုစဉ်၌ စာရွက်လေးတစ်ခုက ကျွန်မခုတင်ဘေး စာကြည့်ခုံပေါ်၌တဖျတ်ဖျတ် လူးလွင့်နေသည်။ ကျွန်မလည်း ဘာစာမှ မရေး၊ စားပွဲပေါ်တွင်လည်း မည်သည့်စာမျှမရှိပါဘဲနှင့် လွင့်နေသော စာရွက်ကို ကျွန်မ အံ့ဩစွာ ယူ၍ ကြည့်လိုက်မိစဉ်...





**စုနန္ဒာ...**

**"အနေကြာလျှင် အန္တရာယ်တွေ့လိမ့်မည်၊ ပြန်ပါ"**

"ဟင်...ဒါ...ဒါ... ခုနအကောင်ကြီး လာပြီးချသွားတာပဲ ထင်တယ်နော် အစ်ကိုမြတ်ဝဏ္ဏ"

"ပြစမ်း... စုနန္ဒာ"

ကိုမြတ်ဝဏ္ဏက စာကို ဆွဲယူကြည့်လိုက်သည်။ သူ့တွင် ားစရာ၊ သံသယဖြစ်စရာများစွာ ရရှိသွားဟန်ရှိလေသည်။ စကားမှ မတုံ့ပြန်သေးပါဘဲနှင့် ကိုပန်ဦးကို လှမ်းကြည့်လိုက်ည်။ ကိုပန်ဦးကလည်း နောက်ခိုင်းနေရာမှ ဘေးသို့ ခေါင်းလည်၍ မတို့ကို စောင်းကဲ့ကြည့်လိုက်သည်။ ရရှိသော စာနှင့် ပတ်သက်ပြီး ာမှဝေဖန်ဆွေးနွေးခြင်းမပြု။ ကိုမြတ်ဝဏ္ဏက စာကိုကြည့်ပြီး...

"ဒါ-သိုက်တူးဖော်ရေး သမိုင်းခေတ်က အတွေးအခေါ်မျိုးပါ ျ၊ အမည်မဖော်လိုသူ တစ်ယောက်က ဒီနေရာမှာ ဒီလူမနေပါနဲ့၊ ရာယ်ရှိတယ် ဘာညာပြောပြီး နှင်လွှတ်ရောင်ဖယ်ခိုင်းတာမျိုးပါ။ မ စုနန္ဒာဟာ ဒီအိမ်မှာ အရေးကြီးသူတစ်ယောက် ဖြစ်နေမှန်း တဲ့လူက တမင်နှင်လွှတ်ချင်တဲ့ဆန္ဒနဲ့ ရေးလိုက်တာဖြစ်မယ်၊ ာမှာမဟုတ်နိုင်ဘူး.... မယုံနဲ့ စုနန္ဒာ။ အရေးကြီးတာက ောက်လာမယ့် အန္တရာယ်ကို ကိုယ့်ဘက်က မပေါ်သေးသောသတိနဲ့ င့်ကြည့်နေရုံပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်၊ ကိုမြတ်ဝဏ္ဏ၏ စကားက ဖြစ်နိုင်ပါသည်။ ကျွန်မမှာ ယခုတစ်ညတာအတွက် ဆက်လက်အိပ်ရန် စီစဉ်ပေးပါမည့် အကြောင်း ကိုမြတ်ဝဏ္ဏကို ပြောမည်ဟု ဟန်ပြင်နေခိုက်မှာပင် ကိုပန်ဦးက…

"ဟိုက်…ဒီ…ဒီမှာ…အမွေးတစ်စုပါလား"

သူက… သူက အလန့်တကြားအော်ရင်း ပြတင်းဘောင် အောက်ခြေ ကြမ်းပြင်မှ တိရစ္ဆာန်အမွေးစုလေးတစ်ခုကိုယူပြီး ပြူးပြူး ပျာပျာနှင့်ဆိုသည်။

"ဦးကောင်းမြတ် လိမ့်ကျသေတုန်းကလည်း လှေခါးရင်းမှာ အဲဒီအမွေးမျိုး တွေ့ရတာပဲ… တယ်ထူးဆန်းပါလား"

သူ့လက်မှ လက်နှစ်ဆစ်ခန့် အမွေးရှည်ရှည် မာမာ မည်းမည်း တစ်စုကို သူက လက်ပေါ်တွင်တင်ရင်း ပြောလိုက်ပါ၍ ကျွန်မ လန့်ဖြန့် ကြောက်သွားမိပါသည်။ ကျွန်မ၏ တုန်လှုပ်သွားသော အမူအရာကို ကိုမြတ်ဝဏ္ဏက ကြည့်လိုက်ပြီး ကိုပန်ဦးဘက်လှည့်ခါ…

"ဒီမှာ ကိုပန်ဦး… မိန်းကလေးတစ်ယောက် ဒီလောက်ကြောက်နေတာ ခင်ဗျားကဘာလို့ ခြောက်ချင်ရတာလဲ ဟင်"

"ငါ… ဟုတ်တာပြောတာ မြတ်ဝဏ္ဏ"

"ဟုတ်တဲ့ကိုင်လည်း မပြောရဘူးဗျ၊ ဘယ့်နှယ့်ဗျာ… ဦးကောင်းမြတ် သေတုန်းက တွေ့တာမျိုးဆိုတော့ စုနန္ဒာကိုပဲ လာသတ် ပစ်မလိုလို ဖြစ်မနေဘူးလား… ခင်ဗျားစကားက။ ခင်ဗျားထွက်သွားစမ်း ပါဗျာ… လာခြောက်မနေပါနဲ့"





"ကောင်းပြီလေ… ငါ့ကိုမလိုရင် ငါသွားရုံပါပဲ မြတ်ဝဏ္ဏ"

ကိုပန်ဦးက တည်ကြည်သော မျက်နှာထားနှင့် ပြောပြီး အမွေးစုကို တယုတယ လက်ဝါးတွင်းထည့်ပြီး အခန်းတွင်းမှ ထွက်ခွာသွားပါတော့သည်။ ကိုမြတ်ဝဏ္ဏက ကျွန်မနားကပ်၍…

"သူ့ကို သတိထား စုနန္ဒာ၊ သူ့ကို သတိထား"

❖ ❖ ❖

"မမစုနန္ဒာ… မခင်နုက ဘာလို့ ပပတို့အခန်းမှာ လာအိပ်တာလဲဟင်"

ကျွန်မ မျက်စိဖွင့်မိသည်နှင့် ပပငယ်က ကျွန်မခုတင်နား ပြေးကပ်လာပြီး မေးသည်။ သူက ကျွန်မထက် အရင်စောနိုးသည်။ ကျွန်မတို့အခန်းတွင်းသို့ အဖော်အဖြစ်နှင့် လာအိပ်ပါသော မခင်နုနှင့် ပပငယ်တို့ ဆုံတွေ့သွားကြဟန်ရှိသည်။ ကျွန်မက ညက အဖြစ်ပျက်ကြောင့် တော်တော်နှင့် အိပ်မရနိုင်။ မိုးလင်းခါနီးမှ အိပ်ပျော်ပါ၍ နေမြင့်မှနိုးလာသည့်ကျွန်မကို စောင့်ကြည့်နေဟန်ရှိသော ပပငယ်က ကျွန်မနိုးလျှင် နိုးချင်းပင် ပြေးကပ်လာပြီး မေးရှာသည်။

"သြော်… အဖော်ရအောင်ပေါ့ကလေးရယ်"

"ဟာ… မမစုနန္ဒာနဲ့ ပပနဲ့ နှစ်ယောက်တည်းအိပ်ရတာ ဘယ့်



www.burmeseclassic.com

www.burmeseclassic.com



လောက်များ ပျော်ဖို့ကောင်းလိုက်သလဲနော်...၊ တခြားလူတွေ ခေါ်
မသိပ်ပါနဲ့ မမစုန္ဒာရယ်"

"အေးပါကွယ်...အေးပါ"

သူလေး စိတ်အေးချမ်းသွားစေရန် ကျွန်မက ပေါ့ပေါ့တန်တန်
ပင် ပြောလိုက်မိပါသည်။ ညက အိပ်ပျက် ကြောက်လန့်ခဲ့ရသော
ဒဏ်များကြောင့် နုံးခွေနေမိပါသည်။ အိပ်ရာထလည်း နေမြင့်
သွားလေပြီ။ ကျွန်မမှာ ပပငယ်ကို ပြေလည်အောင်ပင် မပြောမိပါဘဲ
မျက်နှာသစ်ရန် အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။

နောက်ဖေး ထမင်းစားခန်းနှင့် မျက်နှာသစ်ရန် ရေစင်တို့မှာ
လှမ်း၍ မြင်နိုင်၊ လှမ်း၍ ကြားနိုင်လောက်သော အကွာအဝေးရှိပေ
သည်။ ထမင်းစားဝိုင်းတွင် နန်းနုမြတ်၊ ဦးအောင်ထူးမြတ်နှင့်
ဒေါ်ခက်ခက်တို့ထိုင်နေကြသည်။ ကျွန်မ ဖြတ်လျှောက်သွားပြီး
ရေစင်တွင် မျက်နှာသစ်နေမှန်းသိလျက်နှင့် ဒေါ်ခက်ခက်၏ လေသံ
ပျံ့လွင့်လာပုံက...

"အိမ်က ချောက်ချားရတဲ့အထဲ မည်းမည်းသဏ္ဌာန် တွေ
သလေး ဘာလေးနဲ့ အော်လိုအော် မောင်တော်ဘုရားနှစ်ယောက်က
ပြေးဝင်ချော့တော်မူကြ... စိတ်ရှုပ်ပါတယ်။ အိမ်ကရှုပ်ရတဲ့အထဲ
သပွတ်အူဖြစ်အောင်၊ အမယ်ဘုတ်ချည်ခင်လို ရှင်းမရအောင် တမင်
လာလုပ်နေသလားပဲ"

"အို...ကြီးကြီးခက်ကလည်း တိုးတိုးပြောစမ်းပါ၊ အား
စရာကြီး... ကြားသွားမှဖြင့် ဒုက္ခ"





နန်းနုမြတ်က လေသံတိုးလေးနှင့် တောင်းပန်သော်လည်း ကျွန်မ
ကြားသာနိုင်ခဲ့ပါသည်။

ကျွန်မရင်၌ နင့်သွားအောင်ပင် ခံစားလိုက်ရပါသည်။ ဤအမျိုး
သမီးကြီးသည် ကျွန်မပေါ်တွင် မနာလို မရှုစိမ့်ခြင်းကြီးလှလေစွ။
ကျွန်မက မျက်နှာသစ်ပြီး မျက်နှာသုတ်ပဝါကို ပခုံးတွင်တင်လျက်
သပ်ပြာခွက်နှင့် သွားပွတ်တံကို ကိုင်ပြီး အပေါ်ထပ်သို့ ပြန်တက်ရန်
ခေါင်းငုံ့၍ ဖြတ်လျှောက်လာမိစဉ်...

"ဟေး...စုန္ဒာ၊ လာလေ... ခါတိုင်းလို ကော်ဖီတစ်ခါတည်း
သောက်သွားပါလား"

"နေပါစေ... ဦးလေး"

ဦးအောင်ထူးမြတ်၏ ခေါ်သံကို ငြင်းဆန်၍ ကျွန်မဆက်လက်
လှမ်းလာခိုက်...

"လာဦးသမီး လာဦး...ကဲ ခက်ခက် မင်းကိစ္စပြီးရင် သွားပါ
တော့လား..."

ဦးအောင်ထူးမြတ်က ကျွန်မကို လှမ်းခေါ်ရင်း ဒေါ်ခက်ခက်
ကိုပါ တဆက်တည်း နှင်လွှတ်သည်။

"သမီးရော သွားရမှာလား"

နန်းနုမြတ်က မေးသည်။

"မလိုပါဘူး ထိုင်ပါ စုန္ဒာတောင် အဖော်ရသေးတာပဲ"

ဒေါ်ခက်ခက်က စကားတစ်လုံးမျှ ဝင်မပြော ကုလားထိုင်ကို
တွန်းခနဲ ဆောင့်ထားခဲ့ပြီး ထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ထူးမြတ်ကလည်း ဆက်လက်ခေါ်၊ ဒေါ်ခက်ခ လည်း ထွက်သွားလေပြီမို့၊ ထမင်းစားခန်းတွင်းသို့ ကျွန်မ ဝင်ခဲ့ရ သည်။ ကျောက်စားပွဲဖြူပေါ်တွင် ကော်ဖီအိုးနှင့် မုန့်နှစ်မျိုး တင်ထ သည်။

"လာထိုင် စုနန္ဒာ စားလိုက်ဦး မြတ်ဝဏ္ဏာ မြို့သစ်က ဝယ်လာ မုန့်တွေ၊ သူပွဲရုံတွေသွား ဈေးဝယ်သွားမှပဲ တို့မှာ မျိုးမျိုးမျက်မျ ကလေး စားရတယ်ကွဲ့"

ဦးအောင်ထူးမြတ်က ပြုံး၍ပြောလိုက်သည်။ "သူပွဲရုံတွေ သွား" ဟူသော စကားပါလာလေမှ ကိုမြတ်ဝဏ္ဏာတို့၏ စီးပွားရေး ကျွန်မ သတိရမိသည်။ ဤတစ်အုပ်စုလုံး တစ်သက်လုံး ထိုင်စ လောက်အောင်ဖြင့် ဖူလုံမည်မထင်၊ စီးပွားရေးဆိုင်ရာ လုပ်င တစ်ခုခုတော့ ရှိလေမည်ဟု ကျွန်မခန့်မှန်းမိပါသည်။

"စုနန္ဒာဆီကို ညက အစ်ကိုမြတ်ဝဏ္ဏာ လာတယ်ဆို"

နန်းနုမြတ်၏မေးပုံကတစ်မျိုးပင်၊ ကိုမြတ်ဝဏ္ဏာနှင့် ပတ်သ ၍ ဝန်တိုစိတ်လေးများ ရှိနေသလားပင်၊ သူနှင့်ကျွန်မ အတူတူတော် မပေမယ့် ကိုမြတ်ဝဏ္ဏာက နောက်မှရောက်လာသော ကျွန်မအား မျက် သာပေးသည့်ဟန်မျိုး တွေ့ရသည်။ နန်းနုမြတ်အမေးကို ကျွန်မ ဖြေရသည်။

"ဟုတ်တယ် လာပါတယ်… အရေးအခင်းဖြစ်ပြီးမှ ဆို တော့"

"အင်း… ညက ဘာဖြစ်တာလဲ စုနန္ဒာ"





ဦးအောင်ထူးမြတ်က ကော်ဖီကို ငုံ့သောက်နေရာမှ အမြန် ချပြီး ကျွန်မကို လှမ်းမေးလိုက်သည်။ ကျွန်မက အကြောင်းစုံ ပြောပြရသည်၊ ကိုမြတ်ဝဏ္ဏာ ကျွန်မကို မည်သို့ နှစ်သိမ့်သည် ဆိုသည့် အကြောင်းများ ပြောအပြီးတွင် နန်းနုမြတ် ကျွန်မတို့ရှိရာ နေရာမှ ငြင်ငြင်သာသာလေး ထွက်သွားလေတော့သည်။

ဦးအောင်ထူးမြတ်က သူ့မေးစေ့လေးကို ပွတ်ရင်း တစ်စုံ တစ်ခုကို စဉ်းစားဟန်ဖြင့် ခပ်ကြာကြာလေး ငေးနေပြီးမှ…

"အင်း ဒီလိုအနှောင့်အယှက်ပေးနေတာ ဦးလေးစိတ်ထင်တာ တော့…"

"အင်း…ဘာ…ဘာလဲဟင် ဦးလေး ဘာထင်လဲ"

ဦးအောင်ထူးမြတ် မေးပြီးသည်နှင့် ကျွန်မ အလောသုံးဆယ် ဆက်မေးမိသည်။

"ပထမ သတိထားရမယ့်လူက မောင်ပန်ဦးပဲ… ဟိုမှာ ာနေပြီ၊ ဒုတိယက မောင်စံရိပ်ငြိမ်။ ကဲ…ဦးလေးသွားတော့မယ်၊ မောင်ပန်ဦး လမ်းလျှောက်ရာက ပြန်ရောက်လာပြီထင်တယ်… ထမင်း းခန်းကို လာနေသံကြားတယ်"

"ပထမ သတိထားရမယ့်လူက မောင်ပန်ဦး၊ ဒုတိယ သတိ ားရမယ့်လူက မောင်စံရိပ်ငြိမ်"

ဦးအောင်ထူးမြတ် ထွက်သွားပြီးသည့်တိုင် သူပြောသွားသော ကားသံများကို ကျွန်မနားတွင် ပဲ့တင်ထပ်၍ ကျန်နေရစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုပန်ဦးက ကျွန်မရှိရာ ထမင်းစားခန်းသို့ ဝင်လာသည် ကျွန်မထိုင်နေရာနှင့် မျက်နှာချင်းဆိုင်တွင် မတ်တတ်ရပ်လျက်ကပ လက်ဖက်ရည်အိုးမှ လက်ဖက်ရည်တစ်ခွက် ငှဲ့ယူလိုက်သည်။ ကျွန် သောက်နေသည်က ကော်ဖီ…။ မနက်တိုင်း လက်ဖက်ရည်တစ်အိုးနှ ကော်ဖီတစ်အိုးထားရှိလေသည်။ ဘီစကစ်လို မုန့်ခြောက်နှ အိမ်တွင်လုပ်သော ကောက်ညှင်းရွှေကျီလို ကောက်ညှင်းပေါင်း မုန့်မျိုးကလည်း တစ်နေ့တစ်မျိုး ပါတတ်သည်။

ကိုပန်ဦးက ဘီစကစ်ကို နှစ်ချပ်ထပ်၍ ကိုက်ဝါးလိုက်ပြ လက်ဖက်ရည်တစ်ခွက်ကို တစ်ကျိုက်တည်း မော့ချလိုက်လေသည် သူရောက်ရှိလေမှ တစ်ချိန်လုံး ကျွန်မကိုချည်း စိုက်ကြည့်နေလေသည် ကျွန်မက ထိုင်ရာမှ မျက်လုံး လှန်ကြည့်လိုက်ရင်း သူနှင့် ဆုံလိုက်ရ ပင်။ သူမျက်ဝန်းမှတစ်ဆင့် ကျွန်မကို စကားများစွာ ပြောနေပေသည ဟု ကျွန်မထင်မိသည်။ ကျွန်မသူနှင့်စကားမပြောလိုပါ။ သူပြေ သည်ကိုလည်း ကျွန်မ နားမထောင်လိုပါ။

ထိုင်ရာမှ ရုတ်တရက်ထ ထွက်သွားလိုလှသော်လည်း၊ သူ့အ အဝါက ဟန့်တားထားသလို စိတ်ကထင်မိသည်။ ရုတ်တရက် ထွ မသွားရဲ၊ နေရခက် သွားရခက်လိုဖြစ်နေစဉ် သူက ကျွန်မကို တစ် တစ်ခုပြောလိုဟန်ဖြင့် ရူးရူးစိုက်စိုက်ကြည့်လိုက်ပြီးမှ ပြောမသွ အပြောခက်သည့်ဟန်မျိုးဖြင့် ကျွန်မရှေ့မှ လျှင်လျှင်မြန်မြန်ကြီး ထွက်ခွာသွားလေတော့သည်။ သူသည် ထာဝရအရေးကြီးနေ တစ်ယောက်ပမာ ထာဝရ အလုပ်လုပ်နေသူသာ။





"ဟော့ စုန္ဒာက ဒီမှာကိုး… အစ်ကို အပေါ်တောင် တက်ရှာ သေးတယ်"

ကိုမြတ်ဝဏ္ဏဝင်လာသည်။ မြင်းစီးရာမှ ပြန်လာခဲ့သည်ဟု ဆိုပါ သည်။ သူက ကျွန်မဘေး ကုလားထိုင်တွင် ဝင်ထိုင်ရင်း ကော်ဖီနှင့် မုန့်ကို များများကြီး စားသုံးသည်။ ကျွန်မကိုလည်း အားပေးနှစ်သိမ့် စကားများ များစွာဆိုသည်၊ ပြောသည်။

"ခုန ကိုပန်ဦးတောင် လာသေးတယ်၊ ဘာမှ ပြောမသွားဘူး၊ စုန္ဒာကိုပဲ အသေအချာစိုက်ကြည့်ပြီး ထွက်သွားတာပဲ"

"သူကဘာဖြစ်လို့ သေသေချာချာ ကြည့်ရတာတဲ့လဲ"

"ဟာ…အစ်ကိုကလည်း ဘယ်သိပါ့မလဲ"

ကျွန်မက ရင်းရင်းနှီးနှီး မျက်စောင်းထိုးရင်း ပြောမိသည်။

"ဒီနေ့ နေသာနေတယ် မိုးမရွာဘူး။ အပြင်ဘက်ထွက်ပြီး လမ်းလျှောက်ရအောင်လား နော် စုန္ဒာ"

"ဟင်…မသွားချင်ပါဘူး နေပါစေ"

"အိမ်ထဲတင် ကုပ်နေတာ ဘယ်ကောင်းပါ့မလဲ စုန္ဒာရဲ့။ ညကလည်း သိပ်ကြောက်ပြီး အိပ်ပျက်ထားရတော့ စုန္ဒာ ပင်ပန်း နေမယ် နွမ်းနေမယ်။ လာ လန်းသွားအောင် လမ်းလျှောက်ရအောင် ထ"

ကိုမြတ်ဝဏ္ဏက ကျွန်မလက်မောင်းကို ဆွဲပြီး အတင်းထခိုင်း ပါ၍ ကျွန်မက ရုန်းကန်တွန်းဖယ်ရင်းက…

"အို…ဒေါ်ခက်ခက်ကြီးက စုန္ဒာကိုပဲလိုက်ပြီး စောင်းပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာ အစ်ကိုမြတ်ဝဏ္ဏရဲ့။ ဒီနေ့အပေါ်ထပ်မှာ ဖုံဖေးဘာလေး လုပ်မလားလို့ ဒီအဘွားကြီးကို စုန္ဒာကြောက်တယ်''

''ဘာမှမကြောက်နဲ့ … ဘယ်သူမှ အရေးမလုပ်နဲ့။ ဒီအိမ်မှာ ကိုယ့်ကိုလွှန်ဆန်ဝံ့တာ တစ်ယောက်မှမရှိသေးပါဘူး။ ကဲ … ထပါ … မျက်နှာသုတ်ပဝါတို့ ဆပ်ပြာခွက်တို့ထားခဲ့။ ဒီအတိုင်းလည်း အစ်ကို ညီမက လှတာပဲ လာပါ ဘယ်သူမှအရေးစိုက်မနေနဲ့ ပိုင်ပါတယ်ကွာ''

''လိုက်ရမယ်ဆိုလည်း လိုက်ပါ့မယ် … အိမ်ပေါ်အခန်းတော့ ပြန့်ပါရစေဦး ခေါင်းစုတ်ဖွားကြီးနဲ့''

ကျွန်မက ပြောပြောထထ လုပ်ရသည်။ အခန်းဝ ရောက်လာလေမှ ကျွန်မက သတိရပြီး …

''အစ်ကို … ပပငယ်ကိုရော ခေါ်ခဲ့မယ်နော်''

''ဟာ … မခေါ်နဲ့၊ မခေါ်နဲ့ ဒီကောင်မလေးက အားကြီးစကားရှုပ်တယ်''

ကျွန်မမှာ ကိုမြတ်ဝဏ္ဏ၏ ဆန္ဒမှန်သမျှကို မငြင်းရဲပါ …

❖ ❖ ❖





''ဟောဒီပတ်လည်မှာ မြင်နေရတဲ့ စိုက်ခင်းတွေအားလုံးဟာ အစ်ကိုတို့ပိုင်တယ် စုန္ဒာရဲ့''

ကိုမြတ်ဝဏ္ဏ ညွှန်ပြသော စိုက်ခင်းမြေကွက်များမှာ မိုးကုပ်ကော်ပိုင်းနှင့် ထိစပ်လုမတတ် ရှည်လျားကျယ်ပြန့်လေသည်။

''မြေပိုင်ရှင်ခေတ်လည်း ကုန်နေပြီပဲ အစ်ကိုရဲ့''

''ပထမတော့ ဒါ အစ်ကိုတို့ပိုင်တာတွေပဲ။ နောက်တော့ လယ်လုပ်သူတွေ လယ်ပိုင်စေ ယာလုပ်သူတွေ ယာပိုင်စေဆိုတော့ မြေတွေကိုတော့ စွန့်လွှတ်လိုက်ရတယ် … ဒါပေမယ့် ဒီမြေပေါ်က ထွက်သမျှ ပဲ ပြောင်း၊ နှမ်း အထူးသဖြင့် မြေပဲအများဆုံးပေါ့ ဒါတွေ အားလုံး အစ်ကိုတို့ရတယ်''

''ဟင် - ဘာဖြစ်လို့လဲ''

''မြေပဲပေး နှမ်းပေးပေါ့ … အောက်နယ်မှာ စပါးပေးနဲ့ ငွေချေးသလိုပေါ့လေ။ ဒီနယ်ကဟာတွေက ယာပဲလုပ်တတ်တာ စျေးရောင်းတတ်တာမှ မဟုတ်ဘဲ။ အစ်ကိုတို့က ငွေကြိုပေးတယ် … သူတို့ဆီက ယာထွက်ပစ္စည်းတွေရတယ်ပေါ့''

''ဒါ - အညွှန့်ခူးစားတယ်ဆိုတာပဲပေါ့နော''

''အညွှန့်ပဲခူးခူး အရွက်ပဲခူးခူး မတတ်နိုင်ဘူးပေါ့ ညီမရယ်၊ ဒါက အစ်ကိုတို့ရဲ့ စီးပွားရေးကို''

''အင်းလေ–ဒီနေရာက သိပ်ခေါင်ပြီး ချောင်ကျတော့လည်း စစ်ဗိုလ်တစ်မင်းလုပ်နိုင်တာပေါ့လေ၊ ဒါအစ်ကိုတို့ရဲ့ ပင်မစီးပွားရေးလား''



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါတော့ တစ်နှစ်ကို ငါးသောင်းအထက်မှာ ရင်းရတာ"

"ခြားစီးပွားရေးဆော ဘာရှိသေးလဲ အစ်ကိုတို့အိမ်က အိမ်သူအိမ်သားတွေထက် အစေအပါးက ပိုများတယ်နော်"

"ပဲ နှမ်း ရရှိန်တွေမှာ အလုပ်များလို့ ခေါ်ထားတာပါ"

ကျွန်မတို့နှစ်ယောက်မှာ ကြပ်ကုန်းကုန်းမြင့်ပေါ်မှ အောက်ခြေမြေပြန့်ရှိ စိုက်ခင်းများဆီသို့ တရွေ့ရွေ့လျှောက်ဆင်းလာခဲ့ကြသည်။ ယာခင်းများကို ဖြတ်တိုက်လာသော လေက သန့်ရှင်းလတ်ဆတ်လှသည်။ မြေသင်းရနံ့လေးက ရင်အေးစရာပင်...။

"ဒါနဲ့ အစ်ကိုကို မေးရဦးမယ်"

"မေးပါဗျာ"

"အဲဒီ အစ်ကိုတို့နေတဲ့ ကြပ်ကုန်းဆိုတာ အရင်က ကြပ်တွေနေတာဆို... အမျိုးမျိုးဖန်ဆင်းပြတယ်ဆို"

"ဘယ်သူက ပြောလို့လဲ"

"မြင်းလှည်းဆရာကြီး ဦးမြစ်က"

"ဦးမြစ် ဟုတ်လား ဦးမြစ်နဲ့ စုနန္ဒာ ဘယ်တုန်းက ဆုံမိကြလို့လဲဟင်"

ကိုမြတ်ဝဏ္ဏ၏မေးပုံက ဒရောသောပါး အုလျားဖားလျားနိုင်လှသည်။ ဦးမြစ်ကို လိုလားနှစ်မြိုက်ခြင်းမရှိ၊ သူနှင့်မပတ်သက်ချင် မပတ်သက်စေလိုသော ဆန္ဒများ ကိုမြတ်ဝဏ္ဏတွင် ကိန်းအောင်းနေပုံရသည်။

"စုနန္ဒာ ဒီမဟော်ဂနီစံအိမ်ကြီးကို ရောက်လာတဲ့ညက သူနဲ့ မြင်းရထားငှားစီးလာရင်း ဆုံကြတာပါ"

"သြော် သြော် ဒီအဘိုးကြီးက အစ်ကိုတို့ မိသားစုကို အမြဲမေတ္တာမဲ့နေတဲ့ သူကြီးပါ စုနန္ဒာ။ နောက်သူ့ကို တွေ့ရင် မခေါ်နဲ့နော်... ဝေးဝေးကရှောင်"

"ကောင်းပါပြီ...တွေ့စရာလည်း အကြောင်းမရှိပါဘူး။ ဒါနဲ့ အစ်ကိုတို့ မိသားစုဆိုလို့ မေးရဦးမယ်... ဘုရားအစ်မ မယ်ရွှေမှိုင်ဆိုတာက ကျိန်စာတွေ တိုက်ထားတယ်ဆို အစ်ကို... ဟုတ်လားဟင်။ အဲဒီ သူမြှုပ်ထားတဲ့ ပစ္စည်းတွေကို အစ်ကိုတို့က သုံးနေလို့လား၊ ဒါကြောင့် မဖြစ်သင့်တာတွေ ဖြစ်နေရတာလားဟင်"

"ပြောဖို့ခက်သားလား စုနန္ဒာရယ်... လူတွေတစ်ယောက်ပြီး တစ်ယောက် သေနေကြတာတော့ အမှန်ပဲ။ တစ်ခါတစ်ရံများ "ဒီတစ်ခါ ငါ့အလှည့်များလား" လို့ အိမ်သားတိုင်းက မကြာခဏ တွေးပြီး သန့်နေကြရတယ်"

"အဲဒီဘုရားကို ရည်မှန်းပြီး လှူဒါန်းထားတယ်ဆိုတဲ့ ပစ္စည်းတွေက ဘယ်သူ့ဆီမှာလဲ... ဘယ်သူရမှာလဲ"

"အခုတော့ ကြီးကြီးခက်ဆီမှာပဲ စုနန္ဒာ။ အဲဒါတွေ ခွဲယူကြဖို့လည်း စီစဉ်နေကြတယ်... ဒါကြောင့် ကိုပန်ဦးဆိုတဲ့လူ ရောက်လာတာပေါ့။ သူဟာ ဦးပုထူးမြတ်ရဲ့သားပါလို့ အထောက်အထားပြနိုင်ပေမယ့်... သူဟာ အစ်ကိုတို့ရဲ့ သွေးပါလို့ အစ်ကိုဖြင့် မယုံပါဘူး စုနန္ဒာရယ်။ သူအမွေရချင်လို့ သက်သက်ဒီမှာ လာနေတယ်လို့ပဲ ကိုယ်ယူဆတယ်"







www.burmeseclassic.com

www.burmeseclassic.com



“စုနန္ဒာကိုရော ဒီလိုပဲထင်ကြမှာပဲ၊ အမှန်တော့ ဒီမဟော်ဂနီစံအိမ်ကြီးက မြတ်မိသားစုဆိုတာကို ဘိုးဘိုးနဲ့ စာချင်းဆက်သွယ်မိမှ သိရတာပါ… ပစ္စည်းရမယ်ဆိုတာ အိပ်မက်တောင် မမက်ခဲ့ဘူးပါဘူး အစ်ကိုယုံပါ၊ မေမေအိမ်ထောင်ပြုလို့ ပထွေးနဲ့ မနေချင်လို့ စုနန္ဒာ အရဲစွန့်ပြီး ထွက်လာခဲ့တာပါအစ်ကိုရယ်”

“မပြောခင် မြင်တည်းက ယုံပြီးသားပါ စုနန္ဒာ… ဒီလိုအားငယ်စရာစကားတွေ မပြောပါနဲ့လားကွယ်။ ပစ္စည်းဆိုရာမှာလည်း ဟိုးရှေးသရောအခါတည်းက ထုခွဲလို့ ကုန်သလောက်နီးနေပါပြီ အိမ်ကြီးဆောက်တာလည်း အတော်ကုန်မှာပဲ”

“ဟုတ်တယ်နော်၊ အိမ်ပုံစံကြီးက လူမလိုလိုနဲ့ ထုထည်က ကြီးပြီး ကြောက်စရာကြီး”

“အင်း… ဒီအိမ်မှာ အန္တရာယ်တစ်ခုခုက စောင့်နေ၊ ရှိနေတာတော့ အမှန်ပဲ စုနန္ဒာ…၊ ဘယ်နေရာက လာတာလဲဆိုတာသာ ဘယ်သူမှ မသိကြတာ”

“ဟုတ်တယ်… ညကလိုအဖြစ်မျိုး ထပ်ကြုံရရင်တော့ စုနန္ဒာလေ… ကြောက်တာနဲ့ သေရလိမ့်မယ်ထင်ပါတယ် အစ်ကိုရယ်”

“ဪ… စုနန္ဒာရယ်”

ကိုမြတ်ဝဏ္ဏက ကျွန်မလက်မောင်းကို ဆုပ်ညှစ်ပြီး ကရုဏာလွှမ်းသောလေသံနှင့် ပြောလိုက်ပါသည်။ ဆက်လက် မလျှောက်ကြတော့ပါဘဲ အင်ပင်ကြီးတစ်ခုအောက်တွင် ဝင်ရောက်ရပ်စေပြီး…

“စုနန္ဒာကို အစ်ကိုပြောစရာရှိလို့ ဒီကိုခေါ်လာတာပါ၊ စီးပွားရေး





တွေ၊ အိမ်ကြီးအကြောင်းတွေ ရောက်နေကြတာနဲ့ အစ်ကိုပြောချင်တဲ့ အဓိကစကားတောင် ပျောက်သွားပြီ… ပြန်ကောက်ရဦးမယ်”

“ဆိုပါဦး အစ်ကို”

ကျွန်မက အေးအေးချမ်းချမ်း ပေါ့ပေါ့တန်တန်ပင် တုံ့ပြန်လိုက်မိပါသော်လည်း ကိုမြတ်ဝဏ္ဏက…

“စုနန္ဒာကို အစ်ကိုသိပ်ချစ်တယ်…အစ်ကို့ကို လက်ထပ်ခွင့်ပြုပါနော်… စုနန္ဒာ”

“ဟာ… ဘာ… ဘာပြောလိုက်တယ် အစ်ကို”

“စုနန္ဒာ ကြားပါတယ်ကွယ်…အစ်ကို့ကို မလိုက်လျောနိုင်စရာ အချက်တွေရှိရင် ပြောပါ.. ပြင်ပါ့မယ်၊ အစ်ကိုကတော့ စုနန္ဒာကို အမြန် ဆုံး လက်ထပ်ထားချင်တာပဲ”

“အို… အစ်ကိုရယ်၊ မကြားဝံ့မနာသာပါလားရှင်… မောင်နှမချင်းတွေပါဆို-အစ်ကို”

“မောင်နှမဆိုတာလည်း နှစ်ဝမ်းတောင်ကွဲပါတယ် စုနန္ဒာ၊ အရင်းကလွဲရင် တစ်ဝမ်းကွဲတောင် ပေးစားကြရိုးထုံးစံရှိပါတယ်”

“ဒါပေမယ့်လေ…စုနန္ဒာဟာ ငါတို့ထောင်ချောက်ထဲကို ဝင်လာတဲ့ သမင်မငယ်လို… တို့လက်ခုပ်ထဲကရေလို သဘောမျိုးနဲ့ စုနန္ဒာကို ချုပ်ကိုင်တာလားဟင်…၊ မလှုပ်နိုင်ပါဘူးအစ်ကိုမြတ်ဝဏ္ဏရယ်… မတရားတော့ မလုပ်လိုက်ပါနဲ့လားရှင်”

“အို…အို… စုနန္ဒာလေး…အစ်ကို့ကို တလွဲမထင်လိုက်ပါနဲ့၊ အစ်ကိုမေတ္တာကို သိမ်ဖျင်းတဲ့ အတွေးအခေါ်တွေနဲ့ မထုံမွှန်းပါနဲ့လား



www.burmeseclassic.com

www.burmeseclassic.com

စုနန္ဒာ… စုနန္ဒာထင်သလို မဟုတ်ပါဘူး၊ မဟုတ်ရပါဘူးကွယ်"

ကိုမြတ်ဝဏ္ဏ၏ တောင်းပန်သံက အမျက်ပြေချင်ဖွယ်၊ လိုက်လျောချင်ဖွယ် ရှိလောက်အောင် ပြေပြစ်သန့်စင်လှသည့် ကရုဏာရသ၊ ပြည့်ဝသော အသံလှိုင်းမျိုးပါပင်။

သူသည် ကျွန်မကို များစွာ ချော့မော့နှစ်သိမ့်ရှာသည်။ သူ့မေတ္တာ မြင့်မားမှု၏ သာဓကကိုလည်း ဥပမာ ဥပမေယျများဖြင့် တင်စားတန်ဆာဆင်၍ ယုံချင်ဖွယ်ဖြစ်အောင် ပုံပြင်လေးနှစ်ထောင် နေရသည့်ပမာ ပြောပြသည်မှာ ရင်ငြိမ်းအေးလှပါချေသည်။ ကျွန်မ၏ ရင်တွင်းဆန္ဒ တစ်ဝက်မျှလောက် ပြေလျော့ကျသွားပြီထင်ပါသည်။ ကျန်တစ်ဝက်၏ မတင်မကျနှင့် မပြေလည်လှသေးသော အကြောင်းရာကို သိလိုလာသည်နှင့်…

"မောင်နှမချင်း လက်ဆက်လို့ရတဲ့ အမျိုးအနွယ်ဆိုရင်လည်း နန်းနုမြတ်ဟာ သိပ်ပြီးလှသားပဲ အစ်ကိုမြတ်ဝဏ္ဏ"

"ဒီလိုရှိပါတယ် ညီမစုနန္ဒာ… လှတာတစ်ခုတည်းကိုသာ ကြည့်ပြီး ချစ်ကြစတမ်းဆိုရင် အရုပ်ဆိုးတဲ့ မိန်းမတွေ အိမ်ထောင် မကျရတော့ဘူးတဲ့လား။ အစ်ကိုတို့ ယောကျ်ားတွေရဲ့ မေတ္တာတိုင်းဟာ လှတာအပေါ်မှာချည်း မတည်ကြပါဘူး စုနန္ဒာရယ်။ နန်းနုမြတ်ဟာ လှပါတယ်၊ ဒါပေမယ့် သူ့အဖေနဲ့အစ်ကို့ဖေဖေ ဦးမြတ်ထွန်းဟာ ညီအစ်ကိုအရင်းပဲ၊ ဘကြီးလည်း ဒီအိမ်မှာ သေသွားတာပဲ။ နန်းနုမြတ်နဲ့က မောင်နှမတစ်ဝမ်းကွဲပေမယ့် ကြီးကြီးခက်က အစ်ကိုနဲ့ ပေးစားချင်တယ် အစ်ကိုကလည်း မချစ်ဘူး၊ သူနဲ့အစ်ကိုက အတွေးချင်း





စိတ်ကူးချင်းမတူဘူး၊ ဒါကြောင့် အစ်ကိုသူ့ကို မချစ်သလို သူကလည်း အစ်ကို့ကို မချစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် သူ့မှာ ရည်းစားနဲ့"

"ဟင်…ဒီလောက် တောလယ်ခေါင်မှာ တစ်အိမ်တည်း နေနေကြတာများ နန်းနုမြတ်က ရည်းစားနဲ့"

"ဟုတ်တယ်… တစ်ခါတလေ မြို့ကလာတယ်၊ အစ်ကို ပြမယ်"

ကိုမြတ်ဝဏ္ဏနှင့် နန်းနုမြတ်တို့၏ ဆက်ဆံရေးကို သိလိုက်ရသည်နှင့် ကျွန်မရင်မှာ တစ်မျိုးပေါ့ပါးသွားမိသည်။ အဘယ်ကြောင့် ပေါ့ပါးသွားရသနည်းဟူသော မေးခွန်းမျိုးကို မေးလာငြားအံ့ ကျွန်မ ဖြေတတ်။

"ဘဲ့နဲ့လဲ စုနန္ဒာ… အစ်ကို့ကို အဖြေပေးပါဦးလားကွယ်"

"သြော်…အစ်ကိုရယ်… စုနန္ဒာဟာ ငယ်သည်ပါ၊ ပြီးတော့ ဘဲခါးမဖွင့်ရသေးတဲ့ အသည်းနှလုံးအသစ်နဲ့ မိန်းကလေးပါ၊ ဒီတော့ ပေါ့ပေါ့လွယ်လွယ်ဖြေလို့ ဖြစ်မတဲ့လားကွယ်"

"ကောင်းပါပြီတဲ့ဗျာ… စုနန္ဒာ ခေါင်းညိတ်လက်ခံလာမယ့် အချိန်မျိုးကို ရောက်စေချင်လှပါပြီလေ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ် ပေါ့ စုနန္ဒာရယ်"

"ဘာများလဲ အစ်ကို"

"အန္တရာယ်ဟာ ပြင်ပကမဟုတ်ဘူး၊ မသိမြင်နိုင်ကြသေးတဲ့ အတွင်းအန္တရာယ်မို့ ဘယ်ကလာလို့ ဘယ်အချိန်ကျရောက်မယ် မသိနိုင်ဘူး စုနန္ဒာ၊ ဒါကြောင့် စုနန္ဒာကို အစ်ကို့ရင်ခွင်ထဲမှာ ပိုင်ပိုင်နိုင်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ကွယ်ဝှက်ပေးထားချင်လွန်းလို့ပါ ညီမလေး စုနန္ဒာ''

ကျွန်မ သက်ပြင်းချမိသည်။ ကိုမြတ်ဝဏ္ဏ၏ မေတ္တာစကားမှာ စောလွန်းလှသေးသော်လည်း ကျွန်မစိတ်တွင် ငြိုငြင်ခြင်းမဖြစ်မိ၊ လိုက်လျောလိုစိတ်မရှိသော်လည်း ဒေါသမဖြစ်ထွန်းမိ။ အင်အားသင် တစ်ရပ် တိုးလာသလိုပင် ခံစားရသည်။

ကျွန်မအနေနှင့် ဤအိမ်တွင် အခြေချ၍ နေပါတော့မည် ဟူသော ဆုံးဖြတ်ချက်မျိုးမထားရသေးသော်လည်း ချစ်မေမေထံသို့ လည်း မပြန်လိုသေးပါ။ ပထွေးနှင့် ယှဉ်တွဲနေမည့် မေမေ့ကို ကျွန်မ မကြည့်ရဲပါ။ တစ်သက်တာ ထာဝရတွဲလာသော ခွဲ၍မရသော ချစ် မေမေကို ကျွန်မ၏ရင်ခွင်တွင်းမှ ထုတ်နုတ်ယူသွားခြင်း ခံရလေသည် ဟုလည်း ဝမ်းနည်းယူကြုံးမရခြင်း ဖြစ်မိပါသည်။ ယင်းအကြောင်းများ တွေးလေတိုင်း ကျွန်မ မျက်ရည်မဆယ်နိုင်ခဲ့။ အိမ်လည်း မပြန်လို ဤအိမ်တွင်လည်း ထာဝရ နေလိုခြင်းဆန္ဒမရှိခိုက် ကိုမြတ်ဝဏ္ဏ၏ မေတ္တာတောင်းခံသံ စကားကို ကြားနာလိုက်ရခြင်း ဖြစ်ပေသည်။ ကျွန်မ ,မဆုံးဖြတ်နိုင်ပါ၊ ဆုံးဖြတ်ရန်လည်း သင့်သောအချိန်မဟုတ် သေးပါ၍…

''ပြန်ကြပါစို့ အစ်ကိုရယ်''

ဟူသော စကားကိုသာ တုံ့ပြန်လိုက်ရသည်။ ကျွန်မတို့နှစ်ဦး ၏ ခြေလှမ်းများက ကနုတ်ပန်းနွယ်များ စီခြယ်ထားသော ဟောင်းနွမ်း အိုမင်းခြင်းဖြင့် ပုံမကျလှသော မဟော်ဂနီ စံအိမ်ကြီးဆီသို့…

❖ ❖ ❖

အခန်း ॥ ၉ ॥

အပြင်တွင် မိုးသဲသဲမဲမဲ ရွာသွန်းနေသည်။

လေသံ မိုးသံနှင့် သစ်ကိုင်းသစ်ရွက်တို့ ခတ်လှုပ်သံက ဝိညာဉ်ခေါ်သံပမာ ချောက်ချားတုန်လှုပ်ဖွယ်ရာပင်။ ကျွန်မက အိပ်နေ သော ပပငယ်လေးကိုသာ အားကိုးတကြီး ဖက်တွယ်ထားမိသည်။

အချိန်က စောပါသေးသည်။ ညကိုးနာရီသာသာမျှသာ ရှိပါသေး၍ ညစာစားပွဲကိစ္စ မပြီးပြတ်သေး၍ပင် ထင်သည် မခင်နု တက်မလာသေး။

မိုးက ပိုမိုသဲလာသည်။ ပိတ်ထားသော မှန်ပြတင်းတံခါးများ ကို လေရိုက်ခတ်သံက ကြိတ်၍ ငိုညည်းသံလို ကျွန်မစိတ်မှ အတွေး ပွားမိသည်။

ကိုယ့်အခန်းထဲပင် ကိုယ်မနေရဲ။ ကျိုးလန့်စာ စားသလို နေရာ အနှံ့ ပြူးပြူးပျာပျာ ကြည့်မိသည်။ အထူးသဖြင့် ပြတင်းတံခါးကို မျက်ခြေမပြတ်ဝံ့၊ ယခင်တစ်ညခါက မွှေးရည်သင္တာဝါမည်းမည်းကြီး



www.burmeseclassic.com

www.burmeseclassic.com



များ ကျော့်ဝင်လာလေမလား။

ကြက်သီးဖြန်းခနဲထပြီး ခေါင်းကြီးသွားမိသည်။ ကျောထဲကလည်း စိမ့်တက်လာသည်။ ကျောဘက်ကိုလည်းမလှည့်၊ ရှေ့ဘက်ကိုလည်း စိတ်မချ၊ မိုးသံလေသံကလည်း ကျွန်မ၏ သတ္တိစိတ်တို့ကို လွင့်စင်သွားလေပြီ။

"အမလေး...ခွေးကလည်း ဆွဲဆွဲငင်ငင် အူလိုက်တာ၊ မိုးသံတွေကလည်း ကြောက်စရာပဲ တစ်ခုခုဖြစ်တော့မလိုပဲ၊ ဒုက္ခပါပဲ... ဘုရား...ဘုရား...ကယ်ပါ"

ကျွန်မ၏ရင်များ တဒိတ်ဒိတ် ခုန်လာသည်၊ တစ်ကိုယ်လုံး ပူရှိန်းတက်လာသည်။ အိပ်ရာထက်မှထထိုင်ပြီး ပပငယ်လေး၏ လက်ကို အားကိုးစရာတစ်ခုလို ဆုပ်ကိုင်၍ ရင်ခွင်တွင် ကပ်ထားမိသည်။ ခွေးလှောင်အိမ်ဆီမှ အူနေသော ခွေးအူသံကိုလည်း ဆက်လက်၍ သဲ့သဲ့ သဲ့သဲ့နှင့် ကြားရပြန်သည်။ မိုးသံနှင့် ခွေးအူသံတို့က ညဉ့်၏ တိတ်ဆိတ်ခြင်း ငြိမ်သက်ခြင်းကို ဖြိုခွင်း၍ ကြောက်မက်တုန်လှုပ်ဖွယ်ဖြစ်အောင် ဖန်တီးနေလေပြီ။

"ဘုရား ဘုရား...၊ အို... မိုးသံတွေ သိပ်ပြင်းလာပါလား၊ မိုးသက်လေပြင်းကျလာပြီ"

"ဟိုက်...အမလေး မီးပြတ်သွားပြီ"

တစ်ခန်းလုံး ပိန်းပိတ်အောင် မှောင်သွားလေပြီ။ ကျွန်မကိုယ်မှ ရှိသမျှသော သတ္တိအင်အားတို့မှာလည်း အလင်းရောင်နှင့်အတူ ကွယ်ပျောက်လျှောကျသွားပါလေပြီ။



BURMESE CLASSIC .com



"ပပ...ပပငယ်...ထ...ထစမ်းပါဦး"

ကလေးပခုံးနေရာကို စမ်း၍ လှုပ်နှိုးမိသည်။ ဤအခန်းတွင်းမှ အမှောင်ကမ္ဘာထဲတွင် တွယ်တာစရာ သက်ရှိသတ္တဝါဟူ၍ ပပငယ်နှင့် ကျွန်မသာ...။

"ဟင်... မမစုနန္ဒာရော မှောင်တယ် မီးဖွင့်ပါ ကြောက်တယ်"

ပပငယ်က ကျွန်မကို တွန်းဖယ်ရင်း အော်သည်။

"ပပငယ်... ပပငယ် မမစုနန္ဒာပါ၊ မီးပြတ်သွားတယ်... ကြောက်နဲ့ မကြောက်နဲ့"

"မီးထွန်းပါ မီးထွန်းပါ"

"အေး လာ...လာ၊ ဟော အပြင်က ခြေသံလိုပဲ၊ ဒုက္ခပါပဲ အစ်ကို...အစ်ကိုမြတ်ဝဏ္ဏ"

ကျွန်မမှာ အားကိုးစရာ ဤအိမ်မှာ အလျှဉ်းသင့်ရာ ကိုမြတ်ဝဏ္ဏကို ကြုံးအော်ခေါ်မိသည်။ ကြောက်လန့်လွန်းသော ကျွန်မ၏ အသံတိမ်တိမ်လေးက မိုးသံလေသံကို ကျော်လွှားသွားနိုင်အံ့မထင်။

ကျွန်မက ပပငယ်ကိုချီ၍ ခုတင်ပေါ်မှဆင်းလိုက်သည်။ မနေ့ညက ကိုပန်ဦး လာပို့ထားသော ဖယောင်းတိုင်ကြီးနှင့် ဖယောင်းတိုင်ထည့်စရာ ဇွေတိုင်ကို လက်နှင့် လိုက်စမ်းရပါ၏။

"အပြင်က ခြေသံပါလား"

"ဘယ်သူလဲ... ဘယ်သူလဲဟင်"

ပြန်ထူးသံမကြားရ၊ လှေခါးဆီသို့ ခြေဖော့နင်းသွားသည့် ခြေသံမျိုးလို ကြားရပါ၏။ ကျွန်မ ဖယောင်းတိုင်ကို စမ်းတွေ့ပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



မီးခြစ်ကိုပါ ဆုပ်ကိုင်မိသည်။ ပပငယ်ကို ဖက်လျက်က တုန်ရီသော လက်များဖြင့် မီးခြစ်ကို ခဲခဲယဉ်းယဉ်း ခြစ်လိုက်ပြီး မီးလင်းသွားစဉ်၌...

**“အ...အ...အား... ဒုံး...ဒုံး...ဒုံး...ဒုံး”**

ဆိုသော အသံနက်ကြီးကို ကြောက်ခမန်းလိလိ ကြားလိုက် သည်နှင့် ကျွန်မကပါ အသံကုန်ကြီးဟစ်ရင်း တံခါးဆီသို့ ပြေးသွားပြီး ဖွင့်လိုက်၍...

“ဘာလဲ ဘာဖြစ်တာလဲ...အစ်ကို...အစ်ကို မြတ်ဝဏ္ဏရေ... စုနန္ဒာကြောက်တယ်”

ကျွန်မမှာ ဖယောင်းတိုင်ကိုကိုင်လျက် ကလေးကိုဖက်လျက်နှ အခန်းဝမှ ကြုံးအော်လိုက်မိသည်။

“လှေ... လှေခါးပေါ်က ကျသေပြီ”

“ဟင်...ပပ ဘာပြောတယ်၊ ဘယ်...ဘယ်သူသေတာလဲ”

ပပငယ်လည်း မပြောတတ်၊ လှေခါးဆီသို့ လက်ညှိုးထော ထိုးရင်း သူလည်း ဆတ်ဆတ်တုန်နေရှာသည်။

လှေခါးဆီသို့ မှောင်ထဲတွင် စမ်း၍ ပြေးသွားကြသံများ ကျွန်မ ရိပ်ခနဲ ရိပ်ခနဲ မြင်ရသည်။ ကိုစံရိပ်ငြိမ်၏ အခန်းဆီမှ အလင်း ရောင်တန်းလေးတစ်ချက် လှစ်ခနဲကိုလည်း မြင်လိုက်ရပါ၏။ ကျွန် ရှေ့မှ ဖြတ်သွားသူများမဆုံးမီပင်...

“အမလေး... ယာကြပါဦး”

နန်းနုမြတ်၏ လိပ်ပြာလွင့်ထွက်မတတ် အော်သံကို ကြားလို ရသည်။





“ဘယ်သူလဲဟင်...ဘယ်သူကျတာလဲ”

“ဒီတစ်ခါ ဘယ်သူလဲ”

“ကြီး...ကြီး...ခက်”

“ဟာ ဒုက္ခပါပဲ”

အသံများက ဆက်တိုက်ပေါ်လာသည်။ ကျွန်မမှာ ပပငယ်ကို တစ်ဖက်ကဆွဲလျက် ငွေဖယောင်းတိုင်ရှိုးကို လက်ကမြှောက်ကိုင်လျက် င် တရွေ့ရွေ့ လှမ်းလာမိသည်။

သိလိုဇောလည်းကြီးသည်၊ မကြည့်လည်းမကြည့်ဝံ့၊ ခြေလှမ်း ပင် အနိုင်နိုင် လှမ်းလာရသည်။

ကျွန်မ လှေကားထိပ်ရောက်သည်နှင့် မီးက ဖျတ်ခနဲ လင်းလက် ာတော့သည်။ လျှပ်စစ်မီးက အရာအားလုံးကို ပကတိအတိုင်း င်သာစေသည်။ မီးလင်းသည်နှင့် ကျွန်မ လှေကားထိပ်ရောက်သည် င် တိုက်ဆိုင်နေပါ၍ အောက်ခြေသို့ ငုံ့ကြည့်လိုက်မိသည်။

**“အမလေး...အမလေး...”**

ကျွန်မမှာ နောက်သို့ ခြေလှမ်းသုံးလေးလှမ်းစာမျှ ဆုတ်မိ ည်။ မြင်ရသော မြင်ကွင်းကလည်း သွေးပျက်လုမတတ်ပါပင်။

ဒေါ်ခက်ခက်မှာ လှေခါးရင်း လှေခါးခုံပေါ်တွင် ပက်လက် နေအထားနှင့် လန်လဲကျနေသည်။ ခြေတစ်ဖက်က လှေခါးထစ် ပေါ်တွင်တင်လျက်၊ တစ်ဖက်က ကွေးလျက်၊ လှေကားပေါ်မှ ာက်ထိုးကျထားသည့်အသွင်ပင်။ လက်တစ်ဖက်က တံတောင်ဆစ် ွေးလျက် လက်ချောင်းများက ကုပ်ကွေးနေသည်။ ကျွန်လက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က လှေကားဆီသို့ တောင့်တောင့်ကြီး လက်ညှိုးထိုးလျ မျက်လုံးကြီး ပြူးပုံက နှလုံးတုန်လှုပ်ချောက်ချားဖွယ် ကောင်း ပါသည်။ ပါးစပ်ပွင့်ဟလျက်ရှိပါ၍ သွားများပါ ပေါ်လွင်နေပေသည် ကြီးစွာသော နာကျင်မှု၊ အမြင့်မားဆုံး ကြောက်လန့်မှုများကို ခံ နေရင်း အသက်ထွက်သွားရဟန်ရှိသည်။

ကျွန်မလှမ်းကြည့်နိုက်မှာ ကျွန်မကိုကြည့်လျက် လက်ညှိုးကြ ထိုးပြနေသည်သို့ မြင်ရပါ၍ နောက်ဆုတ်လိုက်ရခြင်းဖြစ်ပါသည် လက်ဝါးနှင့် ပါးစပ်ကိုပိတ်လျက် ကျွန်မ၏လည်ချောင်းဝမှ အသံမျ တစ်ဆို့အစ်ထွက်လာမိသည်။ စကားလုံးမကွဲ။

"မမစုနန္ဒာ…မမစုနန္ဒာ ဟီး…ဟီး…ကြောက်တယ်"

ပပငယ်က ကျွန်မကိုဖက်၍ ငိုရှာသည်။ ကျွန်မတို့ နှစ်ယော တစ်ယောက်ကိုတစ်ယောက် အားကိုးတကြီးလို ဖက်တွယ်ထားမိ သည်။ အောက်ထပ်တွင်လည်း နန်းနုမြတ်၏ အော်ငိုသံကို ကြ သည်။ သူလည်း ကျွန်မကဲ့သို့ပင် ကြောက်ရွံ့တုန်လှုပ်လွန်းသ အသံမျိုးနှင့်ပင်…။

အလောင်းနားတွင် ကိုပန်ဦးနှင့် ကိုမြတ်ဝဏ္ဏတို့ ရှိနေ သည်။ သူတို့နှစ်ယောက်လုံး အလုပ်ရှုပ်နေကြဟန်ဖြင့် လှုပ်ရှားနေ သည်။ ခပ်လှမ်းလှမ်းတွင် ရွံ့ကြောက်ထိတ်လန့်လွန်းသော ပုံသဏ္ဌာ ဖြင့် အလောင်းကို မကြည့်ဝံ့ဝံ့ ကြည့်ဝံ့ဝံ့ဖြင့် တုန်လှုပ်စွာ ရပ်နေပါ ဦးအောင်ထူးမြတ်။ လှေခါးလက်ရမ်း ပွတ်လုံးတိုင်ကို ကျစ်ကျ အောင် ဆုပ်ကိုင်လျက် အံခဲထားပါသော ဦးမြတ်ထွန်း။





ကိုစံရိပ်ငြိမ်ဆိုသော ကိုမြတ်စိုး၏အခန်းမှမူ ဘာသံမှမကြားရ၊ တုတ်တုတ်မျှမလှုပ်။

"နန်းနုမြတ် အပေါ်သွားနေစမ်း၊ စုနန္ဒာနဲ့ ပပငယ်တို့ တူတူ အပေါ်ထပ်ဧည့်ခန်းမှာပဲ ထိုင်နေကြ။ ကဲ…ဘဘကလည်း ဘာမှမလုပ် နိုင်ဘဲနဲ့ အိမ်ပေါ်မှာပဲ သွားနေစမ်းပါ။ ဒီမှာ စီစဉ်စရာတွေ လုပ်စရာတွေ လုပ်ရဦးမယ်။ ဦးလေးမောင်… ကံထွန်းတို့…"

ကိုမြတ်ဝဏ္ဏ၏ အစီအစဉ်ကြောင့် အလောင်းဘေးမှ ကွေ့ လျက် တုန်တုန်ရီရီဖြင့် ဦးအောင်ထူးမြတ်နှင့် နန်းနုမြတ်တို့ တက်လာ ကြသည်။ ဦးလေးမောင်၊ မောင်ကံထွန်း စသော အိမ်၏ အလုပ်သမား များသည်လည်း ကိုမြတ်ဝဏ္ဏ၏ အော်သံကြောင့် အပြေးအလွှားဖြင့် အနားသို့ ရောက်ရှိလာကြပေသည်။

ကျွန်မ ဦးအောင်ထူးမြတ်နှင့် နန်းနုမြတ်တို့ ဆုံမိကြသည်နှင့် မီးချောင်းအောက် တည့်တည့်၌ရှိသော ကုလားထိုင်စုံရှိရာသို့ လာခဲ့ ကြသည်။ ငိုရှိုက်နေသော ပပငယ်လေးကို ကျွန်မက လက်မှဆွဲလျက်…

"ကြီးကြီး…ကြီးကြီးခက်သေပြီ၊ နန်းနုတော့ ဒုက္ခပဲ၊ ဘယ်လို လုပ်ကြမလဲဟင်…ဘဘရယ်"

နန်းနုမြတ်က လှိုက်လှဲစွာငိုသည်။ ဦးအောင်ထူးမြတ် ကိုယ် တိုင်လည်း မျက်ရည်များဝိုင်းလျက် ဣန္ဒြေပျက်လောက်အောင် လှုပ်ရှား နေရှာသည်။ နန်းနုမြတ်မှာ ဒေါ်ခက်ခက်နှင့် အတူနေအတူအိပ်သော ဘုဝရီးဖြစ်ပါ၍ သူမှာ များစွာခံစားရရှာပေမည်။



www.burmeseclassic.com

www.burmeseclassic.com

''ဦးလေး… အလောင်းကို ဆေးရုံမပို့ဘူးလား၊ ဒီကိစ္စကို ရဲဌာန ကို မတိုင်ဘူးလားဟင်''

ဦးအောင်ထူးမြတ်က အံ့သြဟန် ထိတ်လန့်ဟန်များဖြင့် ကျွန်မကိုကြည့်သည်။

''ဆေးရုံနဲ့ ရဲဌာန ဟုတ်လား''

''ဟုတ်တယ်လေ…ဒါဟာ ရဲအရေးပိုင်တဲ့ လူသတ်မှုလား… လူသေမှုလားပဲ''

''ဒီကိစ္စတွေက မောင်မြတ်ဝဏ္ဏရဲ့ကိစ္စပဲ စုနန္ဒာ၊ အင်း… ဦးလေးတို့ကတော့ မှီခိုသူဘဝ ဖြစ်နေတော့ ဘာမှ စီစဉ်ဖန်တီးနိုင်စွမ်း မရှိတော့ဘူးပေါ့လေ''

ကျွန်မမှာ ဤအိမ်၏ပြင်ပဆက်သွယ်မှုကို ဘဝင်မကျနိုင် အောင် ရှိမိသည်။ မြို့သစ်နှင့်လည်း ၇ မိုင်မျှသာဝေးပါလျက်နှင့် သီးသန့်အုပ်ချုပ်ရေးနယ်ပယ်လို ဖြစ်ချင်ရာ ဖြစ်နေကြသည်ကို ကျွန်မ ဘဝင်မကျနိုင်။ မီးစက်ကလည်း ကြပ်ကုန်းမြေပေါ်တွင် သီးသန့် ဆောက်လုပ်ထားပါသော ကိုယ်ပိုင်မီးစက် ဖြစ်ပါလျက်နှင့် ခေတ္တမျှ လေး ပျက်သွားရသည်မှာလည်း စဉ်းစားစရာပင်။ ကျွန်မမှာ အိမ်နှင့် ပတ်သက်သော ချောက်ချားဖွယ် တုန်လှုပ်ဖွယ်များကို ထိတ်ထိတ် ခုန်သောရင်များဖြင့် စဉ်းစားရင်း ရှုပ်ထွေးရင်း ဖြစ်နေရစဉ် ဦးအောင်ထူး မြတ်က…

''ခက်တယ်စုနန္ဒာ… ဒီမဟော်ဂနီစံအိမ်ကြီးမှာ ဥပဒေတွေ သိပ္ပံနည်းတွေ သုံးလို့ကိုမရတော့ဘူး။ ကျိန်စာတွေ ဝိညာဉ်တွေဆိုတာ





ကို လက်ခံရတော့မလိုဖြစ်နေပြီ။ ရှေးဟောင်း ရွှေငွေရတနာတွေကို ထိန်းသိမ်းထားတဲ့ လူတိုင်းဟာ အဲဒီနည်းနဲ့ လှေခါးပေါ်က လိမ့်ကျ သေကြတာချည်းပဲ၊ ဘာဖြစ်လို့လဲဆိုရင် အဲဒီရွှေပြားတွေထဲမှာ ဘုရား အစ်မ မယ်ရွှေမှိုင်ရဲ့ ကျိန်စာတွေ ပါနေလို့ပဲ၊ ပထမသေပြီးသား လူတွေရဲ့ ဝိညာဉ်ဟာ ကျိန်စာသင့်ပြီး ဒီအိမ်ကြီးမှာရှိနေတယ်လို့ ယူဆ နေလားပဲ တူမတို့ရယ်။ ဒီအိမ်ရဲ့အရေးပါ အရာရောက်သူတိုင်း ဒီနည်း နဲ့ သေကြရတာချည်းပဲ။ ဒီဝိညာဉ်လောကဆိုတာလည်း မရှိဘူးလို့ ယုံဖို့ခပ်ခက်ခက်ပါပဲလေ။ အခုတော့ ဒီအိမ်မှာ အကြီးအကဲဆိုလို့ ဦးလေးပဲရှိတော့တယ်၊ ထိန်းသိမ်းတတ်တဲ့ မိန်းမသားလည်း မရှိတော့ ဘူး။ ဦးလေးကို အမွေထိန်းအပ်ခဲ့ရင်တော့ ဦးလေး ဘုန်းကြီးပဲ ဝတ် တော့မယ်၊ ဒီ 'ကျိန်စာသင့်ဝိညာဉ်' တွေရဲ့ရန်ကိုလည်း ကြောက်လှပါပြီ။ မောင်မြတ်ဝဏ္ဏဘဲကြည့်ပြီး စီစဉ်ပေးပါစေတော့။ သြော် ခက်ခက်… ခက်ခက်၊ လောဘရမ္မက်ကြီးရှာလွန်းလို့ သူ့အရင်က သေဆုံးခဲ့ကြတဲ့ ကျိန်စာသင့်ဝိညာဉ်တွေရဲ့ ခေါ်ယူခြင်းကို ခံယူသွားရရှာတာပဲလား၊ တွေးတတ်အောင်ပါပဲလားကွယ်''

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၀ ။

ဒေါ်ခက်ခက်၏ ရုပ်အလောင်းလည်း အေးဆေးခြောက်ကပ်စွာနှင့်ပင် မြေကျသွားခဲ့လေပြီ။

ယင်းအသုဘတွင် အတူအိပ်အတူစားသူ နန်းနုမြတ်မှလွဲ၍ မည်သူမျှ လိုက်လှဲစွာ မငိုကြွေးကြပါချေ။

ဒေါသ၊ မောဟနှင့် လောဘကြီးသူတို့၏ နောက်ဆုံးသွားရာ လမ်းကို ခက်ခဲစွာ ကျော်ဖြတ်သွားရရှာသော်လည်း ကြေကွဲမည့်သူ မရှိရှာ။ ကိုယ့်မျက်စိရှေ့တွင် သေလွန်သွား၍သာ သနားစိတ်ရှိရသည် ကျွန်မ မျက်ရည်မကျမိ။

ကျွန်မမှာ အိမ်ထဲတွင်နေရမည်ကိုပင် ကြောက်ရွံ့လှပါသည် စိတ်မသန့်လှပါ၍ ပပငယ်ကို လက်ဆွဲလျက် အိမ်အပြင်ဘက်ချည်း ထွက်နေမိသည်။ မြက်ခင်းပြင်ပေါ်တွင် ပပငယ်လေး ဆော့ကစားနေ သည်သို့ ကျွန်မ စိတ်ရှင်ကြည်မိပါသည်။

အိမ်ပေါ်တွင် ကိုမြတ်ဝဏ္ဏ၊ ကိုပန်ဦး၊ ဦးမြတ်ထွန်းနှင့် ဦးအော





ထုးမြတ်တို့မှာကြိတ်၍ တီးတိုးတိုင်ပင်နေကြသည်။ သူတို့၏ဆွေးနွေးပွဲသည် ထာဝရမပြေလည်သော ဆွေးနွေးပွဲသာဖြစ်ချိမ့်မည်။ ငွေရေးကြေးရေး အမွေထိန်းသိမ်းရေးမှလွဲ၍ တခြားမဖြစ်နိုင်ပါချေ။ ဦးမြတ်ထွန်းတို့ သားအဖက တစ်ဖက်ဖြစ်ချေမည်။

"မမစုနန္ဒာ...ဟိုမှာကြည့်စမ်း၊ ဦးဦးစံရိပ်ငြိမ်ရယ်"

စံရိပ်ငြိမ်ဆိုသဖြင့် ကျွန်မ ထိတ်သွားမိသည်။ သူညွှန်ပြရာ ကျွန်မ လှမ်းကြည့်မိပါသည်။ ကိုမြတ်စိုးမှာ ပန်းချီဆွဲသည့်ဒေါက်ကို မြေတွင်ချလျက်၊ ကင်းဘတ်(စ)ပြားပေါ်တွင် ဆီဆေးတင်နေသည်ကို မြင်ရပေသည်။ ကျွန်မရှေ့ သူ့ရှေ့တွင် မြင်နေရသော သဘာဝရှုခင်းက စိမ်းစိုသော ယာတောဖြစ်ပေသည်။ တောက်ပသောအပြာရောင် နောက်ခံတွင် နေခြည်ဖြာနေသဖြင့် တိမ်ငွေမ်းစိုင်ဖြူဖြူတို့က လွင့်မျောနေပေသည်။ လက်ျာဘက်ထောင့်တွင် သက်တံ့တစ်ခုကိုပင် မြင်နေရပါလျက် ပတ်ဝန်းကျင်က ဆွတ်ပျံ့သာမောဘွယ် မြင်နေရပါလျက်နှင့် ကိုစံရိပ်ငြိမ် ဆွဲနေသည်က မြေညိုရောင်၊ အနီရင့်နှင့် ဝါလွင်သော မည်းပြာသော ဆန့်ကျင်ဘက်အရောင်များချည်းဖြစ်သည်။

"လာ မမစုနန္ဒာ...သွားကြည့်ရအောင်"

ပပငယ်က လက်ဆွဲလျက် ခေါ်ငင်ပါ၍ မြင်သာသည်ထက် ပိုမိုထင်ရှားပါစေရန် ကျွန်မမှာ တစ်လှမ်းချင်း ပန်းချီဆရာနားသို့ တိုးကပ်သွားမိသည်။ နောက်ခိုင်းအနေအထားနှင့်လည်း ဖြစ်ပါ၍ ကျွန်မတို့ကို သူ ရုတ်တရက် မြင်နိုင်မည်မထင်။

"ဘွားလေးခက် မသာချနေတဲ့ပုံ"



www.burmeseclassic.com

www.burmeseclassic.com

ပပငယ်က ကျွန်မနားနားကပ်၍ပြောလိုက်သည်။ ကျွန်မစိတ်မှ

''ဟုတ်ပါရဲ့ . . . သူပြောမှပဲ မျက်စိထဲပေါ်တော့တယ်''

ဗုံးကျ ဘုန်းကြီးသုံးပါး၊ ကြေးစည်ထမ်းသူ နှစ်ယောက်၊ နောက်မှ မသာရထား၊ ပို့ဆောင်သူ လေးငါးဆယ်ယောက်ခန့်ကို ဘေးတိုက်အနေအထားနှင့် မြင်နေရသည့်ပုံကို သူရေးခြယ်နေပေသည်။ ပုံကြမ်းယောင်းဆဲဖြစ်သော်လည်း ပီပြင်လာနေပေပြီ။ မသာချနေသည့် ရုပ်လုံးပေါ်လာပေပြီ။

''ဩော် . . . ဒုက္ခ၊ ပတ်ဝန်းကျင်က ဒီလောက်လှပါရက်နဲ့ ရင်အေးစရာ သဘာဝပန်းချီကားချပ်တော့ မဆွဲဘဲ မသာချနေတဲ့ပုံ ဆွဲရတယ်ရယ်လို့''

''အင်း သိပြီ . . . ဒီတစ်ခါ ဒေါ်ခက်ခက် သေဆုံးပုံကို သူ မှတ်တမ်းတင် ပန်းချီကားမဆွဲတော့ဘဲ မသာချသွားတဲ့ပုံကိုသာ သူ မြင်လိုက်ရတဲ့အတိုင်း ဆွဲနေတာဖြစ်မှာပါ''

ကျွန်မစိတ်မှ သည်သို့တွေးနေမိစဉ် ကိုစံရိပ်ငြိမ် ခေါ်သည့် ကိုမြတ်စိုးက နောက်ဘက်တွင် မျက်စိပါသည့်အလား . . .

''ပန်းချီကားမပြီးသေးဘဲ လာကြည့်ရင် သိပ်မုန်းတာပဲ''

ပန်းချီဆွဲရင်းက ပြောသည်။ ကျွန်မတို့က ဤမြက်ခင်းပြင်ပေါ်သို့ အရင်ရောက်ပြီးမှ သူခုမှရောက်လာသဖြင့်သာ သည်သို့ သိရှိခြင်းဖြစ်ပေမည်။

''ဝမ်းနည်းပါတယ် ကိုစံရိပ်ငြိမ် ခွင့်လွှတ်ပါ'' ကျွန်မက နိုးကြည့်မိသူမို့ တောင်းပန်ရင်း ပြန်လှည့်လာခိုက် . . .





''အေးဗျာ . . . ခင်ဗျားစိတ်ဝင်စားမယ်ဆိုရင်တော့ ကျွန်တော့် အခန်း ကျွန်တော့်ပန်းချီစတူဒီယိုမှာ လာကြည့်ပါ။ အသက်ဝင်လှတဲ့ အသက်ထွက်နေတဲ့ပုံတွေကို မြင်ရပါလိမ့်မယ်။ ကျွန်တော်ဖိတ်ခေါ်ပါတယ်''

''အင်း . . . အင်း . . . ဟုတ် . . . ဟုတ်ကဲ့''

ကျွန်မနှင့် ပပငယ်တို့ သူနှင့်ဝေးရာသို့ သုတ်ခြေတင်၍ ပြေးလာခဲ့ကြရတော့သည်။

**''အသက်ဝင်လှတဲ့ အသက်ထွက်နေတဲ့ပုံတွေ''**

ကောင်းသော လက်ရာမြောက်သော ပန်းချီကားတစ်ခုကို အသက်ဝင်လှသည်ဟု ဆိုရိုးရှိကြသည်။ ကိုစံရိပ်ငြိမ်၏ ပန်းချီကားများမှာ ပန်းချီအမြင်နှင့်ပြောရလျှင် အသက်ဝင်လှပါသည်။ သို့ပါသော်လည်း ယင်းအသက်ဝင်လှသော ပန်းချီကားများက အသက်ထွက်နေသည့်ပုံများ ဖြစ်ပါ၍ သူ့စကားက တစ်မျိုးကြီးဖြစ်နေရသည်။

''ဩော် . . . ကိုစံရိပ်ငြိမ်ရယ်၊ ဟိုနေ့က ရှင့်အခန်းကို စုန်နှာ ရောက်ခဲ့ပြီးပြီ၊ ဒီပန်းချီကားတွေကို မြင်ခဲ့ပြီးပြီဆိုတာကို ရှင်လုံးဝ မေ့သွားခဲ့ပြီပေါ့နော်။ တကယ်တော့ ကိုစံရိပ်ငြိမ်ဟာ ဦးကျောက်ပုံစံ မှန်သူ၊ ဦးကျောက်ပျက်နေသူ တစ်ယောက်ပါပဲလား''

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်သွားကြမလို့လဲ''

''ဘယ်ရယ်မဟုတ်ပါဘူး ဦးလေးရယ်၊ အိမ်ထဲမှာ မနေချင်လို့ပါ''

''ဟုတ်တယ်...အိမ်ထဲကလည်း နေချင်စရာကို မရှိပါဘူး''

''ဟုတ်ကဲ့... စုနန္ဒာလည်း မနေ့ကပဲ မေမေ့ဆီကို စာထည့်လိုက်ပါပြီ၊ ကိုမြတ်ဝဏ္ဏမြို့သွားရင်းနဲ့ ပေးလိုက်တာပါ''

''ဘာအကြောင်းထူးရှိလို့လဲ''

''စုနန္ဒာ ပြန်တော့မလို့ပါ၊ ခွင့်ပြုပါလို့ တောင်းပန်တာပါ''

''ဟင်''

ဦးအောင်ထူးမြတ်က ကျွန်မကို နားမလည်သလို ကြည့်လိုက်သည်။ ပြီး သူက ဆက်သည်။

''ကိုယ့်အမေဆီပြန်တာ ခွင့်ပန်နေရသေးတယ်လား စုနန္ဒာ၊ စုမြတ်သန္တာက အခွေမရဘဲ မပြန်ခဲ့နဲ့လို့ မှာလိုက်လို့လား''

''စုနန္ဒာနဲ့ စုနန္ဒာရဲ့မေမေ့အကြောင်း ဦးလေးသိပါတယ်လေ၊ ပြောပြီးပြီပဲ၊ စုနန္ဒာ မေမေ့ကို 'ကော'ပြီး ထွက်လာခဲ့တာ၊ ပထွေးနဲ့တော့ မနေနိုင်ဘူး၊ ဘိုးဘိုးတို့အိမ် ကိုယ့်ဆွေမျိုးအိမ်မှာပဲ ထာဝရနေတော့မယ်ဆိုပြီး ထွက်လာခဲ့တာပါ။ ခုတော့ အခြေအနေက ဦးလေးသိတဲ့အတိုင်းပဲ၊ စုနန္ဒာဆက်ပြီး မနေချင်တော့ဘူး၊ ဒါကြောင့် သမီးမှားပါတယ်၊ မေမေ့ဆီ ပြန်ခဲ့ပါရစေတော့လို့ ခွင့်တောင်းလိုက်တာပါ''

''ပြန်ဖြစ်တောင် စာလာမှပဲ ပြန်ဖြစ်မှာပေါ့နော်''

''ဟုတ်ကဲ့ ဦးလေး''





''အေးကွယ်...ဦးလေးတောင် နေခွင့်ရမယ်ဆိုရင် စုနန္ဒာနဲ့လိုက်ခဲ့ချင်တယ်၊ ဒီအိမ်လည်း မနေချင်တော့ပါဘူး။ ဒါပေမယ့်ကိုယ်ကလည်း ဒုက္ခိတ၊ စုနန္ဒာဘဝကိုလည်း ဦးလေးသိပါတယ်''

''စုနန္ဒာသာ မိုနိုသူမဟုတ်ဘဲ အုပ်ချုပ်ရသူဆိုရင် ဦးလေးကိုနှမှာ ခေါ်သွားပါတယ်''

''ဦးလေးနားလည်ပါတယ်သမီး၊ ဦးလေးကတော့ မထူးပါဘူး၊ တစ်ခက်ရဲ့ဝိဉာဉ်က လာခေါ်ရင်လည်း ဝင်္ကျွတ်တာပဲလို့သာ အောက်မေ့ရမှာပဲ''

''အို ဦးလေးရယ်... ဦးလေး ဒါတွေယုံတယ်လား ဟင်၊ တစ်ယောက်ယောက်ရဲ့ ပယောဂများရော မဖြစ်နိုင်ဘူးလား''

''ခက်သားလား စုနန္ဒာ...နေကြတာကလည်း မိသားစုချည်းပဲ၊ ပြီးတော့ လှေခါးကကျသေတာအမှန်ပဲ၊ တစ်ယောက်ယောက်က သတ်ပစ်တဲ့လက္ခဏာမှ မတွေ့ဘဲ။ ဒီတော့လည်း ကျိန်စာသင့်ဝိဉာဉ်တွေက တစ်ယောက်ပြီးတစ်ယောက် ခေါ်နေတယ်ဆိုတာ လက်ခံရတော့မလိုဖြစ်နေပြီကွယ်... အနောက်ပိုင်းမှာ သေကြတာ တစ်ယောက်တစ်ယောက် နိုးလာတယ်''

''ဟာ... စုနန္ဒာကြောက်တယ်''

''ကြောက်တော့မကြောက်ပါနဲ့လေ...မပြန်ခင်သာ သတိဝီရိယထားနဲ့နေပေါ့''

''ခက်တာက နှန်းနုမြတ်ကလည်း မခင်နုတို့နဲ့ သွားအိပ်တော့ မီးမှာ အဖော်မရှိဘူး၊ ညရောက်မှာကိုပဲ ကြောက်နေတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးလည်း စောင့်ပါ့မယ်၊ မောင်ပန်ဦးနဲ့ မြတ်ဝဏ္ဏကိုတော့ နည်းနည်းသတိထားပေါ့"

"ဟင်…သူ…သူတို့က အသက်ကို အန္တရာယ်ပေးနိုင်လောက်အောင်…"

"ဟာ ဦးလေးဒီလိုမစွပ်စွဲပါဘူး၊ ဟို… အဲ… လူပျို အပျိုပြဿနာကို ပြောတာပါ"

ဦးအောင်ထူးမြတ်၏ စကားကြောင့် ကျွန်မမှာ ရက်ရွံ့စွာ ခေါင်ငုံ့လိုက်ရပါသည်။

ပပငယ်မှာ ကျွန်မကိုတစ်လှည့် ဦးအောင်ထူးမြတ်ကိုတစ်လှည့် ကြည့်ရင်း မျက်ရည်လေးဝဲနေရှာသည်။

"မမစုနန္ဒာ ပြန်တွေ့မယ်လား၊ ပပကိုခေါ်သွားပါနော်"

စသောစကားလုံးလေးများကို သူ့ရင်ထဲမှာ ပြောနေကြောင်း ကျွန်မသိပါသည်။ သူလေး၏ အားငယ်သော မျက်ဝန်းလေးများက ဖော်ပြနေကြပါ၏။

"ခက်တယ်ပပရယ်… မမစုနန္ဒာ တစ်ကိုယ်စာတောင် ပတွေး အရိပ်မှာ ဘယ်လိုနိုလှုံ့ရမှန်း မသိဘူးဖြစ်နေတယ်၊ ပပလေးကို မ ခေါ်သွားချင်ပါတယ်၊ မထားခဲ့ရက်ပါဘူး။ ခက်တယ် ခက်လှပါတယ် ကွယ်"

"စုနန္ဒာက ဘေးကကြည့်ရင် စုမြတ်သန္တာနဲ့ တဖုံတည်း တထေရာတည်းပဲ၊ ညီမလေးငယ်ငယ်ကလည်း ဒီလိုပဲ၊ သိပ်ချော ပဲ။ အင်း… မိန်းမတို့ရဲ့အလှဟာ အခါခပ်သိမ်း ဥစ္စာမဖြစ်ဘူး





အန္တရာယ်လည်း ဖြစ်နိုင်တယ် စုနန္ဒာ"

ဦးအောင်ထူးမြတ်က လွန်ခဲ့သောနှစ်များဆီသို့ အတွေးရောက်သွားရင်းက တွေးတွေးဆဆပြောဟန်ဖြင့် မျက်စိစင်းကြည့်ကာ ခေါင်းလေးတဆတ်ဆတ် ညိတ်ရင်း ပြောလိုက်သည်။

ဦးအောင်ထူးမြတ်၏စကားကြောင့် ကျွန်မလည်း ဆန္ဒတစ်ခုကို ပြင်းပြစွာ ပြန်လည်သတိရမိလာတော့သည်။

"ဦးလေး…စုနန္ဒာရဲ့မေမေနဲ့ ဖေဖေရဲ့အကြောင်းကို ပြောပြမယ် ဆို ဦးလေး၊ စုနန္ဒာ သိပ်ပြီး ကြားချင်သိချင်တာပဲရှင်… ပြောနိုင်ရင် ပြောပြပါလား ဦးလေးရယ်နော်"

ဦးအောင်ထူးမြတ်ကလည်း လိုလိုချင်ချင်ရှိပုံရသည်။ သူ့ရင်မှ ခံစားမှုကိုလည်း ဖွင့်ထုတ်လိုဟန်ရှိသည်။ ကျွန်မကိုလည်း ငဲ့ညှာပုံ ရပါသည်။

"ကိုယ့်ကြမ္မာကို ကိုယ်ကြိုပြီးမပြောနိုင်ဘူးလေ၊ ဦးလေးရိုဘန်း တူမလေး သိထားသင့်တာလေးတွေ သိသွားစေချင်သေးတယ်၊ ဖြစ်က ဒီလိုကွယ်…"

"စုနန္ဒာရဲ့အဘွား 'မစံမေ' ဟာ အင်မတန်ကို ချောမောလှပတဲ့ ပေမယ့် ဒါပေမယ့် ကံမကောင်း အကြောင်းမလှလို့ တို့များအိမ်မှာ အိမ်စေဘဝနဲ့ လာပြီးနေရရှာတယ်။ သူက သိပ်လှတော့ စုနန္ဒာရဲ့ အဘိုး ဦးကောင်းမြတ်ကလည်း မျက်စိကျပြီး သူ့ရဲ့ဒုတိယဇနီးအဖြစ်နဲ့ ထောက်ယူလိုက်ရောဆိုပါတော့။ ဒါပေမယ့် မစံမေဟာ ကံမကောင်း ဘူးကွယ်… စုမြတ်သန္တာလေး သုံးနှစ်ရွယ်မှာပဲ ဆုံးသွားရှာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မေမေဟာ ဒီအိမ်ကြီးမှာ ဆယ့်ခြောက်နှစ်လုံးလုံး အမိမဲ့ ဘဝနဲ့ နေခဲ့ရတာပေါ့နော်"

"ဟုတ်တယ်…အဲ့ဒီအချိန်တုန်းက ဒီအိမ်မှာ မိသားစုတွေက အများကြီး…လူတွေက တစ်ပုံကြီး။ ဒီအထဲမှာ ဦးလေးရဲ့အစ်ကို 'ကိုအောင်မြတ်စံ'ဆိုတဲ့ လူချောလူလှ ခေတ်ပညာတတ် တစ် ယောက်ဟာ ဒီအိမ်မှာ အပေါ်ထင်ဆုံးပေါ့ စုနန္ဒာ။ ဒီတုန်းက ဦးလေး တို့ရဲ့ အဖေအမေဟာလည်း ဒီအိမ်မှာ ဩဇာအကြီးဆုံးပဲ။ မေမေဟာ ဆိုရင် သူ့သား အောင်မြတ်စံကို သိပ်ပြီးအထင်ကြီးတယ်။ နိုင်ငံခြားကို တောင်လွှတ်ပြီး ပညာသင်မယ်လို့ ရည်ရွယ်တယ်။ အဲ့ဒီလို ရည်မှန်း ချက် အကြီးမြင့်ဆုံးအချိန်မှာ…အစ်ကိုအောင်မြတ်စံဟာ စုမြတ်သန္တာ နဲ့ မေတ္တာမျှကြတယ်… ကျုးကျူးလွန်လွန် ဖြစ်ကြတယ်ဆိုပါတော့။ ဒီအကြောင်းကို ဦးလေးတို့မေမေလည်းသိရော အင်း… ပြောရရင်လည်း မကောင်းပါဘူးကွယ်၊ ကိုယ့်ကျေးဇူးရှင် မိခင်လည်းဖြစ်တယ်… သေလွန်ပြီးသူလည်းဖြစ်နေတော့…"

"မထူးပါဘူး ဦးလေးရယ်… ပြောသာပြောပါ"

"ပထမ စုမြတ်သန္တာကို အဆိပ်ခတ်ပြီးသတ်ဖို့တောင် ကြံစည် ပြီးပြီ"

"အမလေး…ရက်စက်ကြမ်းကြုတ်လိုက်ကြတာနော်"

"ဟုတ်တယ်၊ အဲဒီကိစ္စကတော့ မအောင်မြင်ဘူး။ အစေခံ… က စုမြတ်သန္တာဘက်ကမို့ သေဘေးက လွတ်ခဲ့တယ်။ ဒါပေမယ့် မေမေဟာ အကြံကြီးတယ်၊ ပိပိရိရိ အေးအေးဆေးဆေးနဲ့ ဖြစ်မြော…





…အောင် ကြံစည်တတ်တယ်"

"ဘယ်လိုများ ထပ်ပြီးကြံစည်သလဲဟင် ဦးလေး"

"အိမ်မှာ အလုပ်သမားတစ်ယောက်ရှိတယ် 'မောင်လူလှ'တဲ့။ …ဘဲ… ဖြတ်ပြောရဦးမယ်… အဲဒီလို အခင်းမဖြစ်ခင် အချိန်မှာ …တ် သန္တာမှာ ကိုယ်ဝန်ရှိနေပြီလေ၊ အောင်မြတ်စံလည်းသိတယ်။ …လေးတို့ မေမေ 'ဒေါ်မြတ်သူဇာ'လည်း သိတယ်ပေါ့။ ဒါပေမယ့် …ဟန် ဆောင်နေခဲ့တယ် အကြံနဲ့ကိုး၊ စုမြတ်သန္တာကလည်း …မဲ့သမီးမို့ ဒီကိစ္စကို ဖခင်ဦးကောင်းမြတ်ကိုလည်း ဖွင့်ပြောလို့ …ဖြစ်မလဲ၊ သူ့အနေနဲ့တော့ သူ့ချစ်သူ အောင်မြတ်စံကိုသာ …ပြောခဲ့တာပေါ့၊ ဒီတုန်းက ကိုယ်ဝန်ကလည်း ငါးလလောက်ရှိပြီ …တယ်"

"ဟုတ်ကဲ့၊ ခုနပြောတဲ့ မောင်လူလှဆိုတာနဲ့ ဘာဖြစ်သလဲ …ဦးလေး"

"မောင်လူလှဆိုတာက နာမည်နဲ့လိုက်အောင် လူပုံလေးက …ယ် စုနန္ဒာ၊ သူက မြင်းစီးကျွမ်းကျင်တယ်၊ ဖျတ်ဖျတ်လတ်လတ် …ရှိတယ်၊ ဒါပေမယ့် လူကတော့ ကောက်ကျစ်တယ်။ ဒီတော့ …က ချဉ်းကပ်လို့ လွယ်တာပေါ့ကွယ်။ ငွေပေးပြီး အဲဒီလို မကြံစည် …ကိစ္စကြီးကို ကြံစည်ဆောင်ရွက်တော့တာပဲ သမီးရေ"

"ဘယ်လိုများလဲ ဦးလေးရယ်… စုနန္ဒာ သိချင်လှပြီ"

"ကိုအောင်မြတ်စံ မြို့ကိုသွားပြီး ပြန်လာမယ့်ညမှာပဲ စုမြတ် …ကို အိပ်ဆေးတွေတိုက်ထားတယ်၊ မောင်လူလှကိုတော့ အကျိုး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြောပြီး ပူးပေါင်းထားတယ်၊ ငွေပေးနိုင်းတယ်ဆိုပါတော့ အဲဒီညက မောင်လှလှကလည်း ရဲဆေးတင်တဲ့အနေနဲ့ အရက်ကလေ သောက်ထားသေးတယ်''

''အင်း . . . အင်း . . . ဟုတ်ကဲ့''

ကျွန်မက သိလိုဆန္ဒပြင်းပျစွာဖြင့် ခရီးအမြန်ရောက်ပါစေ စကားဝင်ထောက်လိုက်ရပါသည်။

''အဲ . . . အဲဒီညက စုမြတ်သန္တာဟာ အိပ်ဆေးကြောင့် နှစ် ခြိုက်ခြိုက်ကြီး အိပ်ပျော်နေရှာတယ်၊ အရက်ဝင်နေတဲ့ မောင်လှ ဟာလည်း စုမြတ်သန္တာရဲ့ အိပ်ခန်း အိပ်ရာထဲမှာ ဝင်အိပ်နေတယ် ပြောရစေတော့ကွယ် အရှက်မဲ့မြင်ကွင်းမျိုးဖြစ်အောင် တမင်ဖန်တီး နေကြတယ်ဆိုပါတော့''

''အို . . . ဒီတုန်းက . . . ဦး . . . ဦးလေးပါသိတယ်လား''

''ဒီတုန်းက ဘာမှမသိဘူး၊ ဝုန်းဝုန်းဒိုင်းဒိုင်းဖြစ်မှ သိရတာ နေဦး ပြောဦးမယ်။ အဲဒီညမှာ ကိုအောင်မြတ်စံက ပြန်လာပြီး ထုံး အတိုင်း စုမြတ်သန္တာအခန်းကို သွားတယ်ဆိုပါတော့။ ကိုအောင်မြတ် ဟာ စုမြတ်သန္တာကို သိပ်ချစ်တယ်၊ သိပ်မြတ်နိုးရှာတယ်၊ သူ့ထ လည်း အများကြီးယုံတယ်၊ လှလည်းသိပ်လှတော့ သိပ်ချစ်တာ ကွယ်''

''ဟုတ်ကဲ့ပါ''

''အဲဒီညက စုမြတ်သန္တာဆီလည်း ဝင်သွားရော။ မောင်လှ ဖရိုဖရဲအိပ်နေတာကိုမြင်တော့ ဘာပြောကောင်းမလဲကွာ လူ





တောင် ပျောက်သွားတယ်ထင်တယ်။ နဂိုတည်းက ဒေါသကလည်း ပါကြီးကြီးကိုး တစ်ခါတည်း နှစ်ယောက်လုံးကို အသေသတ်မယ် ဆိုပြီးတော့ ဓားဆွဲခုတ်တော့တာပါပဲ''

''အမယ်လေးနော်''

ကျွန်မမှာ ဦးအောင်ထူးမြတ် ပြောပြသည်များကို ယခုပင် မြင်နေရသည်သို့ စိတ်မှာထင်မိသည်။ ထိုအချိန်က အိပ်ဆေးပြယ်၍ ထနိုးကြောက်နေရှာမည့် မေမေ၏ သနားစရာရုပ်သွင်ကိုပါ ကျွန်မ မြင်ယောင်လာမိသည်။ ဦးအောင်ထူးမြတ်၏ ဆက်လာသော စကား များကို နားစွင့်ရပြန်သည် . . .။

''အဲဒီလို ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်တော့မှ ဦးလေးက သူတို့ဆီ ပြေးလာရတာပေါ့။ မောင်လှလှက ထွက်ပြေးတော့ စုမြတ်သန္တာကို ဓားနဲ့ခုတ်မယ်အလုပ်မှာ ဦးလေးက အတင်း ဓားဝင်ဆွဲပြီး ဆီးကာတော့ သူတစ်ကိုနှစ်ယောက် လုံးထွေးပြီး ဦးလေးရဲ့ ညာဘက်ခြေထောက်ကို ခုတ်မိရာက . . . ခြေတစ်ဖက် ဖြတ်လိုက်ရပြီး ခြေတုတပ်ထားရလို့ တစ်သက်လုံး လူဖြစ်ရှုံးခဲ့ရတာပါပဲသမီးရယ် . . .''

''ဟာ . . . ဖြစ်ရလေ ဦးလေးရယ်၊ ပြီးတော့ စုနန္ဒာရဲ့ဖေဖေ ကော . . .''

''အေး မင်းဖေဖေ ဒေါသအိုးကြီးဟာ လှေခါးကဆင်းပြေးသွား တဲ့ မောင်လှလှနောက်ကို တစ်ခါတည်း ဓားနဲ့လိုက်တော့တာပဲ။ မောင်လှလှကလည်း ကြောက်အားလန့်အားနဲ့ အတင်းမြင်းစီးပြီး ထွက်ပြေး . . . သူကလည်း မြင်းစီးပြီး ဓားနဲ့နောက်က လိုက်နဲ့၊ ညာဘက်



www.burmeseclassic.com

www.burmeseclassic.com

မြင်ကွင်းဟာ ဘယ်လောက်ကြောက်စရာကောင်းလိုက်မလဲ တွေး
ကြည့်တော့၊ ရှေ့ကမြင်းနဲ့ပြေးတဲ့ မောင်လှလှကိုလည်းမီးရော နောက်
မားနဲ့ပိုင်းချလိုက်တာ မောင်လှလှလည်း ခေါင်းတခြားကိုယ်တခြ
မြင်းပေါ်ကကျ သူလည်း မြင်းပေါ်က အရှိန်လွန်ပြီး မြင်းရောသူ
ကုန်းမြင့်ပေါ်က ကျသွားတော့တယ်ကွယ်… ဟိုဝေးဝေး ဘုန်းကြ
ကျောင်းလေးဘေးက အုတ်ရေကန်ပေါ် ခေါင်းနဲ့ရိုက်မိပြီး ပွဲချင်း
ပါပဲ…"

"အမလေး ဘုရား ဘုရား"

"အင်း လူနှစ်ယောက်အသက်နဲ့ ဦးလေးရဲ့ ခြေတစ်ဖ
ပြတ်ရုံမကဘဲ မြင်းကလည်း သုံးမရအောင် ခြေကျိုးသွားလေတော
သေနတ်နဲ့ပစ်သတ်လိုက်ရတယ်။ အင်း အချစ်ကြီးလို့ ပေါက်
ဖြစ်ပေါ်လာတဲ့ ဒေါသတရားဟာ ဘယ့်လောက်များ ကြောက်စ
ကောင်းလိုက်သလဲနော် စုနန္ဒာ"

"ဟုတ်ပါရဲ့ ဟုတ်ပါရဲ့နော် ကြောက်စရာကောင်းလိုက်
မေမေ့ကို သစ္စာဖျက်မအမြင်နဲ့ မြင်ပြီး အသေဆိုးနဲ့ သေသွားရရှာ
စုနန္ဒာရဲ့ ဖေဖေကိုလည်း စုနန္ဒာ သနားမိပါရဲ့ဦးလေးရယ်"

"အင်း မင်း ဖေဖေထက် သနားစရာကောင်းတာက စုနန္ဒာ
မေမေပဲ…"

"ဟုတ်ကဲ့ ပြောပါဦး ဦးလေးရယ်။ မေမေဟာ သူဖြတ်
လာရတဲ့ ဘဝဇာတ်လမ်းကို တစ်ခွန်းတစ်ပါဒမှ စုနန္ဒာကို ဖွင့်မပြေ
ဖူးဘူး၊ မေးလို့လည်း မရဘူး… စုနန္ဒာ ဘာဆိုဘာမှ မသိခဲ့ရပါ





ဦးလေးရယ်။ ကဲ… ဆက်ပါဦး… မေမေနောက်တော့ ဘာဖြစ်
လဲဟင်…"

"အဲဒီညတွင်းချင်းပဲ ဦးလေးကို စောင်တွေနဲ့ ပုခက်လိုလုပ်…
ဝါးပိုးဝါးနဲ့ လျှိုထမ်းပြီး ဆေးရုံတင်ကြရတာပေါ့ တဲတဲလေးရှိတဲ့
ခြေထောက်ကိုဖြတ် အနာကုနဲ့ဆိုတော့ ဦးလေးဟာ ဆေးရုံမှာ
တစ်လကျော် ကြာသွားတယ်ဆိုပါတော့။ ခြေတုမတပ်ရခင် အိမ်ကို
ပြန်လာတော့ စုမြတ်သန္တာ မရှိတော့ဘူး"

"ဒေါ်မြတ်သူဇာဆိုတာက နှင်ချလိုက်တာလား ဟင်"

"နှင်တယ်ရယ်တော့ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် မေမေ
မြတ်သူဇာက အမျိုးညံ့သမီးမို့ အောက်တန်းစားဆန်ဆန် ကျင့်ကြံတယ်
ပေါ့၊ အိမ်ကနိုင်းတဲ့ကောင်နဲ့ ကိုယ်ဝန်ရနေပြီ၊ ရှက်လှချည်ရဲ့ ဆိုပြီး
ငိုတော့… ဦးလေး ဦးကောင်းမြတ်ကလည်း ရှက်တာပေါ့ ဖအေကိုး
ကွယ်။ ဒီတော့… မနေ့နဲ့ အရှက်ခွဲတဲ့သမီး ဆင်းသွားဆိုပြီး ပြောတယ်
ဆိုပဲ၊ ဒီလိုနဲ့… မိုးတွေရွာနေတဲ့ညတစ်ညမှာ စုမြတ်သန္တာဆိုတဲ့
မြတ်မိသားစု အနွယ်ဝင် ဦးလေးတို့ရဲ့ နှမဝမ်းကွဲလေးဟာ ဒီမဟော်
ဂနီစံအိမ်ကြီးနဲ့ ဒီမိသားစုကို အပြီးတိုင် ကျောခိုင်းထွက်ပြေးသွား
တော့တာပါပဲကွယ်"

"ဦးလေးရယ် ဒီအဖြစ်ပျက်ဟာ ပုံပြင်တစ်ပုဒ်လိုပဲ ကြေကွဲ
စရာ ကောင်းလှပါတယ်နော်။ ဒါပေမယ့် ဒါဟာ ပုံပြင်မဟုတ်ဘူး
စုနန္ဒာရဲ့ မေမေနဲ့မေမေတို့ ကိုယ်တိုင် လှုပ်ရှားပါဝင်ခဲ့ရတဲ့ အဖြစ်ပျက်
ဆိုပြန်တော့… စုနန္ဒာ ရင်ထဲမှာ နာလိုက်တာရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးဟာ အဲဒီညက စုမြတ်သန္တာကို နောက်ဆုံးတွေ့လိုက်ရတာပါပဲ။ သူစွန့်လွှတ်သွားတဲ့ ဒီစံအိမ်ကြီးမှာတော့ လူတွေဟာ တစ်ယောက်ပြီးတစ်ယောက် အသေဆိုးနဲ့ သေကုန်ကြတာပါပဲ။ မေမေလည်း သားတစ်ယောက်ကဆုံး၊ တစ်ယောက်က ခြေတစ်ဖက်ဖြတ်ရတော့ စိတ်ဓာတ်အကြီးအကျယ်ကျပြီး ရေနစ်ပြီး သတ်သေလိုက်တယ် စုနန္ဒာ။ နောက်ဆုံးတော့ အခုစုနန္ဒာ တွေ့နေရတဲ့ မိသားစု ခြောက်ယောက်ပဲရှိတော့တယ်။ မောင်ပန့်ဦးဟာ ဒီမိသားစုထဲကပါ ဆိုခဲ့ရင်တော့ ခုနစ်ယောက်ပေါ့လေ၊ စုနန္ဒာပါ ရှစ်ယောက်။ ကဲ စုမြတ်သန္တာရဲ့ ဒီဘက်က အကြောင်းတော့ ပြောပြီးပြီ… စုနန္ဒာတို့ သားအမိနှစ်ယောက်ရဲ့ အဝေးရောက်ဇာတ်ကြောင်းကို ဦးလေးသိပါရစေဦးလား စုနန္ဒာ"

"စုနန္ဒာတို့ကတော့ သိပ်ပြီး ပြောစရာအကြောင်း ကြီးကြီးမားမား မရှိလှပါဘူးလေ။ မေမေဟာ ဒီအိမ်က ထွက်လာစဉ်က သူ့ရင်မှာ ရှိနေတဲ့ စုနန္ဒာရဲ့ အသက်ရှင်ရေး လူဖြစ်လာရေးအတွက် ဦးစားပေးပြီး သူ့ကိုယ်သူ အဆုံးမစီရင်ဖြစ်တာထင်တယ်နော် ဦးလေး"

"အများကြီးဖြစ်နိုင်တာပေါ့ကွယ်၊ သူအင်မတန်မှ အားနွဲ့အားငယ်ရှာတဲ့ မိန်းကလေးပဲ။ 'မိခင်' ဆိုတဲ့ မေတ္တာသွေး ဝင်လာတာနဲ့ အရာအားလုံးကို ရုန်းကန်ဖြေရှင်းနိုင်တဲ့ သတ္တိတွေ ရှိလာတယ်ထင်ပါရဲ့ကွယ်…"

"ဟုတ်ပါတယ် စုနန္ဒာကို တောရွာတစ်ရွာမှာ မွေးပါတယ်။ နောက် စုနန္ဒာ မှတ်မိတဲ့အရွယ်ရောက်လာတော့ မြို့မှာတက်နေပြီး ကလေးထိန်းကျောင်းလေးတစ်ခု ဖွင့်ထားပါတယ် ဦးလေး။ အဲဒါလေးနဲ့ပဲ စုနန္ဒာကို ကျောင်းထား စားဝတ်နေရေးလေး ပြေလည်အောင်လည်း ဆောင်ရွက်ကြနဲ့ပေါ့။ အဲဒီလို သားအမိနှစ်ယောက် သွားအတူ စားအတူ အိပ်အတူနဲ့ အမြဲမခွဲဘဲ နေခဲ့ရာက မေမေဟာ ဦးမြင့်ထွန်းနဲ့ အိမ်ထောင်ပြုမယ်လည်းဆိုရော ဦးလေးနယ်လေ စုနန္ဒာ ငိုလိုက်တာမှ လိမ့်နေတာပဲ၊ စုနန္ဒာ ရင်ထဲက မေမေ့ကို ဦးမြင့်ထွန်းက ဆွဲထုတ်သွားတယ်လို့လည်း ယူမိပါတယ်၊ စုနန္ဒာ ကျွန်ရစ်ပြီး သူတို့တွဲနေမှာကို စုနန္ဒာမကြည့်နိုင်ဘူး၊ ဒါကြောင့် ဘိုးဘိုးကလည်းခေါ်လို့ စုနန္ဒာ ဒီကို အားကိုးတကြီးလာခဲ့တာပါ၊ ဒီရောက်တော့လည်း…"

"အေးကွယ် ဒီအိမ်မှာလည်း ကျိုန်စာဆိုတာ ဟုတ်များနေရောသလားပဲ၊ ခုတလော သေကြတာ ပိုပိုပြီး နီးနီးလာတယ်၊ ကိုယ့်အလှည့်များ ရောက်ခါနီးပြီလားလို့ ဦးလေးတောင် တစ်ခါတလေ တွေးမိရင် ညဘက်အိပ်လို့ မပျော်ဘူး"

ကျွန်မမှာ ချစ်လှစွာသော မေမေနှင့် ဖေဖေတို့၏ ရင်နာကြေကွဲစရာ ဇာတ်ကြောင်းဟောင်းများကို တွေးတောရင်း ဝမ်းပန်းတနည်းနေမိစဉ် ဦးအောင်ထူးမြတ်၏ စကားကြောင့် ဤအိမ်၏ လက်ရှိအခြေအနေအရပ်ရပ်ကို သုံးသပ်မိရာမှ ရင်ထဲ၌ တင်းကျပ်ဆို့သိပ်လာမိသည်။ သည့်အိမ်သို့ မလာဖြစ်လျှင် ကောင်းလေစွဟု နောင်တလည်း မိပါသည်။ ဤအိမ်သို့ ရောက်လာဖြစ်အောင် ဘိုးဘိုးဦးကောင်းမြတ်နှင့် ဆက်သွယ်ဖြစ်လေအောင် ကြံဆောင်ဖန်တီးသူကို ကျွန်မသိချင်လာသည်နှင့်…





www.burmeseclassic.com

www.burmeseclassic.com


"ဒါနဲ့ ဦးလေးရယ်... စုန္ဒွာတို့ လိပ်စာကို ဘိုးဘိုး ဘယ်က ရသလဲဟင်... ဘယ်သူက စုန္ဒွာတို့ကို ရှာပေးတာလဲရှင်။ ဘိုးဘိုး တော့ ...ယ်ကိုမှ သိပ်ပြီး ဝေးဝေးလံလံ မသွားနိုင်တော့ဘူးဆို"

"ဟုတ်တယ်... စုန္ဒွာတို့ကို ရှာပေးတာ မောင်ပန်ဦးပဲ ဖြစ် မယ်"

"ဘာ...ဘာ...ကိုပန်ဦး ဟုတ်လား...ဦးလေး"

"အေး...ဦးလေးဦးကောင်းမြတ် မသေခင်က သူပဲ ဦးလေး မှာ တိုးတိုးတိုးတိုးနဲ့၊ ပြီးတော့ မြို့ကိုလည်း တစ်လတစ်ခါလော သွားတယ်။ ဒီကောင်ဟာ ဦးလေးတို့ရဲ့တူ၊ ဦးလှထူးမြတ်ရဲ့သားဆို ဟုတ်မှဟုတ်ပါ့မလားလို့ ဦးလေးစိတ်ထဲမှာ အမြဲသံသယရှိနေမိတယ်"

"ဟင်...ဒါဖြင့် စုန္ဒွာ ဒီကိုရောက်လာဖြစ်အောင် ဖန်တီးပေး ဟာ ကိုပန်ဦးပဲပေါ့နော်...ဦးလေး"

"အေး...ဟုတ်တယ်၊ မောင်မြတ်ဝဏ္ဏတို့ သားအဖတွေ မေးကြည့်ပါလား... ဘယ်သူမှ စုန္ဒွာ သားအမိရဲ့ ခြေရာကိုကော ပေးသူ မရှိခဲ့ဖူးဘူး။ ဒီတော့ အပြင်ကရောက်လာပြီး အပြင်နဲ့ ဆက် နေတဲ့ မောင်ပန်ဦးကလွဲလို့ ဘယ်သူဖြစ်ရဦးမလဲ စုန္ဒွာ"

"ဟုတ်တယ်နော်... ကိုပန်ဦးကြည့်ရတာ တစ်မျိုးပဲ"

"ဘယ်လိုတစ်မျိုးတာလဲ"

"မသိဘူး ဦးလေးရယ်... သူဟာ အမြဲတမ်း ထူးခြားနေတ အမြဲတမ်း တစ်ခုခုလုပ်နေတယ်။ စုန္ဒွာကို စိုက်စိုက်ကြည့်နေတ လည်း စုန္ဒွာ သိပ်ကြောက်တာပဲ"

"အေးကွဲ... သူက ဒီအိမ်မှာ အားလုံးကို လွှမ်းမိုးနေသလိုပါပဲ ရှင်းရှင်းပြောရရင် သူရှိနေတာကိုမကြိုက်ဘူး"

"ဒီမှာ ဦးလေး... ဒီအိမ်မှာ လူတွေသေကြတာ သူရောက်လာ ပြီးမှလားဟင်"

"ဒါတော့မဟုတ်ဘူး၊ သူမရောက်ခင်ကပဲ သေကြသေးတယ်၊ အဲ... သူရောက်လာမှ နည်းနည်းအသေစိပ်လာတယ်ဆိုပါတော့..."

"အို...ကိုမြတ်ဝဏ္ဏတို့ကရော ဘယ်လိုယူဆသလဲ"

"အဲဒါတော့မသိဘူးသမီး... မြတ်ဝဏ္ဏက စုန္ဒွာကို သိပ်ပြီး အရေးပေးသားပဲ၊ မောင်ပန်ဦးနဲ့ပတ်သက်ပြီး ဆွေးနွေးကြည့်ပါလား။ ဦးလေးတို့ကတော့ သိတဲ့အတိုင်းပဲ... ကြားတဲ့အတိုင်းပဲ... ကိုယ်က ဒုက္ခိတဆိုတော့ ဘာမှ မစွမ်းဆောင်နိုင်ဘူးလေ။ ဒီတော့လည်း ဘာပြောလို့မှ မအောင်မြင်တော့ ဘာထင်ကြေးမှ မပေးရဲဘူး... ဘာမှ မပြောရဲဘူး"

"အို... ဦးလေးရယ်"

ကျွန်မမှာ ဦးအောင်ထူးမြတ်ကို ကြင်နာစွာ ကြည့်လိုက်မိပါ သည်။ ဦးလေးအရင်းဖြစ်သူ၏ နိမ့်ကျနေသော ဘဝကိုလည်း ကူညီ ဖေးမပေးချင်လှပါသည်။ ကျွန်မသည်သာ ကိုယ့်အိမ်ရာနှင့် ကိုယ့် အလုပ်အကိုင်နှင့် ဩဇာနှင့် ရှိခဲ့ပါလျှင် ဦးလေးဖြစ်သူကို အိမ်ဦးခန်း၌ ...င် တင်ထားချင်ပါသည်။ သို့ပါသော်လည်း ကျွန်မမှာ ဘာအရည် အချင်း၊ ဘာပညာမျှ မရှိခဲ့ပါ။ အခြေခံအထက်တန်းပညာကိုပင် ကျော်လွှန်အောင်မြင်ခဲ့သူ မဟုတ်ပါချေ။ ယင်းသို့ ပညာမရှိသည့်ထက်



www.burmeseclassic.com

www.burmeseclassic.com

ဆိုးရွားသည်က ကျွန်မမှာ ဘာအတွေ့အကြုံမျှ ရှိခဲ့ဖူးသူမဟုတ် သည်က ပို၍ခက်လှပါချေသည်။ ပတ်ဝန်းကျင်ဆိုသည့် ကမ္ဘာကျယ် ကိုလည်း မနှံ့စပ်ခဲ့ဖူးသူမို့ လူ့မနော၊ လူ့ဆန္ဒ၊ လူ့အတွင်းစိတ် စသည် များကို ဘာတစ်ခုမျှ နားလည်နိုင်စွမ်းမရှိခဲ့ပါ။ ယင်းသို့သော နံ့သုံ့သည့် အခြေအနေနှင့် ဤအရှုပ်အထွေး ဂေဟာကြီးသို့ ရောက်ရှိလာခဲ့ရသော ကျွန်မမှာ ကျားတို့အလယ်မှ အသိမကြွယ်သေးသော သမင်မငယ် တစ်ယောက်နှယ်သာ ပမာနိုင်းနှိုင်းပါရစေတော့။

❖ ❖ ❖



အခန်း ။ ၁၁ ။

မိုးရေစလေးများကို သီသွယ်ထားသည့် မြက်ရွက်နုလေးများက နေရောင်ကြောင့် လွင်လွင်လေး စိမ်းနုနေပေသည်။ အရုဏ်ဦးအချိန်က မိုးများ အားသွန်ခါ ရွာသွန်းထားပေသည်။ ယခု နေထွက်သည့် နံနက် ဦးချိန်တွင်မူ မိုးငွေ့ပါသော တိမ်တို့ပင် ကောင်းကင်တွင် မမြင်ရတော့။ ကြည်လင်တောက်ပသော လင်းရောင်ခြည်က သာယာနွေးထွေးစွာဖြင့် ဖြန့်ကျက်အုပ်မိုးထားပေသည်။

ကျွန်မမှာ ပပငယ်ကို လက်ဆွဲလျက် မြက်ခင်းများပေါ်မှ နင်း၍ လျှောက်လာခဲ့သည်။ တစ်ခါတစ်ရံလည်း စိုအိနေသော မြေပျော့များ အတွင်းသို့ ခြေကျွံသွားကြသည်။ ပပငယ်မှာ ဒေါ်ခက်ခက် သေဆုံး သွားခြင်းနှင့် ကျွန်မနှင့် ယခုလို သွားလာနေရသည်ကို အလွန်ပင် ပျော်ရွှင်ကြောင်း ပြောပြရှာသည်။ ဒေါ်ခက်ခက်ကို သူ အလွန်မုန်းတီး သည်။ ကျွန်မက ဟန့်တားထားရပါသည်။

"မမစုနန္ဒာ . . . ဟိုဘုရား ရောက်ဖူးလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဝေးဝေးဆီမှ စေတီဖြူဖြူလေးကို လက်ညှိုးညွှန်၍ ပပငယ်က မေးသည်။ ကျွန်မ အခန်းနေရာမှပင် မကြာခဏ လှမ်းကြည့်မိသော စေတီဖြူလေးနှင့် ဘုန်းကြီးကျောင်းကို ငေးကြည့်ရင်း ပပငယ်ကို ဖြေရ သည်။

"မရောက်ဖူးဘူး… ပပငယ်ရော ရောက်ဖူးလား"

"ပပငယ်လည်း မရောက်ဖူးဘူး…၊ ကိုယ်နိုဦးကြီးတော့ ခိုးခိုး သွားတယ်"

"ဘာရယ် ပပငယ်… ကိုယ်နိုဦး ခိုးသွားတယ်… ဟုတ်လား၊ ပပက ဘယ့်လိုလုပ်သိလဲ"

"ညဘက်ဆို အကျီအမည်း၊ ဘောင်းဘီအမည်း ဝတ်ဝတ်ပြီး သူ့အခန်းပြတင်းပေါက်က ကျော်ကျော်ဆင်းသွားတာ ပပငယ် မြင်ရ တယ်၊ ပြီးရင် အဲဒီဘက်ကို သွားရော…"

"ဟုတ်ရဲ့လား… ပပငယ်ရယ်"

"ဟုတ်တယ် မမစုနန္ဒာရဲ့"

"တခြားအိမ်သားတွေရော မမြင်ကြဘူးလား"

"ဘယ်သူမှ မသိဘူး၊ အားလုံး ထမင်းစားချိန် ညဦးဘက်ဆိုရင် သွားရော… ဘယ်သူမှမမြင်ဘူး၊ ပပငယ်ကလည်း ဘယ်သူ့မှ မပြော ပါဘူး၊ မေမေက မှာဖူးတယ်…ဒီအိမ်မှာ ဘာစကားမှမပြောရဘူးတဲ့… မမစုနန္ဒာကိုမို့ ပြောရဲတာ"

"ဒီဘက်ဆို ချွေးလှောင်အိမ်က ဖြတ်သွားရတာပဲ၊ ဒီချွေးတွေက သိပ်ရူတာ…သိပ်ဟောင်တာ…ကိုယ်နိုဦး သွားတဲ့အခါ ဟောင်မှာပေါ့"





"အဲဒါ သူ့ချွေးတွေ… သူရောက်မှ မွေးထားတာ"

ကျွန်မ ပပငယ်ကို ထပ်၍ မေးခွန်းမထုတ်မိတော့။ ကိုယ်နိုဦး သည်မှာ ဘာလဲဆိုသော မေးခွန်းများသည်သာ ကျွန်မ၏ရင်ထဲ၊ ကျွန်မ၏ ဦးနှောက်ထဲတွင် ထပ်ခါဆင့်ခါ ရောက်ရှိလာပါတော့သည်။

"မမစုနန္ဒာ… အဲဒီဘက်အထိ လျှောက်သွားကြည့်ရအောင် နော်…"

"ဖြစ်ပါ့မလား…အတော်ဝေးသေးတယ် ပပငယ်ရဲ့"

"ဖြစ်ပါတယ်… အခု ပပငယ်ကို ဆူမယ့်ရိုက်မယ့် ဘွားလေး က် မရှိတော့ဘူး၊ ကောင်းတယ် အေးတယ် လာပါနော်… မမစုနန္ဒာ၊ သွားရအောင်ပါနော်"

ကျွန်မရှေ့မှ ကျွန်မ၏လက်ကို ပခုံးထက်တွင် ထမ်းတင်လျက် တင်းဆွဲခေါ်၍ ဆက်လက်လျှောက်သွားနေပါသော ပပငယ်၏ နောက်သို့ ကျွန်မမှာ လေးကန်သောခြေလှမ်းများဖြင့် တစ်လှမ်းချင်း လိုက်သွားနေမိပါတော့သည်။

"အဲဒီနေရာ၊ အဲဒီနယ်မြေမှာ… ငါ့အဖေဟာ ငါ့အမေပေါ်မှာ ကြီးမားလွန်းတဲ့မေတ္တာတရားနဲ့ ဒေါသစိတ်ကြောင့် လူတစ်ယောက် ကိုလည်း သတ်ခဲ့တယ်၊ သူကိုယ်တိုင်လည်း သေရရှာတဲ့နေရာပဲ၊ ရောက်အောင် သွားကြည့်ဦးမယ်လေ"

ကျွန်မနှင့် ပပငယ်မှာ တစ်ယောက်နှင့်တစ်ယောက် မေးမြန်း ပြောဆိုခြင်းမရှိကြတော့ပါဘဲနှင့် ခပ်မှန်မှန် လျှောက်လာမိခဲ့ကြ ပါသည်။

"ဒေါ်မြတ်သူဇာဆိုတဲ့ မိန်းမကြီးရဲ့ ယုတ်မာပက်စက်တဲ့ အကြံ



www.burmeseclassic.com

www.burmeseclassic.com



အစည်တစ်မျိုးသာ မရှိခဲ့ဘူး မပေါ်ပေါက်ခဲ့ဘူးဆိုရင် ငါ့အဖေနဲ့ အမေ
ဟာ ချစ်ခင်ကြင်နာစွာနဲ့ ပေါင်းဖက်ကြရမှာပါ၊ ငါလည်း မိခင်ဖခင်
နှစ်ယောက်ရဲ့ရင်ခွင်တွေက ကြီးမားသော မေတ္တာတရားတွေကို ခိုလှုံခွင့်
ရနေမှာပဲ။ ခုတော့ အေးလေ… ငါ့ဘဝကိုက ကံနည်းလွန်း ကံမဲ့လွန်းလှ
ပါတယ်။ ဖေဖေနဲ့မေမေရဲ့ အဖြစ်ဟာ ရင်နာကြေကွဲစရာကောင်းလွန်း
လို့ သဓီးသနားလှပါတယ်ရှင်''

ကျွန်မ၏စိတ်တွင်းမှ တစ်ယောက်တည်း ပြောရင်းဆိုရင်းဖြင့်
ပပငယ်နှင့်အတူ လျှောက်လာကြသည်မှာ အတော်ပင် ခရီးပေါက်ခဲ့
လာခဲ့ကြပါပြီ၊ ရှင်းလင်းသော မြင်ကွင်းဖြစ်၍သာ အလှမ်းဝေးလှသည်
ဟု မထင်ရသော်လည်း တကယ်တမ်း လျှောက်လှမ်းလာကြသည့်အခါ
တွင် အတော်ပင် ဝေးကွာကြောင်း တွေ့ရပါသည်။ တစ်မိုင်ကျော်ခန့်
လောက် ရှိမည်ထင်ရသည်။

''ပပငယ် မမောဘူးလား''

''မောတော့မောတယ်၊ ဒါပေမယ့် ပျော်တယ် မမစုနန္ဒာရေ''

''မမကတော့ မောလည်းမမောဘူး၊ ပျော်လည်းမပျော်ဘူး''

''မပျော်ပေမယ့်လည်း သွားပါမမရယ်၊ ရောက်တော့မှာပဲဟာ''

''အေးပါ… သွားပါ့မယ်၊ လာ မြန်မြန်လျှောက်၊ မိုးရွာရင်ဒုက္ခ''

ကျွန်မနှင့် ပပငယ်မှာ စောစောကထက်ပို၍ မြန်မြန်လျှောက်
လာမိကြသည်။ ကုန်းမြေမြင့်အဆုံးသို့ ရောက်ပါပြီ။ အောက်ဖြေ
ဆင်ခြေလျှောတွင် ဘုရားယင်ပြင်သို့သွားသည့် မြေနီလမ်းကလေး
ရှိပေသည်။ မြေနီလမ်းကို လှေခါးထစ်လေးများသဖွယ် လက်ဖြင့်





ဖောက်လုပ်ထားသော အထစ်ညီညီလေးများကို တွေ့ရပါ၏။ ကျွန်မ
က ရုတ်တရက် မဆင်းသေးပါဘဲနှင့် မျက်စိတဆုံး ပြန့်လွင့်နေပါသော
အစိမ်းရောင်လွင်ပြင်ကြီးကို လှည့်ပတ်ကြည့်ရှုနေမိခိုက်…

''ဟော…ဟို…ဟိုမှာ ကြည့်စမ်း မမစုနန္ဒာ''

ပပငယ် လက်ညှိုးညွှန်ထားသည့် မဟော်ဂနီစံအိမ်ကြီးဆီသို့
ကျွန်မ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

''မှန်ပြောင်းကြီးနဲ့ ကြည့်နေတာနော်''

''အေး ဟုတ်တယ်… မမတို့လည်း ကြည့်လိုက်ရော ဖျတ်ခနဲ
ပင်သွားရောပဲ၊ အင်္ကျီအမည်းကြီးနဲ့လူ''

''သူ ဘယ်သူလဲ၊ မမစုနန္ဒာသိလား''

''အင်း…သူ ဘယ်သူပါလိမ့်…သူဘယ်သူပါလိမ့်''

ယင်းအမေးများကိုသာ စိတ်၌မေးရင်း ကျွန်မနှင့်ပပငယ်တို့
လှေခါးမှ ဖြည်းဖြည်းချင်း ဆက်ဆင်းလာခဲ့မိကြပါတော့သည်။

''ဟိုမှာ… ဘုန်းဘုန်းတစ်ယောက်''

အတွေးလွန်နေသော ကျွန်မက ပပငယ်ပြလေမှ မြင်ရသည်
သည်။

ဘုရားရင်ပြင်တွင် သစ်ခေါက်ဆိုး အညိုရောင်သင်္ကန်းဝတ်နှင့်
ဘုန်းကြီးတစ်ပါး တံမြက်စည်းလှဲနေပေသည်။

''ဘုန်းကြီးဆို တစ်ယောက်လို့ မပြောရဘူး ပပငယ်၊ တစ်ပါးလို့
ပြောရတယ်''



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ကဲ့မမ… ပပငယ် မှတ်ထားပါ့မယ်၊ ပပ စာတတ်ရ
ဒါတွေတတ်မှာပဲနော်"

"အို… ပပငယ် စာမဖတ်တတ်ဘူးလား"

"ကျောင်းမှမနေရဘဲ"

ကျွန်မမှာ ယခုမှပင် ပပငယ်၏ဘဝကို သေသေချာချာ သုံးသ
မိတော့သည်။

"ဟုတ်ပါရဲ့… ဒီကလေး ကျောင်းတက်တာလည်း မတွေ့ရ
စာသင်သံလည်း မကြားရ။ ငါကလည်း နေနိုင်ပါ့တယ်လေ… ကလေ
က ငါ့ကို ဒီလောက်ကပ်နေတာတောင် ငါမမေးမိဘူး၊ အချိန်ရရ
ငါသူ့ကို စာသင်ပေးဦးမယ်"

ပပငယ်နှင့်ပတ်သက်၍ ရင်၌ စေတနာများစွာ ဖြစ်ထွန်းသွာ
မိသည်။ ယခင်က နေနိုင်ရက်ခဲ့သည်ဟုလည်း ကျွန်မကိုယ်ကျွန်မပ
အပြစ်တင်ချင်မိသည်။

ဘုန်းကြီးမှာ သက်တော်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးခ
ရှိလေပြီ။ ဖြူဖြူဝဝနှင့် ဤမျက်နှာပုံပမ်းမျိုး ကျွန်မတို့၏ အသိထဲတွ
ရှိနေဟန်တူသည်။ ဤမျက်နှာမှာ ကျွန်မအတွက် မစိမ်းလွန်းပ
ဆရာတော်မှာ အကျင့်သိက္ခာကို စောင့်စည်းခြင်း၊ မေတ္တာကမ္မဋ္ဌာန်း
ကြီးစွာသော လုံ့လဖြင့် စီးဖြန်းဟန်တူသည်။ ဆရာတော်၏ မျက်နှာ
သိက္ခာရှိလှ၊ အေးမြငြိမ်သက်လှပေသည်။

"ဘယ်ကလာကြတာတုန်းကွယ်"

ကျွန်မတို့ ဝတ်ဖြည့်အပြီးတွင် တည်ငြိမ်အေးချမ်းသော လေ



ဖြင့် ဆရာတော်က မေးသည်။

"မဟော်ဂနီစံအိမ်ကြီးက လာတာပါဘုရား"

"အို…"

ဆရာတော်မှာ အံ့သြသွားဟန်ရှိသည်။ ကြားရသောစကားကို
မနှစ်မြို့သလို ဖြစ်သွားသည်။

"အဲဒီ အိမ်သူအိမ်သားတွေနဲ့ သိပါသလား ဘုရား"

"ဦးဇင်းက အာဂန္တုပါ"

"တပည့်တော်လည်း အဲဒီစံအိမ်ရဲ့ဧည့်သည်ပါပဲဘုရား"

"အကြောင်းထူးကိစ္စရှိလို့ လာကြတာလား၊ အပေါ်မှာ
ကျောင်းထိုင်ဆရာတော်ရှိတယ်လေ"

"အကြောင်းထူးရယ် မရှိပါဘူး ဘုရား၊ တပည့်တော်တို့လည်း
စိတ်ညစ်ညစ်နဲ့မို့ ကျောင်းကန်ဘုရားရှိတဲ့ဆီကို သက်သက်လာခဲ့ကြ
တာပါ"

ဆရာတော်သည် ကျွန်မ၏မျက်နှာကို စေ့စေ့ကြည့်ပြီးမှ လွှဲသွား
တော့သည်။ မေးမြန်းစုံစမ်းလိုစိတ်ကို မြိုသိပ်သွားဟန်ရှိပေသည်။
ဟော်ဂနီစံအိမ်၏ အံ့ဘွယ်အပါးခုနစ်ဆယ်မျှမကကို သိရှိလိုဟန်
ရှိသော်လည်း သူတော်ကောင်းပုဂ္ဂိုလ်မို့ ချိုးနှိမ်နိုင်ဟန်ရှိပေသည်။

"မမစုနန္ဒာ… မေးကြည့်ပါလား"

"ဘာကိုလဲ"

"ဦးဦးကိုပန်ဦးရယ်… ဒီကိုလာလာနေတယ်ဆိုတာလေ"

"အို… ပပငယ်… ဒါတွေ မပြောရဘူးလေ"


www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက တံတောင်နှင့်တွက်၍ ဟန့်တားသော်လည်း ပပငယ်က မရ။

"မမရုန်နှာက ပပပြောတာကို ယုံစေချင်လို့ပါ . . .၊ ဒီကို ဦးဦးကိုပန်ဦး ညညကျရင် လာတယ်နော်" ပပငယ်က ဖွတ်ဝင်မေးတော့သည်။

"ဘဘုန်းက ဧည့်သည်ပါကွယ်"

ယခုမှ ပပငယ် ငြိမ်သွားသည်။ ဆရာတော်၏ မျက်နှာမှာ ကြည်ကြည်သာသာ မရှိတော့ပါချေ၊ မှိုင်းညို့သွားပေသည်။

"ဒကာမကြီးတို့က အဲဒီအိမ်ကြီးရဲ့ ဧည့်သည်တွေလား"

"မှန်လှပါ . . . ဧည့်သည်ပဲပြောရမလား၊ အိမ်သားပဲ ပြော မလား မသိပါဘူးဘုရား၊ တပည့်တော်က ဦးကောင်းမြတ်ရဲ့မြေးပါ ဒါပေမယ့် ရောက်လာတာ တစ်လတောင်မပြည့်သေးပါဘူး၊ ရက်ပိုင်း ရှိပါသေးတယ်၊ ဒီကလေးကတော့ အဲဒီအိမ်ကပါ"

"ဧည့်သည်ဆိုရင်တော့ ဒီမိစ္ဆာအိမ်မှာ တာရှည်မနေသင့်ဘူ ကွဲ့"

"မိစ္ဆာအိမ် . . . ဟုတ်လားဘုရား"

"အင်း . . .လောဘ ,ဒေါသတို့နဲ့ ဖွဲ့စည်းထားတဲ့ မိစ္ဆာ ပြောတာ ပါသမီး"

"ဟို . . . ဒီအိမ်ကြီးဟာ ကျိန်စာတွေသင့်နေတယ်၊ ဒါကြော လူတွေသေတယ်၊ သေပြီးသားလူတွေရဲ့ ကျိန်စာသင့်ဝိဉာဉ်ဟာ အ အိမ်မှာရှိပြီး ကျန်လူတွေကို ဒုက္ခပေးနေတယ်ဆိုတာ ဟုတ်ပါသလာ





ဘုရား . . . ကျိန်စာတို့ ဝိဉာဉ်တို့ဆိုတာရော တကယ်ရှိပါသလားဘုရား၊ တပည့်တော်မ ဒီအိမ်မှာနေရတာ ချောက်ချားလွန်းလို့ သနားသဖြင့် အရှင်ဘုရားသိတော်မူပါရင် မိန့်မြွက်ကြားပါဘုရား"

"လောကီကိစ္စတွေကို မပါဝင် မပြောချင်တော့ဘူး၊ ဘာပဲဖြစ်ဖြစ် လူတွေဒီလောက်သေနေတဲ့အိမ်မှာ တာရှည်မနေသင့်တာတော့ အမှန် ပဲ။ ကဲ . . . ကဲ . . . လိုရာသွားကြ . . .၊ ဘဘုန်းအခိုင်ဘွန်လေးမပြည့်သေး ဘူးကွယ်"

ဆရာတော်မှာ စက္ကူနွေ့ချခါ တံမြက်စည်းကို ဆက်လက် လှဲကျင်းနေတော့သည်။ နှုတ်မှလည်း သုတ်တစ်ခုခုကို ရွတ်ဖတ် သရဇ္ဈာယ်နေဟန်ဖြင့် နှုတ်လှုပ်ရုံလေး ရွတ်ဆိုနေပါ၏။

ကျွန်မမှာ ဆရာတော်၏ ရင့်ကျက်သော သိက္ခာတော်ကို ခေတ္တမျှ ကြည်ညိုပြီး ဝတ်ဖြည့်ခါ ထရပါသည်။ ကျောင်းပေါ်သို့ မတက်လိုပါ၊ ငယ်ရွယ်သော ဒါယိကာမနှင့် အပ်စပ်သော နေရာ မဟုတ်သည့်အပြင် သူတော်ကောင်းသံဃာတော်များကိုလည်း အနှောင့် အယှက်မပေးလို သော့ပါ၍ စေတီရင်ပြင်ကို တစ်ပတ်လှည့်၍ ဖူးမိကြသည်။

"ဟိုဟာ . . . သုသာန်ပဲ"

ခပ်လှမ်းလှမ်းဆီမှ ဂူဖြူဖြူလေးများကို သုဘရာဇာများက ဖြူပြင်မွမ်းမံနေပေသည်။ ယင်းဂူများမှာ ဤစံအိမ်မှ လူများ၏ ချုပ်ကလာပ်များ ထားဝရ လဲလျောင်းရာနေရာ ဖြစ်ချေမည်။ ဆင်းရဲ သော ရွာသူရွာသားများ ဖြစ်နိုင်မည်မထင်။ အစီအရီရှိနေသော ဂူများကိုကြည့်ပြီး ကျွန်မမှာ ကြက်သီးဖြန်းဖြန်းထမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ ပပငယ်ဖေဖေ ရှိမှာပဲနော်…မမစုနန္ဒာ"

"အေး…မမရဲ့ဖေဖေလည်း ရှိနေမှာပဲပေါ့ကွယ်၊ ကဲပါ… ပြန်ကြပါစို့ ပပငယ်ရယ်၊ မမစိတ်ထဲမှာ တစ်မျိုးကြီးပဲ… သိပ်လေးတာပဲ"

"ကျောင်းပေါ်မသွားတော့ဘူးလား၊ အသုဘရှိရင်လာတဲ့ ဘုန်းကြီးရှိမှာပေါ့"

"တော်ပြီ…တော်ပြီ… ပြန်ကြစို့"

ကျွန်မတို့မှာ စောစောက တွေ့ရသော ဆရာတော်၏ဘေးမှ ဖြတ်ပြန်လာခဲ့ပြီး နောက်သို့တစ်ချက် လှည့်ကြည့်လိုက်မိသည်တွင် ကြင်နာသနားခြင်းပြည့်လျှမ်းသော မျက်ဝန်းအစုံဖြင့် ကျွန်မတို့ကို မျှော်ငေးကြည့်နေရှာသည့် ဆရာတော်၏ မျက်ဝန်းနှင့် ဆုံတွေ့ပြီးခါမှ ကျွန်မတို့ကုန်းမြင့်ပေါ်သို့ တက်ခဲ့ကြပါတော့သည်။

"လောကီကိစ္စတွေကို မပါဝင်,မပြောချင်တော့ဘူး၊ ဘာပဲဖြစ်ဖြစ် လူတွေဒီလောက်သေနေတဲ့အိမ်မှာ တာရှည်မနေသင့်တာတော့ အမှန်ပဲ၊ ကဲ…ကဲ… လိုရာသွားကြ"

အပြန်လမ်းတွင် ဆရာတော်၏ ဩဝါဒစကားက နားနားတွင် ကပ်၍ ပြောကြားနေသည်သို့ပင် ထင်မိသည်။

"တပည့်တော်မမှာ လိုရာသွားစရာ ဌာန မရှိပါဘူး ဘုရား မိခင်ထံပဲ ပြန်ရတော့မှာပဲ၊ မေမေ့ဆီက စာပြန်လာဖို့တော့ သင့်ပါပြီလေ"





ဘဘုန်းဘုရားကို တိုင်တည်ရင်း မေမေ့စာကိုပါ တမ်းတမိသည်။

ကျွန်မနှင့် ပပငယ်တို့မှာ အလာတုန်းကလို ခြေမသွက်တော့ပါချေ။ ပပငယ်က မောပန်း၍ ခြေလှမ်းနှေးသလို ကျွန်မက အတွေးများ၍ ခြေလှမ်းမသွက်တော့ပါ။

နောက်ဘက်မှ ခြူသံနှင့် ခွာသံသဲ့သဲ့ကို ကြားမိပါ၍ ကျွန်မ လှည့်ကြည့်လိုက်မိသည်နှင့် မြင်းရထားက ကျွန်မတို့နားသို့ ဆိုက်ရောက်လာတော့သည်။ မြက်ဦးထုပ်ပြားကြီး ဆောင်းထားသော ဘောင်းဘီဝတ် အမျိုးသားတစ်ယောက်က မြင်းလှည်းပေါ်မှ လှားခနဲခုန်ဆင်းလာပြီး…

"ကြည့်စမ်း…ဲ စုနန္ဒာ ဘယ်ကလာတာလဲဟင်"

"ဟော အစ်ကိုမြတ်ဝဏ္ဏ"

"စုနန္ဒာ ဘယ်ကလာတာလဲ"

သူက မြက်ဦးထုပ်ကို လှန်ရင်း မေးလိုက်သည်။ ဦးထုပ်က ကျောပြင်တွင်တင်၍ ကြိုးက သိုင်းချည်ပြီးလျက်သား ရှိနေပေသည်။

"ဟေး…ဘာကြောင့်ကြည့်နေတာလဲ…၊ ဘယ်ကလာလဲ ပြော လေ"

သူက ကျွန်မပခုံးကို ကိုင်လှုပ်ရင်းမေးသည်။ ကိုမြတ်ဝဏ္ဏနှင့်တွေ့လေတိုင်း ဤသို့ ရင်းရင်းနှီးနှီး အားပါးတရကြီးပင် နှုတ်ဆက်ခြင်းခံရသည်။ ကျွန်မပခုံးထက်မှ သူ့လက်ကိုဖယ်ချရင်း…

"အစ်ကိုတို့က အကျဉ်းချထားသလို လှောင်ထားတာကိုး…



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် လစ်တုန်းလျှောက်လည်တာပေါ့''

''ဟား…ဟား…ဟား…အစ်ကိုက ထောင်မှူးလည်း မဟုတ်ရပါဘူးဗျာ''

သူ့အပြုံးကြောင့် ကျွန်မက နွဲ့ဟန်နှင့်ပြောမိသည်။ သူက နှစ်နှစ်သက်သက် ရယ်မောရင်း ဖြေကြားပါ၏။ ကိုမြတ်ဝဏ္ဏမှာ ထာဝရသစ်လွင်သော အပြုံးများရှိသည်။ ကျွန်မကိုယ်တိုင်ပင် သူနှင့် စကားပြောရလျှင် သောကများ မေ့ပျောက်ချင်သလိုလို ရှိရသည်။ သူနှင့်ဆုံချင်ပြောချင်စိတ် ရှိနေမိသည်က အမှန်ပါ၊ သို့ပါသော်လည်း သူ၏ကမ်းလှမ်းထားသော ချစ်စကားများကြောင့် ကျွန်မမှာ ရှောင်နေခဲ့ရပေသည်။

''ဟိုးဇရပ်လှရွာဘက် ရောက်သလား''

ရထားမောင်းသမားကြီး ဦးမြစ်၏ နေထိုင်ရာ ရွာဘက်သို့ လက်ညှိုးညွှန်ရင်း မေးသည်။

''မရောက်ပါဘူး''

သူက စိတ်သက်သာဟန်ဖြင့် ပြုံးလိုက်ပြီးမှ…

''ဒါဖြင့် ဒီကွင်းပြင်ကြီးကိုပဲ ပတ်လျှောက်နေတယ်ပေါ့''

''မှတ်ဘူး…ဘုန်းကြီးကျောင်းသွားတာ''

''အို''

သူက လန့်သွားဟန် အံ့သြသွားဟန်နှင့် မျက်ခုံးနက်ကြီးများ မြင့်တက်သွားအောင် မျက်လုံးပြူးရင်းက အာမေဋိတ်သံပြုသည်။

''ပေါက်ပေါက်ရှာရှာ ဘုန်းကြီးကျောင်း ဘာသွားလုပ်တာလဲ''





''ဟာ အစ်ကိုကလည်း သက်သက်ကြီးသွားတာ မဟုတ်ပါဘူး၊ လမ်းလျှောက်ရင်း ဘုန်းကြီးနဲ့ ဘုရားတွေ့တာနဲ့ သွားကန်တော့တာပါ။ ဗုဒ္ဓဘာသာတွေပဲအစ်ကိုရာ ကျောင်းကန်ဘုရားသွားတာ ပေါက်ပေါက် ရှာရှာလား''

''အစ်ကိုတို့ကတော့ ဘုန်းကြီးဆိုရင် အိမ်မှာလူသေမှ သရဏဂုံ တင်မှ တစ်ခါကန်တော့လိုက်တာပဲ။ နောက် မသွားစမ်းပါနဲ့ စုနန္ဒာ၊ အစ်ကိုတို့နဲ့လည်း အဆက်အစပ်မရှိဘူး… မိန်းကလေးနဲ့လည်း မအပ်စပ်ဘူး ကြားလား''

''ဟုတ်ကဲ့''

ခေါင်းညိတ်လိုက်ရသည်။ ကျွန်မအနေနှင့်လည်း နောက်ထပ် သွားစရာလိုမည်မထင်၊ သွားစရာလည်း အကြောင်းမရှိပါ။

''ကဲ… ဦးလေးမောင် ပပယ်ကို လှည်းပေါ်တင်ခေါ်သွား ကျွန်တော်တို့ လမ်းလျှောက်ပြီးပြန်ခဲ့တော့မယ်''

ကိုမြတ်ဝဏ္ဏက အမိန့်တစ်ရပ်ချမှတ်လိုက်သလို ယတိပြတ် ပြောလိုက်သည်။ ကျွန်မဘာမှမပြောနိုင်မီမှာပင် **'ဦးခင်မောင်'** ဆိုသော သူက လှည်းပေါ်မှခုန်ချ၍ ပပယ်ကို မ,ပြီး လှည်းပေါ်တင်လိုက် သည်။ သူကိုယ်တိုင်လည်း ဖျတ်လတ်ပေါ့ပါးစွာ လှည်းပေါ်သို့ ခုန်တက်လိုက်ပြီး ကျွန်မတို့ရှေ့မှ ဖြတ်လျက် မောင်းထွက်သွားပါတော့ သည်။

''စုနန္ဒာ''

''အင်''



www.burmeseclassic.com

www.burmeseclassic.com



"လာလေ ဘာငေးနေတာလဲ"

သူက လက်ဆွဲလျှောက်သည်။ ဘေးမှ ကျွန်မ ဖြည်းဖြည်းချင်း လိုက်လာရတော့သည်။ ကျွန်မဘဝတစ်သက်တွင် ဆန့်ကျင်ဘက် 'ဖို' ဆိုသည့် လူသားနှင့် တစ်ကြိမ်တစ်ခါမျှ မနီးစပ် မထိတွေ့ဘူးခဲ့။ မောင်နှမဆိုပါသော်လည်း လက်ထပ်ရန်ပင် ခွင့်တောင်းထားလေသူမို့ သူနှင့်အတူ ယှဉ်တွဲရသည်ကို ကျွန်မရင်၌ ခံစားမှုပေါင်းစုံက နှိုးဆွ လှုပ်ရှားစေပါသည်။

လန့်ကြောက်သည်လည်းရှိသည်။ ရှက်ရွံ့သည်လည်းရှိသည်။ သာယာသ ည်လည်းရှိပါကြောင်း ရင်မှ ဝေဒနာများကို ကျွန်မ သရုပ်ခွဲနေမိပါသည်။

ကိုမြတ်ဝဏ္ဏ ကျွန်မလက်ကို သူ့လက်နှစ်ဖက်ဖြင့် အုပ်မိုးဆုပ်ကိုင်၍ ကျွန်မမျက်နှာကို လှည့်ကြည့်ရင်း လိုက်ပါလျှောက်လာသည်။

ကျွန်မတို့ ဦးတည်နေသည်က အိမ်ကြီးဘက်ဆီသို့ တည့်တည့်မဟုတ်၊ ဘေးဘက် ဆင်ခြေလျှောသို့ သက်ဆင်းနေပါ၍...

"ဘယ်လဲဟင်... မိုးတွေမည်းလာပြီ ပြန်ကြပါစို့ရယ်"

"အစ်ကိုတို့က အကျဉ်းချထားသလို လှောင်ထားတာပဲခံ အပျိုသင်ပေးမလို့ လှောင်အိမ်ထဲက ခေါ်ထုတ်လာခဲ့တာပေါ့"

"အပျိုသင်စင်္ကြံယ်နဲ့တော့ မနိုင်းပါနဲ့ အစ်ကိုရယ်... အန္တရာယ်တွေဝိုင်းနေမှာ စုနန္ဒာကြောက်တယ်"

"စုနန္ဒာဆီကို ရောက်လာမယ့် အန္တရာယ်တွေအတွက် အစ်ကိုဟာ တံတိုင်းတစ်ခုပါ စုနန္ဒာ...အရာရာကို ကာကွယ်ပေးပါရစေ သိမလေးရယ်"

သူ့လက်တွင်းမှ ကျွန်မလက်ကို မနှုတ်ပယ်မိတော့။ ဆင်ခြေလျှောအတိုင်း ဆင်းလာမိကြသည်။ မလှမ်းမကမ်းတွင် သပ်ယပ်သော ဝါးကပ်တဲလေးတစ်လုံးကို လှမ်းမြင်ရသည်နှင့်...ကိုမြတ်ဝဏ္ဏက...

"အဲဒီတဲဟာ အစ်ကို့ရဲ့ အလုပ်ဌာနချုပ် စုနန္ဒာရဲ့"

"မဟုတ်တာ"

"အဟုတ်ပါ၊ အဲဒီမှာ အစ်ကိုက ငွေချေးတယ်၊ ယာထွက်ပစ္စည်းတွေကိုလည်း အဲဒီမှာပဲ တင်းနဲ့ခြင်ပြီး လက်ခံတယ်... ပြီးမှ မြို့ကိုပို့တယ်ပေါ့"

တစ်အိမ်လုံးစီးပွားရေးကို သူထိန်းနေရုံမက မြို့မှပြန်လာလေတိုင်း အိမ်အတွက် အသုံးအဆောင် စားစရာမှအစ သူသာ ဝယ်ခြမ်းလာခဲ့သည်။ ကိုမြတ်ဝဏ္ဏ၏ စီးပွားရေးစွမ်းဆောင်မှု၊ အိမ်သူအိမ်သားများအတွက် ဆောင်ရွက်မှုများကို ကျွန်မလေးစားစွာဖြင့် အထင်ကြီးမိပါသည်။

ကျွန်မတို့မှာ 'ယာတဲ'လေးဆီသို့ ရောက်ရှိလာခဲ့ကြပါပြီ။ ဆင်းလမ်းမို့ ခြေက မှန်းသည်ထက်သွက်သည်။ တစ်ခါတလေ ကိုယ် ဟန်ချက်မိရန် အပြေးကလေး ဆင်းရသည်ကလည်း ရှိသည်။

တဲမှာ ဝါးထိုင်ခုံတန်းလျားလေးများနှင့်၊ အခန်းနှင့်၊ တံခါးနှင့်မို့ စားစွာသားနား ခန့်ညားခြင်းမရှိလှပါသော်လည်း သပ်ယပ်လှပသည်။ ကျွန်မတို့တဲအတွင်းဝင်မိလျှင်ပင် ကိုမြတ်ဝဏ္ဏက ကျွန်မကို ရှေကြည့်





www.burmeseclassic.com

www.burmeseclassic.com



အေး တစ်ခွက် ခပ်၍ပေးသည်။ မောလာသောကျွန်မမှာ သဲအိုးတွင်းမှ ရေစိမ်းစိမ်းလေးကို အားပါးတရသောက်မိပါသည်။

"ရင်ထဲကို အေးသွားတာပဲအစ်ကိုရယ်"

"အဲဒီခွက်ထဲက ရေဟာ သောက်ရေမဟုတ်ဘဲ ... အစ်ကို့ မေတ္တာရေတွေ ဖြစ်လိုက်စမ်းချင်ပါဘိတော့ စုနန္ဒာလေးရယ်။ စုနန္ဒာရဲ့ အသည်းနှလုံးဆီကို တိုက်ရိုက်စီးဝင်ခွင့်ရချင်စမ်းပါဘိတော့ကွယ်..."

ကျွန်မမှာ သူ့စကားဆက်လာမှာကိုလည်းကြောက်သည်။ ဂီတသံတစ်ခုကို တောင့်တမိသလိုလည်း သာယာနေမိပါကြောင်း ဝန်ခံ လိုပါသည်။ ကျွန်မကမူ ဘာမှမပြောရဲ၊ ခေါင်းငုံ့ထားဆဲပင်

"စုနန္ဒာ"

"စုနန္ဒာလေး"

သူနှစ်ခွန်းဆင့်ခေါ်လေမှ ကျွန်မ မော့ကြည့်မိသည်။

"ဒီအိမ်ကြီးမှာနေရတာ သိပ်စိတ်မညစ်ဖူးလားဟင်"

"စိတ်ညစ်လွန်းလို့ မေမေ့ဆီတောင် စာထည့်လိုက်ပြီလေ အစ်ကိုပဲ ထည့်ပေးတာပဲ့။ သမီးပြန်လာပါရစေတော့လို့ စာရေးထားတယ်၊ စာလည်းပြန်မလာဘူး၊ စုနန္ဒာပေးတဲ့စာမှ ထည့်ရဲ့လား အစ်ကိုရယ်"

"ဟောဗျာ... စာက ရယ်ဂျစ္စတာလေ၊ မှတ်ပုံတင်ထားတဲ့ လက်မှတ်ဖြတ်ပိုင်းလေးတောင် စုနန္ဒာကို ပြန်ပေးထားပြီပဲ၊ အစ်ကို့မှာ စာတိုက်တံဆိပ်တုံးလည်း မရှိရပါဘူးဗျာ"

"ဟာ...ဟာ...ဟုတ်သားပဲ၊ စုနန္ဒာမေ့သွားလို့ အရမ်းစွတ်





မိတာပဲ"

"ဒီလိုရင်လည်းလုပ်ပါ ဒကာမလေးရယ်"

"အစ်ကိုနော်... နေပါဦး၊ စာတိုက်ကစာကရော နေ့တိုင်းလာလို့လား"

"မလာဘူး...ကျေးရွာစာတိုက်ဆိုတော့ သူ့ရက်ပတ်နဲ့မှ လာတာပေါ့၊ ဒါပေမယ့် အစ်ကိုမြို့ကိုနေ့တိုင်းလို ရောက်နေတာပဲ၊ ရောက်တိုင်းလည်း စာတိုက်ဝင်ပြီး မေးတာပဲ။ စုနန္ဒာ စာက တကယ်မလာတာပါ၊ ဒီနေ့တောင် အစ်ကိုဝင်ခဲ့ပါသေးတယ်"

ကျွန်မ သက်ပြင်းချမိသည်။ မျှော်လင့်ချက်အလှမ်းဝေးကွာသည့်သို့လည်း စိတ်မှာအားငယ်မိပါသည်။

"စုနန္ဒာ"

"အစ်ကို"

"ဘာလို့ မျက်နှာပျက်သွားရတာလဲ ဟင်...စာမလာလို့လား"

"ဟုတ်တယ်အစ်ကို... စုနန္ဒာ အိမ်ပြန်ချင်တယ်။ မေမေ့ကို တန်ထွက်လာတော့လည်း ပြန်မတက်ရဲဘူးပေါ့။ ပြီးတော့ ပထွေးကလည်းရှိနေတော့ မေမေရဲ့ ခွင့်ပြုချက်မရဘဲနဲ့ စုနန္ဒာ အိမ်ပေါ်ပြန်တက်ရဲဘူး အစ်ကိုရယ်... စုနန္ဒာ ဒီမှာလည်း မနေချင်တော့ဘူး"

"အစ်ကိုမပြောခင် ဒီစကားကို စုနန္ဒာက အရင်ပြောတော့ အစ်ကို့မှာ ပြောရခက်လှပါတယ် ညီမလေးရယ်"

ကိုမြတ်ဝဏ္ဏက ညီးညူသလို သက်ပြင်းချရင်းက ပြောကြားသည်။ ခဏမျှ တိတ်ဆိတ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ပြောရခက်တယ်ဆိုပေမယ့် ဆက်ပြောရမှာပဲ ညီမ၊ မျက်ဖြူ ဆိုက်လေ ဆရာကြိုက်လေဆိုတဲ့ကိန်းမျိုးများ ဆိုက်နေမလားလို့ ပူပန်မိ လို့အစ်ကို ရုတ်တရက်ပြောမထွက်တာပါ၊ ဒီမှာ စုနန္ဒာ"

"ဟုတ်ကဲ့ ... အစ်ကိုမြတ်ဝဏ္ဏ"

"အစ်ကို့မှာ ရည်မှန်းချက်တွေ ရည်ရွယ်ချက်တွေ ရှိနေပါတယ်၊ ဒါဟာလည်း အင်မတန်မှ သန့်စင်မွန်မြတ်တဲ့ စေတနာတွေနဲ့ တည်ဆောက်ထားတယ်ဆိုတာကိုတော့ ညီမ ကြိုတင်ယုံကြည်ထား လိုက်စမ်းပါကွယ် ..."

"ဒီမှာ စုနန္ဒာ ... အစ်ကိုကိုယ်တိုင်လည်း ဒီအိမ်ကြီးမှာ မနေ ချင်တော့ဘူး၊ ဖြစ်လိုရာဖြစ် ပစ်ထားမယ်လို့ ကြံပေမယ့် အစ်ကို့မှာ ဒီလောက်ရက်စက်နိုင်တဲ့စိတ် မရှိပါဘူး။ ဒါကြောင့် မြေမသေ တုတ်မကျိုးဖြစ်ရလေအောင်ဆိုပြီး မြို့သစ်မှာ တစ်ထပ်တိုက်ကလေး တစ်လုံး အစ်ကိုဝယ်လိုက်တယ်၊ ရင်ထဲမှာတော့ မဟာစီမံကိန်းကြီး တွေ တည်ဆောက်လို့ပေါ့ စုနန္ဒာ ..."

"မြို့သစ်မှာနေပြီး ဒီကိုလာမယ်၊ လိုအပ်ရင် နေ့စဉ်လာပြီး ဒီအိမ်ကြီးရဲ့ကိစ္စတွေ တာဝန်တွေကို ထမ်းဆောင်ပေးမယ်လို့ စိတ်ကူး ပါတယ်။ မြို့သစ်က တိုက်ကလေးကိုတော့ 'ချစ်လွန်းရိပ်သာ' လေး ဖြစ်အောင် စုနန္ဒာနဲ့လက်တွဲပြီး အစ်ကိုတည်ဆောက်ဖန်တီးပါရစေ လားကွယ် ..."

"စုနန္ဒာရဲ့ ပင်ယန်းနွမ်းနယ်သမျှ၊ ရှုံ့ထိတ်ချောက်ချားရသမျှ တွေကို အားလုံးပြီးပြည့်စုံနေတဲ့ အဲဒီတိုက်ကလေးထဲက အစ်ကို့ ရင်ခွင် မှာ ဖြေဖျောက်နားခိုလှည့်ပါတော့လား အချစ်ရယ်နော်၊ စုနန္ဒာ ခွင့်ပြုတာ နဲ့ အစ်ကိုတို့ အဲဒီအိမ်လေးကိုပြောင်းပြီး တရားဝင် လက်ထပ်နေကြ ရအောင်ပါနော်ကွယ် ..."

"အစ်ကိုကလည်း အိမ်မှာအငြိမ်နေနိုင်သူ မဟုတ်တော့ စုနန္ဒာ ကို ဒီမှာအမြဲမထားချင်ဘူး ... အန္တရာယ်တွေ ဝိုင်းဝိုင်းလည်နေလို့လည်း နည်းနည်းမှ စိတ်မချဘူး။ စုနန္ဒာလေး အစ်ကို့ဘဝထဲကို ဝင်လာသင့် ပါပြီ။ စုနန္ဒာရဲ့ အခက်အခဲပေါင်းစုံကို အစ်ကို့ရင်နဲ့ ဆီးကာ ဖြေရှင်း ပေးပါရစေလား စုနန္ဒာ။ အစ်ကို့ကို မယုံဘူးလားဟင် ... အစ်ကို့မေတ္တာ ကိုရော လက်မခံရဲဘူးလား။ ဘာနဲ့သက်သေပြစေချင်သလဲဟင် ... အချစ် ပြောပါဦး ပြန်ကြားပါဦးကွယ်။ အစ်ကို့ကို စကားပြောပါဦးနော်"

သူချည်း ဆက်တိုက်ပြောနေသည်သာ၊ ကျွန်မမှာ ခေါင်းငုံ့ရင်း နားထောင်နေမိပါသည်။ နားကလည်း ကြားရပါသည်၊ အသည်းနှလုံး မှလည်း ကြားရပါသည်။

"အစ်ကိုရယ် ... ဘာနဲ့မှ သက်သေပြစရာမလိုပါဘူး၊ ယုံလွယ် တဲ့ စုနန္ဒာဟာ အစ်ကို့ကိုယုံပါတယ်"

လို့ သူရင်ခွင်မှာ နဖူးပြင်နဲ့ထိကပ်ပြီး ကျွန်မ တိုးတိုးလေး ပြန်ကြားပြောလိုက်ချင်စမ်းပါရဲ့။

ဒါပေမယ့် ပြောမထွက်၊ ကျွန်မမှာ သည်မျှလောက် သတ္တိမရှိ ကြောင်း ယခုမှ သိရပါပြီ။

ယင်းသို့သောစကားမျိုး ပြန်ကြားနိုင်ရလေအောင် ကျွန်မတို့ အရွယ် မိန်းမသားငယ်များအဖို့ ကြီးမားသောသတ္တိမျိုး ရှိရပေမည်







www.burmeseclassic.com

www.burmeseclassic.com



ဟူ၍လည်း ယခုမှ ကိုယ်ငွေ့ကြုံ၍ နားလည်ရပါပြီ။

"စုနန္ဒာ"

"ဟင်"

"အစ်ကိုကို ဒီလိုပဲ ပစ်ထားတော့မလားဟင်…ဘာစကားမှ မပြန်ကြားတော့ဘူးလားကွယ်"

ကျွန်မ ပြန်ပြောချင်လှပါပြီ၊ ဆန္ဒတွေကို ရင်မှာထိန်းချုပ်ထားရပါသည်။ သူ့လို ချစ်ဖွယ်သောစကားများဖြင့် လှပအောင် သာယာအောင် ပြန်ကြားလိုစိတ်ရှိမိပါသည်။ ယင်းသို့သော ဆန္ဒမျိုးသည် 'ချစ်ခြင်း' မည်ပါလျှင် ကျွန်မ ကိုမြတ်ဝဏ္ဏကို လိုက်လှဲစွာ ချစ်နေမိပါပြီ။ ဝန်ခံပြန်လိုပါသည်။ သို့ပါသော်လည်း မြန်မာမိန်းမသား တစ်ယောက်အတွက် ခက်ခဲခိုင်မြဲစွာ ထုံးနှောင်ဖွဲ့စည်းထားပါသော သိက္ခာတရားများကြောင့်…

"အစ်ကိုရယ်…မေမေ့ပြန်စာကိုစောင့်ပြီးမှ စုနန္ဒာပြောပါရစေလားရှင်"

"စုနန္ဒာရဲ့ မေမေ့စာထဲမှာ ပြန်မလာခဲ့ပါနဲ့လို့ပါမှ အစ်ကို့အတွက် မျှော်လင့်ချက်ရှိမှာလားဟင် စုနန္ဒာ"

"ဒီလိုရယ်လည်း မဟုတ်ပါဘူး အစ်ကို၊ ဒါဆိုရင် စုနန္ဒာမှာ ကိုယ်ပိုင်နှလုံးသား မရှိတော့သလိုပဲ၊ သာရာကို လိုက်သလိုပဲ ဖြစ်သွားတော့မှာပေါ့"

"အစ်ကို ဘယ်လိုနားလည်ရမလဲဟင်၊ ဘယ်လိုဆုတောင်းမှုတွေတောင်းပြီး မျှော်လင့်နေရမှာလဲကွယ်"



"အို…အစ်ကိုရယ်… စုနန္ဒာ အစ်ကို့လို တစ်ဘက်လူ နားလည်အောင် မပြောတတ်ဘူး၊ ခဏနေပါဦးအစ်ကို၊ စုနန္ဒာပြောပါ့မယ်၊ အဖြေပေးပါ့မယ်ရှင်၊ လောလောဆယ်ကြီးတော့ ခွင့်လွှတ်ပါအစ်ကို၊ စုနန္ဒာ ပြန်ချင်ပြီ၊ မိုးတွေလည်းမည်းလာပြီ"

"မိုးရွာလည်း ဒီထဲမှာ လုံခြုံပါတယ်စုနန္ဒာ၊ မပြန်ပါနဲ့ဦးကွယ်"

"ဟင့်အင်း…စုနန္ဒာ မိုးရွာလာမှာကြောက်တယ်၊ လာပါအစ်ကို၊ ပြန်ကြပါစို့ရယ်နော်"

"ချစ်မေတ္တာ ကြီးမြင့်လေ…လိုက်လျောမှု ကြီးမားလေပါ စုနန္ဒာ၊ ကဲကဲ… အချစ် ပြန်ချင်တာ လိုက်လျောမယ်၊ အစ်ကိုနေချင်တာကို ချေဖျက်လိုက်မယ်၊ လာလာ…သွားကြစို့ရယ်ကွယ်"

သူ့လိုက်လျောမှုကို ဖျက်ဖြို၍ ကျွန်မက ပြန်လည်လိုက်လျောလိုမိပါသည်။ စိတ်တွင်းမှ ချစ်မြတ်နိုးခြင်းကြီးစွာဖြင့် ကိုမြတ်ဝဏ္ဏကို ကြည့်ပြီး ကျွန်မထိုင်ရာမှ ထရပါသည်။ ကျွန်မ နေလိုသည်အမှန်ဖြစ်ပါသော်လည်း မိုးမည်းလာ၍ မနေရဲ၊ မိုးသည်းသည်းတွင် ဤတဲအတွင်း၌ ကျွန်မနှင့်သူ နှစ်ယောက်တည်း မနေဝံ့သည်ဖြင့် အမှန်ပါပင်…။

ကိုမြတ်ဝဏ္ဏ တွဲလာသောလက်ကို မဖြုတ်တော့ပါဘဲနှင့် ကျွန်မတို့ တဲအတွင်းမှ နှစ်ယောက်သား ထွက်လာခဲ့ကြပါတော့သည်။

"ဟာ…အစ်ကို…ဟိုမှာ ကိုပန်ဦး"

"ဟင်"

ကိုမြတ်ဝဏ္ဏက အံ့အားသင့်သွားပြီး ခြေစုံရပ်လိုက်သည်။ ကျွန်မလည်း သူ့ဘေးမှကပ်၍ရပ်လျက် ကိုပန်ဦးကို ကြည့်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ပွိုင့်တူးတူး သေနတ်တစ်လက်နှင့် ငှက်များကို ချောင်းမြောင်းနေဟန်ဖြင့် ခြုံကွယ်တစ်ခုတွင် ဒူးညွှတ်ကွေး၍ ခြေဖျားထောက်လျက်ထိုင်နေသည်။

ကိုမြတ်ဝဏ္ဏ၏မျက်နှာတွင် ဒေါသရောင်တို့ လွှမ်းသွားသည်။ နိုက်ရန်ဒေါသဖြစ်ခါနီးဆဲဆဲအချိန်မျိုးလို ဖြစ်ရပြီးသည်နှင့် ကျွန်မလက်ကို ဖြုတ်လွှတ်လျက် ကိုပန်ဦးရှိရာသို့ ကိုမြတ်ဝဏ္ဏက သွက်သွက်ထွက်သွားသည်။ ကျွန်မလည်း နောက်မှ ခပ်ပြေးပြေးလေး လိုက်မိသည်။

“ခင်ဗျား ဒီမှာဘာလာလုပ်နေတာလဲဟင်”

ကိုမြတ်ဝဏ္ဏလေသံက ဒေါသကြောင့် တုန်ခါနေပေသည်။ ကိုပန်ဦးက လက်တွင်းမှ သေနတ်ချိန်ကွင်းကိုကြည့်နေရာမှ ခပ်ဖြည်းဖြည်းချင်း ကျွန်မတို့ကို လှည့်ကြည့်သည်။ သူ့အမူအရာက မထေမဲ့မြင်ဟန်မျိုး ပေါက်နေသည်။

“ဒီမှာ ကျုပ်မေးနေတယ် ကိုပန်ဦး”

“မြင်တဲ့အတိုင်းပဲလေ”

“ကျုပ်မြင်ရတဲ့မြင်ကွင်းက ခင်ဗျား ဟန်လုပ်နေတဲ့ပုံပဲ၊ အဲတော့ ကျုပ်တို့နှစ်ယောက်ကို ခင်ဗျား သက်သက်လိုက်ချောင်းကြည့်တာ မှတ်လား”

“အေးအေးသာသာပဲ လာလမ်းကိုပြန်ပါလား မြတ်ဝဏ္ဏ”

“မပြန်ဘူး... ခင်ဗျားဘာကြောင့် ဒီလို သူခိုးကျင့်သူခိုးမိန်းမညာဏ်နဲ့ လုပ်ရတာလဲ ကိုပန်ဦး”





“မင်းတို့ပြန်ပါတော့”

ကိုမြတ်ဝဏ္ဏမပြောနှင့် ကျွန်မပင်မခံချင်၊ ပြေးရိုက်ချင်စရာကောင်းလောက်အောင် သူ့အပြော၊ သူ့အမူယာများက မထေမဲ့မြင်ရှိလှသည်။ ကျွန်မတို့ ဘုန်းကြီးကျောင်းသွားစဉ်က အိမ်ပေါ်မှ မှန်ဘီလူးနှင့် ကြည့်နေသူမှာလည်း ကိုပန်ဦးမှလွဲ၍ တခြားသူမဖြစ်နိုင်။

ကိုမြတ်ဝဏ္ဏက ခြေကားရပ်လိုက်သည်။ ခါးကိုလက်တစ်ဖက်နှင့် ထောက်လိုက်ပြီး ညာလက်ဖြင့် မြေကြီးကို လက်ညှိုးထိုးရင်း...

“မင်းတို့ပြန်လို့ ဆိုရအောင် ဒီမြေဟာ ခင်ဗျားမြေလား၊ ကျုပ်မြေလား၊ ကျုပ်ခင်ဗျားပြောလို့မပြန်ဘူး။ ဒီမှာ ပန်ဦး... မင်းငါ့မြေပေါ်က အခုထွက်သွားပါ။ မင်းအမွေမက်လို့လာနေတဲ့ မိစ္ဆာအိမ်ကြီးမှာပဲသွားနေ၊ ဒီငါ့မြေက ခုထွက်သွား”

“မသွားဘူး”

“ကဲ...မသွားဦးကွာ”

“အစ်ကိုမြတ်ဝဏ္ဏ”

ကျွန်မတို့သုံးယောက်၏ အသံက ရှေ့ဆင့်နောက်ဆင့်ပင်ဆက်တိုက်ပေါ်လာကြသည်။

ကိုမြတ်ဝဏ္ဏက ကိုပန်ဦးရှိရာသို့ လွှားခနဲခုန်ပြီး မျက်နှာတည့်တည့်သို့ လက်သီးနှင့် စွတ်ထိုးလိုက်သည်။ ကိုပန်ဦးက ဒူးထောက်သွားရာမှ၊ မြေပေါ်သို့ဖင်ထိုင်လျက် လန်လဲကျသွားတော့သည်။ သွေးစများ ယိုစီးလာသော သူ့နှုတ်ခမ်းကို လက်ဖျံနှင့် ပိတ်ကပ်ရင်း ကိုမြတ်ဝဏ္ဏကို မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုမြတ်ဝဏ္ဏ…တော်ပါတော့၊ လာပါ သွားကြပါစို့"

ကိုပန်ဦး တစ်ခုခုပြန်မလုပ်မီ ဤရန်ပွဲကို ဖဲစေချင်ပါပြီ၊ ကျွန်မ က ကိုမြတ်ဝဏ္ဏကို ပြန်ခေါ်သော်လည်း လှည့်မလာ၊ သူ့ဒေါသရှိန် မပြေသေး။ မြေပေါ်သို့ကျနေသော ကိုပန်ဦး၏ ရင်ဝဆီသို့ သူ့တောင်း ဖိနပ်ကြီးနှင့် ဆောင့်ကန်ရန် ခြေကြွလိုက်သည်ကို မြင်လိုက်ရပြီး ခြေပြန် အကျတွင် ကိုပန်ဦး၏ရင်ဝ ပေါ်သို့ မကျတော့၊ ကိုပန်ဦးက လက် နှစ်ဖက်ဖြင့် ဆုပ်ဖမ်းပြီး ကိုယ်ကိုမြေမှာလိမ့်လိုက်သည်။ ခြေတစ်ဖက် သာ ဟန်ချက်ရှိသော ကိုမြတ်ဝဏ္ဏ မဟန်နိုင်တော့ အရှိန်နှင့်မြေသို့ လဲကျသွားတော့သည်။

"အား…အစ်ကို"

ကိုမြတ်ဝဏ္ဏ နာကျင်ထိခိုက်မှာ စိုးရိမ်လှစွာဖြင့် ကျွန်မ ကြုံးအော်မိသည်။ သို့သော်လည်း ကျွန်မကို ဂရုမစိုက်ကြတော့ တိုက်ပွဲမှာ ပြင်းထန်လေပြီ။

ကိုပန်ဦးက ပွိုင့်တူးတူးကိုမသုံး၊ သေနတ်ဒင်ဖြင့်ပင် ရိုက်ရ မရွယ်ပါဘဲ လက်ချင်းသာယှဉ်ကြသည်။ မြေမှာ လူးလဲလိမ့်ရာက ပြိုင်တူလို ပြန်လည်ရပ်မိကြသည်။ ကိုမြတ်ဝဏ္ဏ၏ ညာဝိုက်လက်သီး ကို ကိုပန်ဦးက ဘယ်လက်ဖျံဖြင့် ခုခံသည်။ ကိုမြတ်ဝဏ္ဏ၏ ဝမ်းဗိုက် ဆီသို့ ရောက်လာသည့် လက်သီးကို ကိုပန်ဦးက ဖမ်းချုပ်နိုင်သည် မျက်နှာဆီသို့ ထိုးသည့် လက်သီးချက်ကို ပွတ်ကာသီကာလေ တိမ်းရှောင်သည်။

ကိုပန်ဦးကလည်း တုံ့ပြန်ထိုးနက်သည်။ ကျွန်မအနေန





အသေးစိတ်ပင် မြင်နိုင်ရန်အချိန်မရှိ၊ လျင်မြန်လွန်းလှကြသည်။ ကိုပန်ဦးလည်းရှောင်သည်၊ ကိုမြတ်ဝဏ္ဏလည်း ရှောင်သည်။ သို့ပါ သော်လည်း ထိမိထိုးမိသည်လည်း ရှိပါ၏။

နှစ်ယောက်လုံး ကိုယ်ခံပညာတတ်ကျွမ်းကြသူများ ဖြစ်ပေလိမ့် မည်။ သူတို့၏ အရှောင်အတိမ်း အထိုးအနက် သဘောကို ကျွန်မ မြားမလည်ပါသော်လည်း ပေါ့ပါးဖျတ်လက်စွာ လှုပ်ရှားထိုးနက်ကြ သည်ကို အသည်းယား ရင်ခုန်ဖွယ်ရာ မြင်ရသည်…။

"ဟိုက်… အမလေး သေပါပြီ"

ကြည့်နေရင်း ကျွန်မခြေရင်းနားကို ကိုမြတ်ဝဏ္ဏ လန်လဲကျ လာပါ၍ ကျွန်မက ပြေးပွေ့ရင်း အလန့်တကြား အော်လိုက်မိသည်။

"ကဲ… တို့ပွဲရပ်ကြပါစို့ ငါ့ညီရာ"

ကိုပန်ဦးက တည်တည်ငြိမ်ငြိမ် ပြောရင်း သူ့သေနတ်ကို ကောက်ယူလျက် ရှေ့တည့်တည့်ကို ဆက်လျှောက်သွားတော့သည်။

"ခွေးမသား သူများအိမ်လာနေပြီး သက်သက်လူပါးဝတယ်"

"ဟုတ်တယ်အစ်ကို… စုန္ဒာလည်း မပြောချင်လို့ သူတစ်ချိန် လုံးပဲ စုန္ဒာကို ကြည့်နေတာပဲ။ သူ့မျက်စိကလည်း သူခိုးမျက်စိ အားမထားဘူး… အလကားနေရင်း လိုက်စပ်စုနေတယ်"

"ဒီကောင့်ကို အစ်ကိုမကြေဘူး"

"ပြီးတာပြီးပါစေတော့ အစ်ကိုရယ်…အစ်ကိုသိပ်နာသွားလား ဟင်"

ပါးရိုးပေါ်မှ နီညိုရောင်သမ်းလာသည့် ဒဏ်ရာကို ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ကျွန်မက မေးမိသည်။ ကိုမြတ်ဝဏ္ဏက ကျွန်မပေါင်ပေါ်မှထ၍ သူ့ပါးပြင်ကို အုပ်ကိုင်လိုက်ပြီး...

"ဒီလောက်မှတ်ပါဘူးညီမ၊ သူ့ပါးစပ်မှာလည်း သွေးတွေနဲ့ပဲ"

ရန်ဖြစ်သူချင်း၌ ခံရသည့်အပိုင်းကို လူတိုင်း မနှမ်းသက်ကြ၊ တစ်ဘက်လူလည်း ခံသွားရလေမှ ကျေနပ်ကြသည့် ဓမ္မတာအတိုင်း ကိုမြတ်ဝဏ္ဏက ဖြေကြားသည်။

"နည်းတောင် နည်းသေးတယ် စုနန္ဒာပါ ဝင်ချချင်တယ် အစ်ကိုတို့က ဖျတ်ဖျတ်ဆို ထိုးကြကြိတ်ကြဆိုတော့ စုနန္ဒာ ဘာလုပ်ရမှန်းတောင် မသိဘူး။ သူလည်း နာသွားမှာပါ၊ များများနာပါစေတော် ချော်လဲပါစေ...ဟုတ်တယ် မုန်းတယ်"

ကျွန်မက ဒေါနှင့်မောနှင့် ကိုပန်ဦး၏ နောက်ကျောကို လှမ်းကြည့်ပြီး မျက်စောင်းထိုးရင်း နှုတ်ခမ်းစူရင်း ကျိန်ဆဲမိသည်။ ကျွန်မမှာ ကိုမြတ်ဝဏ္ဏဘက်မှ စေတနာကြောင့် ကိုပန်ဦးကို မုန်းတီးစွာ ပြောမိသည်ကို ကိုမြတ်ဝဏ္ဏက ဘာသဘောကျသည်မသိ ဟက်ဟက်ပက်ပက် အားပါးတရ ရယ်မောရင်း...

"အမလေး ဟယ် ဆုတောင်းလေးကလည်း နာပါစေတော် ချော်လဲပါစေတဲ့ ဟား...ဟား ပြောပုံလေးကို အစ်ကိုချစ်သွားလိုက်တာကွာ၊ တကယ့်ကို ချစ်စရာလေး"

"ဟာ...အစ်ကိုကလည်း လာ ထပြန်ကြမယ် မိုးရွာလိမ့်မယ်"

"ရွာပါစေဗျာ အားကြီးရွာစမ်းပါစေ"

"အစ်ကိုနော်..."





ကျွန်မက မြေမှထရင်း သူ့ကိုမစောင့်မိတော့ဘဲ လျှောက်ခဲ့တော့သည်။ ကိုမြတ်ဝဏ္ဏက ကျွန်မပခုံးကို ပြေးကိုင်ဖက်တွယ်ရင်း...

"ဟိုကောင်ကြောင့် ဖြစ်ခဲ့ရတဲ့ဒေါသတွေတောင် ပြေကုန်ရပါပြီဗျာ။ ဟောဒီမျက်နှာလေးကိုသာ ကြည့်နေခွင့်ရမယ်ဆိုရင်... အစ်ကိုဘဝဟာ ထာဝရစမ်းရေယဉ်သာ ဖြစ်နေမှာပါ စုနန္ဒာရယ်"

ကျွန်မဘာမှ ပြန်မပြောမိ၊ ကျွန်မပခုံးပေါ်မှ သူ့လက်ကို ပြန်လည်ဖက်တွဲလျက်နှင့် ကျွန်မတို့နှစ်ယောက် ကုန်းမြင့်ပေါ်သို့ ပြန်လည်လျှောက်တက်လာခဲ့ကြပါတော့သည်။

မိုး၏ရှေ့ပြေးလေအေးများက ခပ်ဆတ်ဆတ်ကလေးတိုက်ခတ်လာလေပြီ။ မုတ်သုန်ရနံ့တို့ပါ သင်းပျံ့လာချေပြီ။ လေက တစစနှင့်ပို၍ သိပ်သည်းအေးမြလာပါသဖြင့် မိုးမှုန်မိုးပွင့်တို့ မကြာမီအတွင်း သက်ဆင်းလာတော့မည့် ရှေ့ပြေးလက္ခဏာများဖြစ်ပါ၍ ကျွန်မတို့နှစ်ယောက်မှာ ပူးကပ်ယှဉ်တွဲလျက် ခပ်သွက်သွက်ကလေး လှမ်းလာခဲ့ရပါလေပြီ...။

မုတ်သုန်မိုးပွင့်များကို သယ်ဆောင်လာရသည့် လေအေးတို့က ကျွန်မကိုယ်ပေါ်မှ ဖြတ်လျက် အသည်းနှလုံးဆီသို့ တိုက်ရိုက်တိုက်ခတ်ခြင်း ခံလိုက်ရသည်သို့ပင် ကျွန်မရင်မှာ လှုပ်ခါလျက် အေးစိမ့်လျက်...

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၂ ။

'စာ' ဆိုပါ၍ ဝမ်းသာအားရ ပြေး၍ယူကြည့်မိသည်။ ကျွန်မထံ သို့ စာလာစရာ မေမေတစ်ဦးတည်းထံမှ ရှိပါသည်…။

"အို…မေမေ့ဆီကစာရောက်လာရင် ငါ့ကိုပြန်ခဲ့လို့ပြောမှာ သေချာပါပြီ၊ မေမေဟာ ငါ့ကိုသိပ်ချစ်တာပါ။ ငါ့စာတွေသာ ဖတ်ရရင် ငါ့ကို သနားပြီး စိတ်ပူပြီး အမြန်ပြန်ခဲ့လို့ ပြန်ခေါ်မှာသေချာပါတယ်… မေမေ့ဆီ ပြန်ရောက်ရင်သာ…

"ချွေခင်မျိုးခင်-မကြီး မိစုန္ဒာ… အခုတော့ ကျောင်းမှန်း ကန်မှန်း သိလာခဲ့ပြီမှတ်လား"

လို့ ကရုဏာဒေါသောနဲ့ မေမေပြောမှာ သေချာပါတယ်။ ပထွေးနဲ့တော့ ကြည့်ပြီး စခန်းသွားရတော့မှာပဲ…မတတ်နိုင်တော့ဘူး။ ဝမ်းသာလိုက်တာ… မေမေ့ဆီက စာရောက်လာပြီဆိုတာ ဝမ်းသာ လိုက်တာဟယ်…ငါပြန်ရတော့မယ်"





ကျွန်မမှာ သတိမေ့လျော့ပြီးပင်၊ လှေခါးမှ ပြေးဆင်းခဲ့မိသေးသည်။ အောက်သို့ရောက်ခါမှ လိမ့်ကျသောသူများ၏ မျက်နှာကို မြင်ပြီး လန့်မိပါတော့သည်။

"ဦးလေးမောင်… စုန္ဒာစာပါတယ်ဆို"

ကျွန်မက ကိုမြတ်ဝဏ္ဏာ၏ လက်စွဲတော်ကြီး ဦးခင်မောင်၏ ရှေ့သို့ အရောက်ပြေးလာရင်း အမောတကော မေးမိသည်။ အချိန်က နေ့လယ်ခင်း၊ ကိုမြတ်ဝဏ္ဏာ ပြန်မလာသေး၊ ဦးခင်မောင် ပြန်လာနှင့်ပါ၍ သူ့အား ကျွန်မစာကို ပေးလိုက်နှင့်ဟန်တူပါသည်။

"အေးကွယ်…မောင်မြတ်ဝဏ္ဏာက ပွဲရုံကိစ္စလေးတွေ မပြီး သေးလို့ ကျန်ရစ်ခဲ့တယ်၊ စာတိုက်မှာ စာဝင်ယူပါမှာလို့ စုန္ဒာရဲ့ ပြန်စာကို ရလာခဲ့တယ်၊ ရော့-ရော့ ဩော်…ဒီမှာ"

"ဟုတ်ကဲ့"

"မောင်မြတ်ဝဏ္ဏာက စုန္ဒာလက်ထဲကိုပေးပါလို့ မှာလိုက်လို့ ခင်နုကို ခေါ်ခိုင်းရတာပါနော်…၊ ဦးလေးမောင်က အပေါ်တက်ခွင့် မရှိလို့ပါ၊ ခွင့်လွှတ်ပါ စုန္ဒာ"

"ဟာ… ကိစ္စမရှိပါဘူး ဦးလေးမောင်၊ စုန္ဒာက လူငယ်ပဲ ပါတယ်"

ကျွန်မက ရွှင်မြူးစွာပြောလျက် စာကိုယူပြီး လှေကားကြီး၏ လက်တန်းကို ကိုင်ဆွဲလျက် တက်လာရင်းက မေမေ့လက်ရေးလေးနှင့် ရေးထားလေမည့်စာကို ကြည့်လိုက်မိရာ…



www.burmeseclassic.com

www.burmeseclassic.com



"အို... ဒါ... ဒါ... ငါရေးလိုက်တဲ့စာပါလား"

ကျွန်မ၏ရင်မှ အားတက်ခြင်း၊ မျှော်လင့်ခြင်း စသော ကြည်နူးမှုဝေဒနာများမှာ ချက်ချင်းပင် လွင့်စင်ပျက်ပြယ်ရပါလေပြီ။

စာမှာ ကျွန်မရေးလိုက်သည့် ရေစစ္စရီလုပ်ပြီးစာဖြစ်ပေသည်။ စာတိုက်အသီးသီးမှ တံဆိပ်များခတ်နှိပ်ပြီး ပြန်ပို့လိုက်သည့်စာ ဖြစ်ပါ၏။ "စာကို လက်ခံယူမည့်သူမရှိ" သဖြင့် မူလစာရှင်ထံသို့ ပြန်ပို့သောစာ ဖြစ်နေပါချေပြီကော။

"အို...မေမေ မေမေရယ်... မေမေ သမီးတို့နေတဲ့အိမ်မှာတောင် မရှိတော့ပဲကို၊ ဘယ်များပြောင်းသွားပြီလဲ... ပြေးသွားပြီလဲ မေမေရယ်။ သမီးမှားပါပြီ... သမီးမှားပါပြီ၊ သမီးကို ပစ်ပြေးရက်တဲ့ မေမေရယ်... သမီးအဖြစ်ကို မြင်လှည့်ပါတော့..."

ကျွန်မမှာ စာကိုဆုပ်ချေလျက် ရင်တွင်ကပ်ရင်း မချိတင်ကဲ ပြောမိပါသည်။ မျက်ရည်တို့ကလည်း သွန်ချသည့်ရေစင်လို သွင်သွင်ကြီး လျှောကျလာတော့သည်။ စာကို ကျစ်ကျစ်ပါအောင် ဆုပ်လျက်၊ ငိုရှိုက်လျက်ဖြင့် ကျွန်မမှာ လေးကန်သော ခြေလှမ်းများနှင့် အပေါ်ထပ်သို့ အင်အားများစွာ စိုက်ထုတ်ခါ တက်လာရပါတော့သည်။

ကိုစံရိပ်ငြိမ်၏မျက်နှာကို လှစ်ခနဲသာ မြင်လိုက်ရပြီး တံခါးက ဝုန်းခနဲ ပိတ်သွားတော့သည်။ ကျွန်မ၏အဖြစ်ကို သူစောစောပိုင်းက ကြည့်ရှုနေပေလိမ့်မည်သာ။ အကြည့်ချင်းဆုံချိန်၌ သူက လျှင်မြန်စွာ ပျောက်ကွင်းသွားခဲ့လေပြီ။

"သြော်...ဦးနှောက်မမှန်သူဆိုပေမယ့် ပဟေဠိဆန်လှပါလား





ကိုစံရိပ်ငြိမ်ကို ဖယ်ထုတ်လိုက်ပြီး အပေါ်ထပ်သို့ တက်လာခဲ့ရပါတော့သည်။

မျက်ရည်စများနှင့် ကျွန်မကို ဦးအောင်ထူးမြတ်က တအံ့တသြဟန်နှင့် ငေးကြည့်နေသည်။ သူထိုင်နေရာ ဧည့်ခန်းဆီမှ ကျွန်မထံ ထ၊လာရမလို၊ ဆက်ထိုင်ရမလိုနှင့် ဝေခွဲမရဟန် ရှိနေသည်။ သူတစ်ခုခု အကူညီပေးလိုလေသလားပင်။ ကျွန်မမှာ ဦးလေးနှင့် စကားမပြောလိုသေးပါ၍ ကျွန်မပိုင်အခန်းတွင်းသို့ အပြေးလေး ဝင်ရောက်လာရသည်။

ကစားနေသော ပပငယ်လေး မမြင်ပါစေရန် ခုတင်ပေါ်တွင် ကျောခိုင်း၍ လဲလျောင်းလိုက်ရသည်။ မျှော်လင့်ချက်ဆုံးသဖြင့် အားငယ်လွန်းသောစိတ်တို့ကြောင့် ကျရသော မျက်ရည်တို့မှာ ရင်နာရောကောင်းလွန်းလှပါချေသည်တည်း။

မေမေ ဦးမြင့်ထွန်းနောက်များ ပြောင်းလိုက်သွားပြီလား၊ ဒါမှမဟုတ် 'ပျားရည်ဆမ်းခရီး' ဆိုတာမျိုးများ သွားကြလေသလား၊ ကျွန်မအတွက်မူ ခြေရာပျောက်၍ ရေနောက်ရုံမက ရေခမ်းသော ကန္တာရလမ်း၌ ရှေ့ဆက်လှမ်းစရာ စခန်းသာမရှိတော့ပါချေ။

"ဟာ...ခေါင်းအုံးစွန်းမှာ စာရွက်ကလေးတစ်ရွက်ပါလား"

ကျွန်မက အတွေးစုံဖြင့် လူးလိမ့်နေရင်းက တစ်ပိုင်းတစ်စ ထွက်နေသော စာရွက်ကို ဆွဲထုတ်လိုက်မိသည်။

**"ဒီတစ်ခါ နင့်အလှည့်"**

စာကြောင့် ကျွန်မအိပ်ရာမှ လူးလဲထမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ နင့်အလှည့် . . . ဒီတစ်ခါ နင့်အလှည့် ဘာအလှည့်လဲ၊ ဟို . . . ဟို လိမ့်ကျပြီးသေရဖို့များ ပြောတာလား။ ဘုရား . . . ဘုရား ဒုက္ခ ပါပဲ၊ ငါဘာလုပ်ရမလဲ . . . ငါဘာလုပ်ရပါ့မလဲ"

ကျွန်မစိတ်မှာ ပြာဝေသွားမိသည်။ စိတ်၌ မယုံတစ်ဝက် ယုံတစ်ဝက် ရှိမိပါသော်လည်း ကြောက်လန့်စိတ်က လွှမ်းကဲလှသည်။ ခြောက်လှန့်လို၍လား၊ အမှန်တကယ်ပင် ကျွန်မကို သတ်ပစ်ကြလေတော့မည်လား မပြောနိုင် မသိနိုင်။ ဤအိမ်သားတွင်းမှ တစ်ယောက်ယောက်က ကျွန်မအား ဒုက္ခပေးလိုသည်ကား အမှန်ပင်။

"ငါ့ကိုဒုက္ခပေးတော့မည့်လူဟာ ဒီအိမ်သားထဲက တစ်ယောက်ယောက်ပဲ၊ ကိုပန်ဦးလား၊ ကိုစံရိပ်ငြိမ်လား၊ ဦးမြတ်ထွန်းလား၊ ဦးလေးမောင်တို့ ဦးမြစ်တို့လား၊ ဒီထဲက တစ်ယောက်ယောက်တော့ ကျိန်းသေပဲ။ ငါ့ဘက်ကဆိုလို့ ဦးလေးဦးအောင်ထူးမြတ်နဲ့ အစ်ကိုမြတ်ဝဏ္ဏပဲရှိတယ် . . ."

"ဒါမှမဟုတ် သူတို့ပြောသလို ကျိန်စာသင့်ဝိဉာဉ်တွေကပဲ ငါ့ကို သူတို့ဝိဉာဉ်ကမ္ဘာထဲ ခေါ်သွားကြလေမလား။ အို . . . မဟုတ်ဘူး . . . မဖြစ်နိုင်ဘူး။ သရဲဆိုရင် ခုလိုစာရေးပြီး ဘယ်ပြောပါ့မလဲ။ ဟိုညကဝင်လာတဲ့ မည်းမည်းကောင်ကြီးဟာလည်း ဝိဉာဉ်ကောင်တော့ မဖြစ်နိုင်ဘူး၊ လူလား တိရစ္ဆာန်လားပဲ၊ အို . . . ငါဒီအိမ်ကြီးက ဘယ်နည်းနဲ့ ရုန်းထွက်ရပါ့မလဲ၊ မဖြစ်ဘူး မနေရဲဘူး၊ မနေချင်တော့ဘူး"

"အစ်ကိုမြတ်ဝဏ္ဏ"





မှန်ပါသည်၊ ကျွန်မ၏ အတွေးသံသရာအတွင်းသို့ အစ်ကိုမြတ်ဝဏ္ဏ ရောက်ရှိနေရာယူတော့သည်။

"အစ်ကို . . . အစ်ကိုမြတ်ဝဏ္ဏရယ် မြန်မြန် ပြန်လာပါတော့၊ ခုနမှာ ကြောက်တယ်"

ကျွန်မမှာ ကိုမြတ်ဝဏ္ဏကို အားကိုးခြင်းကြီးစွာဖြင့် တမ်းတမိပါသည်။

ကျွန်မနောက်တွင် ချောက်ကမ္ဘားနှင့် မုန်တိုင်းနှင့်၊ ကျွန်မ၏ ရှေ့တွင် ဖူပြင်းလွန်းသော ကန္တာရခရီး၊ ရှေ့မတိုးသာ နောက်မဆုတ်သာ အချိန်တွင် စိမ့်စမ်းရေယဉ်တို့ စီးဆင်းနေရာ ဘေးဘက်လမ်းသို့သာ လိုက်ရန်ရှိတော့သည်။ သာမောတင့်တယ်ဖွယ် ဖြစ်အောင် လမ်းထွင်ပေးနိုင်မည့်သူက ကိုမြတ်ဝဏ္ဏ၊ ကျွန်မဘဝအတွက် မှီခိုတွယ်နားရာ ကွန်းရိပ်သာသည် ကိုမြတ်ဝဏ္ဏ၏ ရင်ခွင်သာတည်း။

"ပြန်စရာလည်းမရှိ နေလို့လည်းမဖြစ်တဲ့ဘဝမို့ အစ်ကိုမြတ်ဝဏ္ဏ လမ်းကမ်းခေါ်ဆောင်နေတဲ့ သူ့ဘဝထဲကိုပဲ ငါဝင်ပါတော့မယ်။ ငါ့မှာ အုပ်ထိန်းသူမဲ့ ပတ်ဝန်းကျင်မဲ့ပဲ၊ ဘာမဆိုလုပ်လို့ ရတာပဲ။ အစ်ကိုမြတ်ဝဏ္ဏ ပြန်လာရင် ဒီအိမ်မှာ မနေချင်တော့ဘူးဆိုပြီး မြို့သစ်က သူ့ရဲ့တစ်ထပ်တိုက်ကလေးကိုပဲ လိုက်သွားတော့မယ်။ ဒီအိမ်မှာ တစ်နာရီတောင် မနေပါရစေနဲ့တော့လို့ ပြောပြီး မြို့သစ်မှာ ဘဝသစ်တစ်ခု နှင့်တီးတော့မယ်"

ကျွန်မ၏ဆုံးဖြတ်ချက်များ ပြီးဆုံးလျှင်ပင် ခုတင်အောက်မှ ကျွန်မပိုင် လက်ဆွဲအိတ်ကို ဆွဲထုတ်မိသည်။ စားပွဲပေါ်မှ ကျွန်မ၏



www.burmeseclassic.com

www.burmeseclassic.com

ဘီး၊ မှန်၊ ကရင်ပတ်(ဖ) စသော အသုံးအဆောင်ပစ္စည်းလေးများကိုလည်း မြန်မြန်ဆန်ဆန် ကောက်သိမ်းမိသည်။ တန်းပေါ်မှ မျက်နှာသုတ်ပဝါကို ရုတ်ခေါက်နေမိစဉ်။

“မမစုနန္ဒာ... မမစုနန္ဒာ ပြန်တော့မလို့လားဟင်”

“အို...ပပငယ်”

စိုးရိမ်လွန်းသော မျက်နှာလေးနှင့်မေးရှာသော ပပငယ်ကို ကျွန်မ ယခုမှပင် သတိရမိတော့သည်။

“ပြန်တော့ မပြန်ပါဘူး၊ ဒါပေမယ့် ဒီအိမ်ကတော့ ခဏသွားဦးမယ် ပပငယ်ရယ်... မြို့သစ်တင်ပါ။ မမစုနန္ဒာ မကြာမကြာ ပြန်လာမှာပေါ့၊ ပြီးတော့ အခြေနေပေးရင် မမလေ ပပငယ်လေးကို ခေါ်ထားပါ့မယ်ကွယ်”

ကလေးကျေနပ်အောင် နှစ်သိမ့်နေသည်မဟုတ်ပါ။ အမှန်ပင် စိတ်ရင်းစေတနာအတိုင်း ဖွင့်ပြောမိခြင်းဖြစ်ပါသည်။

“မမစုနန္ဒာ မြို့သစ်ကိုသွားမယ် ဟုတ်လား... ဘာသွားလုပ်မှာလဲ”

“ဟိုကွယ်...အစ်ကိုမြတ်ဝဏ္ဏနဲ့ လိုက်သွားမလို့ပါ၊ မြို့သစ်မှာ သူ တစ်ထပ်တိုက်ကလေး ဝယ်ထားတယ်ပြောတယ်”

“မမစုနန္ဒာက သူ့မိန်းမနဲ့သိလို့လား”

“ဘယ်သူ့မိန်းမလဲ”

“ဦးဦးမြတ်ဝဏ္ဏရဲ့မိန်းမ မမ ‘ခင်ထားဦး’ နဲ့လေ”

“ဘာ... ဘာ ဘယ်သူ့မိန်းမ”





“ဦးဦးမြတ်ဝဏ္ဏ[illegible]ပေါ့... မမခင်ထားဦးတဲ့၊ လှကလှနဲ့ သူလာရင် ပပငယ်ဖို့ မုန့်တွေဝယ်လာတယ်၊ အခု မမစုနန္ဒာရောက်မှ တစ်ခါမှမလာတော့ဘူး”

“ပပငယ်ရယ်... မင်း... မင်းပြောတာ တကယ်လားကွယ်၊ ကိုမြတ်ဝဏ္ဏမှာ မိန်းမရှိတယ်ဆိုတာ တကယ်လားကွယ်...ဟင်”

“မမစုနန္ဒာ မသိဘူး တကယ်... ဒီအိမ်က အားလုံးသိတာပဲ”

“ဘုရား...ဘုရား ဒုက္ခပါပဲ၊ အစ်ကိုမြတ်ဝဏ္ဏရယ်... စုနန္ဒာပေါ် မှာ ဘယ်လိုအကြံတွေရှိလို့များ ညာရလိမ်ရတာလဲရှင်ဟင်...”

“ဦးဦးကလေ... မိန်းမလှလှလေးတွေဆို သိပ်အရေးပေးတာပဲ၊ ဟို...မစိမ်းမေဆိုတာတုန်းကလည်း ဒီလိုပဲ”

“ဘာ...မစိမ်းမေ...ဟုတ်လား”

“ဟုတ်တယ်၊ မစိမ်းမေ ဒီအိမ်မှာနေတုန်းက ဦးဦးမြတ်ဝဏ္ဏနဲ့ အမြဲတူတူအိပ်တယ်”

“အမလေး”

“နောက်ပြီးတော့လေ မစိမ်းမေကို ပြန်နိုင်းတယ်၊ မစိမ်းမေ လိုမ့်ငိုတာ ပပမြင်ရတယ် သိပ်သနားစရာကောင်းတာပဲ။ သူလည်း မမစုနန္ဒာလိုပဲ သိပ်လှတာပဲ။ နောက်တော့လေ မစိမ်းမေဟာ သူ့အိမ်မှာ ကြိုးဆွဲချသေရော၊ သူ့ဗိုက်ထဲက ကလေးပါ သေရောတဲ့။ ဒါကြောင့် ရထားမောင်းတဲ့ ဦးမြစ်ကြီးက...”

“တော်... တော်ပါတော့ ပပရယ်...မမစုနန္ဒာ မကြားရဲဘူး မကြားရဲဘူး”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နားနှစ်ဖက်ကို ပေါက်ကွဲ[illegible]ပိတ်ရင်း ခုတင်ပေါ်သို့ မှောက်လှဲချလိုက်ပြီး သည်းထန်လိုက်လှဲစွာ ရှိုက်ငင်ကြီးစွာဖြင့် ငိုကြွေး မိပါပြီတည်း။

❖ ❖ ❖



**အခန်း ။ ၁၃ ။**

ညနေစောင်းလာပြီ၊ ညရောက်မှာ စိုးကြောက်လှပါသည်။

မြင်မြင်သမျှ အရာအားလုံး မှုန်ဝါးဝေသီနေပေသည်။ ကျွန်မ ရင်ဘတ်ဝန်းနှင့် ပါးပြင်တို့တွင် မျက်ရည်များ စိုလူးရွှဲနစ်နေပေသည်။

ကိုမြတ်ဝဏ္ဏ ပြန်မလာတော့။ မြို့သစ်တွင် သူ့ဇနီးနှင့်အတူ ရှိနေပေလိမ့်မည်။

"အသိမကြွယ် ချစ်နယ်ပယ်ကို မရောက်ဖူးတဲ့ အရွှးအရိုင်း လေးကို သိမ်းသွင်းတော့မယ့် လူယုတ်မာကြီးရယ်… ပပငယ်လေး ကြောင့် ဒီည ဘဝမဆုံးရတာပါ။ စုနန္ဒာ လူကဲမခတ်တတ်ဘူး၊ နား လည်ပါဘူးရှင်၊ ဘာကိုမှ ဝေဖန်ဆင်ခြင်နိုင်စွမ်း မရှိပါဘူး။ ကိုမြတ် ဝဏ္ဏက လူချောမို့ လူရိုးလူကောင်း အချစ်သမားကြီးလို့ ထင်မိခဲ့ပါ တယ်။ မိစုနန္ဒာရယ်… ဘဝတောင် နစ်မွမ်းကော့မလို့၊ အသည်း နုံးမှာတောင် အချစ်ဆိုတဲ့အပင်လေး ခြေကုပ်ယူနေမိပြီ။ ကံသီပေလို့ ကံကြီးပေလို့။ ဒါ… ဒါပေမယ့် ငါ… ငါ… ဘာဆက်လုပ်ရပါ့မလဲ"

ကျွန်မမှာ သူရူးတစ်ယောက်နှယ် အတွေးပင်လယ်တွင်း၌ မျက်ရည်မိုးတို့ ရွာသွန်းဖြိုးနေခိုက်…



www.burmeseclassic.com

www.burmeseclassic.com

"စုနန္ဒာ…အို ငိုလို့ပါလား"

ကိုပန်ဦးပေပဲ…။

ကျွန်မ ဘာမှမတုံ့ပြန်မိ၊ မျက်ရည်များကိုသာ ငုံ၍သုတ်ေ မိနိုက် ကိုပန်ဦး ပြောလိုက်သောစကားက…

"ဒီမှာ စုနန္ဒာ…ဒီည ကျွန်တော့်အခန်းမှာ လာအိပ်ပါ"

ကိုယ့်နားကိုပင် ကိုယ်မယုံရဲ၍ ထပ်မေးရသည်။

"ဘာ…ဘာ…ဘာပြောတယ်"

"သြော်…ပပငယ်အိပ်သွားရင် ကျွန်တော့်အခန်းမှာ လာအိ ပါလို့"

"ဟင်…ရှင်…ရှင်…နှမချင်းမစာ ယုတ်မာလှချည်လား… ကဲ…ကဲ…"

ဖြစ်ချင်ရာ ဖြစ်စေတော့၊ ကျွန်မ စိတ်မထိန်းနိုင်တော့ပါ ဝမ်းနည်းအားငယ်နေချိန်တွင် အပေါ်စီးမ၊ ကြေးစားမသဏ္ဍာန် အပြေ ခံရပါ၍ ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီး ကိုပန်ဦး၏ပါးကို နှစ်ချက် ဆင့်ရိုက်ပစ်လိုက်မိသည်။

"ဟာဗျာ…လုပ်ရက်လှချည်လား"

သူက ပါးကိုပွတ်ရင်း အံ့သြဟန်နှင့်ဆိုသည်။ ရုတ်တရ ဒေါသထွက်သွားရာမှ သူ့ဒေါသကို လျှင်လျှင်မြန်မြန် ပြန်လည် ချုပ်တည်းလိုက်ဟန်ရှိသည်။ ကျွန်မက မထိန်းချုပ်နိုင်ပါ၊ ကိုယ် ဆတ်ဆတ်တုန်ရင်း…





"ရှင်…ရှင်…လူယုတ်မာ၊ သွား…သွား…ကျွန်မနားက ခုထွက် သွား"

"အဲဗျာ… ဟုတ်ပါရဲ့၊ ပါးချခံရတာတောင် ဘာဖြစ်လို့ အချခံရမှန်း မသိဘူး။ သြော်…ဟော်…ခင်ဗျား အတွေးလွဲသွားပြီ ကိုး၊ ကျွန်တော်ပြောတာ ဒီအဓိပ္ပာယ်မဟုတ်ရပါဘူးဗျာ။ ဘယ့်နှယ့် ဟုတ်တာပဲ၊ အတူနေတာပဲ တစ်လလောက်ရှိပြီ၊ ခင်ဗျား ခင်ဗျား ဘယ့်လောက် ကိုယ်ကျင့်တရားကောင်းတယ်၊ မွန်မြတ်တယ်ဆိုတာ ကျွန်တော်သိတာ…"

"ဒါ…ဒါ…နဲ့…ရှင့်စကားက…"

"ဟုတ်ပါရဲ့နော်…ကျွန်တော် စကားကို ပရိယာယ်နဲ့ မပြော တတ်ဘူးဗျာ၊ အဲဒါခက်တာပဲ။ ကျွန်တော့်ရင်ထဲက စေတနာက တခြား… ပြောလိုက်တဲ့စကားအဓိပ္ပာယ်ကတခြား ဖြစ်သွားလို့ ခင်ဗျား အထင်မှားသွားတာပါ။ ကျွန်တော်က ပါးရိုက်ခံလိုက်ရပေ မယ့်… ကျွန်တော်ကပဲ ပြန်ပြီး တောင်းပန်ပါတယ်၊ စုနန္ဒာရဲ့သိက္ခာကို စော်ကားသလို ဖြစ်သွားရတာ ခွင့်လွှတ်ပါ၊ ဒါမှမဟုတ် ပါးထပ်ပြီး ရိုက်ချင်လည်းရိုက်ပါ"

"အို…ရှင်ကလည်း…ရှင်"

"ဒီမှာစုနန္ဒာ… ကျွန်တော် ခင်ဗျားကိုပြောချင်စရာ၊ ဆွေးနွေး ချင်စရာတွေ အများကြီးပဲ၊ ဒါပေမယ့် စုနန္ဒာက ကျွန်တော့်ကို အထင် သေးနေတယ်၊ ကိုမြတ်ဝဏ္ဏဘက်ကနေပြီး မုန်းတီးနေလို့ ကျွန်တော့်မှာ ဘာပြောဖို့မှ အခွင့်မသာခဲ့တာပါ။ ဒီမှာ စုနန္ဒာ… ဒီမဟော်ဂနီစံအိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မှာ အင်မတန်မှ အရေးကြီးချိန်ကို ရောက်လာနေပြီ။ ဒီတော့ စုနန္ဒာနဲ့ ကျွန်တော်နဲ့ ပွင့်ပွင့်လင်းလင်းဆွေးနွေးမှဖြစ်တော့မယ်၊ ကျွန်တော့်ကို ယုံပါ''

''အို…မယုံဘူး…မယုံဘူး၊ စုနန္ဒာ ဘယ်သူ့မှ မယုံရဲတော့ဘူး ရှင်။ အခုပဲ လူတစ်ယောက်ကိုယုံလို့ ပုံအပ်မိတော့မလို့။ စုနန္ဒာ လူကဲမခတ်တတ်ဘူး၊ ဘာမှလည်း နားမလည်ဘူး၊ အို စုနန္ဒာ ကြောက်တယ်၊ ရှင်သွားပါ…သွားပါရှင် ကျွန်မဖာသာတစ်ယောက် တည်း ဒီမြက်ခင်းပေါ်မှာ နေစမ်းပါရစေ''

ကျွန်မမှာ ကိုပန်ဦးကိုပြောရင်းငိုု၊ ငိုရင်းပြောမိသည်။ ယခု အချိန်တွင် ဘယ်သူ့ကိုယုံ၍ ဘယ်သူ့ကို အားကိုးရမည်မှန်း ဆရာတင် ရမည်မှန်း မသိတော့ပါချေ။ ယခုအချိန်၌ ဤမဟော်ဂနီစံအိမ်တွင် 'ကိုယ်ကကျူး ဒူးတောင်မယုံရ'ဘူးဆိုတဲ့ ကိန်းမျိုး ဆိုက်နေလေပြီ။

''ဒီမှာ စုနန္ဒာ…ဌာနဆိုင်ရာ သက်သေခံလက်မှတ်တို့၊ တံဆိပ် တုံးတို့ကိုတော့ စုနန္ဒာ နားလည်မှာပါ၊ လက်ခံနိုင်မှာပါနော်၊ ဒီမှာ ကြည့်ပါဦး''

**''ကိုစိုးထွဋ်၊ လုံခြုံရေးမှူး၊ ရဲအထူးထောက်လှမ်းရေး''**

မှန်ပါသည်၊ ဟုတ်ပါသည်၊ သူ့ဓာတ်ပုံနှင့် တံဆိပ်တုံးနှင့် တွဲ၍ ရိုက်ထားသော သက်သေခံကတ်ပြားဖြစ်ပါချေသည်။ တစ်ခုက သူ့ အမျိုးသားမှတ်ပုံတင်၊ ဤမှတ်ပုံတင်တွင်လည်း အလုပ်အကိုင်က ကျောင်းသားမှသည် ရဲအရာရှိသို့ ပြောင်းလဲထားသည်။ စိတ်ချ ယုံကြည်နိုင်ဖွယ်ရာဖြစ်သော နိုင်ငံတော်၏ အမှတ်အသားကတ်ပြား





များကို တင်ပြလေသူ 'ကိုပန်ဦး သို့မဟုတ် ရဲအရာရှိ ကိုစိုးထွဋ်' ကို ကျွန်မ အားကိုးတကြီး မော့ကြည့်လိုက်မိပါသည်။

''စုနန္ဒာ လက်ခံယုံကြည်ရဲ့လားဟင်''

''ဒီထက်ခိုင်လုံတာ မရှိတော့ပါဘူး၊ စု… စုနန္ဒာမှားပါပြီ၊ လူကဲခတ်သိပ်မှားမိပါပြီရှင်။ ပြီးတော့လည်း ကိုယ်ထိလက်ရောက် ကျူးလွန်မိတဲ့ စုနန္ဒာရဲ့ ရိုင်းပျမှုကိုလည်း ဘယ်လိုကျေနပ်အောင် တောင်းပန်ရမှန်းတောင် မသိတော့ပါဘူး ကိုစိုးထွဋ်ရယ်''

''ကိစ္စမရှိပါဘူး စုနန္ဒာ၊ ဒါကို စိတ်မကောင်းဖြစ်မနေပါနဲ့တော့ ကွယ်၊ လာ…ဟိုဘက်နား လျှောက်ကြရင်း ဆွေးနွေးကြတာပေါ့။ ဒီနေရာဆိုရင် အိမ်ပေါ်ကလှမ်းကြည့်ရင် မြင်နိုင်တယ်။ စုနန္ဒာနဲ့ ကျွန်တော်နဲ့ နှစ်ယောက်တည်းတွဲပြီး စကားပြောနေတယ်ဆိုရင် သူတို့ တစ်ခုခု ကြိုတင်ကြံစည်ချင် ကြံစည်ထားနိုင်တာပေါ့''

ကျွန်မမှာ ကိုစိုးထွဋ်ကို ယုံကြည်အားကိုးစွာဖြင့် အိမ်နှင့်ဝေးရာ အရပ်ဆီသို့ ထွက်လာမိခဲ့ကြတော့သည်။

''ဟာ ဟိုဘက်မှာ အဘိုးကြီး သုဘရာဇာနှစ်ယောက်နဲ့ မြက်[illegible]နေတယ်၊ လာစုနန္ဒာ… ဒီဘက် အောက်မှာလျှောက်ရင်း စကားပြောကြတာပေါ့''

မြင်လွယ်လွန်းသော ကိုစိုးထွဋ်ပြလေမှ ကျွန်မကြည့်လိုက်မိသည်။ ဦးလေး ဦးအောင်ထူးမြတ်မှာ မတ်တတ်ရပ်လျက်၊ သူ့ဘေးတွင် ကျွန်မ မကြာခဏမြင်ရသော သုဘရာဇာကြီးနှစ်ယောက်က မြက်ပေါက် မြေရှင်းနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"စုနန္ဒာ"

"ရှင်"

"ဒီနေ့ စာလာပြီးမှ စုနန္ဒာငိုနေတယ်နော်... ဘာဖြစ်လို့လဲဗျာ"

"မေမေ့ဆီကို စုနန္ဒာ ပြန်လာပါရစေလို့ ရေးလိုက်တဲ့စာဟာ စုနန္ဒာဆီ ပြန်ရောက်လာတယ်... မေမေတို့မရှိကြဘူး...စုနန္ ပြန်ချင်ပြီ၊ ပြန်စရာလည်းမရှိဘူး...ဒါကြောင့် စုနန္ဒာ ငိုနေတာပါရှင်"

ကိုစိုးထွဋ်က ကျွန်မကို ငေးစိုက်ကြည့်နေသည်။ ယခုလိုဆိုပြ တော့လည်း ဤသူ၏ မျက်ဝန်းတွင်း၌ ကြင်နာရိပ်များ သမ်းေ သယောင် ထင်မိရပြန်သည်။

"ဒေါ်စုမြတ်သန္တာတို့ မင်္ဂလာဦးခရီးထွက်နေတယ်လို့ ကျွန်တော် သိထားရပါတယ်။ ဦးမြင့်ထွန်းဟာ လူတော်လူကောင်း တစ်ယောက် ပါပဲ... သူတို့ပြန်လာရင် စုနန္ဒာနဲ့ အတူနေလို့ဖြစ်ပါလိမ့်မယ်လေ အခုလောလောဆယ်သာ ဒီအိမ်ရဲ့အန္တရာယ်တွေကို ကာကွယ်ဖို့ သိထား အရေးကြီးပါတယ် စုနန္ဒာ"

"စုနန္ဒာ ကြောက်တယ် ကိုစိုးထွဋ်ရယ်... အန္တရာယ်ဟာ ဘယ်ကလာမှန်း မသိတော့ ဘယ်လိုကာကွယ်ရမယ်မှန်းလည် မသိဖူးဘူး ဒါဖြင့် ကိုစိုးထွဋ်က ဒီအိမ်ကြီးမှာ စုံစမ်းထောက်လှမ်း တာဝန်အရ ရောက်နေတာပေါ့နော်...။

"နိုင်ငံတော်က ပေးအပ်တဲ့တာဝန်တော့ မဟုတ်ပါဘူး စုနန္ဒာ... ကိုယ်ပိုင်ကိစ္စပဲ ဆိုပါတော့လေ။ ကျွန်တော်ခွင့်ယူပြီး ဒီကိုခဏ ရော





နေတာပါ... ကျွန်တော့်အဒေါ်ရဲ့ခင်ပွန်းက တာဝန်ပေးအပ်လို့ ဆိုပါ တော့"

"ဘယ်သူကလဲ ဟင်"

"စုနန္ဒာတို့ ဟိုတစ်နေ့က ပပငယ်နဲ့ ဘုန်းကြီးကျောင်း ရောက် သွားကြတယ်မှတ်လား... အဲဒီမှာ စုနန္ဒာတို့နဲ့ စကားပြောခဲ့ရတဲ့ ဘုန်းကြီးဟာ ကျွန်တော့်အဒေါ်ရဲ့ ခင်ပွန်းဖြစ်ခဲ့သူပေါ့"

"အဲဒီဘုန်းကြီးဟာ..."

"ဒီအိမ်ကနေပြီး အချိန်ကြာမြင့်စွာကပဲ ထူးဆန်းစွာ ပျောက် ဆုံးသွားတယ်ဆိုတဲ့ 'ဦးလှထူးမြတ်' ဆိုတာဟာ 'ဦးရေဝတ' ဆိုတာ အဲဒီဘုန်းကြီးပဲ"

"ဟာ...အို...ဘယ်...ဘယ်လိုလဲ...ဟင်"

"ဟုတ်ကဲ့ ကျွန်တော် ပြောပြနိုင်ပါပြီ၊ ဒီမဟော်ဂနီစံအိမ် နဲ့ပတ်သက်တဲ့ အကြောင်းအရာ အချက်အလက်တွေ ကျွန်တော့်မှာ အတော်လေး စုံနေပါပြီ စုနန္ဒာ၊ အဲ တစ်ခုတော့ရှိတယ်ပေါ့ဗျာ"

"ဘာများပါလိမ့် ကိုစိုးထွဋ်ရယ်"

"တရားခံ မပေါ်သမျှ စုနန္ဒာ နှုတ်လုံဖို့တော့ ကျွန်တော့်ကို ကတိပေးပါ...တကယ်လို့သာ တိုင်းပြည်တာဝန် ထမ်းဆောင်ရကာမျိုး ဆိုရင် ကျွန်တော် ဒီအချိန်မှာ မပြောအပ်သေးဘူးပေါ့၊ ခုတော့ စုနန္ဒာကို ပြောပြထားမှ ဓာတ်ရည်က လည်နိုင်လိမ့်မယ်၊ ကျွန်တော့်ကို ယုံကြည် နိုင်ပါလိမ့်မယ်... ဒါကြောင့် ကျွန်တော် ကြိုပြောထားရတာပါ"

"ဟုတ်ကဲ့ ကိုစိုးထွဋ်၊ စုနန္ဒာ သစ္စာရှိပါ့မယ်၊ ကတိတည်ပါမယ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်၊ စုန္နှာရဲ့အတွင်းရေးကိုလည်း ဒီအိမ်မှာ ပြောစရာလူမရှိပါဘူး… စုန္နှာ ကိုစိုးထွဋ်ကိုယုံပါရစေ အားကိုးပါရစေနော်”

ရေနစ်သူအတွက်မြက်တစ်ပင်ဟု မတင်စားလိုပါ၊ လမ်းပျောက်နေသော တောလည်ခရီးသည် ကျွန်မအတွက် လုံခြုံစိတ်ချရသည့် စခန်းသာတစ်ခု ဖြစ်လေသည်ဟုသာ ကိုစိုးထွဋ်ကို ကျွန်မတင်စားလိုပါပြီ။ ကိုစိုးထွဋ်တလည်း သူ့ကို ယုံကြည်အားကိုးပြီ ဟူသော ရွှန်းလက်အားတက်သော အကြည့်ဖြင့် ကြည့်လိုက်ပြီး…ပြုံး၍…

“ကဲ စုန္နှာ… ဒီနေရာမှာပဲထိုင်ပြီး ပြောကြရအောင်နော်”

“ဟုတ်ကဲ့ရှင့်”

ထိုင်းမှိုင်းစွတ်စိုနေသော မြက်ခင်းပြင်ပေါ်တွင် ကျွန်မတို့သည်အတိုင်း ထိုင်ချလိုက်ကြပြီးမှ ကိုစိုးထွဋ်က စကားစသည်။

“ဒီအိမ်ကြီးဟာ မိသားစုတွေက သိပ်များတော့ ဇာတ်လမ်းတွေကလည်း သိပ်စုံပါတယ်စုန္နှာ၊ ဥပမာ…ပပငယ်ဆိုရင် တစ်ဇာတ်လမ်း စုန္နှာတို့သားအမိက တစ်ဇာတ်လမ်း၊ ကြောင်နေတဲ့ မောင်စံရိပ်ငြိမ်က တစ်ဇာတ်လမ်းဆိုပါတော့၊ အို စုံလို့ စုံလို့ပါပဲ၊ ဒါတွေ ပြန်တွေးပြန်ပြောနေရင် ပုဂံရာဇဝင်ထက် ရှုပ်လိမ့်မယ်၊ ဒီတော့ အဓိကကျတဲ့ ဦးလှထူးမြတ်အကြောင်း ကျွန်တော်က ပြောပြမယ်၊ ရှေ့ဆက်ကြရမယ့်ခရီးအတွက် အစီအစဉ်တွေ ချမယ်…ဒါပဲပေါ့နော်… ကျန်တဲ့အခန်းတွေ သေပြီးသား သူတွေရဲ့ ကိစ္စတွေကိုတော့ ထည့်ပြီးမတွေးတော့မစဉ်းစားနေကြပါစို့ရယ်နော်…”

“ဟုတ်ကဲ့ ကောင်းပါတယ် ကိုစိုးထွဋ်၊ အခုဘုန်းကြီးဖြစ်နေတဲ့





ဦးလှထူးမြတ်အကြောင်းကို အရင်ပြောပြပါနော်”

“ကောင်းပြီ စုန္နှာ… ဦးလှထူးမြတ်ဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်တည်းက သူ့ဇနီးဆုံးပြီး ဒီအိမ်ကြီးမှာ မနေချင်တာနဲ့ ခုနစ်နှစ်ရွယ်သားလေးကို လက်ဆွဲပြီး ထွက်ပြေးသွားခဲ့တယ်၊ အမွေဆိုင်ပစ္စည်းကို ဘာမှမယူဘဲ ထွက်သွားလေသူမို့… သူတို့ကလည်း ရှင်သလား သေသလားတောင် မစုံစမ်းကြတော့ဘဲ နေလာခဲ့ကြတာ၊ ခုချိန်ထိဆိုပါတော့”

“ဘာဖြစ်လို့ ထွက်ပြေးသွားရတာလဲဟင် ကြောက်လို့လား”

“ကြောက်လို့ရယ်တော့ မဟုတ်ဘူးပေါ့၊ ဦးလှထူးမြတ်ဟာ သူတို့နဲ့ သွင်သွင်ဆန့်ကျင်တယ်၊ လောဘသဏ္ဍာရနည်းတယ်… ဇနီးကလည်းဆုံးတော့ ဒီအိမ်ကြီးမှာ မနေချင်တော့ဘူးပေါ့၊ သူသွားတဲ့နေရာသိနေရင် အဆက်အသွယ်မပြတ်မှာစိုးလို့ တစ်ခါတည်း ဖြတ်ခဲ့တဲ့သဘောပေါ့”

“သြော်…ဟုတ်ကဲ့၊ ဒါနဲ့ အဲဒီ ဦးလှထူးမြတ်ဆိုတာ အခုအိမ်မှာ ရှိနေတဲ့ ဦးအောင်ထူးမြတ်ရဲ့ အစ်ကိုအရင်းလား”

“ဟုတ်တယ်… ဦးလှထူးမြတ်က သူတို့ရဲ့အဖေနဲ့ တူသတဲ့၊ စိတ်ထားနူးညံ့တယ် စိတ်ကောင်းရှိတယ်၊ ဦးအောင်ထူးမြတ်ကတော့ သူတို့အမေ ဒေါ်သူဇာတူလို့ စိတ်ကြမ်းရှိတယ်”

“ဦးလေးက သဘောမဆိုးလှပါဘူး ကိုစိုးထွဋ်ရယ်”

“စုန္နှာဟာ…တကယ်ပဲ လူတွေရဲ့ စရိုက်သဘောကို နားလည်ရှာသေးဘူးနော်”



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးထွဋ်၏ စကားကို ကျွန်မ ခေါင်းညိတ်ရသော်လည်း သူ့ပေါ်ကျင် ဆိုးချင်ဆိုးမည်၊ တူမရင်းဖြစ်သော ကျွန်မအတွက်မူ ဆိုးမှား မည်မထင်ပါ။

"ကဲ… ဆက်ပါဦး ကိုစိုးထွဋ်"

"ခပ်တိုတိုပြောကြစို့ ဆိုရင်တော့ ဦးလှထူးမြတ်ဟာ ပြည်နယ်က မြို့တစ်မြို့မှာ စပါးဒိုင်စာရေးကြီးအဖြစ် အလုပ်လုပ်နေရင်းက ကျွန်တော့်အဒေါ်နဲ့ အကြောင်းပါရောဆိုပါတော့"

"ဟုတ်ကဲ့"

"ကျွန်တော့်အဒေါ်ဟာ သိပ်ပြီး စိတ်ကောင်းရှိလို့ ဦးလှထူးမြတ်ရဲ့သား ကိုပန်ဦးကိုလည်း အထူးဂရုစိုက်ရှာပါတယ်"

"ဟင်…ကိုစိုးထွဋ်ဟာ ကိုပန်ဦးဟန်ဆောင်လာတာပေါ့နော် အဲဒီစုန္ဒာတို့ရဲ့ အစ်ကိုဝမ်းကွဲ ကိုပန်ဦးဆိုတာရောဟင်"

"သူ့နာမည် အပြည့်အစုံက 'မြတ်ပန်ဦး"တဲ့…ဒါပေမယ့် မြတ်တွေ ဖြုတ်ပစ်ကြတယ်"

"စုန္ဒာလိုပေါ့နော်"

"ဟုတ်မှာပေါ့… အဲ ဆက်ရဦးမယ်… အဲဒီ ကိုပန်ဦးဟာ ဆယ့်ငါးနှစ်သားလောက်မှာပဲ အဖျားကြီးပြီး သေဆုံးသွားရှာပါတယ်"

"အို"

"ကျွန်တော်က ဦးလှထူးမြတ်ရဲ့ဇနီး 'ဒေါ်ဆင့်ဆင့်' ရဲ့တူပါ ဦးလှထူးမြတ်ဟာ ကျွန်တော့်ကို သူ့သားနဲ့တူတယ်ဆိုပြီး သိပ်ချစ်ပါတယ်၊ ကျွန်တော်ကလည်း မိဘမဲ့မို့ သူတို့နဲ့ အတူနေလာခဲ့ပါတယ်





စုန္ဒာ၊ အဲ ကျွန်တော့်အဒေါ်ဆုံးပြီး ကျွန်တော်လည်း အလုပ်ဝင်၊ အဘလည်း ရဟန်းဝတ် ဖြစ်ကြပြီးမှ ဒီဇာတ်လမ်းက စကြရတယ် ဆိုပါတော့"

"သြော်… ဟုတ်ကဲ့"

"ရဟန်းဝတ်နဲ့ ဘုရားဖူးလှည့်ရင်း မြို့သစ်အထက်နားက ရွှေသာလျောင်းဘုရား ပရဝုဏ်မှာ ဦးလှထူးမြတ်ဟာ ဒီမဟော်ဂနီစံအိမ်ကြီးအကြောင်းကိုကြားလာပြီး ကျွန်တော်နဲ့ ပြန်တွေ့တဲ့အခါမှာ…"

"ဘဘုန်းရဲ့ သွေးသားအရင်းအချာတွေနေတဲ့ မဟော်ဂနီစံအိမ်ကြီးဟာ… အားလုံး ကမောက်ကမနဲ့ သေကြ၊ ကြေကြ သတ်ကြ ဖြတ်ကြ ဖြစ်ကုန်ကြပြီ၊ အမွေတွေလည်း သိပ်မရှိတော့ပါဘူး… ရှိတာလေးတွေလည်း ဘယ်သူ့ဆီမှာလဲ မသိဘူး။ အဲဒီတော့ အဲ့ဒီအိမ်ကြီးမှာ ဘာတွေဘယ်လိုဖြစ်ပြီး ဘယ်သူ့ပယောဂနဲ့ အခုလိုဖြစ်နေရတယ်ဆိုတာ ဘဘုန်းသိချင်တယ်သားရယ်… ငါ့သားများ အဲဒီဘက်တာဝန်ကျရင် စုံစမ်းပေးစမ်းပါ၊ မလွန်ခင်က တားသင့်ရင် တားရအောင်လို့ပါ၊ ဘဘုန်းလည်း ရဟန်းဝတ်ကြီးနဲ့ ပြန်မသွားချင်တော့ဘူးကွယ်… ချမ်းသာအပ်တဲ့သူတွေ ချမ်းသာကြပါစေ၊ ငါ့သား ဆောင်ရွက်ပေးနိုင်မလားဟင်…လို့ အားကိုးတကြီး မေးရှာပြောရှာတယ် စုန္ဒာ။ အဘဆီကလည်း ဒီစံအိမ်ကြီးအကြောင်းကို ဟိုးယခင် ကျွန်တော် ကြားဖူးဘည်းက စိတ်ဝင်စားနေမိခဲ့တာပါ၊ ပြီးတော့ ကျွန်တော်ဟာ လျှို့ဝှက်တဲ့ကိစ္စကို ဖော်ထုတ်ဖို့ တရားခံရှာဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com



အင်မတန်မှ ဝါသနာပါပါတယ်…"

"ဟုတ်မှာပါ…ဒါကြောင့်သာ ရဲအရာရှိဖြစ်တာပေါ့နော်"

"အင်း…ဝါသနာပါရာ လုပ်ရတော့ ပိုအောင်မြင်တာပေါ့လေ"

"ဟုတ်ကဲ့ ဆက်ပါဦး…"

"ကျွန်တော့် ဝတ္တရား ထမ်းဆောင်ရင်းတော့ ဒီနယ်ဘက်ကို ရောက်နိုင်စရာအကြောင်း မရှိသေးဘူး စုနန္ဒာ။ ဒါကြောင့် အလုပ်ဝင်တည်းက ခွင့်တစ်ခါမှ မယူဖူးခဲ့တဲ့ ကျွန်တော်ဟာ ခွင့် ၂ လတောင် ယူပြီး ဒီကိုရောက်နေခဲ့ရတာပါ၊ ဦးလှထူးမြတ်ရဲ့သား ကိုပန်ဦး အဖြစ်နဲ့ပေါ့၊ ဒီတော့မှ သူတို့အိမ်ထဲဝင်လို့ ရမှာပေါ့လေ။ ကျွန်တော့်မှာက ကိုပန်ဦးနဲ့ ပတ်သက်တဲ့ အချက်အလက်အပြည့်အစုံ ထောက်ခံချက် အဖုံဖုံတွေနဲ့ ရောက်လာရလေတော့ သူတို့ငြင်းမရလို့ လက်ခံထားကြရတာပေါ့လေ…"

"ဒါနဲ့ ဦးလှထူးမြတ် အဲ စုနန္ဒာတို့ တွေ့ခဲ့ရတဲ့ ဘဘုန်း ဘယ့်နယ့် ဘယ့်နယ့် ဒီကိုရောက်လာရတာလဲဟင်…"

"သူက သတင်းနားစွင့်နေတုန်း ဦးကောင်းမြတ် သေ ဒေါ်ခက်ခက်သေ၊ ပြီတော့ ဒီအိမ်ဟာ ကျိန်စာသင့်တယ်၊ ဝိညာဉ်တွေ ရှိတယ်နဲ့ အပြင်မှာ အမျိုးမျိုးဝေဖန်နေကြလို့ မိစ္ဆာအိမ်ကြီး အဖြစ်နဲ့ ကျော်ကြားနေခဲ့တယ်။ ဒါကြောင့် ဘ,ဘုန်းဟာ သူကျွန်တော့်ကို လွှတ်မိတာမှားပြီဆိုပြီး စိတ်မချတာနဲ့ လိုက်ခေါ်တာတဲ့"

"သူ့ကို ဒီက မသိကြဘူးလား"





"အဲဒီ ကိုးတောင်ပြည့်စေတီဘုရားကို အစွဲပြုပြီးခေါ်တဲ့ ကိုးတောင်ပြည့်ကျောင်းမှာလည်း အရင်ရှိတဲ့ ဆရာတော် ပျံတော်မူပြီး၊ အခုနောက်ဘုန်းကြီးအသစ်တွေမို့ မသိဘူးပေါ့။ သူရောက်လာပြီး ကျွန်တော့်ကို ထွက်ထွက်စောင့်နေရင်း တစ်နေ့ ကျွန်တော်မြို့ကိုသွားရင်း ဆုံကြရတာပါ။ သူက ပြန်နိုင်းတယ်။ ကျွန်တော်က အတော်ပဲ ခရီးရောက်နေလို့ မပြန်ပါရစေနဲ့တော့လို့ပြောပြီး ဆက်နေတာပါ။ ဘုန်းကြီးကျောင်းတော့ ခဏခဏရောက်ပါတယ်"

"ဟင်… ကိုစိုးထွဋ်ဟာကလည်း အတော်ပဲခရီးရောက်တယ် သာဆိုတယ် ကိုစိုးထွဋ်ရောက်ပြီးမှ လူနှစ်ယောက်တောင် သေတယ် မဟုတ်လား"

"ပြောစရာပဲ စုနန္ဒာ။ ပြောစရာပဲ။ ဒီလူသတ်မှုဟာ အင်မတန်မှ လျှို့ဝှက်နက်နဲလွန်းလို့… ကျွန်တော် တစ်စချင်း ခြေရာကောက်နေရတာနဲ့ ကြာသွားရတာပါ"

"လူသတ်မှု ဟုတ်လား အဲဒီလို ကောက်ချက်ချလို့ရော ရပြီလားဟင် ကိုစိုးထွဋ်"

"ရပါပြီ မစုနန္ဒာ…တိုက်ရိုက်နည်းနဲ့လား သွယ်ဝိုက်နည်းနဲ့လား တစ်ခုခုပဲ၊ လူလုချင်းကြံစည်လို့ သေကြရတာတော့ သေချာပြီ"

"ဒါဖြင့်… ကျိန်စာတွေ ဝိညာဉ်တွေ ဆိုတာတော့ မဟုတ်ဘူးလား"

"ဟိုးရှေးတုန်းက ဘုရားအစ်မ မယ်ရွှေမှိုင် မြှုပ်ထားတဲ့ ရွှေအိုးတွေ့ရတယ်ဆိုတာတော့ တကယ်ပဲ။ အဲဒီထဲမှာ ကျိန်စာပါတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

လည်း တကယ်ဖဲတဲ့။ ဘဘုန်းက ပြောပြတယ်။ ဒါပေမယ့် စုနန္ဒာတို့အဘိုးရဲ့ အဖေများလက်ထက်ကလည်း လှူသင့်တာတွေလှူပြီးပြီလို့ဆိုပါတယ်"

"ဒါပေမယ့် ဒီအိမ်ကလူတွေဟာ ဥပစ္ဆေဒကကံနဲ့ သေကြတာတော့ အမှန်ပဲ ကိုစိုးထွဋ်"

"တစ်စုံတစ်ယောက်ရဲ့ ပယောဂလည်း ပါပါလိမ့်မယ် စုနန္ဒာ ဒါပေမယ့် ဒီမြေနေရာဟာ ဘုရားတည်ဖို့များ လှူခဲ့ ရည်ရွယ်ခဲ့သလားမှ မသိတာ။ မနေအပ်တဲ့မြေ၊ မသုံးသင့်တဲ့ငွေ ဆိုပြီး ဘုရား၊ တရား၊ သံဃာတို့နဲ့ ပတ်သက်တဲ့ကိစ္စတွေလည်းရှိတယ်။ ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်ကြသူတွေဟာ သူများလှူပြီးငွေကိုတော့ ရှောင်ကြဉ်သင့်ကြတာပေါ့ စုနန္ဒာ။ ပြီးတော့ ကျိန်စာဆိုတာလည်း ကျွန်တော်တို့လိုသိပ္ပံခေတ်အတွေးနဲ့ချည်း ခြေဖျက်ပစ်လို့ မဖြစ်သေးဘူးထင်ပါတယ်။ ဒီနေ့ခေတ် တရားရုံးတွေမှာတောင် ကျမ်းသစ္စာကျိန် ဆိုမှုဆိုတဲ့ သတ်မှတ်ပညတ်ချက်တွေ ရှိနေပါသေးတယ်"

"ဒါဖြင့် ကိုစိုးထွဋ်ဆိုချင်တာက စုနန္ဒာတို့လို ဗုဒ္ဓဘာသာဝင်တွေအဖို့ မနေအပ်တဲ့မြေ၊ မသုံးအပ်တဲ့ငွေတွေကို သုံးစွဲနေထိုင်ကြလို့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြတယ်ဆိုပါတော့"

"ယူသော်ရှေ၏ ဆိုသလို တွေးကြည့်ရတာပါ စုနန္ဒာ။ ပြီးတော့ ဥပဒေအုပ်ချုပ်မှုနဲ့ အလှမ်းဝေးလွန်းတဲ့အရပ်၊ ဆေးရုံ၊ ဆရာဝန် စတဲ့အချိန်မီ…ကယ်နိုင်မယ့် သူတွေရှိတဲ့ အရပ်နဲ့ ဝေးလွန်းလှတာတွေကြောင့်လည်း မသေသင့်ဘဲ သေကုန်ကြရတာမျိုးလည်း ရှိပါလိမ့်မယ်"





"ဟုတ်မယ်နော် အများကြီး ဖြစ်ထိုက်စရာရှိပါတယ်…ဒါဖြင့် သေတဲ့လူတွေဟာ ကျိန်စာသင့်ပြီး ဝိဉာဉ်အဖြစ်နဲ့ ဒီအိမ်မှာ ရှိနေကြတယ်ဆိုတာကရော"

"ဒါတော့ သက်သက် ခြောက်လုံးလှန့်လုံးပါ စုနန္ဒာ…ဒါတော့ လုံးလုံးကို မဖြစ်နိုင်ဘူး"

"ဒါဖြင့် ဟိုးတစ်ညက စုနန္ဒာအခန်းကိုဝင်လာတဲ့ မည်းမည်းကောင်ကြီးဟာရော…အမွေးတွေလား ကျွတ်ကျန်ခဲ့လို့တောင် ကိုစိုးထွဋ်ယူသွားသေးတယ်လေ"

"အဲဒါ တရားခံပဲ စုနန္ဒာ၊ အဲဒီကောင်ကိုမိရင် ကိစ္စအားလုံးပြီးပြေပြီ၊ ဒီအိမ်မှာ နောက်လူ သေစရာမရှိနိုင်တော့ဘူးလို့ ကျွန်တော်ထင်တယ်"

"အဲ…အဲ…ဒါ ဘယ်သူလဲဟင်"

"အတိအကျတော့ မပြောပြပါရစေနဲ့ဦး စုနန္ဒာ…ဒြော် ဒါနဲ့ စုနန္ဒာ အခန်းမှာ ဘာများထူးခြားတာတွေ့ရသေးလဲ"

ကိုစိုးထွဋ်မေးလေမှ ကျွန်မ သတိရတော့သည်။ အပေါ်အင်္ကျီအူ ထပ်ဝတ်ထားပါသော ကျွန်မ၏ဘေးအိတ်ဆီသို့ လက်နှိုက်လိုက်ရင်း…

"ဟုတ်ပါရဲ့… ကြည့်စမ်း ကိုစိုးထွဋ်ကို ပြောပြဖို့ကောင်းပါရက်နဲ့ စုနန္ဒာ မေ့နေလိုက်တာ။ ဒီမှာကြည့်စမ်းပါဦး… အဲဒါနေ့လယ်ကမှ စုနန္ဒာအခန်းမှာ တွေ့ရတဲ့စာ"

"ဒီတစ်ခါ နင့်အလှည့်"



www.burmeseclassic.com

www.burmeseclassic.com

ကိုစိုးထွဋ်က အသံတ... ၍ ဖတ်လိုက်ရင်း၊ သူ့ဂျာကင်အတွင်း အိတ်မှ မှတ်စုစာအုပ်ကို ထုတ်လိုက်သည်။ သေချာစွာ ညှပ်ထားပါသော စာရွက်တစ်ရွက်ကို ထုတ်လိုက်ပြီး စာရွက်နှစ်ရွက်ကို ဆက်စပ်၍ တိုက်ကြည့်နေသည်။

"စုနန္ဒာ အနေကြာလျှင် အန္တရာယ်တွေ့လိမ့်မည် ပြန်ပါ"

ဆိုသော စာရွက်ဖြစ်ကြောင်း ကျွန်မတွေ့ရသည်။ ဘယ်အချိန်က သူ့ဆီရောက်နေမှန်းပင် ကျွန်မ မသိ။ ထိုနေ့ညကပင် အမွေးစုနှင့်အတူ သူယူဆောင်သွားခဲ့ခြင်းဖြစ်ပေမည်။

"ဒါ တစ်ယောက်တည်းပဲ စုနန္ဒာ၊ ပထမ စုနန္ဒာကိုပြန်ခိုင်းတယ်၊ မရတော့ ခြောက်တယ်။ အဲဒီညက ပထမ စာရွက်ထားမယ်... နောက် မထူးတော့ဘူးဆိုပြီး လူသတ်ဝတ်စုံဝတ်ပြီး ဝင်သတ်တာပဲဖြစ်ရမယ်စုနန္ဒာ"

"အမလေး ဒုက္ခပါပဲ...လူသတ်ဝတ်စုံဆိုတာ..."

"ကျွန်တော် အဖြေရှာခဲ့ပဲ စုနန္ဒာ၊ အမွေးတွေပါတဲ့ မည်းမည်း သတ္တဝါတစ်ကောင်ရဲ့ ပုံသဏ္ဍာန်မျိုးဖြစ်ရမယ်။ ဦးကောင်းမြတ် သေတုန်းကလည်း အဲဒီအမွေးမျိုးတွေ့ရတယ်လို့ ကျွန်တော်ပြောပြီးပြီ၊ ဒေါ်ခက်ခက်တုန်းကတော့ ပိ ရှိတယ် ဘာမှမမြင်ရဘူး။ အင်း... ဟုတ်ပြီ... စုနန္ဒာဒီစာရတာ ကျွန်တော့်တွက်ကိန်း ကိုက်သွားပြီ... အဖြေရခဲ့ပါပြီ"

"ဟင်... ဟုတ်လား... ဟုတ်လား၊ ဒီလိုလူတွေကို လိုက်ပြီး ဒုက္ခပေးနေတာ ဦးနောက်မမှန်သူ ကိုမြတ်စိုး သို့မဟုတ် ကိုစံရိပ်ငြိမ်ပဲ





ဟုတ်လား...ဟင် ကိုစိုးထွဋ်"

ကျွန်မက အားတက်သရော မေးကြီးပန်းကြီးဖြင့် မေးမိသည်။ ...တ်၌လည်း သေချာနေမိသည်။ သို့ပါသော်လည်း ကိုပန်ဦးက ခေါင်းကိုခါရမ်း၍...

"မဟုတ်ဘူးစုနန္ဒာ... သူဟာ အင်မတန်ကြောက်တတ်ရှာတဲ့ ...ငယ်လေး၊ သနားစရာပါ"

"ဒါဖြင့် ယုတ်မာတဲ့ မြတ်ဝဏ္ဏပဲ ဖြစ်ရမယ်၊ သူ စုနန္ဒာကို ...တယ်၊ ဘဝဆုံးလောက်အောင် သိမ်းသွင်းယူဖို့ကြံတယ်"

"စုနန္ဒာရဲ့ဘဝ နှစ်မွှမ်းမှာစိုးလွှမ်းလို့ မနေ့က ကျွန်တော် ယာတဲ ...ထိ လိုက်တာပေါ့၊ မစိမ်းဟော သူ့ကြောင့် သေရရှာတာပဲ။ ...သစ်မှာပဲ မယားနှစ်ယောက်တောင်။ ကုန်ကုန်ပြောရရင် အိမ်က ...ခင်နုတောင် မလွတ်ဘူး။ သူက ရုပ်ချောတယ်... ကျအောင်ပြောနိုင် ...ယ်လေ၊ မိန်းမဆိုတာက ယုံလွယ်တယ်မှုတ်လား"

"ဟုတ်ပါတယ်... စုနန္ဒာတောင် ယုံမိခဲ့ပါတယ်... ပုံမိတော့ ...လို့ ပပေယ်ပြောပေလို့။ ဟိုနေ့က စုနန္ဒာကို လိုက်ကာကွယ်ပေးတယ် ...တာလည်း ကျေးဇူးတင်လှပါတယ် ကိုစိုးထွဋ်ရယ်... စုနန္ဒာကြောင့် ...ဒါနာရတာပေါ့နော်... စိတ်မကောင်းပါဘူး၊ ကဲ... ဒါဖြင့် ဒီလူသတ် ...ကောင်ဟာ ကိုမြတ်ဝဏ္ဏပဲမှုတ်လား ကိုစိုးထွဋ်"

"မဟုတ်ပါဘူးစုနန္ဒာ၊ သူဟာ မိန်းမမှုပွေတာကလွဲလို့ သဘော ...ဆိုးပါဘူး၊ ဒီလောက်ရက်စက်တဲ့စိတ် သူ့မှာမရှိပါဘူး"

"ဒါဖြင့် သူတို့အဖေ ဦးမြတ်ထွန်းပဲဖြစ်ရမယ်... သူ့ဆီမှာ


www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခက်ခက်ထိန်းထားတဲ့ အမွေတွေရှိနေတယ်ဆို''

ကိုစိုးထွဋ်က ခေါင်းရမ်းပြန်သည်။ ကျွန်မက စိတ်ပျက်လက်ပျက်ဖြင့်...

''ဒါဖြင့် လူကုန်ပြီပဲ၊ မြတ်သီဟက ကလေး... ပပငယ်နဲ့ နန်းနု မြတ်ကလည်း ဘယ်ဟုတ်နိုင်မလဲ၊ ဦးလေး ဦးအောင်ထူးမြတ်ကလည်း ခြေကျိုးကြီး''

''အဲ... သူပဲ စုနန္ဒာ''

''ဘာ...ဘာရယ်...လူတွေသတ်နေတဲ့ လူသတ်သမားဟာ ဦး...ဦးလေး ဦးအောင်ထူးမြတ်... ဟုတ်လား''

''သိပ်ဟုတ်တာပေါ့ စုနန္ဒာ... သိပ်ဟုတ်တာပေါ့''

''ဟာ... အမယ်လေး... ဘုရား ဘုရား... စုနန္ဒာ သူ့ကို သိပ်ယုံတာပဲ၊ စုနန္ဒာယုံတဲ့သူတွေဟာ အို... အားလုံးမကောင်းပါလား''

''စုနန္ဒာ ငယ်သေးတာကို... အတွေ့အကြုံနည်းသေးတာကိုကွယ်၊ လူတစ်ယောက်ရဲ့ ရင်တွင်းစိတ်ကို သူ့ရဲ့စကားလုံးတွေနဲ့ ပုံဖမ်းလို့ မရနိုင်ပါဘူး စုနန္ဒာ''

''ကို... ကိုစိုးထွဋ်က...ဘာလို့ ဦးလေးကို တပ်အပ်စွပ်စွဲနိုင်တာလဲ...ဟင်''

''ကျွန်တော် ရှင်းပြပါ့မယ် စုနန္ဒာ''

''ပထမအချက်အနေနဲ့ ဒီလောက်ကြီးကျယ်တဲ့ အမှုကိစ္စကြီးကို ဆောင်ရွက်ကျူးလွန်နိုင်သူဟာ အင်မတန်မှ ဆင်ခြင်တုံတရားပြည့်ဝသူ ဖြစ်ရမယ်၊ ကောက်ကျစ်စဉ်းလဲခြင်းကို သိသိပ်နိုင်သူဖြစ်ရ





မယ်၊ မှင် ကောင်းရမယ်ပေါ့ဗျာ''

''ဟုတ်ကဲ့''

''အဲ... ဒုတိယက ဒီမိသားစုထဲကပဲ ဖြစ်ရမယ်၊ သေချာတယ်။ ဒါကြောင့်... ပထမ ကျွန်တော်က ဦးမြတ်ထွန်းလား... ဦးအောင်ထူးမြတ်လားဆိုတာ ဝေခွဲမရဖြစ်နေခဲ့ရတယ်''

''ကိုမြတ်ဝဏ္ဏနဲ့ ကိုစံရိပ်ငြိမ်ကိုတော့ မထင်ဘူးပေါ့''

''မထင်ပါဘူး...ဒေါ်ခက်ခက်ကိုတောင် နည်းနည်း သံသယရှိလို့ လိုက်မိသေးတယ်၊ ဒါပေမယ့် အမျိုးသမီးတစ်ယောက် အနေနဲ့ ဒီလောက်မစွမ်းဆောင်ပုံဘူးဆိုတာ ဒေါ်ခက်ခက်ကို လေ့လာမိပါတယ်၊ အဲ... ဦးအောင်ထူးမြတ်ကိုစပြီး ခြေရာခံမိတာကတော့ စုနန္ဒာ ရောက်လာမှပဲဆိုပါတော့''

''ဟင်... စုနန္ဒာရောက်လာမှ...''

''ဟုတ်တယ်... သူဟာ စုနန္ဒာကို အာရုံစိုက်သင့်တာထက် ပိုပြီးစိုက်နေတာ တွေ့ရပါတယ်...၊ ကျွန်တော့်တုန်းကလည်း ဒီလိုပဲ၊ ဒါပေမယ့် ကျွန်တော်ကတော့ သူမရိပ်မိအောင် ကြိုးစားနေလိုက်တော့ သူ သံသယရှင်းသွားပုံရတယ်၊ ပြီးတော့ ကျွန်တော်ဟာ ရဲအရာရှိတစ်ယောက် ဖြစ်လိမ့်မယ်လို့လည်း သူနည်းနည်းမှကို ထင်မိဟန်တူဘူး၊ သူ့အစ်ကိုသား မောင်ပန်ဦးရယ်လို့ သူ ယုံမှတ်နေပုံရတယ်''

''စုနန္ဒာကို သူက ပြောသေးတယ်... မောင်ပန်ဦးကို သတိထားတဲ့''

''ဟုတ်လား...ဒါဖြင့် သူလည်း ကျွန်တော့်ခြေကိုပဲ ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ဟန် တူပါရဲ့၊ ကဲ… ဆက်ရဦးမယ်… ဦးအောင်ထူးမြတ်ကို စပြီးထင်ခဲ့တာတော့ စုနန္ဒာအခန်းထဲက တွေ့ရတဲ့ သူ့ရဲ့ သတိပေးစာက စခဲ့တာပါပဲ"

"စုနန္ဒာကို ပြန်ခိုင်းတဲ့စာနော်"

"ဟုတ်တယ်… အဲဒီ နိုပြာခဲတံဟာ ဒေါ်ခက်ခက် စက်ချုပ်ရင်သုံးတဲ့ခဲတံပဲ၊ ဒီအိမ်မှာ ဒီတစ်ချောင်းပဲရှိတယ်။ အဲဒီလိုဖြစ်ပြီး နှစ်ရက်လောက်အကြာမှာ ဒေါ်ခက်ခက်ဟာ ခဲတံပျောက်တယ်လို့ ဆူပူတော့ သူ့ရှာတွေ့ဟန်နဲ့ ဦးအောင်ထူးမြတ်က ပြန်ပေးလိုက်တာ ကျွန်တော်တွေ့ရပါတယ်၊ သူပြန်ထားဖို့ မေ့သွားဟန်တူတယ်"

"နောက်ထပ်စာမှာတော့ ရေးထားတာ ဖောင်တိန်နဲ့ပဲ"

"ဟုတ်တယ် စုနန္ဒာ… ဒါပေမယ့် စာရွက်ကိုကြည့်၊ ဒါဒီနေ့ ကျွန်တော်တို့လူငယ်တွေ မတွေ့နိုင် မသုံးနိုင်တော့တဲ့ 'ခရော့စလေ' ဆိုတဲ့ နိုင်ငံခြားစာရေးစက္ကူပဲ၊ နှစ်ကြာလို့ ဝါတောင်နေပြီ၊ ပထမစာရွက်နဲ့ နောက်စာရွက်ဟာ တစ်ရွက်တည်း နှစ်ပိုင်းပိုင်းထားတာ…ဒီမှာ စုနန္ဒာ ဆက်ကြည့်ပါလား"

"ဟုတ်ပါရဲ့"

"အိမ်သား တခြားလူတွေဆီမှာ ဒီစာရွက်မျိုး မရှိဘူး သူ့ဆီမှာရှိတာတော့ တပ်အပ်မမြင်ရဘူး၊ ဒါပေမယ့် သေချာပါတယ် စုနန္ဒာ"

"နေပါဦး ကိုစိုးထွဋ်ရယ်…၊ သူဟာ ဘာရည်ရွယ်ချက်နဲ့ လူတွေ လိုက်သတ်နေရတာလဲ ဟင်"





"ဒါကို ကျွန်တော် အဖြေရှာနေဆဲပါပဲ စုနန္ဒာ၊ ရာဇဝင်မှာ ကျူးလွန်ရခြင်းအကြောင်းရင်းတွေထဲမှာ ကိုယ့်ဘဝကို အားမရပြီး ပတ်ဝန်းကျင်ကို မကျေနပ်နေသူများဟာ ပါဝင်ကျူးလွန်တတ်တယ်လို့ သုတေသနပြုထားကြပါတယ်။ ဒီအချက်ဟာတော့ ဦးအောင်ထူးမြတ်နဲ့ အံကိုက်နေတာပါပဲ၊ တိတိကျကျ သိနိုင်ဖို့ကတော့ သူကိုယ်တိုင်ဖွင့်ပြောလာမှ ပဲ ဖြစ်တော့မယ်၊ အဲ… သူ့ကို ဖမ်းမိနိုင်မယ့် အချိန်မှာပေါ့"

"သူ့ကို သိနေပြီပဲ…၊ ဖမ်းလို့ မရသေးဘူးလား ဟင်… ကိုစိုးထွဋ်"

"တရားဥပဒေဘောင်ဝင်ဖို့က လက်ဆုပ်လက်ကိုင် သက်သေသက္ခာရပြနိုင်မှပေါ့ စုနန္ဒာ၊ ပြီးတော့ ကျွန်တော်က ဘာဝန်ထမ်းဆောင်နေတာလည်း မဟုတ်တော့ ပိုင်ကွက်ကို ရှာနေရတာပဲ"

"ဘာဒဏ်ရာဒဏ်ချက်မှ မရှိဘဲနဲ့ လျှောခါးပေါ်က လိမ့်ကျပြီးသေကြတာ သက်သက်ဆိုတော့လည်း စဉ်းစားစရာပဲနော်"

"ဟုတ်တယ် စုနန္ဒာ… ဟိုညက စုနန္ဒာ အခန်းကရတဲ့ အမွေး ဟာ ဝက်ဝံလို မွေးရှည်သတ္တဝါတစ်ကောင်ရဲ့ အမွေးပဲ၊ သူကိုယ်တိုင်ပဲ ပြုပြင်ဝတ်ဆင်ထားသလား၊ သတ္တဝါတစ်ကောင်ကောင်ကိုပဲ ခိုင်းစေသလားမသိဘူး၊ တစ်ခုခုတော့ အင်မတန်ကြောက်စရာကောင်းအောင် ဖန်တီးထားပါလိမ့်မယ်၊ ဒါကြောင့် သေဆုံးသူတွေဟာ ကြီးစွာသော ကြောက်လန့်ခြင်းနဲ့ လှေခါးပေါ်က လိမ့်ကျပြီး သေဆုံးကုန်ကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုများလုပ်ပါလိမ့်နော်"

"ဘယ်လို လုပ်ပြတယ် ဆိုတာတော့ စဉ်းစားလို့ကို မရဘူး စုန္ဒာ၊ အဲ…ဦးအောင်ထူးမြတ် တရားခံဖြစ်တယ်ဆိုတာတော့ ဒေါ်ခက်ခက် သေဆုံးတဲ့ညက ပေါ်ချာသွားခဲ့တာပဲ"

"ဘယ်လိုတွေ့ရတာလဲ ဟင်"

"မီးလောက်ဒီတဲ့သယ်လိုလို ကြားလိုက်ရပြီး တစ်အိမ်လုံး မှောင်မည်းသွားတယ်လေ၊ မီးတွေလေတွေကလည်း ကျနေတုန်းမို့ တစ်ခုခုတော့ ထူးခြားပြီဆိုပြီး ကျွန်တော့်ရဲ့လက်ကိုင်လက်နှိပ်ဓာတ်မီးလေးကို ယူပြီး တံခါးလဲဖွင့်လိုက်ရော ဖွင့်မရတော့ဘူး။ အပြင်က သော့ပိတ်တဲ့ မျောက်လက်မှာ တုတ်ဘာစ်ခုနဲ့ ကန့်လန့်ထိုးသွားတာကိုး။ ဒီတော့ အခန်းနံရံကို ကျော်ကက်နေရတဲ့ ခရိန်ကြောင့် ကြာသွားရတာပေါ့၊ စုန္ဒာ ကိုမြတ်ဝဏ္ဏကို အော်ခေါ်သံလည်းကြားတယ်၊ ပြီးတော့ ဒေါ်ခက်ခက်ရဲ့ ကြောက်အားလန့်အားနဲ့ အော်သံကြီးကိုလည်း ကြားရတယ်၊ ကျွန်တော် အပြင်ရောက်တော့ လွန်သွားပြီ"

"ဟင်…ဒါဖြင့် ကိုစိုးထွဋ် သူကို ခြေရာခံနေတယ်လို့များသိလို့ တမင်အခန်းကို ပိတ်ထားတာများလား"

"သူ ကျွန်တော့်ကို အလစ်မပေးတာတော့ အမှန်ပဲ၊ ရဲအရာရှိ စိုးထွဋ်ပါဆိုတာနဲ့ သူ့ရဲ့တူ ကိုယန်ဦး မဟုတ်ဘူးဆိုတာတော့ သူမရိပ်မိသေးဘူးနဲ့တူပါတယ်"

"အင်းလေ… မသိ,သိသိ သူက အမျိုးမှသတ်တာပဲ၊ ဒါနဲ့ အဲ့ဒီညက သူပါရယ်လို့ ဘယ်လိုလုပ်သိလဲ ကိုစိုးထွဋ်"





"မီးလည်းပြန်လင်းရော သူဟာ ဒီအိမ်ရဲ့ မိန်း(န)စွစ်(စ)နားမှာ ရပ်လို့။ အဲဒီစွစ်ဟာလည်း အစက အောက်ထပ်မှာတဲ့ နောက်မှ သူကိုယ်တိုင် အပေါ်ကို ပြောင်းတပ် တာလို့ ကျွန်တော် ဦးလေးမောင်ဆီက သိရတယ်၊ လျှပ်စစ်တွေ ဘာတွေလည်း တပ်တတ်တယ်၊ သူမှောင်ချင်လင်းချင်ရင် အဆင်သင့်ရအောင် တမင်ကြံတင် စီစဉ်ထားတန် တူပါရဲ့။ အဲ…အဲဒီလို မီးလည်းလင်းရော၊ ကျွန်တော်သူ့ကိုပဲ စိုက်ကြည့်နေတော့ သူ့ဣန္ဒြေသိပ်ပျက်နေတယ်၊ ယောင်နနတောင် ဖြစ်နေတယ်။ ပြီးတော့ သူ့အင်္ကျီဖြူပေါ်မှာ ကျွန်တော်တို့တွေ့နေကျ အမွေးအမျှင်သုံးလေးပင် ကပ်နေတာကိုလည်း ကျွန်တော် အနီးကပ် တွေ့လိုက်ရပါတယ်"

"စုန္ဒာဖြင့် အသက်ထွက်သွားမတတ် လန့်နေရတာနဲ့ ဘယ်သူတွေဘာဖြစ်မှန်းလည်း မသိမိ မကြည့်မိပါဘူးရှင်"

"ဟုတ်တယ် အဲဒီညက စုန္ဒာအဖြစ်ဟာ တကယ်သနားစရာကောင်းပါတယ်၊ ဒါကြောင့် ဒီအန္တရာယ်ဟာ စုန္ဒာဆီများ ရောက်လာလေးလို့ ကျွန်တော် စုန္ဒာကို မျက်ခြေမပြတ် လိုက်ကြည့်ပေးနေတာပါ။ ကိုမြတ်ဝဏ္ဏနဲ့ သွားတာကိုတော့ အသက်အန္တရာယ်အတွက် ပူပင်ရမှန်း ကျွန်တော်သိပါတယ်၊ ဒါပေမယ့်"

"စုန္ဒာ နားလည်ပါတယ် ကိုစိုးထွဋ်ရယ်၊ ကိုစိုးထွဋ်ရဲ့ စေတနာကို နားလည်ပါပြီ၊ စုန္ဒာ ရိုင်းပျစော်ကားမိမှုကိုလည်း အားနာလို့ မခုံးတော့ပါဘူးရှင်"

"ရပါတယ်ဗျာ… ကိစ္စမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုးထွဋ်က ခွင့်လွှတ်တယ်ဆိုပေမယ့် စုနန္ဒာ ပြုတဲ့အပြစ်ဟာ ကြေနိုင်စရာမရှိပါဘူးလေ။ အခါသင့်လို့ အခွင့်ကြုံရင်ဖြင့် စုနန္ဒာ ကိုစိုးထွဋ်ကို ပြန်ပြီးတောင်းပန်ပါမယ်။ ကျေးဇူးလည်းဆပ်ပါ့မယ်"

"ကောင်းပါပြီတဲ့ဗျာ... အဲဒီအချိန်ကိုပဲ ကျွန်တော် စောင့်မျှော်နေပါ့မယ်"

သူက ပြုံးရွှင်ကြည်သာစွာ ပြန်ကြားသည်။ မျက်ရည်မခမ်း သေးသော ကျွန်မပင်လျှင် ပြုံးမိရပါသည်။

"ပြန်ကြမလားဟင် စုနန္ဒာ"

"သဘောလေ ကိုစိုးထွဋ် စုနန္ဒာတော့ အဲဒီမယော်ဂနီအိမ်ကြီး ကို ပြန်ရမှာ ကြောက်နေတယ်။ အို ကုန်ကုန်ပြောရင် မြင်တော့ မမြင်ချင်ဘူး။ အနိဋ္ဌာရုံကြီးတစ်ခု မြင်ရသလို အမင်္ဂလာတစ်ခုကို ကြည့်ရသလိုပါပဲ ပြန်စရာသာရှိရင် စုနန္ဒာ ထွက်ပြေးသွားပြီ"

"စုနန္ဒာရဲ့အခြေနေကို သိနေလို့ ကျွန်တော် အချိန်မလ စောင့်ရှောက်နေတာပါ၊ စုနန္ဒာ ကျွန်တော့်ကိုယုံပြီ၊ ကျွန်တော် ပူးပေါင်းလို့ရပြီဆိုရင်ဖြင့် မပူပါနဲ့တော့လေ။ စုနန္ဒာအတွက် ကျရောက်လာမယ့် အန္တရာယ်တွေအတွက် ကျွန်တော်ဟာ သံဘော အုတ်တံတိုင်းလို ပုံနိုင်းရအောင် ကြံ့ခိုင်စွာနဲ့ ကာကွယ်ပေးသွားမှာ စုနန္ဒာ"

"ကျေးဇူးကမ္ဘာပဲပေါ့ ကိုစိုးထွဋ်ရယ်"

"သူမှာ ဒီညအကြံအစည်တစ်ခုခုများ ရှိလေသလားပဲ အလ ကို ရှုပ်နေတာပဲ၊ ကျွန်တော်တို့ကိုလည်း သူမျက်ခြေပြတ်မခံဘူ





ခုတောင် သူမကြည့်ပေမယ့် သိချင်သိနေမှာ"

"အမယ်လေး... ပြောရင်းတောင် ကြောက်လာပြီ"

"မကြောက်နဲ့ စုနန္ဒာ...စုနန္ဒာအတွက်ထားတဲ့စာဟာ ရန်မရှာနိုင်တောင်မှ စိတ်ဓာတ်စစ်ဆင်ရေးအဖြစ်နဲ့ ခြောက်လှန့်တာမျိုးဖြစ်မှာပါ။ ဒါကြောင့် ပပငယ်အိပ်ရင် ကျွန်တော့်အခန်းမှာ လာပုန်းနေပါလို့ ပြောပါရစေ၊ ကျွန်တော့်ကိုယုံပါ စုနန္ဒာရယ်။ သစ္စာတရားကို အသက်ထက် တန်ဖိုးထားတတ်မှ ယောက်ျားမြတ်တို့ စာရင်းဝင်မယ် မဟုတ်လား"

"အင်မတန်မှ ဟုတ်မှန်တဲ့စကားပါပဲလားရှင်"

"ဒီညတော့ ကျွန်တော့်စိတ်မှာ တစ်ခုခု ထူးခြားလိမ့်မယ် ထင်တယ်။ ဦးအောင်ထူးမြတ်ဟာ လူသတ်တရားခံ ဆိုတာတော့ မြေကြီး လက်ခတ်မလွဲတော့ဘူး စုနန္ဒာ... သူဟာ ဘယ်လိုပုံစံနဲ့ သတ်တယ်၊ ဘာကြောင့် သတ်နေတယ်ဆိုတာပဲ သိဖို့လိုတော့တယ်"

"စုနန္ဒာဖြင့် ညရောက်မှာတောင် ကြောက်နေပြီ"

"မကြောက်ပါနဲ့ ကျွန်တော် မပြတ်စောင့်ကြပ်နေပါ့မယ်... ကျွန်တော့်အခန်းမှာ လာပြီးနေရင် ပိုပြီးအဆင်ပြေမှာမို့ပါ"

"ပပငယ်ပါ ခေါ်ခဲ့ပါရစေလား"

"ကောင်းသားပဲ ခေါ်ခဲ့ပါ ဒါပေမယ့် အခန်းထဲမှာ စုနန္ဒာတို့ နှစ်ယောက် ရှိနေလေဟန်နဲ့... မီးကြီးပိတ်၊ မီးသေးထွန်း ခေါင်းအုံးကို လူဟန်ဆောင်ပြီး စောင်တွေဘာတွေ ခြုံပေးခဲ့ပေါ့... ဒြော် ဒါနဲ့ မေးပါ ရစေဦး"



www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ်…မေးပါ"

"ပပငယ်ကို ခေါ်ခဲ့မှာ ကျွန်တော့်ကို စိတ်မချလို့လား"

"ကိုစိုးထွဋ်ရဲ့သိက္ခာကို မယုံစရာမရှိတော့ပါဘူးလေ"

"ဒါနဲ့ ဘာဖြစ်လို့"

"ပပငယ်ကို သနားလို့… ပြီးတော့ သူဟာ စုန္ဒာရဲ့ ကျေးဇူးရှင် မလေးမို့ပါ"

"ကျေးဇူးရှင်…"

"ဟုတ်ပါတယ်… ကိုမြတ်ဝဏ္ဏရဲ့လက်က ကယ်ခဲ့တာ ပပငယ်ပါ ကိုစိုးထွဋ်။ ကိုမြတ်ဝဏ္ဏမှာ ဇနီးတွေရှိနေတာတို့၊ မစိမ်းမေကို သေစေအောင် ရည်ညွှန်းတာတို့ဟာ… စုန္ဒာ ပပငယ်ဆီက အချိန်မီ သိရခဲ့တာတွေပါ"

"ဩော်…ဩော် ဒါဖြင့် ကျွန်တော်ကလည်း ပပငယ်ကို ထပ်ဆင့် ကျေးဇူးတင်ရပါတယ်တဲ့ဗျာ… ကိုမြတ်ဝဏ္ဏဘက်ကနေပြီး ကျွန်တော့်ကို မမုန်းတော့လို့လေ…။ ကဲ…စုန္ဒာ…"

"ဟုတ်ကဲ့"

"အစစအရာရာ သတိရှိပါ… ဣန္ဒြေမပျက်ပါစေနဲ့။ ကျွန်တော့် အခန်းကို ညရှစ်နာရီ မကျော်ခင် အရောက်လာပါ ဒါပါပဲ စုန္ဒာ၊ ကျွန်တော်တို့ လူချင်းခွဲကြပါစို့ရယ်… ဦးအောင်ထူးမြတ်ကတော့ သူ့ရဲ့ မဟာမိတ်ဆွေ သုဘရာဇာတွေနဲ့ ရှိနေဆဲပဲ စုန္ဒာရေ…"

❖ ❖ ❖



အခန်း ။ ၁၄ ။

သက်ရှိသက်မဲ့စသော မြင်နိုင်သမျှ အရာဝတ္ထုအားလုံးကို အမှောင်က ဝါးမြိုအုပ်မိုးထားလေပြီ…

ပတ်ဝန်းကျင်ကိုဘာမှ မမြင်ရတော့၊ အားလုံး ပိန်းပိတ်အောင် မှောင်နေလေပြီ…

မိုးရွာခါနီး သိပ်သိပ်သည်းသည်း တိုက်နေသော လေသံက ဝီခနဲ ရှီခနဲ ကြားရသည်။ အမှောင်တွင်းမှ ကြားရသော သက်မဲ့လေသံက ဝိဉာဉ်တို့အော်မြည်သံလို စိတ်ကထင်မိသည်။

"ဒီတစ်ခါ နင့်အလှည့်… ဒီတစ်ခါ နင့်အလှည့်"

ဟူ၍ နား၊နားတွင် တိုးတိုးရွတ်ဆိုနေသည်ဟူ၍လည်း စိတ်က ထင်မိသည်။ လေထန်လေ ကြောက်လေ… မှောင်လေ လန့်လေပင်။

ကိုစိုးထွဋ်ကလည်း တက်မလာသေးပါလား။ အားကိုးတကြီး နှင့် မျှော်မိသည်။

"မီးပျက်သွားလို့တဲ့ စုန္ဒာ…အောက်မှာ သွားဖိုင်းပြင်ပေးလိုက်ဦးမယ်၊ အဘိုးကြီးလည်း ကျွန်တော်နဲ့အတူရှိနေမှာပါ၊ ကြောက်မနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ကျွန်တော် ပြန်တက်လာရင် အသံပေးမယ်၊ ဒီတော့ ကျွန်တော့် အခန်းကိုလာခဲ့ပေါ့ ... ဟုတ်လား''

ကိုစိုးထွဋ်က မှာကြားသွားသော်လည်း မကြောက်ဘဲမနေနိုင် ကျွန်မမှာ တစ်နေရာတည်း မနေရဲ၊ အလင်းရောင်အားနည်းသည့် နေရာသို့လည်း မသွားရဲ၊ မျက်စိကလည်း ဟိုဟိုသည်သည် ကြည့်သည်မှာ ဝိုင်းဝိုင်းလည်နေသည်၊ လူကလည်း ဂဏာမငြိမ်။

''ဖယောင်းတိုင်မီးငြိမ်းတော့မယ်''

''ဟာ...လူနဲ့ ကွယ်ထား...ကာထား ပပငယ်... မငြိမ်းစေနဲ့ မီးမငြိမ်းစေနဲ့''

ပြတင်းကြားမှ တိုးဝင်လာသောလေကြောင့် ငွေလက်ကိုင်ပေါ်မှ ဖယောင်းတိုင်မီးညွန့်မှာ လူးလွန့်ယိမ်းနွဲ့နေပေသည်။ ကျွန်မရော ပပငယ်ပါ မျက်နှာချင်းဆိုင် ဖယောင်းတိုင်မီးကို ဝိုင်းကာနေခိုက် ပပငယ်က အခန်းတံခါးပေါက်ကို မျက်လုံးအပြူးသားနှင့် မော့ကြည့်လိုက်ပြီး လက်ညှိုးညွှန်လျက်...

''အမလေး... ဟိုမှာ မည်း...မည်းကြီး...''

''အား...သွား...သွား...''

ကျွန်မမှာ နောက်သို့ ခုန်လှည့်လိုက်ပြီး ငယ်သံပါအောင် အော်လိုက်မိသည်။ ကျွန်မ၏နောက်ကျောဘက်မှ ပေါ်လာခြင်းဖြစ်၍လည်း နှလုံးသားတို့ခုတ်ထွက်သွားမတတ် လန့်ကြောက်ခြင်းအရှိန်ဖြင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေမိသည်။

''ဘ...ဘယ်...မှာလဲ၊ ဘာလဲ...ဟင်၊ ပ...ပ''





''ဟား... ဟား... မမစုနန္ဒာ ဖယောင်းတိုင်နားလာကပ်တော့ တံခါးမှာ အရိပ်အကြီးကြီးထင်သွားတာ... ပပငယ်က ဟိုမည်းမည်း ကောင်ကြီးလာပြီမှတ်လို့''

''အောင်မယ်လေးဟဲ့... ပပငယ်''

ကျွန်မမှာ ပပငယ်လို မရယ်မောနိုင်၊ စိတ်သက်သာရာ ရသွားသော်လည်း အကြောက်မပြေသေး၊ ဆတ်ဆတ်တုန်သော လက်များဖြင့် ဖယောင်းတိုင်ကို ကာထားခိုက်...

''ဒေါက်...ဒေါက်...ဒေါက်''

''ဘယ်သူလဲ...ဘယ်သူလဲဟင်... တံခါးခေါက်တာ''

''ကျွန်တော်ပါ စုနန္ဒာ... စိုးထွဋ်ပါ''

စိတ်အင်အားတို့ များစွာတိုးတက်ခြင်းနှင့်အတူ ကျွန်မ တံခါးပြေးဖွင့်လိုက်ပြီး...

''ကိုစိုးထွဋ်ရယ်...''

အားကိုးတကြီး ခေါ်လိုက်မိသည်။ သူ့လက်တွင်းမှ လက်နှိပ်ဓာတ်မီးလေးနှင့် တစ်ခန်းလုံးကို ထိုးကြည့်ရင်း...

''ဘာ...ဘာဖြစ်လို့လဲ စုနန္ဒာ...၊ ဟင်... ဘာဖြစ်လို့လဲ၊ အော်သံကြားလို့ ပြေးတက်လာတာ''

''ဘာမှမဖြစ်ပါဘူး ကိုစိုးထွဋ်ရယ်၊ ပပငယ်ပေါ့... စုနန္ဒာရဲ့ အရိပ်ကို မည်းမည်းကောင်ကြီးဆိုပြီး ထအော်လို့ စုနန္ဒာ လန့်ဖျပ်ပြီး ကြီးအော်လိုက်တာပါ''

''ဖြစ်ရလေဗျာ... သိပ်လန့်သွားလား ဟင်''



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လန့်တာပဲ၊ စုန္နှာ သိပ်ကြောက်တာပဲ၊ မနေရဲတော့ဘူး ကိုစိုးထွဋ်ရယ်"

"ကောင်းပြီ၊ စုန္နှာလာပါ . . . ပပငယ်ရောလာ . . . ကျွန်တော့် အခန်းမှာ သွားနေကြမယ်၊ဖယ် . . . ဖယ် . . . ကျွန်တော် တံခါးပိတ်ခဲ့မယ်"

ကိုစိုးထွဋ်က ပပငယ်၏ပခုံးကို ဖက်တွဲလျက် ကျွန်မ၏ လက်မောင်းကို ဆွဲကိုင်လျက် အခန်းအပြင်သို့ ထွက်စေသည်။ ပြီးနောက် အခန်းကို အပြင်ကဆေးထားသည်။ ဖယောင်းတိုင်မီးမငြိမ်းခဲ့ အခန်းတွင်း၌ လူရှိနေဟန် သဏ္ဌာန်လုပ်ထားခြင်း ဖြစ်လေမည်။

"မကြောက်နဲ့ စုန္နှာ၊ မကြောက်နဲ့ . . . အပေါ်မှာ ဘယ်သူမှ မရှိကြဘူး၊ အားလုံးအောက်မှာ"

ကျွန်မတို့သုံးယောက်သား ခြေကိုဖော့ဖော့လေးနင်းလျက် ကိုစိုးထွဋ်၏အခန်းဆီသို့ လာခဲ့ကြပါသည်။ စက်ဝိုင်းပုံလို ပတ်လည် အခန်းများကို ကျွန်မတစ်ချက် လှည့်ကြည့်မိသည်။ ကိုစိုးထွဋ်က သူ့ အခန်းတံခါးဖွင့်နေခိုက်ဖြစ်ပါ၏။

ကိုစံရိပ်ငြိမ်အခန်းမှ လေဝင်လေထွက်ခန့်အကျယ်နှင့် ရှည်လျား ဖြောင့်စင်းသော အလင်းရောင်တန်းတစ်ခုကို မြင်ရသည်။

"ဒါ . . . တံခါးနှစ်ချပ် မစေ့တာပဲဖြစ်ရမယ်၊ ကိုစံရိပ်ငြိမ်ဟာ သူ့ အခန်းကနေပြီး တံခါးလေးဟပြီး တို့ကိုချောင်းကြည့်နေလို့သာ အလင်းရောင်တန်းလေး ပေါ်နေတာဖြစ်ရမယ်"

ယင်းအတွေးများနှင့်အတူ ကျွန်မတို့ ကိုစိုးထွဋ်၏အခန်းသို့ ရောက်လာကြပါတော့သည်။ ကိုစံရိပ်ငြိမ်နှင့် ပတ်သက်၍ ကိုစိုးထွဋ်ကို





ကျွန်မ ဘာမျှ ပြန်မပြောပြမိ။

"စုန္နှာတို့ နေရဲလားဟင်၊ ကျွန်တော် အောက်ခဏဆင်းချင် တယ်၊ မီးလင်းသွားစေချင်လို့ ဝိုင်းပြင်ပေးလိုက်ချင်တယ်"

"သူတို့ မပြင်တတ်ဘူးတဲ့လား ကိုစိုးထွဋ်ရယ်"

"စုန္နှာ . . . ကြောက်နေလို့လား ဟင်၊ မနေရဲလို့လား"

ကျွန်မ ခေါင်းညိတ်ပြလိုက်မိသည်။ သူ့လုပ်ငန်းကို တားဆီး ပိတ်ပင်လိုခြင်းမရှိပါသော်လည်း ကျွန်မမနေရဲသည်က အမှန်ဖြစ်ပါ၍ အားမနာနိုင်တော့ပါချေ။

"ကဲ . . . ဒါဖြင့် မသွားတော့ပါဘူးလေ"

ကိုစိုးထွဋ် ကျွန်မအပေါ် သည့်သို့ သက်ညှာပြန်တော့လည်း စိတ်မကောင်းမိ၊ အားနာမိပြန်သည်။

"ကိုစိုးထွဋ် သွားမှဖြစ်မယ်ဆိုရင် စုန္နှာတို့ပါ တူတူလိုက်ခဲ့ ယ်လေ"

"ဟာ . . . နေပါစေ စုန္နှာ . . . ၊ မီးဟာ ရိုးရိုးသားသားပျက်တာ သားလည်း မသိဘူး . . . ၊ စက်ရုံကကိုပျက်တာ။ ပြီးတော့ ဦးအောင်ထူး တ်နားမှာ ဦးမြတ်ထွန်းလည်းရှိတယ်၊ မောင်မြတ်သီဟလည်းရှိတယ်။ ပြီးတော့ ဦးလေးဦးခင်မောင်လည်း ရှိနေပါတယ်၊ ကိစ္စမရှိနိုင်ပါဘူး၊ အားလုံးရှေ့မှာတော့ သူ့အန္တရာယ်ထပြီး ပေးဝံ့မယ်မထင်ပါဘူး"

"နန်းနုမြတ်ရော"

"ဟောဗျာ . . . စုန္နှာ မသိသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက အံ့ဩဟန်နှင့် မေးပါ၍…

“ဟင့်အင်း… ဘာမှမသိပါလား”

“ယောကျ်ားနောက်လိုက်သွားပြီလေ… မြို့သစ်မှာ သူ့ချစ်သူရှိတယ်၊ အမျိုးသားကလည်း မဆိုးပါဘူး… ဘွဲ့ရပြီးသားလေးပဲ၊ ခုတော့ အလုပ်သင်ပေါ့၊ **‘မောင်အေးသန့်’** တဲ့၊ မနေ့ညနေကပဲ ထွက်သွားတယ်၊ သူ့ကြီးကြီးခက်လည်း မရှိတော့ ဘယ်သူကမှလည်း သူ့အတွက် သိပ်ပြီး အရေးမထားကြပါဘူး၊ နန်းနုမြတ်က အစက ကိုမြတ်ဝဏ္ဏနဲ့ ပြန်လက်ဆက်ရလိမ့်မယ်လို့ မှန်းနေတာဆိုပဲ၊ နောက် မစိမ်းမေ ပြဿနာဝင်လာမှ သူရပ်သွားတာ။ သူက မြို့မှာ ဆယ်တန်း စာမေးပွဲ ဖြေရင်း ချစ်သူရလာတာဆိုပဲ၊ ဒီအိမ်မှာလည်း မနေရဲ၊ မနေချင်တာနဲ့ မြန်မြန်ယောကျ်ားယူဖြစ်သွားတာဖြစ်မှာပါ”

“ကောင်းတယ်…ကောင်းတယ်၊ နန်းနုမြတ်ကတော့ ဝဋ်ကျွတ်သွားပြီပေါ့၊ တို့မှာသာ ကယ်မယ့်သူမရှိ ခေါ်မယ့်သူမရှိလို့ ခုလို ဒုက္ခရောက်နေရတာ”

“စုနန္ဒာလို နုနယ်ချောမွေ့လွန်းလှတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်သူကများ မကယ်ချင် မကူချင် မခေါ်ချင်တဲ့သူ ရှိပါ့မလဲဗျာ”

ကောင်းရော စိတ်ထဲရှိသမျှ ပြောမိ၍ ‘ရီ’ သည့် စကားများ လေလား မပြောတတ်၊ ကိုယ်က စကားကျွဲလေသူမို့ ငုံခံရသာ ရှိတော့သည်။

ကိုစိုးထွဋ်၏ စူးစိုက်သော အကြည့်ကို ရင်မဆိုင်ရဲ။ မတည်မငြိမ်နှင့် နွဲ့ယမ်းယိမ်းထိုးနေသော ဖယောင်းတိုင်မီးကိုသာ ကသိဏ်းရှု





သလို ကျွန်မ ကြည့်နေမိပါတော့သည်။ အချိန်ပင် အတော်ကြာညောင်းသွားလေပြီ။

“ဟော နားထောင်စမ်း စုနန္ဒာ၊ လှေကားက လူတက်လာသံနဲ့ တူတယ်”

“အင်း ဟုတ်ပါရဲ့”

ကျွန်မ ဖြေအပြီး နားစွင့်နေမိခိုက်၊ စကြန့်ပိုင်းအတွင်း လျှပ်တစ်ပြက်အတွင်း၌ပင်…

“အောင်…မယ်လေး…ဗျ…”

“ဒုံး…ဒုံး…ဒုံး…ဒုံး…”

အသံနက်ကြီးနှင့် အော်လိုက်သံနှင့် လှေကားမှ ကျသံက အဆက်တည်း တစ်ချိန်တည်းလို ပေါ်လာသည်။ သည်တစ်ကြိမ်ညသံက စူးစူးလေးလေးရှိလှသည်။ ကျွန်မလည်း လန့်ဖျပ်ပြီး…

“အမလေး… ကျုပြန်ပြီ၊ ဒီ… ဒီတစ်ခါ ဦး… ဦးမြတ်ထွန်းပဲ”

“လာ…လာ…စု နန္ဒာ သွားကြည့်ကြရအောင်”

ကိုစိုးထွဋ်က တဟုန်ထိုးပြေးထွက်သွားသည်။ သူ့နောက်မှ ကျွန်မတို့ ပြေးလိုက်ခဲ့ကြသည်။ ကိုစိုးထွဋ်၏နောက်မှ လိုက်ရပါ၍ ကျွန်မ ယခင်လောက် အကြောက်မကြီးတော့ပေ။

သိချင်ဇောကြီးစွာဖြင့် ကိုစိုးထွဋ်၏ လက်နှိပ်ဓာတ်မီးရောင်နောက်မှလိုက်၍ လှေကားမှဆင်းခဲ့မိသည်။ အောက်ထပ်၌လည်း ငိုကြွေးလွားအော်ဟစ်သံများ ကြားရသည်။ အိမ်ရှိလူများ စုရုံးမိကြပြီး ဖယောင်းတိုင်အားများလာ၍ အားလုံးကို မြင်သာနိုင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးထွဋ်က လူကြားသို့တိုးပြီး ငုံ့ကြည့်လိုက်သည်။ ချက်ချင်းပင် ဆတ်ခနဲ မတ်တပ်ရပ်လိုက်ပြီး သူ့နဖူးကိုသူ လက်ဝါးနှင့် တအား ရိုက်ကပ်လိုက်ပြီး…

"ဟိုက်"

"ဘာ…ဘာလဲ ဟင် ဘယ်သူလဲ"

ကိုစိုးထွဋ်ကမဖြေ၊ ဘယ်သူကမှန်းမသိ ဝင်ဖြေလိုက်သည်

"ဦးလေး… ဦးလေး… ဦးအောင်ထူးမြတ်"

"ဟင်"

ကျွန်မကိုယ်တိုင်ပင် ချာချာလည်သွားမတတ် ဖြစ်ရပါချေ

"ရဲအရာရှိကြီး ကိုစိုးထွဋ် တွက်ကိန်းမှားလေပြီတည်း"

ကိုစိုးထွဋ်က လေ့ကားလက်တန်းကို ကျစ်ကျစ်ပါအော ဆုပ်ကိုင်၍ အံကိုကြိတ်လိုက်ပြီး အောက်နှုတ်ခမ်းကို သွားဖြင့် ဖိကိုက် ထားပါသဖြင့် ခမေးရိုးကြီးများ တောင့်တင်းနေပေသည်။

"အသက်မရှိတော့ဘူးထင်တယ်၊ ဒုက္ခိတကြီးမှ ဖြစ်ရလေဗျာ"

ဦးလေးဦးခင်မောင်က ငိုသံပါကြီးနှင့် တုန်တုန်ရီရီ ဆိုသည် ညနေကပင် အိမ်တွင် လာရောက်ကူညီ လုပ်ကိုင်နေကြသော သူ ရာဇာကြီး နှစ်ယောက်လည်း ပြေးလာကြသည်။ သူတို့အချစ်တော်ကြီး ကို ဝင်ပွေ့ကြသည်။

ဦးခင်မောင်၏ရင်ခွင်ထဲတွင် ငြင်သာစွာ အသက်ထွက်သွား ဟန်ရှိသော ဦးလေးဖြစ်သူ၏မျက်နှာကို ကျွန်မ လှမ်းကြည့်မိ မိသည်။ ယခင် ဒေါ်ခက်ခက်တုန်းကလို ကိုစံရိုပ်ငြိမ်၏ ပန်းချီကား





မှလို မျက်လုံးကြီးအပြူးသားနှင့် ရှိမနေ၊ မျက်စိမှိတ်လျက် ဇိမ်ချပ်သွား ရှာသည်။ ဦးအောင်ထူးမြတ်မှာ ရုပ်အလောင်းသို့ ဘဝပြောင်းသွားရှာ ပြီ ကို ကြင်နာသနားသောစိတ်အပြည့်ဖြင့် ကျွန်မ မရဲတရဲ ကြည့်မိ သည်။

ကိုစိုးထွဋ်က ခေါင်းကို သွက်သွက်ခါ ရမ်းလျက် အိမ်ပေါ်သို့ တစ်လှမ်းချင်း ပြန်တက်သွားတော့သည်။ အောက်မှ အသုဘကိစ္စကို သူဘာမှ ကူညီလိုဟန်မရှိတော့။

ကျွန်မမှာ ကိုစိုးထွဋ်၏ တပည့်ခံဘဝ ရောက်နေရပြီဖြစ်ပါ၍ အောက်ထပ်မှ အလောင်းစင်ပြင်မှုတွင် မပါဝင်တော့ပါဘဲ ကိုစိုးထွဋ်၏ နောက်မှ လိုက်၍ တက်ခဲ့ရပါတော့သည်။

"တောက်"

အခန်းတွင်းသို့ ပြန်အရောက်တွင် ကိုစိုးထွဋ်က တက်,တစ်ချက် ပြင်းပြင်းခေါက်လိုက်ရင်း ခေါင်းကိုခါရမ်းသည်။ လက်ဝါးပေါ်သို့ လက်သီးဆုပ်ဖြင့်ထုရင်း…

"သွက်သွက်လည်အောင် ကိုယ်အတွက်လွဲသွားပြီ စုနန္ဒာရေ တောက်…ဟင်း…ငါဒီလောက်ပဲ ညံ့ရသလား"

ကိုစိုးထွဋ်၏လေသံက မချိတင်ကဲ ဖြစ်နေပေသည်။ သူ၏ ညံ့မှုကိုလည်း သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်နေပုံရ ပေသည်။

"ရဲဘက်က ထွက်ပစ်ဖို့တောင် ကောင်းနေပြီ၊ ကျွန်တော့်ကိုယ် ကျွန်တော် ဒီလောက်ညံ့လိမ့်မယ်မထင်ခဲ့ဘူးဗျာ၊ စုနန္ဒာကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရှက်နေပြီ။ ကျွန်တော် သူ့ကို တပ်အပ်စွပ်စွဲထားမိတာ''

''ဩော်... ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲ ကိုစိုးထွဋ်ရယ်''

''ဒီအလုပ် လုပ်စားနေပြီး ဒီလောက်ညံ့သွားတာ ရှက်စရာပါ ဗျာ... တကယ်ပါပဲ၊ ကဲ ဒါဖြင့် ဘယ်သူလဲ၊ ကျွန်တော်အား မလျှော့သေးဘူး စုန္ဒာ...ပေါ်အောင် ဆက်လိုက်ရမှာပဲ''

''ဟုတ်တာပေါ့ ကိုစိုးထွဋ်ရယ်၊ ဒါဖြင့် ဘယ်သူလဲဆိုတဲ့ အဖြေ ကို စုန္ဒာ ဖြေပါရစေလား ကိုစိုးထွဋ်''

''ပြောပါဦး စုန္ဒာရယ်''

''ကိုစံရိပ်ငြိမ်ပဲ''

''မြတ်စိုး''

''ဟုတ်ပါတယ် ကိုစိုးထွဋ်၊ ကိုမြတ်စိုးက သူ့ကိုယ်သူ ကိုစံရိပ်ငြိမ်ရယ် လို့ ပေးထားတယ်လေ၊ ကိုစိုးထွဋ်စဉ်းစားကြည့်ပါ''

''ပြောပါ စုန္ဒာ''

''ဒီအိမ်ပေါ်မှာ အားလုံး လူလေးယောက်ပဲရှိတယ်၊ စုန္ဒာတို့ သုံးယောက်က ဒီအခန်းထဲမှာ၊ အပြင်လှေကားထောင့်နားက အခန်း မှာက သူတစ်ယောက်တည်းနေတယ်''

''အင်း''

''ပြီးတော့ သူဟာ စိတ္တဇသမား၊ လှေခါးကကျပြီး သေခါနီး မြင်ကွင်းတွေကို သူပန်းချီဆွဲထားတယ်...ဒါကို အရသာခံနေဟန် ရှိတယ်။ အဲဒါကိုက သူဖြစ်မယ်လို့ ယူဆဖို့မကောင်းပေဘူးလား

''ဟိုးတလောက စုန္ဒာ သူ့အခန်းက ပြေးထွက်လာပြီး





ကျွန်တော်နဲ့ တိုက်မိတုန်းက ကြည့်ခဲ့ရတာလား''

''ဟုတ်ပါတယ်၊ ဒီတုန်းက စုန္ဒာ 'ကိုပန်ဦး' ဆိုသူကို မယုံ ကြည်လို့ ညာခဲ့မိတာပါ''

''ကျွန်တော် နားလည်ပါတယ်... ကျွန်တော်သိပါတယ် စုန္ဒာ''

''အခု အားလုံးလူတွေက အောက်မှာ... ဟုတ်ပါတယ် ကိုစိုး ထွဋ်ရာ...၊ လူသတ်သမားဟာ အဲဒီ စိတ္တဇပန်းချီဆရာ ကိုစံရိပ်ငြိမ်ပါ''

ကိုစိုးထွဋ်မှာ အလွန်ခက်ခဲနက်နဲလွန်းသော ပြဿနာကြီး တစ်ရပ်၏ အဖြေကို ရှာဖွေမတွေ့နိုင်ဟန် လိုက်မမီနိုင်ဟန်ဖြင့်...

''စုန္ဒာထင်တာ မဆိုးပါဘူး၊ ဒါပေမယ့် ကိုမြတ်စိုးမဖြစ်နိုင်ပါ ဘူး စုန္ဒာရယ် ကျွန်တော်သိပါတယ်၊ သူ့မှာ အင်မတန် နူးညံ့သိမ်မွေ့ တဲ့စိတ် ရှိပါတယ်၊ သူမဟုတ်နိုင်ဘူး သူမဖြစ်နိုင်ဘူး''

ကိုစိုးထွဋ်က ခေါင်းကိုခါယမ်း၍ ခါးခါးသီးသီး ငြင်းဆန် သည်။ ကျွန်မ စိတ်မရှည်တော့။

''ကဲ... ဒါဖြင့် ဘယ်သူလဲ၊ ဘယ်သူဖြစ်မလဲ''

''ကျွန်တော် မပြောရဲတော့ဘူး၊ ပြောစရာ စွပ်စွဲစရာလည်း သူမရှိ တော့ဘူး''

''ရှိပါတယ်... လူတွေ အများကြီးဟာပဲ၊ ဦးမြတ်ထွန်း၊ ကိုမြတ်ဝဏ္ဏနဲ့ ကိုစံရိပ်ငြိမ်၊ ပြီးတော့ ဦးလေးမောင်လည်း ရှိသေးတယ်၊ ဆရာဇာကြီးတွေလည်း တစ်ခါတလေ နောက်ဖေးမှာ ထမင်းတွေ ဘာတွေလာစားနေတာပဲ၊ ခုညလည်း သူတို့ရှိနေတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



“ဒီပြဿနာဟာ သိပ်ပြီးနက်နဲသွားပြီ စုန္နရယ်… ကျွန်တော့် ဉာဏ်နဲ့ လိုက်မမီလောက်အောင် အလှမ်းကွာသွားပြီ၊ ဒါပေမယ့် ကျွန်တော် ကြိုးစားမယ်… ကျွန်တော် ကြိုးစားပါဦးမယ်”

ကိုစိုးထွဋ်က မချိတင်ကဲလေသံနှင့် အံခဲ၍ ပြောကြားလိုက်သည်။ သူသည် ဂဏာမငြိမ်ထိုင်၍ပင် မနေနိုင်၊ အခန်းတွင်း၌ ခေါက်တုန့်ခေါက်ပြန်လျှောက်ရင်း ဦးနှောက်ခြောက်မတတ် စဉ်းစား ခန်း ဝင်နေပုံရပေသည်။

ကျွန်မက ကိုစိုးထွဋ်၏ခုတင်တွင် ထိုင်လျက် ပပငယ်ကို ပွေ့ချီထား၍ ကိုစိုးထွဋ်ကိုသာ ငေးကြည့်နေမိတော့သည်။

ဒေါ်ခက်ခက် ကွယ်လွန်စဉ်က စိတ်လှုပ်ရှားခဲ့ခြင်းမရှိမိ။ ကျွန် ပေါ်တွင် အကောင်းမမြင်လေသူဖြစ်သော်လည်း သူသေဆုံးသွား ခြင်းကို ကျေနပ်ခြင်းမရှိမိပါ။ သေဆုံးနှင့်ပြီးလေသူပေါ်တွင်လည်း ဘာအပြစ် မမြင်ထိုက်တော့ပါ။ ကျွန်မ ဒေါ်ခက်ခက် သေဆုံးခြင်းကို ဝမ်းမသာ သည် မှန်သော်လည်း ဝမ်းနည်းခြင်းမဖြစ်မိခဲ့ပါ။

ယခု ဦးလေးဦးအောင်ထူးမြတ် သေဆုံးခြင်းကိုမူ ကျွန် ဝမ်းနည်းယူကြုံးမရရှိမိလှပါသည်။ ဤအိမ်သို့ စတင်ခြေချစဉ်ကပ သူသည် ကျွန်မဘက်မှ ထာဝရရပ်တည်ကာကွယ်ပေးခဲ့ရှာလေ ဖြစ်ပါ၏။ ကိုစိုးထွဋ်က ဦးလေးဟာ တရားခံပါဆို၍သာ ယုံလိုက် သည်။

ယခုလို တခြားသော တရားခံတစ်ယောက်၏လက်ချက်ဖြ အသက်ဆုံးသွားရရှာလေသူ ဦးလေးကို ကျွန်မ သနား၍မဆုံးတော့





ဒေါ်မြတ်သူဇာ လျှမ်းလျှမ်းတောက်ခဲ့သည့်အချိန်က သား ဆုံးယောက်ကို ကြီးစွာသော ချိုးမြှောက်ခြင်းတို့ဖြင့် ဝင့်ထည်ဂုဏ်ယူ ခဲ့ရှာသော်လည်း ယခုမူ ဦးလှထူးမြတ်က ရဟန်းဝတ်နှင့်၊ ကျွန်မ၏ ဖေဖေ ဦးအောင်မြတ်စံနှင့် ယခုဦးလေး ဦးအောင်ထူးမြတ်တို့မှာ အသေ ဆိုးနှင့် သေခဲ့ကြရရှာလေပြီတည်း။

“စုန္နာ… ကျွန်တော် အောက်ခဏ ဆင်းကြည့်လိုက်ဦးမယ်၊ နေရဲလား”

“ကြောက်တော့ကြောက်တယ်၊ ဒါပေမယ့် မလိုက်သင့်ရင် လည်း စုန္နာ နေခဲ့ပါ့မယ် ကိုစိုးထွဋ်”

“ဒါဖြင့်လည်း လိုက်ခဲ့ပါ”

“ပပငယ်အိပ်ပျော်နေပြီ၊ သူ့ကိုပါနှိုးပြီး ခေါ်လာခဲ့ရမလား”

ရပါတယ်… ချသိပ်ထားခဲ့ပါ၊ အန္တရာယ်ဟာ ကလေးငယ်ပေါ် ာတော့ မကျရောက်နိုင်ပါဘူး”

ကျွန်မက ကိုစိုးထွဋ်၏အမိန့်အတိုင်း ပပငယ်ကို သာသာ ညင်းညင်းလေး ပွေ့ချီမပြီး ခုတင်ပေါ်သို့ ချသိပ်လိုက်ရပါတော့သည်။ အပြစ်မဲ့စွာ အိပ်ပျော်နေရှာပါသော ကျွန်မ၏ကျေးဇူးရှင်မလေး ပပငယ် ကို ကျွန်မတစ်ချက် ငုံ့နမ်းပြီး ကိုစိုးထွဋ်နှင့်အတူ အောက်ထပ်သို့ လိုက်ခဲ့ရပါတော့သည်။

“ကျွန်မ၏တူမလေး ပပငယ် ဆိုသည်မှာ ကိုမြတ်ဝဏ္ဏ၏ ဘက်မှ ကျွန်မကိုကာကွယ်ဆယ်ခဲ့သူပင်မဟုတ်ပါလား”

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၁၅ ။

''ဟော့ . . . ခေါင်းဘာလို့ အစောကြီးသွင်းမှာလဲ''

သုဘရာဇာနှစ်ယောက်က အိတ်ကြီးတစ်လုံးကို ကိုင်မသယ်ပြီး ပြီး အလောင်းစင်နားသို့ ရောက်လာပါ၍ ကိုစိုးထွဋ်က မေးလိုက်ခြင်း ဖြစ်ပေသည်။ ခေါင်းသွင်းပြီး အပေါ်မှ အုပ်မည့် ဖွဲပြာအိတ်မှာ မိုးရေစိုထိုင်း၍လားမသိ၊ လေးလံနေဟန် ရှိပေသည်။ အလောင်းကို ကျပ်စည်းမည့် ဝါးကပ်ကြီးများလည်း ပါရှိသည်။

''သူတို့ ညတည်းက ငါပြောထားတာ လုပ်ပစေ''

ဦးမြတ်ထွန်းက ကိုစိုးထွဋ်ကို ခပ်တည်တည်ကြည့်၍ ပြော လိုက်ပါ၏။ ဦးမြတ်ထွန်း၏မျက်နှာသည် ကိုစိုးထွဋ်အပေါ်၌ သံသယ ရှိခြင်း၊ မနှစ်မြို့က်ခြင်း၊ မနေစေလိုခြင်း စသည်တို့ ပေါ်လွင်နေပါ၏။

ကိုစိုးထွဋ်က ဘာမျှပြန်မပြော၊ သုဘရာဇာများကို စိုက်ကြည့် လိုက်သည်။ သုဘရာဇာများက ကိုစိုးထွဋ်၏အကြည့်ကို မခံနိုင်သည်





ခေါင်းလေးများငုံ့သွားကြပါ၏။ ကာကီဘောင်းဘီတိုနှင့် ကာကီ အင်္ကျီပွကြီးများက ညစ်ပေ၍ မသပ်မယပ်ရှိလှသည်။

စစ်ဦးထုပ်များ ဆောင်းထားကြသေးသည့် သူတို့၏ ကြမ်းတမ်းသော သွင်ပြင်လက္ခဏာများက ကြောက်မက်ဖွယ်ရာပင်၊ ကျွန်မ ကြာကြာမကြည့်ရဲ။

ဦးလေးဖြစ်သူ၏ နောက်ဆုံးမျက်နှာကို ကျွန်မ ဝေးဝေးမှ လှမ်းကြည့်မိသည်။ ပကတိအိပ်နေပုံမျိုးဖြစ်ပါသည်။ ကျွန်မရင်၌ ကြင်နာသနားခြင်း၊ နှမြောတသခြင်း၊ အထင်မှားမိလေခြင်း စသော ခံစားမှုမျိုးစုံဖြင့် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာမိတော့သည်။

ပိတ်စမျိုးစုံ၊ ရောင်စုံကတ္တီပါစ ,စသော အဝတ်စများစပ်၍ ချုပ်ထားပါသော ပိတ်စပ်ကန့်လန့်ကာကြီးကို ပိတ်ဆီးလိုက်သည်။ ဇရပ်လှေ့ရွာမှ ဆံရှည်ရောင်လုံးနှင့် အဘိုးကြီးနှစ်ဦးသာ ဧည့်သည်ရှိလေ သည်။ မခင်နု၊ ဦးလေးဦးခင်မောင် စသော အိမ်သားများနှင့် ကျွန်မတို့ တစ်တွေ ရှိနေကြပါလျက် မသာထုံးစံအတိုင်း ခေါင်းသွင်းခါနီး ကျွတ်ကျွတ်ညံအောင် အော်ဟစ်၍ ငိုမည့်သူမရှိပါ။ ဇနီးသားသမီး မရှိသူတို့သည် နေခြင်း၌ပင် သွေ့ခြောက်အထီးကျန် ကျန်သည်မဟုတ်၊ သေခြင်း၌လည်း ခြောက်သွေ့ခြင်းအတိဖြင့် ဘဝဇာတ်သိမ်းသွားရ ရှာလေသည်တကား . . . ။

အားလုံးထဲ၌ ကျွန်မတစ်ယောက်တည်းသာ မျက်ရည်ကျမည့် သူ ရှိပါချေတော့သည်။

ခေါင်းသွင်းနေသည်ကိုလည်း မည်သူကမျှ အရေးတယူ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြပ်ကြည့်မနေကြတော့ပါ။ နာရီဝက်ခန့်အကြာတွင် ကန့်လန့်ကာ ဖွင့်လျက် သုဘရာဇာများ ထွက်လာကြသည်။ လူတစ်ယောက်အတွက် တစ်ဇာတ်သိမ်းလေပြီ။

ဦးမြတ်ထွန်းက စောစောပိုင်းမှလာချထားသော ခေါင်းဘိုးနှင့် ကျပ်စည်းခ ခေါင်းသွင်းခငွေများကို ပေးလိုက်လေသည်။ ဦးခင်မောင်ကလည်း အေးစက်သောအကြည့်များဖြင့် သုဘရာဇာများ ထွက်သွားသည်ကို ငေးကြည့်နေပေသည်။

"စုန္ဒာ… လာ ကျွန်တော်ပြမယ်"

အိမ်ရှေ့ခန်းတွင် ထိုင်နေသော ကျွန်မနားသို့ ကိုစိုးထွဋ်က ကပ်၍ ခေါ်လိုက်ပါသဖြင့် သူ့နောက်မှ ကျွန်မထလိုက်လာရသည်။ အိမ်တွင်းခန်းမစင်္ကြန်လမ်းကိုဖြတ်လျက် '**သေမင်းခံတွင်းလှေခါးကြီး**' နားသို့ ရောက်ခဲ့ကြပါပြီ။ ကိုစိုးထွဋ်က လှေခါးထစ်များအဆုံးမှ လှေခါးခုံပေါ်ရှိ မွေးပွကော်ဇောကြမ်းကို လှစ်လှန်လိုက်သည်။ ကော်ဇောမှာလည်း နှစ်များစွာကပင် မခြနင်းခံဘဝ ဖြစ်ခဲ့ရသည်မို့ အမွေးများ တုံး၍နေပြီ။

"ဒီမှာကြည့်စမ်း စုန္ဒာ… ဒီလှေခါးခုံဟာ အစက ရာထိုးပျဉ်ခင်းထားတာ။ အခုတော့ လိုင်းချပြီး ဆေးသုတ်ထားတဲ့ ရာထိုးပျဉ်ခင်းဟန်ဆောင်ထားတဲ့ သံပြားထုကြီး ဒီမှာတွေ့လား… အောက်ကလည်း အင်္ဂတေခံထားတယ်"

"ဟင်… ဟုတ်ပါရဲ့၊ အပေါ်က ဒီကော်ဇောဟောင်းနဲ့ အသေအချာ အုပ်ထားတော့ ဘာမှန်းမသိရဘူးပေါ့နော်၊ အဲဒါ… ဘာဖြစ်လို့





ဘယ်သူက လုပ်ထားတာလဲဟင် ကိုစိုးထွဋ်"

"သြော်… စုန္ဒာရယ်၊ လှေခါးပေါ်က နောက်ပြန်လန်ကျတဲ့လူဟာ အဲဒီအင်္ဂတေနဲ့ သံအမာပေါ် ခေါင်းစိုက်ကျမယ် ခေါင်းနဲ့ ရိုက်မိမယ်မှုတ်လား၊ ပွဲချင်းပြီးအောင် တမင်ဖန်တီးထားတာပဲပေါ့"

"ဘယ်သူက လုပ်ထားတာလဲ"

"ဒါကို ကျွန်တော်အရင်တည်းကတွေ့တယ်၊ ဒါကြောင့် လုပ်သူကို လိုက်စုံစမ်းတော့ လွန်ခဲ့တဲ့နှစ်နှစ်လောက်က အခု သေသူ ဦးအောင်တူးမြတ်ပဲ လှေခါးခုံကို ပြင်တာမြင်တယ်လို့ ဆိုကြတယ် စုန္ဒာ"

"သူ ဒီလို တမင်ဖန်တီးတယ်ပဲထား… အခု သူကိုယ်တိုင် သေနေပြီပဲရှင်"

"ဟုတ်တယ် မစုန္ဒာရယ်… သူပါရယ်လို့ အသေအချာ ခြေရာ ကောက်ပြီးခါမှ ကွင်းစပြတ်သွားတော့တယ်"

"သူ မဟုတ်လို့သာ သူကိုယ်တိုင် သေရပြီပဲပေါ့ ကိုစိုးထွဋ်ရဲ့"

"ခုတော့ ဒီလိုပဲ ယူဆရတော့မှာပေါ့ စုန္ဒာ"

ကိုစိုးထွဋ်က ကတ္တီပါခြေနင်းစကို နေရာတကျ ပြန်ချပြီး ကိုယ်ကို ပြန်မတ်ရာက သက်ပြင်းချရင်း ပြောလိုက်ခြင်းဖြစ်ပေသည်။

"ကိုယ်… ဘုန်းကြီးကျောင်းခဏသွားဦးမယ်"

"တော်ကြာ သက်ပျောက်သပိတ်သွတ်ဖို့ အဲဒီ ကိုးတောင်ပြည့်ခတီကျောင်းက ဘုန်းကြီးတွေ ကြွလာမယ်ဆို… စုန္ဒာတို့ရဲ့ ဘဘုန်းလည်း ပါလာမှာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သြော် စုန္နွာရယ်…ဒီအိမ်မှာက လူငယ်တွေက မမှတ်မိဘူးပဲထား၊ ညီအစ်ကိုတစ်ဝမ်းသာ ကွဲသေးတဲ့ အတူနေခဲ့တဲ့ ဦးမြတ်ထွန်း တစ်ယောက်လုံး ရှိနေသေးတာပဲ၊ သူ့ကိုမှတ်မိသွားမှာပေါ့"

ကိုစိုးထွဋ် ရှင်းပြသည့်စကားကို ကျွန်မက နားလည်သဘောပေါက်စွာဖြင့် ခေါင်းညိတ်ရင်း…

"သွားချင်သွားလေ ကိုစိုးထွဋ်… စုန္နွာရော လိုက်ခဲ့ရမှာလားဟင်…"

"ကျွန်တော်တို့နှစ်ယောက် တူတူတွဲသွားလို့ မကောင်းသေးဘူးထင်တယ်"

"ဟုတ်ကဲ့… ဟုတ်ကဲ့… စုန္နွာ နားလည်ပါပြီ ကိုစိုးထွဋ်၊ သိပ်တော့ မကြာနဲ့နော်၊ စုန္နွာကြောက်တယ်ရှင်"

"နေ့ခင်းကြီးပဲ စုန္နွာ မကြောက်ပါနဲ့၊ ပြီးတော့ လူသတ်သမားဟာလည်း ဒီလောက်ကြီး အတင့်မရဲသေးပါဘူး၊ သူငြိမ်နေဦးမှာပါ။ ကျွန်တော် ပပငယ်ကို အိမ်ပေါ်က ခေါ်ချပေးခဲ့မယ်၊ သူနဲ့အတူ အိမ်ရှေ့မြက်ခင်းထဲမှာပဲ ကျွန်တော်မလာမချင်းနေကြပေါ့ ဟုတ်လား၊ ဒါဆိုနေရဲလားဟင်"

"နေရဲပါပြီ ကိုစိုးထွဋ်… အပြင်မှာ လင်းလင်းချင်းချင်း သာသာ ယာယာပဲ၊ စုန္နွာနေရဲပါပြီ"

❖ ❖ ❖





ကိုစိုးထွဋ်က ခြေကျင်မသွားတော့၊ ကိုမြတ်ဝဏ္ဏ၏မြင်းကို ယူစီး၍ ခပ်တည်တည်ပင် ထွက်သွားတော့သည်။

ဦးမြတ်ထွန်းလည်း အပြင်တွင်မရှိ၊ ဦးလေးဦးခင်မောင်သည်သာ အံ့သြသောမျက်နှာနှင့် ကိုစိုးထွဋ် ကို ငေးကြည့်နေပေသည်။

"ဟေး… ကြောက်လို့လား၊ ဒီအပြင်မှာနေနေတာ"

အသံသြကြီးနှင့်အတူ ကျွန်မ၏ပခုံးကိုပါ ဆွဲလှည့်လိုက်ပါ၍ ကျွန်မမှာ လန့်ဖျပ်ပြီး နောက်သို့ကြည့်လိုက်မိသည်နှင့်…

"ဟင်‥ကို…ကိုမြတ်…စိုး"

"စံရိပ်ငြိမ်ပါ"

"အင်…သြော်… ဟုတ်ကဲ့… ကိုစံရိပ်ငြိမ်"

"ကြောက်နေလား"

"မ‥‥မကြောက်ပါဘူး"

ပြောမယ့်သာပြောရသည် ကျွန်မရင်၌ လှပ်လှပ်ခါ တုန်ရီနေမိသည်။ ကိုစံရိပ်ငြိမ်နှင့် ဆုံရခြင်းကိုလည်း စိတ်၌ ချောက်ချားနေမိပါ၏။

"ဒီမှာစုန္နွာ… သူ့ကိုမြင်လိုက်ရလား"

"ရှင်… ဘယ်သူ့ကိုလဲ"

"ဦးအောင်ထူးမြတ်ကိုလေ"

"အို…ရှင်…ဘာမြင်ရမှာလဲ သူသေနေပြီပဲ"

"အေး‥‥မသေခင်‥‥သေခါနီးအချိန်ကို ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း...ဟင့်အင်း...၊ မမြင်ဘူး...မမြင်ဘူး"

ကျွန်မက သူနှင့်စကားမဆက်လိုလှပါ၍ ခေါင်းခါ၍ ပြောပြီး တစ်ဘက်သို့ လှည့်လိုက်မိသည်။ ကိုစံရိပ်ငြိမ်က ငြိမ်မသွား-

"ခါတိုင်းလို မှတ်တမ်းတင် ဆီဆေးကားကြီးဆွဲဖို့အတွက် ခက်သွားတာပေါ့...ဘဘ အသက်ထွက်ခါနီး အချိန်ကို မမြင်လိုက်ရဘူး၊ အဲ့ဒီမျက်နှာကို သိပ်ကြည့်ချင်တာပဲ၊ ဘယ်ခွေးမသားက တံခါးကိုအပြင်က ဂျက်ချပိတ်သွားလဲမသိဘူး"

ကိုစံရိပ်ငြိမ်က ပြောပြောဆိုဆိုနှင့် ကျွန်မ၏အရင် သူက ကျွန်မနားမှ ထွက်ခွာသွားပါတော့သည်။

"ဒေါ်ခက်ခက် ဆုံးတဲ့ညကလည်း ကိုစိုးထွဋ်ရှိနေတဲ့အခန်းကို အပြင်က ပိတ်သွားတာပဲ၊ အပေါ်ကလူတွေ မမြင်နိုင်အောင် ရုတ်တရက် မထွက်နိုင်အောင် တမင်အကွက်ဆင်ပြီး လုပ်သွားတာပဲ၊ ပြီးတော့ ဒီတစ်ခါ ဦးလေးလိမ့်ကျသံဟာလည်း တစ်မျိုးထူးခြားတယ်... စူးစူးလေးလေးကြီး၊ ဒေါ်ခက်ခက်တုန်းကလို ဗရမ်းဗတာ ဗလုံးပထွေးကြီး မဟုတ်ဘူး။ ဘယ်လိုပါလိမ့်... ဘယ်လိုပါလိမ့် လူသတ်သမားဟာ ဘယ်သူပါလိမ့်ကွယ်"

ကျွန်မမှာ တစ်ယောက်တည်း တွေးတောရင်း ကြက်သီးမွေးညင်းများပင် ထမိပါသည်။ ဤအိမ်ကြီးမှ ဝေးရာ သာ၍ဝေးရာ အရပ်ဆီသို့ လေ၏အလျင်နှုန်းဖြင့် အတောင်တပ်လျက် ပျံထွက်ပြေးချင်မိလှပါသည်။ အတောင်ရစေဦး၊ လေဟုန်ခရီး၌ ပျံသန်းနိုင်စေဦးတော့ ကျွန်မတွက် ခြေချနားခိုရာ 'ကွန်းရိပ်သာ' မရှိချေသေးပါတကား။

"မမစုနန္ဒာ... ဟိုမှာ ဦးဦးမြတ်ဝဏ္ဏရဲ့လှည်းလာနေပြီ"

"ဟင်... ကိုမြတ်ဝဏ္ဏ"

ပပယ်ညွှန်ပြသောနေရာကိုကြည့်ရင်း နှုတ်မှ ယောင်ထွက်သွားမိပါသည်။

ကျွန်မ သူနှင့် ရင်မဆိုင်ချင်။

အိမ်တွင်းသို့လည်း မဝင်လိုပါ၍ အိမ်ခေါင်းရင်းဘက်သို့ ပပယ်ကို လက်ဆွဲလျက် ထွက်လာမိခဲ့ပါသည်။

"ဟော... နောက်မှာ မြင်းလှည်းလာနေပြီ မမစုနန္ဒာ"

"အသာနေ အသာနေ... လှည့်မကြည့်နဲ့ ပပယ်... မြန်မြန်လျှောက်"

ကျွန်မက ပပယ်၏လက်ကို ဆွဲလျက် ခပ်သွက်သွက် လျှောက်လာပါသော်လည်း မြင်း၏ခြေက ကျွန်မခြေကို အလွယ်တကူပင် လွန်မြောက်ဖြတ်ကျော်နိုင်ခဲ့ပါပြီတည်း။ ကိုမြတ်ဝဏ္ဏကိုယ်တိုင်မောင်းလာပါသော မြင်းလှည်းက ကျွန်မ၏ရှေ့မှ ပိတ်ဆို့ဆီးကာ၍ ရပ်လိုက်ပြီ။

"ဟေး...စုနန္ဒာ"

သူက မြင်းလှည်းပေါ်မှ လှားခနဲ ခုန်ချရင်းက ခေါ်လိုက်ပါသည်။ မြင်းလှည်းပေါ်တွင် ကုန်မပါ။ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ ပါရှိသည်။ အမျိုးသမီးက နန်းနုမြတ်။







www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း စုနန္ဒာ… အစ်ကိုလာတာကို တမင်ရှောင်သွားသလိုပဲကွာ၊ ဘာဖြစ်လို့လဲဟင် ကလေးမ"

သူက ကျွန်မခေါင်းကို တစ်ချက်လှမ်းပုတ်လိုက်ရင်း ပြုံး၍ ပြောလိုက်သည်။ ကိုစိုးထွဋ်နှင့် သတ်ပုတ်ထိုးကြိတ်ခဲ့ကြသည့်နေ့က ကျွန်မမှာ ကိုမြတ်ဝဏ္ဏဘက်မှ ဖြစ်ခဲ့သည်။ အပြုံးနှင့် အကြင်နာနှင့် ဖြစ်ခဲ့သည်။ သည့်နောက် ခွဲခွာပြီးလေမှ ကျွန်မတို့ ပြန်မတွေ့ရသေး။ ကိုမြတ်ဝဏ္ဏစိတ်တွင် ကျွန်မမှာ သူ့ဘက်သို့ တိမ်းညွတ်အုံဆဲဆဲ တိမ်းညွတ်မှာပဲဟူ၍ အထင်ရှိနှင့်ပြီးသူ ဖြစ်လေသည်။ ကျွန်မကို ပြန်လည်ဆုံတွေ့ရသည်နှင့် ရွှင်ကြည်စွာပြုံး၍ ဟာသနှောကာ နှုတ်ဆက်နေပါသဖြင့်…

"အိမ်ထဲမှာ အသုဘဖြစ်နေပါတယ်၊ ရှင်တို့ကျွန်မတို့ရဲ့ဦးလေး တစ်ယောက်လုံး သေဆုံးနေပါတယ် ကိုမြတ်ဝဏ္ဏ"

"အလိုလို… ဘယ်လိုပြောပုံပါလဲ စုနန္ဒာရဲ့၊ အိမ်မှာ မသာဖြစ်နေတယ်ဆိုတာ သိလို့ လာတာပေါ့"

"ဒါဖြင့် အဲဒီမသာရှိတဲ့အိမ်ထဲသွားပေါ့"

"စုနန္ဒာ ဘာဖြစ်နေလဲဟင်…အစ်ကို့ကို ဘာမကျေနပ်နေလဲ"

"အို…ဘာမကျေနပ်စရာရှိရမှာလဲရှင့်၊ ရှင်ရော ဒီလာတာ မြို့သစ်က ဇနီးနှစ်ယောက်က ကျေနပ်ကြရဲ့လား"

"ဟင်…ကြည့်စမ်း ဒါ…ဒါ ဘယ်သူ့လက်ချက်လဲ၊ ဘယ်သူ ပြောတာလဲ၊ မိနန်းနု နှင့် စုနန္ဒာကို ပြောလိုက်ပြီမှတ်လား"

ကိုမြတ်ဝဏ္ဏ၏ အမူအရာက ရုတ်ချည်းပြောင်းလဲသွားတော့





သည်။ လှည်းပေါ်မှ ဆင်းလာစ နန်းနုမြတ်ကိုလည်း လှမ်း၍ ဒေါမာန်တကြီး မေးလိုက်သည်။

"အို… ကြဲကြဲဖန်ဖန် သူ့ပဲမေးကြည့်စမ်းပါဦး၊ နန်းနုဘယ်တော့မှ စကားမရှုပ်ဘူး၊ သူများကိစ္စထဲကို ဘယ်တော့မှ ဝင်မပါဘူး။ ဒါကြောင့် ဟောဒီဇာတ်ရှုပ် အ,မင်္ဂလာအိမ်ကြီးက အမြန်အလွတ်ရုန်းပြီး ထွက်သွားတာ… နန်းနုကိုဘာမှလာပြီး မပတ်သက်ပါနဲ့။ ခုတောင် သေတော်မူပြန်ပြီဆိုလို့၊ မလာမကောင်းလို့ လာခဲ့ရတာ… လာ… မောင်… အိမ်ထဲခဏသွားပြီး ပြန်ကြမယ်"

နန်းနုမြတ်က အရင်လိုမဟုတ်တော့ပေ၊ သူ့တွင် အားမာန်အပြည့် ရှိနေပေပြီ။ သူ့ဘဝအတွက် မှီခိုအားထားရာ တွယ်တာမြတ်နိုးရာ သူ့ခင်ပွန်းသည်၏လက်ကို ဆွဲလျက် အိမ်ဘက်သို့ ခပ်ဆောင့်ဆောင့်နင်း၍ လျှောက်သွားပါတော့သည်။

ကျွန်မမှာ နန်းနုမြတ် ရရှိလာသည့် အင်အားများကို ဝမ်းမြောက်စွာ ကြည့်နေမိပါသည်။ နန်းနုမြတ်၏ သတ္တိသည် သူ့ခင်ပွန်းသည်ကို အားပြုခိုတွယ်ရာမှ ရလာသော သတ္တိများပါပင်။ ခင်ပွန်းသည်၏ အရှိန်အဝါကြောင့် ရရှိသော အင်အားမှာ မိန်းမသားများအတွက် ကြီးမားလှလေစွ…။

"ဒီမှာ စုနန္ဒာရယ် အစ်ကိုဟာ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့၊ စုနန္ဒာကိုတော့ သိပ်ပြီးချစ်တယ်ဆိုတာ ယုံပါ စုနန္ဒာ။ စုနန္ဒာကြိုက်နှစ်သက်တဲ့ပုံစံမျိုးနဲ့ ဆက်ထပ်ယူပါ့မယ်။ အစ်ကိုစုနန္ဒာကို တကယ်မြတ်နိုးတာပါ စုနန္ဒာအတွက် ဆိုရင် ဘာမဆို ဆောင်ရွက်ရဲတယ်။ စွန့်လွှတ်ရဲတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုမြတ်ဝဏ္ဏကို ကျွန်မ ရှုံမှန်းစွာ ကြည့်လိုက်မိသည်။ သူက ပင် စကားဆက်ပြန်သည်။

""အဲဒီဇနီးနှစ်ယောက်ဆိုတာလည်း အလကားပါ...သနားပြီး ကြည့်ရှုရာက ဖြစ်သွားရတာပါ စုနန္ဒာရယ်။ အဲဒါတွေ ရှင်းလင်း စေချင်တယ်ဆိုရင် အစ်ကိုသူတို့ကို တရားဝင် ကွာလိုက်မယ်လေ... ဟင်...စုနန္ဒာ""

""အမယ်လေး တော်ပါ တော်ပါ ကိုမြတ်ဝဏ္ဏရယ်... ကျွန်မ ကြောင့် ရှင့်မိန်းမတွေ 'မစိမ်းမေ' လို ဖြစ်ကုန်ကြပါဦးမယ်""

""ဟင်... ကြည့်... ကြည့်စမ်း စုနန္ဒာ... ဒါ... ဒါတွေကို စုနန္ဒာ ကို ဘယ်သူပြောသလဲဟင် ဘယ်သူပြောလဲ ပြောစမ်း""

သူက ဒေါသတကြီး ကျွန်မပခုံးကို လှုပ်ခါ၍မေးသည်။ ""ဘယ်သူပြောလဲ"" ဆိုသော စကားရပ်ကြောင့် ပပငယ်မှာ ကျွန်မ၏ လက်ကို ဖက်တွယ်လျက် ကျွန်မနားသို့ တိုးကပ်လာရှာသည်။ သူပြော ထားမိသောစကားများ မဟုတ်ပါလား...

""ဒီလိုပဲ သိတာပေါ့""

""ဘယ်တော့မှ မသိနိုင်ဘူး... တစ်ယောက်ယောက်ကပြော သာ သိနိုင်မှာပါ... ဘယ်သူပြောသလဲ...ဟင်""

""မပြောဘူး""

ကျွန်မ၏ဒေါသသံလွှမ်းသည့် စကားလုံးကြောင့် ကိုမြတ်ဝဏ္ဏ တစ်ချက် မျက်နှာပျက်သွားသည်။ သူ့တွင် မာန်အပြည့်ရှိ၍ သူတစ်ပါး





က ထန်လှျင် မခံချင်တတ်သော စိတ်ထားမျိုးရှိသူ ဖြစ်လေမည်။ တင်းသွားသည့်မျက်နှာထားကို လျှော့ချလိုက်ရင်း ကိုမြတ်ဝဏ္ဏက...

""သူများစကားယုံရင် ငါ့ညီမဒုက္ခတွေမှာပေါ့။ စဉ်းစားကြည့် လေ...စုနန္ဒာဘဝမှာ ဘယ်သူသွားအားကိုးမလဲ။ စုနန္ဒာ ရဲ့မေမေ့ဆီ ထည့်လိုက်တဲ့စာလည်း ပြန်လာပြီ ဒီအိမ်မှာဆိုလည်းကြည့်၊ ဘယ်သူ ရှိတော့လဲ... မိန်းမသားတွေလည်း မရှိကြတော့ဘူး။ အစ်ကို့ ညီလေး မြတ်သီဟတော့ ရုစ်တန်းအောင်စာရင်း ထွက်ပြီး သိပ္ပံနဲ့အောင်လို့ မြို့သစ်ပြန်ခေါ်သွားတော့မယ်။ ဖေဖေလည်း လိုက်နေမယ်ပြောတယ်... ဒီအိမ်မှာ အုပ်ချုပ်ဖို့ ဦးလေးမောင်ပဲ ကျန်ရစ်တော့မယ်။ ခုဆို ထာဝရအိမ်စောင့်ကြီး ဦးအောင်ထူးမြတ်တောင် မရှိတော့ဘူး...ဒီတော့ စုနန္ဒာ ဘယ်သူ့နဲ့ နေမလဲ။ ကိုပန့်ဦးလည်း ပြန်တော့မယ်ပြောတယ်... ဒီကောင်ကိုလည်း အစ်ကိုနည်းနည်းမှ မသင်္ကာဘူး။ ရန်ဖြစ်ပြီးနောက် သူနဲ့ဆုံသေးလား ဘာပြောသေးလဲ""

ကိုမြတ်ဝဏ္ဏ ရှည်လျားစွာရှင်းပြ မေးမြန်းသည်။ မှန်ပါသည်။ ဟော်ဂနီစံအိမ်ကြီးကို သက်မဲ့အနေနှင့် စွန့်ခွာသွားကြသူများ၊ သက်ရှိအနေဖြင့် စွန့်ခွာမည့်သူများ ရှိနေကြပေပြီ။

ကျွန်မ သက်ပြင်းချလိုက်မိပါသည်၊ ကျွန်မအတွက် နက်ဖြန် သို့မဟုတ် သဘက်ခါ ရင်ဆိုင်ရတော့မည့်အရေးက မလွယ်ကူလှမှန်း ကျွန်မကိုယ်တိုင်လည်း သိပါသည် သို့ပါသော်လည်း ကျွန်မက...

""ဒါတော့... ကံတရားပေါ့ရှင် ဖြစ်ချင်ရာဖြစ် ကျွန်မရင်ဆိုင် ပါမယ်။ တန်ဖိုးအနည်း ထိုက်တန်လှတဲ့ ချစ်ခြင်းမေတ္တာကို လောင်း



www.burmeseclassic.com

www.burmeseclassic.com



ကစားသလို လွယ်လွယ်နဲ့ ညာယူတတ်တဲ့သူရဲ့ရင်ခွင်ထက် သာတဲ့ နေရာတွေ အများအပြားရှိနေမှာပါ ကိုမြတ်ဝဏ္ဏ ဟောဟိုမှာ... ကိုစိုး... အဲ–အိုဟိုလေ ကိုပန်ဦးလာနေပြီ''

ကျွန်မ၏အမှားကို သူအာရုံမရောက်နိုင်တော့၊ ကိုစိုးထွန်း မြင်းနှင့်ပြန်လာသည်ကို ဒေါမာန်တကြီး ကြည့်လိုက်ပြီး...

''အောင်မယ်... ဒီကောင်က ကြီးကြီးကျယ်ကျယ် မြင်းရှေ့ ဘာတွေ ယူစီးလို့။ အို...ဒီကောင်နဲ့ ဆုံနေရင် အလကား ပြဿနာတက် နေတော့မယ်... နောက်မှပဲ ရှင်းတော့မယ်၊ အိမ်ထဲကကိစ္စတွေ အရင် စီစဉ်လိုက်ဦးမှ။ ဪ စုနန္ဒာ ဒီကောင့်ကိုတော့ သတိထားပါ ညီမ... အစ်ကိုတကယ့်စေတနာနဲ့ သတိပေးတာပါ''

ကိုမြတ်ဝဏ္ဏ အိမ်တွင်းသို့ ဝင်သွားလေပြီ။ ဘာပဲဖြစ်ဖြစ် ကျွန်မကိုစိုးထွန်းကို ယုံကြည်ပါသည်။ သူသည် ဤစံအိမ်ကြီး၏ အခက်အခဲအနက်နဲ့ဆုံးသော ပြဿနာကို ဖော်ထုတ်နိုင်လေမည့် တစ်ဦးတည်းသောသူ ဖြစ်ပေမည်ဟု ကျွန်မယုံကြည်ပါသည်။

''ခုန ကိုမြတ်ဝဏ္ဏကို တွေ့လိုက်တယ်... သူမြင်း ယူစီးတာ ဘာပြောသွားသေးလဲ။ စုနန္ဒာကိုရော ဘာတွေမေးမြန်းသွားသေးလဲ... ဟင်''

''မြင်းယူစီးတာဖြင့် ကျေနပ်ဟန်မတူဘူး၊ ဒါပေမယ့် ဆုံနေရင် ပြဿနာတက်နေဦးမယ်ဆိုပြီး တမင်ရှောင်သွားတယ်။ စုနန္ဒာ သူရှောက်ပြောတာပေါ့ သူနောက်လိုက်ခဲ့ဖို့ လှည့်ပတ်ပြောတာပေါ့''

''ဒီတော့ စုနန္ဒာက ဘာပြောလိုက်လဲ''





''သစ္စာမဲ့သူ ချစ်ခြင်းမေတ္တာကို တန်ဖိုးမထားတဲ့သူရဲ့ ရင်ခွင်မှာ နေရတာထက်စာရင်တော့ အန္တရာယ်ကြုံပြီး အသက်ဆုံးချင်ဆုံးပါစေ တော့ပေါ့ ကိုစိုးထွန်းရယ်... ဒီအဓိပ္ပာယ်မျိုး သက်ရောက်တဲ့စကားတွေ သူ့ကို စုနန္ဒာပြောလိုက်တယ်''

''စုနန္ဒာဟာ သာမန်မိန်းကလေးတွေ စောင့်စည်းအပ်တဲ့ အကျင့်သိက္ခာထက် လွန်မြောက်သူလေးတစ်ယောက်လို့ ကျွန်တော် သတ်မှတ်ရပါပြီဗျာ၊ ကဲ လာ... အထဲသွားကြစို့''

''ဒါနဲ့ ကိုစိုးထွန်း... ဘာဘုန်းနဲ့တွေ့ခဲ့လား ဟင်''

''ကျွန်တော် ဘာဘုန်းဆီသွားတာမဟုတ်ဘူး စုနန္ဒာ''

''ဒါဖြင့် ဘယ်ကိုသွားတာလဲဟင်''

''ဒီနေ့ ဥပုသ်နေ့မို့ ဘုန်းကြီးကျောင်းမှာရှိနေမယ့် ဇရပ်လှရွာက မြင်းလှည်းသမားကြီး 'ဦးမြစ်' ဆီကို''

''အို မစိမ်းမေဆိုတာရဲ့ အဖေပဲ၊ စုနန္ဒာနဲ့ ပထမဆုံးတွေ့ခဲ့ရပြီး ဒီအိမ်ကြီးရဲ့ အ,မင်္ဂလာသတင်းကို စပြီး ကြားခဲ့ရတာ အဲဒီ ဦးမြစ်ဆီက ပေါ့''

''ဟုတ်မယ်...သူဟာ ဒီအိမ်ကို သိပ်စိတ်နာနေတဲ့သူပဲ၊ သူ့မှာ သာ အင်အားသာရှိခဲ့ရင် ဒီအိမ်က လူတွေကို အမှုန့်ချေပစ်လိုတဲ့သူပဲ''

''ကိုစိုးထွန်း သူ့ဆီ ဘာသွားလုပ်တာလဲ ဟင်''

''သုဘရာဇာတွေအကြောင်းကို မေးတာပါ၊ သူနဲ့ တစ်ရွာတည်း နေသူတွေမို့ မျက်ခြေမပြတ် ကြည့်ရှုမှတ်သားပါလို့ မှာခဲ့ရတယ်၊ ငွေလည်းပေးခဲ့တယ်၊ သူယုံကြည်အောင်လည်း ပြောခဲ့ရတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် သုဘရာဇာတွေကို ခြေရာခံနေရတာလဲ ဟင်"

"ကျွန်တော့်ရဲ့ တွေးဆချက်ပဲ ရှိနေသေး … ခုတော့ မပြောပါရစေနဲ့ဦး၊ ကဲ-လာ အိမ်ထဲဝင်ကြဦးစို့၊ သူတို့နဲ့ ရောနှောပြီး အသုဘကိစ္စ ဝိုင်းဝန်းကူညီကြတာပေါ့နော်"

❖ ❖ ❖



အခန်း ။ ၁၆ ။

"ကဲ…တို့များရဲ့ မျိုးရိုးစဉ်ဆက်လည်း ပြုန်းတော့မလောက်ဖြစ်ကုန်ကြပြီ၊ တစ်ယောက်ပြီးတစ်ယောက်လည်း သေကုန်ကြပြီ၊ လူကြီးထဲမှာတော့ ငါတစ်ယောက်ပဲရှိတော့တယ်၊ သူ့ရဲ့ကျိန်စာအတိုင်းဆိုရင်တော့ ဒီတစ်ခါ ငါ့အလှည့်ပေါ့လေ"

"အို… ဖေဖေကလည်း"

"ဟုတ်သားပဲ ဘဘကလည်း ဒီရန်ကို ရှောင်ဖို့ မြို့သစ်မှာ ပြောင်းနေဖို့ အကိုမြတ်ဝဏ္ဏတောင် စီစဉ်ပြီးမှပဲ"

အသုဘချပြီးသည်၏ နောက်နေ့တွင် ဖြစ်သည်။

ဧည့်ခန်းသို့ လူစုံစုရုံးစေပြီးသည်နှင့် ဦးမြတ်ထွန်းက စကားစသည်။ သူ့မျက်နှာကလည်း ညိုမှိုင်းနေပေသည်။ အန္တရာယ်ကို တကယ်ကြောက်ရွံ့နေသည်လား မပြောတတ်။ သူ့စကားအဆုံးသတ်သည်နှင့် ကိုမြတ်ဝဏ္ဏနှင့် နန်းနုမြတ်တို့က ဆက်လက်ပြောကြားလိုက်ကြခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးထွဋ်က အခြေနေအရပ်ရပ်ကို သုံးသပ်ရင်း တစ်ဦးချင်း၏ မျက်နှာများကိုလည်း အလွတ်မပေးပါဘဲနှင့် လှျောက်လိုက်ကြည့်နေကြောင်း ကျွန်မ သတိထားမိသည်။ ကျွန်မက စကားဝိုင်းတွင် ဘာမျှဝင်မပါ၊ ပါရန်လည်း အကြောင်းမရှိသေး။

"သားစီစဉ်တာတော့ ဟုတ်တယ် နန်းနု၊ ဒါပေမယ့် အိမ်မှာကိုယ့်ကို မှီတင်းနေထိုင်သူတွေရဲ့ စားဝတ်နေရေးက ရှိသေးတယ်၊ ပြီးတော့ အစ်ကိုကမွေးသွားတဲ့ တူလေးမြတ်စိုးဟာလည်း ဒီအိမ် ဒီအခန်းကလွဲပြီး ဘယ်နေရာမှာမှ ထားလို့မဖြစ်ဘူး၊ သူ့ကိုခေါ်သွားလို့လည်းမဖြစ်၊ တစ်ယောက်တည်းလည်း မထားခဲ့ရက်လို့ သူ့အတွက်လည်း ငဲ့ကွက်စရာကျန်သေးတယ်"

"ဖေဖေ ဒါတွေ တွေးနေရင် ဒီအိမ်က တစ်သက်လုံး ခွာဖြစ်မှာကို မဟုတ်ဘူး"

"သြော်… စီးပွားရေးလေးကလည်း သင့်တင့်၊ အိမ်ကြီးကလည်း မိဘဘိုးဘွားလက်ထက်ထဲက ကျကျနနကြီး ဆောက်ထားတာဆိုတော့…"

"ဟာ… ဒီအိမ်ကြီးကပဲ ဒုက္ခပေးနေတာပဲ၊ သားသားဖြင့် ဟောဒီလှေကားကြီးကို မီးတောင်ရှို့ပစ်ချင်တယ်"

မောင်မြတ်သီဟလို… ကလေးကပင် နာကျည်းရွံမုန်းသော စကားကို ဆိုလိုက်သည်။

"အေး… ကိုနှစ်ပဲ တကယ်သင့်သင့်… တစ်ယောက်ယောက်ရဲ့ ပယောဂနဲ့ပဲဖြစ်ဖြစ်… မတော်တဆပဲကျကျ… နောက်ဆုံး တရား





တော်နဲ့ကြည့်ရင်တော့ ကံကြမ္မာလို့ပဲ ယူဆရတော့မှာပေါ့ကွယ်… မဟုတ်ဘူးလား မောင်ပန်ဦး"

"မဟုတ်ပါဘူး ဦးလေး… ကြမ္မာကိုချည်း လွှဲချပြီး ဒီတိုင်းလက်ပိုက်ကြည့်နေလို့ မဖြစ်ပါဘူး၊ တားသင့်တာကိုတား ကာကွယ်တွန်းလှန်သင့်တာကို ကာကွယ်တွန်းလှန်ရပါဦးမယ်။ ကြမ္မာကိုပုံချတတ်တဲ့ လူမျိုးဆိုတာ မကြိုးစားချင်ကြတဲ့ လူမျိုးတွေပါ၊ အသက်ဘဏ်စောင့်၊ ကံယုံ၍ ဆူးပုံမနင်းရဆိုတဲ့စကားတွေ ဘယ်သွားထားမလဲ ဦးလေး"

ကိုစိုးထွဋ်က ရဲရင့်ပြတ်သားသော စကားများနှင့် ချေပပြီးသည်နှင့် ကိုမြတ်ဝဏ္ဏက…

"ဒီမှာ ဖေဖေ… ကျွန်တော် တစ်ခုတောင်းပန်ပါရစေ၊ သူ့ကိုဦးတည်ပြီး စကားမပြောစမ်းပါနဲ့၊ ကျွန်တော်နဲ့ပြဿနာတွေ ပိုပြီးတက်ကုန်လိမ့်မယ်၊ ကဲ–အခု အားလုံး လာကြဦးလို့ ဖေဖေခေါ်တဲ့ကိစ္စကိုသာ လိုရင်းပြောလိုက်ပါ"

ကိုမြတ်ဝဏ္ဏ၏အသံက ကျယ်၍ ဟိန်းထွက်လာသည်။ ကိုစိုးထွဋ်ပေါ်တွင်လည်း အတော်ပင် မကြေမချမ်း ဖြစ်နေပုံရပါ၏။ ကျွန်မနှင့် ကိုစိုးထွဋ်တို့ အပေးအယူတည့်စွာ ဆက်သွယ်နေကြကြောင်းကိုလည်း သူမြင်တွေ့သွားလေပြီ။ သူ့အတိတ်ကြောင်းများကို ပပငယ်လိုကလေးတစ်ယောက်ထံမှ သိလာရလိမ့်မည်ဟု သူမထင်၊ အလွန်စပ်စုသော 'ကိုပန်ဦး' က ပြန်လည်ပြောပြ၍သာ ဖြစ်မည်ဟု သူထင်မြင်ပြီး နန်းတီးရှုရှာနေကြောင်း ပေါ်လွင်လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမြတ်ဝဏ္ဏတို့ သားအဖတစ်တွေ၏ စိတ်တွင် ကိုစိုးထွဋ်မှာ ဦးလှထူးမြတ်၏သား ကိုပန်ဦးဟူ၍ပင် လက်ခံယုံကြည်နေကြ၍ တော်ပေသေးသည်။

စည့်ခန်းတွင် ဦးမြတ်ထွန်းတို့သားအဖသုံးယောက်၊ ကျွန်မနှင့် ကိုစိုးထွဋ်၊ နန်းနုမြတ်တို့ ကြင်စဦးမောင်နှံ ရှိကြသည်။ ထုံးစံအတိုင်း ကျွန်မအားတွင် ပပငယ်၊ ကိုစံရိပ်ငြိမ်ကမူ အပေါ်ထပ်အခန်းမှ ဆင်းမလာ။

''လိုရင်းပြောရမယ်ဆိုရင်တော့ အမွေအကြောင်းပဲ''

ကိုမြတ်ဝဏ္ဏကိုကြည့်ပြီး ဦးမြတ်ထွန်းက ပြောလိုက်သည်။

''အဲ–လုပ်လေ... ဘာတွေဝေမှာလဲ၊ ဘာလုပ်ချင်တာလဲ''

ကိုမြတ်ဝဏ္ဏကပင် လောဆော်လိုက်သည်။

''လက်ရှိ ငါ့သားလုပ်နေတဲ့ စီးပွားရေးတော့ ဆက်လုပ်ပါ၊ အဲဒီအတွက်ကို အတွင်းပစ္စည်းတွေ ခွဲဝေတဲ့အခါ မင်းလျှော့ယူ''

''ရပါတယ်...ရပါတယ်''

''ဒီအိမ်ကြီးကတော့ ရောင်းလည်း ဝယ်မယ့်သူရှိမှာမဟုတ်ဘူး၊ အဲဒါတော့ အဖိုးသင့်မနေနဲ့တော့၊ နေနိုင်တဲ့လူက အပိုင်ယူပဲ မကောင်းဘူးလား မောင်ပန်ဦး''

''လျော်ကန်သင့်မြတ်ပါတယ် ဦးလေး''

''နန်းနုကရော့ကွယ်''

''အမလေး... ရွှေကို ကိုယ်နဲ့စက်ပေးမယ်၊ ရွှေတစ်ကိုယ်စာ ပေးမယ်ဆိုလည်း ဒီအိမ်ကြီးမှာနေပါဆိုတောင် နန်းနုတို့က မနေသေး





ထဲကပါ၊ နန်းနုအတွက် ထည့်မတွက်ပါနဲ့။ ဦးလေးပေးရင်ယူမယ် မပေးလည်း ကျေနပ်တယ်၊ နန်းနု တစ်ဘဝစာအတွက် နန်းနုရဲ့ခင်ပွန်းက တာဝန်ယူနိုင်ပါတယ်လေ''

နန်းနုမြတ်က ချစ်ခင်ပွန်းသည်အတွက် ဂုဏ်ယူဝင့်ကြွားသော စကားများဖြင့် ပြန်ကြားသည်။

''ငါ့တူမ စုန္ဒာဟာလည်း အမွေအတွက် ရောက်လာတာ ဦးလေးသိပါတယ်၊ ဦးလေးကလည်း သင့်တင့်မျှတအောင် လုပ်ပေးဖို့ အသင့်ပါပဲကွယ်''

''ဒီမှာ ဦးလေး... စုန္ဒာဟာ...''

''နေ စုန္ဒာ... ဟုတ်တာပေါ့၊ ကျွန်တော်လည်း တစ်ပြားပဲရရ လိုချင်တာပဲ။ ဒီတော့ မောင်မြတ်စိုးတို့ ပပငယ်တို့အတွက်ပါ အညီအမျှ ခွဲပေးဖို့ ဦးလေးစီစဉ်လေ။ ကဲ ထုတ်... ရတနာထုပ်က ဘယ်မလဲ၊ ဘာတွေခွဲရမှာလဲ''

ကျွန်မစကားကို ကိုစိုးထွဋ်က ဖြတ်၍ပြောလိုက်သည်။ ကျွန်မ၏ စိတ်ရင်းမှန် အဖြစ်မှန်ကို ဒီနေရာတွင် ဖော်ပြောနေ၍လည်း အကြောင်းမထူး၊ ပြောမနေပါနှင့်တော့ ဟူသော သဘောဖြင့် ဝင်ပိတ်လိုက်ပြီး ကိုစိုးထွဋ်က ဆက်ပြောပါသဖြင့် ကျွန်မ ငြိမ်နေလိုက်ရပါတော့သည်။

''အေး... အဲဒါပြောချင်လို့ ဦးလေးခေါ်တာပဲ။ အဲဒါတွေကို မခက်ရှိတုန်းက သိမ်းတယ်၊ ဘာတွေရှိလို့ ဘာတွေကျန်မှန်း ဦးလေး မသိတာ အမှန်ပဲနော်။ သားကြီးမြတ်ဝဏ္ဏလုပ်စာနဲ့ပဲ အေးအေးနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ဒီတော့ အားလုံးရှေ့မှာပဲ မမခက်သိမ်းခဲ့တဲ့ ပစ္စည်းတွေကို ရှာဖွေကြည့်ရအောင်။ တစ်ခါတည်း တန်ဖိုးသင့်ပြီး ခွဲဝေယူကြတာပေါ့ . . . မကောင်းဘူးလား''

ဦးမြတ်ထွန်းက လိုက်လျောလွန်းသော စေတနာစကားနှင့် သာယာညှင်းပျောင်းစွာ ပြောဆိုသည်။ ကိုစိုးထွဋ်က . . .

''ဘာပစ္စည်းတွေများ ရှိနေသေးလို့လဲ ဦးလေး ဦးမြတ်ထွန်း''

''ခင်ဗျား အခုပဲသိရမယ် . . . ရလည်းရမှာပဲ ပူမနေနဲ့''

''အေးလေ . . . လောဘကလည်း''

ကိုစိုးထွဋ်စကားအပြီးတွင် ကိုမြတ်ဝဏ္ဏက လှမ်း၍ ဟိန်းဟောက်လိုက်သည်။ နန်းနုမြတ်ကလည်း ကိုစိုးထွဋ်ကို မျက်စောင်းခဲ၍ ကျွန်မဘက်သို့ ကိုယ်ကိုယိမ်း၍ မကြားတကြား ပြောလိုက်သည်။ ကျွန်မနှင့် အဖော်ညီသည့်သဘောမျိုးဖြစ်ပါ၏။ ကိုစိုးထွဋ်နှင့်ကျွန်မ ပြေလည်နေပြီဖြစ်ကြောင်း သူမသိသေး။

ကိုစိုးထွဋ်၏ အဇ္ဈတ္တသဏ္ဌာန်ကို သိမြင်ခွင့်ရပြီးသား ကျွန်မက ခပ်တည်တည် မျက်နှာထားမျိုးဖြစ်အောင် ဖန်တီးထားရသည်။

''ကဲ . . . လာကြ မမခက်အခန်းထဲ အားလုံးဝင်ကြရအောင်''

ဦးမြတ်ထွန်းက ရှေ့ဆောင်ခေါ်ပါ၍ ကျွန်မတို့ တသီကြီး အိမ်ပေါ်ထပ်သို့ တက်ခဲ့ကြရသည်။

''ဖေဖေ . . . ဒီထက်လူစုံစေချင်ရင် မြတ်စိုးကိုပါခေါ်ဦးပေါ့''

ကိုမြတ်ဝဏ္ဏက ပြောလိုက်သည်။

''အေး သဘောလေ၊ အားလုံးကျေနပ်ရင် ခေါ်ကြပေါ့''





ဦးမြတ်ထွန်းက ပြောပြီးသည်နှင့် ကိုစိုးထွဋ်က-

''တခြားလူခေါ်လို့တော့ ရမှာမဟုတ်ဘူး၊ စုနန္ဒာနဲ့တည့်တယ် စုနန္ဒာသွားခေါ်ချည်''

လှေကားထိပ်သို့ အုပ်စုကြီးရောက်လာသည်နှင့် ကိုစိုးထွဋ်က ပြောလိုက်ခြင်းဖြစ်ပေသည်။ ကျွန်မက ကိုမြတ်စိုး၏အခန်းဘက် လွှဲဖယ်၍ တစ်ဖက်လှေကားတုံးတိုင်ဆီသို့ ပြေးကပ်ရင်း . . .

''ဟင် . . . မခေါ်ရဲပါဘူး၊ စုနန္ဒာကြောက်တယ်''

ကျွန်မစကားကြောင့် ကိုစိုးထွဋ်က ပြုံးလိုက်ပြီး ကိုမြတ်စိုး၏ တံခါးကို သွားခေါက်၍ခေါ်သော်လည်း အတွင်းမှ ဘာသံမျှ မကြားရ၊ လုံးဝပြန်မထူး။ သုံးလေးကြိမ် ခေါ်သော်လည်း ဘာသံမျှမကြားရ။

''ကဲပါ . . . ဒီငကြောင်က ကြားပေမယ့် ထူးချင်မှထူးမှာ၊ သူ့အတွက် တစ်ပုံထားပေါ့ . . . ထားလည်း အလကားပဲ၊ သူဘာလုပ်တတ်မှာလဲ၊ သူ့ကိုမှန်မှန်အစာကျွေးနိုင်ဖို့သာ အရေးကြီးတာပါ။ ကဲ လာကြ အချိန်မရှိတော့ဘူး၊ တော်ကြာ မှောင်တော့မယ် . . . မီးက ပြတ်ချင်ပြတ်မှာ''

ကိုမြတ်ဝဏ္ဏ၏ ဆုံးဖြတ်ချက်ကို အားလုံး လိုက်နာကြရပြီး သူ့နောက်မှလိုက်ခဲ့ကြရတော့သည်။ ကိုစိုးထွဋ်က ကျေနပ်ပုံမရ၊ ကိုမြတ်စိုး၏အခန်းတံခါးပိတ်ထားပါလျက် အသေအချာကြည့်ပြီးမှ နောက်ကလိုက်လာတော့သည်။

သော့ပိတ်ထားသော ဒေါ်ခက်ခက်၏အခန်းကို ဦးမြတ်ထွန်းက သူ့ခါးကြားမှသော့တွဲကိုဖြုတ်ပြီး သော့တစ်ချောင်းနှင့် လှည့်ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဦးမြတ်ထွန်း၊ ကိုစိုးထွဋ်နှင့် မြတ်ဝဏ္ဏာတို့က ဘာမှမဖြစ်သလို ရဲရဲဝံ့ဝံ့ ဝင်သွားကြသော်လည်း ကျွန်မနှင့် နှန်းနုမြတ်က မကပ်ရဲသလို တုန့်ဆိုင်းဆိုင်း ဖြစ်နေကြသည်။ နှန်းနုမြတ်၏ခင်ပွန်းနှင့်အတူ မြတ်သီဟာက အပြင်တွင်ရပ်၍ ကျန်ရစ်သည်။ ပပင်ယံကမူ ကျွန်မနှင့် ကပ်လျက် ပါရှိလာပါ၏။

ဒေါ်ခက်ခက်၏ ခေါင်းအုံးအောက်နှင့် မှန်ဗီရိုတပ်ဘီရိုကြီးမှ အံ့ဆွဲများ၊ အပေါ်အောက် စသည့်နေရာများတွင် သော့ရှာပါသော်လည်း မတွေ့ရ။ နောက်ဆုံးဘွင်မှ ကိုမြတ်ဝဏ္ဏာက ဒေါ်ခက်ခက် အိပ်သွားသော ပွတ်လုံးတိုင်နှင့် ကျွန်းခုတင်မြင့်ကြီးပေါ်မှ မွေ့ရာနှင့် ခေါင်းအုံးကို ခေါက်၍လှန်လိုက်သည်။ ခုတင်ပေါ်မှာခင်းထားသော ဖျာကြမ်းနှင့် ဖျာနုနှစ်ခုကြားတွင် မီးခံသေတ္တာသော့ကို တွေ့လိုက်ရတော့သည်။

"နေပါဦး...ဒီကိစ္စက ဒေါ်ခက်ခက်သေပြီးခါစတည်းကလုပ်ဖို့ကောင်းတာ၊ အခု ဦးလေး ဦးအောင်ထူးမြတ်တောင် သေပြီးမှ ဒီကိစ္စလုပ်တယ်ဆိုတော့...အင်း သေတာတောင် တစ်ယောက်ခြားသွားပြီပဲ"

ကိုစိုးထွဋ်က လက်ဝါးပေါ်သို့ စာရွက်လိပ်လေးကို တဖျပ်ဖျပ်ရိုက်ခတ်ရင်း မထေမဲ့မြင်ဟန်ပန်၊ မသင်္ကာသော လေသံနှင့် ပြောလိုက်သည်။ ကိုမြတ်ဝဏ္ဏာက ဒေါသလွှမ်းသောအကြည့်ဖြင့် ကြည့်လိုက်သော်လည်း ဘာမျှမပြောတော့ပါချေ။

မီးခံသေတ္တာ၏သော့ကို ခဲခဲယဉ်းယဉ်းဖွင့်ရပြီးမှ မီးခံသေတ္တာက ပွင့်လာတော့သည်။





"ဟိုက်... အမယ်လေး...ဘာမှလည်းမရှိပါလား"

ဆောင့်ကြောင့်ထိုင်နေသော ဦးမြတ်ထွန်းမှာ ယင်းအော်သံနှင့်အတူ ဖင်ထိုင်လျက်သား လဲကျသွားတော့သည်။

"ဟင်"

"ဟာ"

"အို"

"ဟောတော့"

စသော အာမေဍိတ်သံများက ဆင့်ကဲ ပေါ်ထွက်လာကြသည်။ ကျွန်မပင်လျှင် နောက်ဆုံး 'ဟောတော့' လိုက်မိသည်။ သုံးဆင့်ပါသော မီးခံသေတ္တာ၏ ဆင့်များ၊ သော့နှင့်ဖွင့်ရသော အံဆွဲနှစ်ခုတွင်းသို့ ကိုမြတ်ဝဏ္ဏာကိုယ်တိုင် အဆောတလျင် မွှေနှောက်ရှာဖွေသည်။

"ဒါ ဒီထဲက တစ်ယောက်ယောက်လက်ချက်ပဲ"

တစ်ယောက်ယောက်ဟုသာ ကိုမြတ်ဝဏ္ဏာက ဆိုလိုက်သည်၊ မျက်လုံးက ကိုစိုးထွဋ်ဆီ ရောက်လာသည်။

"ကဲ... ဘယ့်နှယ့်လဲဗေဗေ၊ ရဲကိုတိုင်မလား"

ကိုမြတ်ဝဏ္ဏာက ဆတ်ခနဲ မတ်တတ်ရပ်လိုက်ပြီး လေသံပြတ်နှင့် ပြောလိုက်သည်။

"ခက်တာပဲ...ခက်တာပဲ၊ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး။ ရတ်တရက်တော့ မဆုံးဖြတ်လိုက်ပါနဲ့ဦးလေ"

ဦးမြတ်ထွန်းက တုန်ရီသောလေသံနှင့် စိတ်ပျက်အားလျှော့ဟန်ဖြင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစိတ်ထင်ပြေ ျမည်ဆိုပါလျှင် ဤအုပ်စုထဲ၌ လောဘသဘောသဘာဝကြီးစွာဖြင့် လုပ်ရှားကြသူများ မရှိပါ။ ဦးမြတ်ထွန်းနှင့် ကိုမြတ်ဝဏ္ဏကလည်း ခပ်အေးအေးပင်။ ကျွန်မနှင့် ကိုစိုးထွဋ်ကလည်း လောဘဟူ၍ မြူတစ်မှုန်စာမျှပင် ကပ်ငြိကြမည့်သူများ မဟုတ်ကြပါ။

''ဘာကျိန်စာမှ မဟုတ်ဘူး၊ ဘယ်ဝိဉာဉ်မှလည်း မလှုပ်ရှားဘူး။ ဟောဒီထဲက ပစ္စည်းတွေကြောင့်သာ ခုလိုဖြစ်ကြရတာပဲ၊ ဒါ ဦးနောက်မမှန်သူရဲ့လက်ချက်တော့ မဖြစ်နိုင်တော့ဘူး''

ကိုစိုးထွဋ်က အရေးကြီးလွန်းသော ကိစ္စရပ်အတွက် ခေါင်းရှုပ်နေသော မျက်နှာထားမျိုးနှင့် မျက်မှောင်ကုပ်၍ ပြောဆိုလိုက်သည်။

ကျွန်မထင်ပါသည်၊ ကိုစိုးထွဋ်သည် ယင်းအမှုကြီး၏ တရားခံအစစ်အမှန်ကို အနီးစပ်ဆုံး သိမြင်နိုင်ပြီဟူ၍. . .။

''နေစမ်းပါဦး မင်းက ငါ့အဖေကို စွပ်စွဲချင်လို့လား. . .ဟင်''

''မဟုတ်ဘူး. . .မဟုတ်ဘူး''

''ငါ့ကိုရော. . .''

ကိုစိုးထွဋ်က နှုတ်နှင့်မဖြေ၊ ခေါင်းကိုမူ ယမ်း၍ပြသည်။

''မင်းတို့ မကျေနပ်ရင် ငါတစ်ယောက်တည်း ရှာဖွေထားတဲ့ ပစ္စည်းထဲက ခွဲပေးမယ် ပြီးရော ဒါပဲ လာကြ၊ ငါက ငွေကို တန်ဖိုးထားတဲ့ ကောင်မှုတ်ဘူး''

ကိုမြတ်ဝဏ္ဏက ပြောပြောဆိုဆို ခေါ်ကြီးမောကြီးဖြင့် ကျွန်မတို့ကို တွန်းတိုက်၍ အပြင်သို့ ထွက်သွားတော့သည်။





ကိုစိုးထွဋ်ကလည်း လှစ်ခနဲ လိုက်ထွက်သွားပါ၍ ကျွန်မတို့လည်း သူတို့နောက်မှ လိုက်လာရတော့သည်။

''ကိုမြတ်စိုး ညနေစာလည်း ထမင်းဆင်းမစားဘူး၊ သူ့ကို မြင်တွေ့ရအောင် ကျွန်တော်တို့ ခေါ်ကြည့်သင့်တယ်''

ကိုမြတ်ဝဏ္ဏ နောက်မှလိုက်ရင်း ကိုစိုးထွဋ်က ပြောလိုက်ခြင်း ဖြစ်သည်။ -

''မင်းဟာမင်း ခေါ်ချင်ခေါ် ပင့်ချင်ပင့်''

ကိုမြတ်ဝဏ္ဏက ပြောပြောဆိုဆိုနှင့် လှေကားမှ ဆင်းသွားတော့သည်။ သူ့နောက်မှ ကိုစိုးထွဋ်က ဆင်းလိုက်မသွား၊ လှေကားထိပ်တည့်တည့်ရှိ ကိုမြတ်စိုး၏အခန်းရှေ့တွင် ရပ်လိုက်ပြီး တံခါးကို ခပ်ပြင်းပြင်းပုတ်၍ ခေါ်သည်။

''စုနန္ဒာ ခေါ်ကြည့်စမ်း''

''ကိုမြတ်စိုး. . .ကိုမြတ်စိုး''

ကိုစိုးထွဋ်ခိုင်းသဖြင့် ကျွန်မက တံခါးပုတ်ရင်း ခေါ်ရသည်။ ပြီးမှ ကျွန်မက သတိရကာ. . .

''ကိုမြတ်စိုးလို့ ခေါ်လို့နဲ့တူတယ်'' ဟု ကိုစိုးထွဋ်ဘက်သို့ လှည့်၍ ပြောပြီးသည်နှင့်. . .

''ကိုစံရိပ်ငြိမ်. . .ကိုစံရိပ်ငြိမ်. . .ကိုစံရိပ်ငြိမ်''

အတွင်းမှ တုတ်တုတ်မှမလှုပ် ဘာသံမျှမကြားရ။

''တမင်မထူးတာနဲ့တူတယ်၊ သွားကြပါစို့''

''မဟုတ်သေးဘူး စုနန္ဒာ. . . ခါတိုင်းဆို သူ့တံခါးနှစ်ချပ်ဟာ



www.burmeseclassic.com

www.burmeseclassic.com

လက်ညှိုးတစ်ချောင်းစာလောက် အမြဲပွင့်ဟနေတတ်တယ်၊ အပြင်က လူတွေကို ချောင်းကြည့်နေလေ့ရှိတယ်။ အခုဆို အုပ်စုကြီး တစ်ခုလုံး မိသားစုတစ်ပြုံလုံး လှုပ်ရှားနေကြတာတောင် သူ့တံခါး အသေပိတ်ထားတာဆိုရင် အကြောင်းရှိလိမ့်မယ် ထင်တယ်... ဆက်ခေါ်ကြည့်စမ်းပါဦး၊ မရရင် တံခါးဖျက်ဝင်တန် ဝင်ရမယ်"

"ကိုစံရိပ်ငြိမ်... ကိုစံရိပ်ငြိမ် ခုနေ့ူပါ တံခါးဖွင့်စမ်းပါဦး"

ကျွန်မကခေါ်ရင်း အဆက်မပြတ် တံခါးကို ထုပုတ်သည်။

အတွင်းမှ ဘာသံမျှမကြားရ၊ ဦးမြတ်ထွန်းက ကိုစိုးထွဋ်၏ပခုံးကို နောက်မှကိုင်၍...

"တစ်ခါတလေလည်း ဒီလိုပဲ သုံးလေးရက် မထွက်ဘဲနေတာပဲ မောင်ပန်ဦး၊ သူ့ဒီအတိုင်းရှိပါစေကွယ်၊ ဦးလေးတို့ရဲ့ စီးပွားရေးအခွေကိစ္စလေးတွေဆက်ပြီး ဆွေးနွေးကြရအောင်လား"

"မဟုတ်သေးဘူး ဦးလေး... သူခါတိုင်းနေတာက ထမင်းပို့ရင် ဖွင့်ယူတယ်၊ အခု ထမင်းပို့တာလည်း ခေါ်လို့မရလို့ မပို့ခဲ့ရဘူးလို့ မခင်နုကပြောတယ်... အထဲမှာ တစ်ခုခုဖြစ်နေပြီထင်တယ်"

"မောင်ပန်ဦးသဘောပဲလေ"

ဦးမြတ်ထွန်းက စိတ်အားတက်သန်သောလေသံဖြင့် ပြောလိုက်သည်။

ကိုစိုးထွဋ်ကမူ "အလွန်အရေးကြီးနေပြီ" ဟူသော အမူအရာမျိုးဖြင့် သွက်သွက်မြန်မြန် လှုပ်ရှားသည်။ သံပြားတစ်ခုကို ဂျက်နေရာ





တွင်ကပ်၍ တူတစ်ခုနှင့် ပြင်းစွာထု၍ အတွင်းဂျက် ဖြုတ်ဖျက်နေသည်။ တူထုသံက တစ်အိမ်လုံး ဟိန်း၍ထွက်လာသည်။ ဆူညံနေပေသည်။

အောက်ထပ်ရောက် ကိုမြတ်ဝဏ္ဏက လှေခါးအလယ်သို့ ရောက်အောင် ပြန်တက်လာပြီး မကျေနပ်သေးသော မျက်နှာနှင့် ကိုစိုးထွဋ်လုပ်နေပုံကို စိုက်ကြည့်နေပေသည်။

တံခါးဂျက်ပြုတ်သွားလေပြီ။

ကိုစိုးထွဋ်၏နောက်မှ ကျွန်မကရှိနေပေသည်။ ကိုစိုးထွဋ်က တံခါးနှစ်ချပ်ကို လက်နှစ်ဖက်ဖြင့်တွန်း၍ ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။

အောက်ခြေလွတ်နေသော ကိုမြတ်စိုး၏ ခြေအစုံကို တန်းလန်းကြီး တွေ့လိုက်ရသည်နှင့် ကျွန်မ ဖျတ်ခနဲ မော့ကြည့်လိုက်မိရာ...

**"အင်...အင်... အ... အမယ်လေး...သူ...သူ"**

**"ကြိုးဆွဲချပြီး သေနေပြီ"**

ကျွန်မ၏လည်ချောင်းဝမှ အသံများ အစ်ထွက်လာပြီး ကျွန်မမှာ ချောက်ချားခြင်းကြီးစွာဖြင့် တုန်ရီစွာ နောက်ဆုတ်မိသည်။ တစ်ကိုယ်လုံး တုန်နေ၍ လဲကျသွားမတတ် ရှိပါသည်။

နန်းနုမြတ်နှင့် ပပငယ်တို့၏ ကြောက်လန့်တကြား အော်ဟစ်လိုက်သံများကလည်း ညံသွားတော့သည်။

"ဟင်... မောင်မြတ်စိုး... ဘယ်လိုများဖြစ်ရတာလဲကွယ်"

ဦးမြတ်ထွန်းကလည်း ကတုန်ကယင်လေသံနှင့် ရှေ့တိုးရောက်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်ရမလိုနှင့် တုန်တုန်ရီရီ ဖြစ်နေရှာသည်။ ကိုမြတ်ဝဏ္ဏ ကိုယ်တိုင် ချောက်ချားသွားကြောင်း မြင်ရပါ၏။ ကိုစိုးထွဋ်ကမူ ဘာကိုမှ မထိမကိုင်ပါဘဲ လက်နောက်ပစ်လျက် ကိုမြတ်စိုး၏ သက်မဲ့ ရုပ်ကလာပ်ကို မော့ကြည့်နေသည်။

နိုင်လွန်ကြိုးအညိုရောင်ကို ယက်မတန်းတွင် လျှိုချီလျက် ခွေးခြေပေါ်တက်ပြီး ခွေးခြေကို တွန်းဖယ်လိုက်သည်နှင့် ကြိုးဆွဲချပြီး သား ဖြစ်သွားပေလိမ့်မည်။ ခွေးခြေက ခုတင်တွင် မှီလျက် အောက်သို့ လဲမကျ၊ ယင်းကြောင့်သာ အသံမကြားကြရခြင်း ဖြစ်လေမည်။

ကိုမြတ်စိုး ဆိုသည့် ကိုစံရိပ်ငြိမ်၏ မျက်နှာမှာ မျက်လုံးပြူးခြင်း လျှာထွက်ခြင်းရှိမနေပါ၊ ခေါင်းလေးငဲ့လျက် မျက်စေ့မှိတ်ထားပေ သည်။ နဖူးကြောမျှား ရှုံ့တင်းထားခြင်းကမူ ဝေဒနာပြင်းစွာခံစားသွား ရကြောင်း ပေါ်လွင်နေပေသည်။ ဆံပင်လေးများက ဖွာကျဲသွယ်ကျနေ ပေသည်။ စိတ္တဇပန်းချီဆရာ၏ ဘဝဇာတ်သိမ်းခန်းကို ကျွန်မမှာ မကြည့်ရဲ ကြည့်ရဲနှင့် ကြည့်ရာမှ ရင်နာမဆုံး လန့်ထိတ်မဆုံးအောင် ရှိရပါတော့သည်။

ယင်းသို့ လန့်ကြောက်သနားသော ခံစားမှုနှစ်ခုကြောင့် ကျွန်မမှာ မျက်ရည်များ သွယ်ကျလာပြီး ငိုရှိုက်မိရပါပြီ။ သူ့ကို မကြည့်ရဲ မကြည့်ဝံ့တော့၊ ကြမ်းပြင်တွင် ထိုင်ချလျက် ခေါင်းငုံ့၍ ကျွန်မငိုချ မိပါသည်။ ပပငယ်ကလည်း ကြောက်လန့်တကြား ကျွန်မကို ဖက်တွယ် လျက်။

"နေ နေ ဘယ်သူမှ မထိကြနဲ့ မကိုင်ကြနဲ့ဦး… ဒါ ရဲအရေးပိုင်





တဲ့ အမှုဖြစ်နေပြီ၊ လေကားက လိမ့်ကျတဲ့အရင်ပြဿနာတွေလို မတော် တဆရယ်လို့တော့ မပြောနိုင်တော့ဘူး"

ကိုစိုးထွဋ်၏အသံကို ကြားရသည်။ ကျွန်မ မကြည့်ဝံ့တော့။ သူသည် ရဲအရာရှိတစ်ယောက်ဖြစ်၍ ရဲ၏[illegible] ဆောင်ရွက်ရပုံ များကို ကြေညက်ပေလိမ့်မည်။ ကိုမြတ်ဝဏ္ဏလည်း တက်လာပေပြီ။ သူတို့ချင်း ပြဿနာတက်သံ အော်ဟစ်သံများကို မကြားရတော့၊ အရေးကြီး၍ သွေးစည်းကြလေသလားပင်…။

"ဟော… ဒီပန်းချီကားမှာ စာတစ်စောင် ညှပ်ထားပါလား"

ကိုမြတ်ဝဏ္ဏ၏အသံကြောင့် ကျွန်မ ထိုင်နေရာမှ မရဲတရဲ မျက်လုံးလေး လှန်ကြည့်လိုက်မိသည်။ ပန်းချီကားမှာ အမွေးတွေ ပါသော အကောင်မည်းမည်းကြီးက လက်ကား၍ ရပ်နေပေသည်။ မျက်လုံးနှင့်လျှာ နေရာက ပန်းချီဆရာသုံး ဖလော်ရဲဆဲ့(န်)အနီရောင်တို့ ခြယ်သထားသဖြင့် မီးစုံးပမာ ဝင်းလက်နေပေသည်။ လက်ကြီး ရှေ့ထွက်လျက်၊ လျှာထုတ်၍ မျက်လုံးပြူးနေသည့် သတ္တဝါကြီး ကစ်ကောင်က လေကားထိပ်တွင်ရပ်လျက် သူ့ရှေ့မှ တစ်ယောက် ယောက်ကို ဖမ်းချုပ်ဝါးမြိုလိုက်မည့် ပုံသဏ္ဌာန်မျိုး မြင်ရပါ၍ ကျွန်မမှာ မကြည့်ဝံ့တော့…။

အသက်ဝင်လှသော ပန်းချီကားတွင်းမှ သတ္တဝါမည်းမည်း ကောင်ကြီးက ခုန်ထွက်လာကာ ကျွန်မကို ဝါးမြိုတော့မလိုဖြစ်နေပါ၍ ကျွန်မ မကြည့်ရဲတော့၊ ခေါင်းငုံ့ချလိုက်ရတော့သည်။ အကယ်၍သာ



www.burmeseclassic.com

www.burmeseclassic.com



အပြင်တွင် တကယ်မြင်ရပါလျှင် ကျွန်မကြောက်လန့်စိတ်ဖြင့် အသက်ထွက်သွားလိမ့်မည်ထင်မိသည်။

"ဒါ မြတ်စိုးလက်ရေးပဲ… ဖတ်ကြည့်ရအောင်"

ကိုမြတ်ဝဏ္ဏနှင့် ကိုစိုးထွဋ်တို့၏ အသံကို ကြားရသည်။

**"သေစရာလူကုန်ပြီ"**

**"မှတ်တမ်းတင်ပန်းချီဆွဲစရာ မရှိတော့။ ငါ့ကိစ္စ ပြီးပြီ"**

**"ငါ့ရဲ့စံရိပ်ငြိမ် နိဗ္ဗာန်ဘုံကို သွားတော့မယ်"**

**မြတ်စိုး(ခေါ်)ပန်းချီကျော်**

**စံရိပ်ငြိမ်**

ကိုစိုးထွဋ်ကစာကို အသံထွက်၍ ဖတ်လိုက်ပြီး ကိုမြတ်ဝဏ္ဏကို မေးလိုက်သည်။

"ဒါ မောင်မြတ်စိုးလက်ရေးလို့ သေချာတယ်နော်"

"ဟိုမှာ ဆိုင်းထိုးထားတာ မမြင်ဘူးလား ပန်းချီကားက ဆိုင်းတွေနဲ့ တိုက်ကြည့်ပါလား"

ကိုမြတ်ဝဏ္ဏက ခပ်ဆတ်ဆတ် ဖြေလိုက်သည်။

"ဟုတ်ပြီ ဒါပန်းချီဆရာတွေ ရေးမှ ရေးတတ်တဲ့ လက်ရေးမျိုးပဲ။ စုတ်တံနဲ့ရေးထားတာ ဒါဆိုသေချာပြီ မောင်မြတ်စိုး သူ့ကိုယ်သူ သတ်သေတာပဲ"

ကိုစိုးထွဋ်က စိတ်ချဟန်လေသံနှင့် ပြောအပြီးတွင်





"လူတစ်ယောက်လုံး တန်းလန်းကြီး ကြိုးဆွဲချပြီး သေနေတာများ သူ့ကိုယ်သူသတ်သေတာ သေချာရတယ်လို့… ခင်ဗျား စုံထောက်လုပ်ရင် ကမ္ဘာကျော်ဖြစ်မယ့်ပုံပဲ၊ ကဲ…ခင်ဗျား တခြားလေရှည်မနေနဲ့ ဒါကြီးကို ဘယ်လိုလုပ်ကြမလဲ"

"အကောင်းဆုံးကတော့ ဒီအတိုင်းထားပြီး မြို့သစ်ရဲကို အကြောင်းသွားကြားကြရင် ကောင်းမယ်"

ကိုမြတ်ဝဏ္ဏစကားအပြီးတွင် ကိုစိုးထွဋ်က ဖြေလိုက်သည်။

နန်းနုမြတ်က သူ့ခင်ပွန်းသည်ကိုတွဲလျက် အောက်ဆင်းသွားတော့သည်။ ဦးမြတ်ထွန်းက လှေခါးထိပ်တွင်ရပ်လျက် မျက်ရည်များစီးသွယ်ကျနေသည်ကို ကျွန်မမြင်ရသည်။

"ဒါဖြင့် ကျွန်တော်ပဲ မြင်းနဲ့ မြို့သစ်ရဲကိုသွားပြီး အကြောင်းကြားမှ ထင်တယ်နော်…ဖေဖေ"

"သား မသွားပါနဲ့…၊ ခင်မောင်ကိုပဲ လွှတ်လိုက်ပါလားကွယ်…"

ကိုမြတ်ဝဏ္ဏက ဦးမြတ်ထွန်း၏စကားကို နာခံမည့်ဟန်ဖြင့် အောက်သို့ ဆင်းသွားတော့သည်။

ကိုစိုးထွဋ်က ကိုစံရိပ်ငြိမ်၏ အခန်းတံခါးကို သေချာစွာ ပြန်စေ့လိုက်သည်။ ဦးမြတ်ထွန်းလည်း အောက်သို့ဆင်းသွားလေပြီ။ ကျွန်မနှင့် ပပငယ်ထိုင်နေသည့်နေရာသို့ ကိုစိုးထွဋ်က ကြမ်းပြင်တွင် ခြေဖျားထောက်၍ ထိုင်ချလိုက်ပြီး ကျွန်မ၏ပခုံးကို ညင်သာစွာဆုပ်ကိုင်၍…



www.burmeseclassic.com

www.burmeseclassic.com



''စုနန္ဒာ…သိပ်လန့်သွားလားကွယ်…ဟင်၊ ဒီလိုပုံစံနဲ့ မြင်ရလိမ့်မယ်မထင်လို့ စုနန္ဒာကို ရှောင်မခိုင်းမိတာ ကိုယ့်အမှားပါ''

''ဒါ ကိစ္စမရှိပါဘူး ကိုစိုးထွဋ်ရယ်၊ စုနန္ဒာလေ… သူ့ကိုလည်း သနားတယ်၊ ပြီးတော့…ကြောက်လည်း သိပ်ကြောက်တာပဲ၊ မနေရဲဘူး စုနန္ဒာကို တစ်ယောက်တည်းမထားပါနဲ့…၊ စုနန္ဒာကြောက်တယ်''

''အို… အိုကွယ်… မငိုပါနဲ့ စုနန္ဒာရယ်၊ ဟုတ်ပါရဲ့ကွယ်… လက်ဖျားလေးတွေကို အေးစက်ပြီး တုန်နေတာပဲ၊ ကိုယ် သနားလိုက်တာ စုနန္ဒာလေး''

ကိုစိုးထွဋ်က ကျွန်မ၏ လက်ဖျားလေးများကို ဆုပ်ကိုင်ရင်း ကြင်နာလွန်းသောလေသံနှင့် ကျွန်မမျက်နှာကို အနီးကပ်ကြည့်ပြီး ပြောလိုက်သည်။ သူ့ထံမှ စကားသံ ထွက်မလာသေး၊ သူ တစ်စုံ တစ်ခုကို စဉ်းစားနေဟန်ရှိသည်။ ပြီးမှ…

''ကျွန်တော်… မြို့သစ်က ရဲဌာနနဲ့ အဆက်သွယ်ရှိနေပါတယ် တော်ကြာ… သူတို့ ရောက်လာမယ်၊ အလောင်းသယ်ကြမယ် ကျွန်တော်လိုက်သွားရဦးမယ်''

''ဟင်…ကို…ကိုစိုးထွဋ်သွားမယ်''

''ဟုတ်တယ်… ဒါပေမယ့် စုနန္ဒာကို ဒီမှာမထားခဲ့ရက်တော့ဘူး၊ ကျွန်တော်နဲ့ပဲ မြို့သစ်ကို အတူလိုက်ခဲ့တော့နော်၊ ဟိုမှာ နေဖို့ အိပ်ဖို့ ကျွန်တော်စီစဉ်ပေးပါ့မယ်၊ စခန်းမှူးဇနီးနဲ့ကျွန်တော်နဲ့ ရင်းနှီးပါတယ်''

''ကျေးဇူးပါပဲ ကိုစိုးထွဋ်ရယ်…၊ ကျေးဇူးပါပဲရှင်…၊ ဒီအိမ်ကြီးက လွတ်ရင်ပြီးရော…၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် လွတ်ရင်ပြီးရော…''





''ဟင့် ဟင့်…ဟင့်… ပပလည်းလိုက်မယ် ခေါ်ပါ''

ရှိုက်၍ ရှိုက်၍ ငိုရင်း ပပငယ်မှာ ကျွန်မကို အားကိုးတကြီး ဖက်၍ ပြောရှာသည်။ ကျွန်မက ကိုစိုးထွဋ်၏မျက်နှာကို လှမ်းကြည့်လိုက်မိသည်။ သူ့ဆုံးဖြတ်မှုကို နာယူရမည့် အခြေအနေဖြစ်နေ၍ပါ။

''စုနန္ဒာ သူ့ကို ဥပေက္ခာမပြုနိုင်ရင်တော့ ခေါ်ခဲ့ပေါ့''

''စုနန္ဒာ ဒီကလေးကို သနားတယ် ကိုစိုးထွဋ်ရယ်၊ ပြီးတော့ ကိုယ်ချင်းလည်းစာတယ်၊ နောက် စုနန္ဒာရဲ့ ကျေးဇူးရှင်လေးဆိုလည်း မမှားပါဘူး…၊ သူသာ သတိမပေးရင် စုနန္ဒာ ကိုမြတ်ဝဏ္ဏနောက်ကို ပါသွားပြီ''

''ဒါဆို… ကျွန်တော်ကပါ ပပငယ်ကို ကျေးဇူးရှင်အဖြစ် သတ်မှတ်ပါ့မယ်၊ ကဲ စုနန္ဒာ…''

ကိုစိုးထွဋ်၏ စကားအဓိပ္ပာယ်က တစ်မျိုးပင်။ အရေးထဲမို့ ကျွန်မ တွေးမနေချင်တော့၊ ကိုစိုးထွဋ် ဆက်၍ပြောသည်။

''စုနန္ဒာ…အဝတ်သွားလဲချေတော့…၊ လိုတဲ့ပစ္စည်းလေးလည်း အမြန်သိမ်းပြီး ယူခဲ့နော်…၊ ကျွန်တော်… ဒီထိပ်က စောင့်နေမယ် ဟုတ်လား''

ကျွန်မ ခေါင်းညိတ်ရသည်။ ကျွန်မကိုယ်မှ ဘလောက်(စ)ပါး လေးကို ကျွန်မကိုယ်တိုင်ပင် သတိမထားမိ။ မြို့သစ်အထိ ခရီးဆက်ရမည်မို့ သပ်ယပ်တင့်တယ်သော အဝတ်ကို လဲရန်လိုကြောင်း ကိုစိုးထွဋ်က မြင်ရှာသည်။ ကျွန်မ ပစ္စည်းလေးများကိုလည်း တ…



www.burmeseclassic.com

www.burmeseclassic.com



တည်း သယ်ယူသွားတော့မည်။ ကျွန်မ အင်္ကျီလဲမည်မို့ သူ အခန်းထဲ လိုက်၍မဖြစ်။ ကျွန်မက ထိုင်ရာမှ ဆတ်ခနဲ ထပြီး…

"အို… စုနန္ဒာ ပစ္စည်းတွေသိမ်းပြီးသား၊ အင်္ကျီ,လုံချည်လေး အမြန်လဲလိုက်ရုံပဲ၊ ကိုစိုးထွဋ် ခဏလေးစောင့်ပါနော်… စုနန္ဒာ ချက်ချင်း ပြန်ထွက်လာခဲ့မယ်"

ကျွန်မက ဤအိမ်မှ ကျွတ်လွတ်ရတော့မည်ဟူသော အသိကြောင့် အမြန်ဆုံးထပြီး ကျွန်မအခန်းရှိရာသို့ လာခဲ့ပါသည်။ အခန်းတံခါးဂျက်ကို လှည့်ဖွင့်၍ တံခါးကို ဟလိုက်သည်။ အပြင်တွင် မှောင်စပျိုးနေပေပြီ။ အလင်းရောင်က ကောင်းစွာမရတော့။ ကျွန်မက ခုတင်ပေါ်တွင် တင်ထားဆဲ ကျွန်မ၏လက်ဆွဲအိတ်ကို လှမ်းကြည့်ပြီး ဘလောက်(စ)မှ ကြယ်သီးများကို လက်နောက်ပြန်ထား၍ ဖြုတ်နေမိနိုက် ကျွန်မ၏ဘေးဘက်ဆီမှ အရိပ်တစ်ခုလို မြင်မိသည်နှင့် ကျွန်မ လှည့်ကြည့်လိုက်မိသည်။

အသေအချာမြင်ရပါလျက် ကျွန်မမျက်စိကို ကျွန်မ,မယုံ၊ အံ့သြသောအကြည့်ဖြင့် ဝိုးတဝါးဖြစ်နေသော်လည်း ပြတင်းဘောင်ပေါ်တွင် ငုတ်တုတ်ကြီးထိုင်နေသည်က အသေအချာ။

အဝတ်အစားက သုဘရာဇာ၏ဝတ်စုံ ကာကီအင်္ကျီနှင့် ဘောင်းဘီတို၊ စစ်ဦးထုပ်ဆောင်းထားသည်။

"ဟင်…ဟင်…"

သုဘရာဇာတစ်ယောက် ကျွန်မအခန်းတွင်း ခိုးဝင်လာသည်ဟူသော အသိဖြင့် ကျွန်မက နောက်ဆုတ်ရင်း အော်ရင်းက မျက်နှာကို





ကြည့်လိုက်မိရာတွင်…

"အမလေး…ဦး…ဦးလေး…ဦးအောင်ထူးမြတ်"

အမှန်ပင် ငုတ်တုတ်ကြီးထိုင်နေသော ဦးအောင်ထူးမြတ်။

ကျွန်မ၏နှလုံးသားတို့ လည်ချောင်းဝသို့ ခုန်ပျံ၍ တစ်ဆို့လာသည်။ မျက်လုံးများ ပြာမိုက်သွားနိုက် ဦးအောင်ထူးမြတ်၏ ရုပ်သွင်လည်း ကွယ်ပျောက်သွားခဲ့တော့သည်။ နားထဲတွင် ကိုစိုးထွဋ်အသံနှင့်…

"စုနန္ဒာ…စုနန္ဒာ… ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ"

"သ…သရဲ…သရဲခြောက်တယ်၊ ဦးလေး ဦးအောင်ထူး"

ကျွန်မ စကားကုန် မပြောနိုင်တော့၊ ရင်မှာ လှပ်ခနဲ ဟာတက်သွားပြီး တစ်ကိုယ်လုံး ရှိန်းခနဲဖြစ်သွားသည်။ ကိုယ်ကို မဟန်နိုင်တော့ မျက်လုံးများ ပြာဝေ၍ ကျွန်မရှေ့မှာ ဦးအောင်ထူးမြတ်၏ ဝိညာဉ်ရုပ်သွင်ကိုလည်းကောင်း၊ အရာဝတ္ထုဟူသမျှကိုလည်းကောင်း၊ ဘာဆိုဘာမှ မမြင်ရတော့ပါဘဲနှင့် အနက်ပိန်းကိုသာ မြင်ရပြီးသည်နှင့် ကျွန်မ ၏ အသိတရားတို့မှာလည်း ကျွန်မကိုယ်မှ လွင့်စင်ထွက်ပြေးသွားလေပြီ။

ကျွန်မ ပုံလျက်သား လဲကျသွားရချေပြီတကား။



www.burmeseclassic.com

www.burmeseclassic.com

### အခန်း ။ ၁၇ ။

ကိုယ်ကို ဆွဲကိုင်လှုပ်ခါနေသည်ဟု ထင်မိသည်။

တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နုံးချိနေသည်၊ မူးဝေသလို ခေါင်းလေးနေပါ၍ လှုပ်ခါသော်လည်း ပြန်မထူးချင်မိ၊ အခြေနေက ပိုဆိုးလာသည်။ တစ်ကိုယ်လုံး သွက်သွက်ခါအောင် လှုပ်ရမ်းနေသော် လည်း နွေးထွေးနည်းကျသည့်အရာဝတ္ထုတစ်ခုထဲတွင် ကျွန်မကိုယ် ကျရောက်နေသလိုလို။

"စုနန္ဒာ လှုပ်လာပြီ… သတိရပြီလား"

နား,နားကပ်၍ ပြောသည့် အသံသဲ့သဲ့ကို ကြားရသော်လည်း မသဲကွဲ၊ မည်သူမှန်းမသိ။

"စုနန္ဒာ သတိရပြီနော်၊ ကျွန်တော်လေ… စိုးထွဋ်"

ကိုစိုးထွဋ်ဟူသော အသံကြောင့် ကျွန်မ မျက်စိဖွင့်၍ အားယူ ထမိသည်။ လူမှာ ဆန်ကောတွင်း ဆီးဖြူသီးလှိမ့်သလို ခလောက် ဆန်နေပါ၏။





"ဟင်…ကို…ကို…စိုးထွဋ်၊ ဘယ်…ဘယ်ရောက်…အို- မြင်းပေါ်မှာပါလား"

ကျွန်မက မျက်စိဖွင့်မိသည်နှင့် လက်ရှိဖြစ်ရပ်ကို မြင်တွေ့ သိမှတ်နိုင်ပါပြီ၊ သတိမှန်တို့ ပြန်ဝင်ပါပြီ။

ကျွန်မ၏ကိုယ်ခန္ဓာမှာ မြင်းတစ်ကောင်၏ကုံယ်ပေါ်ဘွင် ထိုင်လျက်၊ ကိုစိုးထွဋ်၏ရင်ခွင်ကြားတွင် သူက ပွေ့ဖက်ထားလျက်နှင့်။

"အို…စုနန္ဒာတို့ ဘယ်…ဘယ်ကိုလဲ"

မြင်းပေါ်တွင် စကားပြော၍ သံမှန်ထွက်မလာကြောင်း မြင်းစီး တတ်ခါစလူတို့ သိနားလည်ပါလိမ့်မည်။ အသံမှာ တုန်ရီလှိုက်ခါ၍ အသံလှိုင်းတို့ မပီပြင် မညီညာ။

"မကြောက်နဲ့နော်…စုနန္ဒာ၊ ကျွန်တော့်ကိုဖက်ထား၊ လိမ့်ကျ သွားမယ်၊ ရောက်ပါတော့မယ်"

"ဘယ်ကိုလဲ ဘယ်ကိုသွားနေတာလဲ ကိုစိုးထွဋ်"

"သုသာန်ကိုပါ…သင်္ချိုင်းကိုပါ"

"အင်…မလုပ်နဲ့…မလုပ်နဲ့၊ စုနန္ဒာကြောက်တယ်"

ကျွန်မမှာ သူ၏သန်မာသော လက်များအကြားနှင့် ရင်ခွင်ထဲ တွင် ရုန်းမရ၊ လှုပ်မရတော့။

"ငါမှားပြီ၊ ငါမှားပြီ၊ လူဆိုးကို လူကောင်းထင်ခဲ့မိပြီ၊ ခု - အခု ငါ့ကို သုသာန်မှာ သူသွားသတ်တော့မယ်"

လူတစ်ယောက်၏ အကြောက်ရ အလန့်ရဆုံးအချိန်၊ သေရ ခါနီးအချိန်တို့မှာ ခံစားရခြင်းဒုက္ခ မည်မျှကြီးမားလှပါကြောင်း ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့ကြုံရပါပြီ။ ကြောက်လန့်လွန်းသည့်စိတ်က ရင်နှစ်ခြမ်း ပွင့်ကွဲသွားတော့မည်ကဲ့သို့ ရှိပါသည်။

ကိုစိုးထွဋ်က ဘာကိုမှ ဂရုမစိုက်တော့၊ ကျွန်မကိုသာ တင်းတင်း ကျပ်ကျပ် ဖက်တွယ်လျက် မြင်းကို ဒုန်းစိုင်းနှင်နေသည်။

"ကဲ... ရောက်ပြီ၊ ဆင်း"

"ဟင်...ဟင်...စုနန္ဒာမှာ ဘာအပြစ်ရှိလို့ သတ်ပစ်မှာလဲ၊ ဘာကြောင့် သတ်ပစ်မှာလဲရှင်၊ သနားပါ...သနားပါ ကိုစိုးထွဋ်ရယ်၊ စုနန္ဒာကြောက်တယ်"

မြင်းအောက် ရောက်သည်နှင့် ကျွန်မမှာ သူ့ကိုမကြည့်ရဲ ကြည့်ရဲဖြင့် တုန်တုန်ရီရီ တောင်းပန်မိသည်။ သနားစိတ်ဖြင့် မသတ် ဖြစ်ပါစေနဲ့တော့ဟု စိတ်မှလည်း ဆုတောင်းမိပါသည်။ ကျွန်မ၏ တောင်းပန်စကားများသည် မျက်ရည်များနှင့်အတူ ထွက်ကျလာ ခဲ့ပါသည်။

"ဟေး... စုနန္ဒာ ဘာတွေပြောပြီး ငိုနေတာလဲကွာ၊ ဒီမှာ ကိုယ်... စိုးထွဋ်လေ၊ သိပြီမှတ်လား... သတိရပြီမှတ်လား၊ ဟို မဟော်ဂနီအိမ် ကြီးမှာ စုနန္ဒာ မေ့သွားပြီးပြီးချင်း ကိုယ် မြင်းနဲ့တင်ပြီး ခေါ်လာခဲ့တာလေ"

"ဟင်း...ဟင့်...သူ သာန်ကိုခေါ်လာတာ စုနန္ဒာကို တစ်ခါတည်း သတ်ပစ်ဖို့မှတ်လားဟင်၊ မ...မရက်စက်ပါနဲ့ရှင်"

"ဟောဗျာ...ဟား ဟား...၊ စုနန္ဒာက ကျွန်တော့်ကို အထင် လွဲနေတာကို ဖြစ်ရလေ စုနန္ဒာရယ်"





"ဘာ... ဘာပြောတယ်"

"သတိရကပ်ဖို့ဝေးလို့ ခုလိုဖြစ်နေရတာကောင် သနားလိုက်ရတာ မှ ရင်ပွင့်တော့မယ် စုနန္ဒာလေးရယ်"

"စုနန္ဒာ နားမလည်နိုင်တော့ဘူး ဒီကိုဘာလာလုပ်တာလဲ"

"ဦးအောင်ထူးမြတ်ရဲ့အလောင်းကို ပြန်ဖော်မလို့"

"အို... အမလေး"

"မလန့်နဲ့ စုနန္ဒာ၊ ဟောဟိုမှာ ကိုယ်ချိန်းထားတဲ့ ဘ,ဘုန်းနဲ့ ဦးမြစ်တောင် လာနေကြပြီ"

ကိုစိုးထွဋ်က မြင်းဇက်ကြိုးကို ဘုန်းကြီးကျောင်းဝင်းတွင်းမှ ထန်းပင်ကြီးတစ်ပင်နှင့် ပတ်ချီလိုက်ရင်းပြောသည်။ အလင်းရောင်က လူလုံးကွဲရုံမျှရှိသေး၍ ဘ,ဘုန်းနှင့် ရထားမောင်းသမားကြီး ဦးမြစ် တို့ကို ကျွန်မမြင်တွေ့လိုက်ရပါသည်။

ဒုက္ခရောက်ချိန်တွင်မှ ဘုရားတ,တတ်သော ကျွန်မတို့ မြန်မာ များ ထုံးစံအတိုင်း ကျွန်မမှာ ဆရာတော်ဘုရားထံပြေး၍ ကြည်ညို အားကိုးစွာဖြင့် ဦးခိုက်လိုက်ပြီးသည်နှင့်...

"တပည့်တော်မဟာ ဦးအောင်မြတ်စံနဲ့ ဒေါ်စုမြတ်သန္တာတို့ရဲ့ သမီးစုနန္ဒာပါဘုရား...၊ ဘ,ဘုန်းရဲ့ တူမအရင်းပါ၊ တပည့်တော်မကို ကယ်တော်မူပါ၊ ဒီမဟော်ဂနီစံအိမ်ကြီးမှာ ဘယ်ဟာလူကောင်း၊ ဘယ်ဟာ လူဆိုးရယ်လို့ တပည့်တော်မ, မခွဲခြားတတ်တော့ပါဘူး ဘုရား၊ တပည့်တော်မကို သနားသဖြင့် ကယ်မတော်မူပါ ဘ,ဘုန်း ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အို… သမီးငယ်… သနားဖွယ်ကောင်းလောက်အောင် ကြောက်လန့်နေရှာပါလားကွယ်…စိတ်ကို ငြိမ်ငြိမ်ထားတော့၊ ဘ,ဘုန်းရဲ့ မေတ္တာရိပ်အောက်မှာ ငါ့သမီး ဘာမှမဖြစ်စေရပါဘူးကွယ်… စိတ်ချပါ"

"ဝမ်းသာလိုက်တာ ဘုရား"

"အေး အေး ဘဘုန်းရဲ့သား မောင်ပန့်ဦး ရယ်လို့ အမည်ပေးပြီး ဒီအိမ်ကြီးမှာ ရောက်နေတဲ့ မောင်စိုးထွဋ်ဟာ ဘဘုန်းရဲ့ မွေးစားသား၊ အင်မတန်မှ သစ္စာရှိတဲ့ တာဝန်ကျေပွန်တဲ့ သူငယ်လေးပါသမီး။ အခု သူ ဘဘုန်းကြောင့် သူဒီကိုရောက် လာစုံစမ်းပေးနေရပေမယ့်… မြို့သစ်ရဲ့စခန်းနဲ့လည်း သူဆက်သွယ်နေဆဲပဲ…ဟိုကလည်း တာဝန်တွေ သူ့ကိုပေးထားပါတယ်။ သူဟာ အင်မတန် ကြင်နာတတ်တဲ့ လူတော် လူကောင်းတစ်ယောက်ပါကွယ်…ဘွဲ့ရပြီးသား ရဲအရာရှိ တစ်ယောက် လည်း ဖြစ်ပါတယ်။ ဘဘုန်း သူ့အတွက် တာဝန်ယူပါတယ်။ ငါ့သမီး မစိုးရိမ်ပါနဲ့"

ကျွန်မရင်မှ ကြောက်လန့်မှုများ မယုံသင်္ကာမှုများသည် အညစ်ကြေးကို ရေဆေးချလိုက်သည်သို့ပင် လျှောကျလွင့်စင်သွားခဲ့ရပါပြီတည်း…။

ယုံကြည်အားကိုးထိုက်စွာသော ကိုစိုးထွဋ်ကို ကျွန်မလှည့်ကြည့် လိုက်မိသည်။ သူက ဦးမြစ်နှင့် ယာသမား အလုပ်ကြမ်းသမား ဖြစ်ပုံရသော လူနှစ်ယောက်တို့နှင့်အတူ စကားပြောနေရာမှ ကျွန်မကို လှမ်းကြည့်ပြီး "ယုံပြီမှတ်လား" ဟူသော သဘောဆောင်သည့်





အကြည့်ဖြင့် ကျွန်မကို ပြုံးကြည့်သည်။ အခြေအနေက အထွတ်ထိပ်ရောက်နေဆဲ အရေးထဲ အရာထဲ ဖြစ်ပါသော်လည်း ကျွန်မ ကိုစိုးထွဋ်ကို ကြည်ကြည်လင်လင် ပြုံးပြလိုက်မိပါသည်။

"ဘာလုပ်ကြမလို့လဲဟင်"

ပေါက်တူးများ တူရွင်းများနှင့် တွေ့ရပါ၍ ကျွန်မ သေချာအောင် ထပ်၍မေးမိသည်။

"ဦးအောင်ထူးမြတ်ရဲ့အလောင်းကို ပြန်ဖော်မလို့ စုန္ဒာ"

"ကြံကြီးစီရာရှင်၊ နေဝင်မိုးချုပ်ကြီးမှာ သင်္ချိုင်းကုန်းက အလောင်းကြီး ပြန်ဖော်ရမယ်လို့"

"အကြောင်းရှိလို့ပါ စုန္ဒာ…ကြည့်ရဲရင် လိုက်ခဲ့ပါ၊ မကြည့်ရဲရင်လည်း ဘဘုန်းနဲ့နေခဲ့"

"အမယ်လေး… မကြည့်ရဲပါဘူး"

ကျွန်မမှာ ကြက်သီးမွေးညင်းများထရင်း ဘဘုန်းနားသို့ တိုးကပ်သွားမိသည်…။

ကိုစိုးထွဋ် ဦးမြစ်နှင့် ယာသမားနှစ်ယောက်တို့မှာ ဘုန်းကြီးကျောင်း နောက်ဘက်အောက်သို့ ပြေးဆင်းသွားကြသည်။ မနေ့ကမှ မြှုပ်နှံပြီးလေသော ဦးအောင်ထူးမြတ်၏ မြေပုံကို စတင်တူးဖော်တော့သည်။ မလိုက်ရဲသော်လည်း အဝေးမှ လှမ်းကြည့်နေမိပါ၏။

မကြာမီ ခေါင်းပေါ်လာပြီး သူတို့မတင်ကြသည်။ သံရိုက်ထားသော ခေါင်းဖုံးကို တူရွင်းနှင့် မ,ကော်၍ ဖွင့်လိုက်သည်။ ကျွန်မမှာ အသက်ပင် မရှူရဲပါဘဲနှင့် သူတို့ကို ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပွင့်သည်နှင့် ပေါက်တူးသမားနှစ်ယောက်က ဖွဲပြာများကို ယက်ထုတ်ကြသည်။ ဘဘုန်း ရှေ့တိုးသွားပါ၍ ကျွန်မလည်း ကြောက်ကြောက်နှင့် နောက်မှလိုက်ရသည်…။

ကိုစိုးထွင်က စိတ်မရှည်ဟန်နှင့် ခေါင်းကိုမ၍ မောက်ချလိုက်တော့သည်။ ကျွန်မ မကြည့်ဝံ့တော့။ မျက်နှာကို လက်ဝါးနှင့် ပိတ်ထားလိုက်မိသည်…။

"ဟယ်ကြည့်စမ်း… ငါ့သားတွေးတာ သေးထွက်အောင်မှန်နေပါလား…ဟိုမှာကြည့်လိုက်စမ်းသမီး"

ဘဘုန်းစကားကြောင့် အုပ်ထားသောလက်များကို မရုတ်သေးပါဘဲနှင့် လက်ချောင်းများ ခွဲလိုက်ပြီး ကျွန်မ မျက်စိဖွင့်၍ ချောင်းကြည့်လိုက်မိသည်…။

"ဟင်"

အံ့သြခြင်း အာမေဋိတ်နှင့်အတူ မျက်နှာလက်ကို ရုတ်ချလိုက်မိတော့သည်။

ခေါင်းအတွင်းမှ ဦးအောင်ထူးမြတ်၏ ရုပ်ကလာပ် ထွက်မလာ၊ မည်းမည်းတုံးကြီးများသာ ဖွဲပြာများနှင့် ရောထွေးနေသည်ကို မြင်လိုက်ရခြင်းကြောင့်ပါပင်…။

ကိုစိုးထွင်က လေးလံသော ခဲတုံးလား သစ်လုံးလား မသိ မည်းမည်းအတုံးများကို ကောက်ကိုင် ကြည့်ပြီးသည်နှင့် ရုတ်တရက် လွှတ်ချလိုက်ပြီး ကျွန်မတို့ရှိရာသို့ ပြန်ပြေးလာသည်…။

"ဘဘုန်း…တပည့်တော်ထင်တာ ဟုတ်နေပြီ၊ သူတို့အိမ်မှာ





ပြန်ရောက်နေပြီ… အန္တရာယ်မကြီးခင် တပည့်တော် ဟိုအိမ်ကို ပြန်သွားဦးမှ"

"ဟင်… ဟင်… ဘယ်သူလဲ ကိုစိုးထွင်… ဦးလေးလား"

"သိပ်ဟုတ်တာပေါ့ စုန္ဒာရယ်… သူ သိပ်ပါးတယ်။ သူ့ကိုလည်း ကျွန်တော် ခြေရာခံပြီးရော၊ သူသေချင်ဟန်ဆောင်လိုက်တာပဲ… ကျွန်တော့်ကို မျက်လှည့်ပြလိုက်တာပေါ့၊ ကျွန်တော်တောင် မျက်စိလည်ခဲ့ရပါတယ်…"

"ဟင်…ဒါဖြင့် စောစောက စုန္ဒာ မြင်ရတာ"

"ဦးအောင်ထူးမြတ်ကိုယ်တိုင်ပါပဲ စုန္ဒာ"

"အို… ဘုရား… ဘုရား"

"ဟော မြို့သစ်ကရဲတွေတောင် ရဲကားကြီးနဲ့ ရောက်လာကြပြီ"

"နေပါဦး ကိုစိုးထွင်ရယ်၊ သူဟာ ဘာကြောင့် မကြံအပ်မစည်ရာတွေကို ကြံစည်ရတာလဲရှင်"

"လူတွေသတ်ထားလို့… သူ့မိမှာစိုးလို့ပေါ့"

"ဘာကြောင့် သတ်ပစ်ရတာလဲ"

"လာစုန္ဒာ ရဲကားနဲ့ အိမ်ဘက်ကိုသွားကြစို့၊ ဦးအောင်ထူးမြတ်ဟာ အဲဒီအိမ်မှာပဲရှိနေတယ်၊ သူ့ကို လက်ပူးလက်ကြပ်ဖမ်းမိပြီးမှ သူကိုယ်တိုင် ဝန်ခံတာကို စုန္ဒာ နားထောင်ပေတော့"

ကိုစိုးထွင်က အလွန်အရေးကြီးသောဟန်ပန်ဖြင့် စကားကို ဆက်တိုက်ပြောချလိုက်ပြီး ရဲကားရှိရာသို့ပြေးသွားသည်။ ကျွန်မလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်မှလိုက်ရပါ၏။ ကိုစိုးထွဋ်က ရဲကားတွင်းမှ ရဲကြပ် နှစ်ယောက်ကို ဦးတည်၍…

"ကဲကိုလှအေး ခင်ဗျားတပည့်တစ်ယောက်ကိုခေါ်ပြီး ဇရပ်လှ ရွာဖျားက ဇရပ်တစ်ခုမှာနေကြတဲ့ 'ဦးဒီကြီး' နဲ့ နောက်တစ်ယောက်ကို ကစ်ခါတည်း ဖမ်းပြီးခေါ်ခဲ့ကြပါ၊ သိတယ်မဟုတ်လား"

"စဏ္ဍာလတွေမှတ်လား… ဦးမဲ့ဇရပ်အိုမှာ နေကြတာလေ၊ သိပါ တယ်ဆရာ"

"ကောင်းပြီ…ခြေကျင်ပဲသွားကြတော့၊ ကဲ စုန္ဒာ… ကားပေါ် တက်၊ မဟော်ဂနီစံအိမ်ကြီးဆီကို အမြန်ရောက်အောင် သွားကြရ အောင်"

အပြာရောင် လေးချိတ် လဲ(န်)ရိုဗာ ရဲကားပေါ်သို့ ကျွန်မနှင့် ကိုစိုးထွဋ်တို့ တက်ပြီးသည်နှင့် ကားထွက်တော့သည်။

ဦးအောင်ထူးမြတ်၏ လှုပ်ရှားပုံကို ကျွန်မ ဘာမျှနားမလည် တော့ တွေးမရတော့ပေ။ ကြံကြံဖန်ဖန် ဉာဏ်ထွက်ပုံကိုလည်း အံ့သြ မဆုံး၊ ခေါင်းသွင်း အသုဘချသွားပြီးမှ ဘယ်အချိန်က ပြန်ထလာသည် မသိ။ သူဘရာဇာများနှင့်ပေါင်း၍ လုပ်ခဲ့ခြင်းဖြစ်ပေမည်ဟုဖြင့် ကျွန်မ တွေးဟတ်သည်။ ယင်းကြောင့်သာလျှင် 'ဦးဒီကြီးဆိုသော သူဘ ရာဇာ' များကို ကိုစိုးထွဋ်က ဖမ်းခိုင်းလိုက်ခြင်းဖြစ်ပါမည်။

လူသတ်တရားခံဟူ၍ ကျွန်မထင်ခဲ့သော ကိုစံရိပ်ငြိမ်လည်း မဟုတ်ရှာ။ မသင်္ကာမိသော ဦးမြတ်ထွန်းလည်းမဟုတ်။ ဦးခင်မောင်က လည်း ရိုးသားရှာပါသည်။ ကိုမြတ်ဝဏ္ဏသည်လည်း မိန်းမမူပွေသည်





မှအပ ယုတ်မာကောက်ကျစ်သော စိတ်ထား၊ လူသတ်ရဲလောက်သော ရက်စက်ကြမ်းကြုတ်မှုမရှိရှာပါ။

ကျွန်မစိတ်တွင် မိတ်ဆွေထင်၍ ထာဝရပူးပေါင်းအကြံဉာဏ် တောင်းမိသော ဦးလေးဦးအောင်ထူးမြတ်သည်သာလျှင် ရက်စက် ယုတ်မာကြမ်းကြုတ်လွန်းသော လူသတ်သမား၊ သွေးသားများကို ချည်း သတ်ဖြတ်ရက်သူ။ ကျွန်မမှာ တွေးမိလေ ကျောချမ်းမိလေပါပင်။ ကိုစိုးထွဋ်နှင့်ပူးပေါင်းမိ၍သာ ကိုယ်ခန္ဓာအန္တရာယ်ရော အသည်းနှလုံး အန္တရာယ်ပါ ကာကွယ်နိုင်ခွင့်ရခဲ့လေသည်။

အမှန်တော့ ကိုစိုးထွဋ်မည်သော တစ်မ်းတရံစာ သည်သာလျှင် ကျွန်မအတွက် စေတနာပြည့်လျှမ်းစွာဖြင့် ကူညီရှာလေသူ၊ ကျွန်မ၏ ကျေးဇူးရှင်။

"ဟော ဆရာ…ဟိုမှာ မီးတွေလောင်နေပြီ"

ရဲကား၏ရှေ့ခန်းမှ ကားမောင်းသူက အလန့်တကြား အော် ပြောလိုက်ပါ၍ ကျွန်မ၏အတွေးလည်း ပြတ်သွားတော့သည်။ သူပြရာ သို့လည်း ငုံ့ကြည့်လိုက်မိပါသည်။

"ဟိုက် သွားပြီ…ဒုက္ခပဲ"

ထာဝရ ကြည်ငြိမ်စွာလှုပ်ရှားတတ်သော ကိုစိုးထွဋ်ပင်လျှင် ပျာယာခတ်သောလေသံဖြင့် ဗလုံးဗထွေးကြီး ပြောချလိုက်လေ တော့သည်။

ကျွန်မမှာ မဟော်ဂနီစံအိမ်ကြီးဆီမှ မီးတောက်မီးလျှံများကို ကြည့်ပြီး ဖျတ်ခနဲ သတိတစ်ခုဝင်လာမိသည်နှင့် စိုးရိမ်ခြင်း ပူပန်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးစွာဖြင့် ကျွန်မအော်လိုက်မိသည်။

''ပပယေ...''

ကျွန်မကို ထာဝရ မှီတွယ်အားကိုးနေရှာသော ပပယ် ဘယ်အချိန်က ကျွန်မနှင့် ကွဲကျန်ခဲ့ပါလိမ့်။

''ကိုစိုးထွဋ်ရဲ့ ပပယ်လွတ်ပါ့မလားရှင့် ဟင်၊ အို... စုန္နှာ ရင်ထိတ်လိုက်ပါဘိတော့''

''စိတ်ငြိမ်ငြိမ်ထား စုန္နှာ... ရောက်ပြီ''

လျှပ်တစ်ပြက်အတွင်းပင် ရဲကားက အသံမြည်ဟီးစွာဖြင့် မီးလောင်ကွင်းရှေ့သို့ ထိုးဆိုက်လိုက်သည်။ အလျှင်မြန်ဆုံး အဟုန်ဖြင့် ကိုစိုးထွဋ်နှင့်အတူ ရဲသားများ ခုန်ဆင်းပြေးသွားကြသည်။

ကျွန်မမှာ ကားနောက်ကာကို ခဲယဉ်းစွာကျော်ပြီးမှ မြေပေါ်သို့ ခုန်ချလိုက်ရသည်။ ဦးမြတ်ထွန်းနှင့် ကိုမြတ်ဝဏ္ဏက ရေပုံးများကိုင်ပြီး ရှုးသွပ်သူများသဖွယ် ဟိုဟိုသည်သည် ပြေးလွှားနေသည်။ ရေမပေါများသော အလွယ်တကူမရနိုင်သော နေရာမို့ ရေနိုင်နိုင်ဖြင့် ပက်ဖျန်းရန်မှာလည်း ခဲယဉ်းလှပါမည်။

နန်းနုမြတ်က သူ့ခင်ပွန်းရင်ခွင်တွင် မျက်နှာအပ်၍ ငိုနေပြီး မြတ်သီဟက အလုပ်သမားများအုပ်စုကြားတွင် ကြောက်လန့်တကြား ပြေးလွှားနေပေသည်။ ပပယ်ကို မမြင်ရသဖြင့် ကျွန်မမှာ မီးလောင်ကျွမ်းစ အရှိန်အဟုန်ကြီးမားစ အိမ်ကြီးနားသို့ ပြေးကပ်လိုက်ရင်း...

''ပပယ်...ပပယ်...ပပယ်ရော''





အသံကုန်ဟစ်၍ ကျွန်မမှာ ဖိနပ်မပါဘဲ အိမ်ကို ပတ်ပြေးဖွေရှာနေမိခိုက်...

''မမစုန္နှာ''

သူ့အသံရှုးရှုးလေးကြောင့် ကျွန်မ အားတက်စွာ လှည့်ကြည့်လိုက်မိပါသည်။ မျက်လုံးအပြူးသားနှင့် ကြောက်လန့်တကြား ဖြစ်နေသော မခင်နုက ပပယ်ကို ချီထားပေသည်။ မခင်နု၏ လက်မှ ပပယ်က ကျွန်မဆီသို့ လက်ကမ်းလျက် ငိုရင်းက ခေါ်လိုက်ရှာသည်။ ကျွန်မက မခင်နုရှိရာသို့ တဟုန်ထိုးပြေးသွားပြီး ပပယ်ကို လက်ပြောင်းပွေ့ချီလျက် ခိုင်ခိုင်မြဲမြဲ ဖက်ထားလိုက်မိပါသည်။

''ပပယ်ရယ်''

ချစ်စရာ သနားစရာကလေးနှင့် ကွဲကွာသွားရလေခြင်းဟူသော ယူကြုံးမရစိတ်ဖြင့် သူ့ကိုဖက်ထားမိသည်။ အိမ်ဘက်သို့ ကျွန်မက ကျောပေးမိလျက်သား ဖြစ်နေပေသည်။ ရင်ချင်းအပ်လျက် ချီထားပါသော ပပယ်မှာ အိမ်ကြီးဘက်မြင်ကွင်းကို မြင်နေရပါ၍ သူက...

''ဟာ မမစုန္နှာ ဟို ဟိုမှာကြည့်စမ်း''

''ဘာ... ဘာလဲဟင်''

ကိုယ်ကိုလှည့်ပြီး အိမ်ကြီးဆီသို့ကြည့်ရင်း ကျွန်မက အလန့်တကြား မေးလည်းမေး ကြည့်လည်းကြည့်မိသည်။

''ဟာ...ဦးလေး ဦးအောင်ထူးမြတ်ကို မီးတွေဝိုင်းနေပါလား''

''ဆင်းခဲ့... ဆင်းခဲ့၊ ဒီဘက်ပေါက်က ခုန်ချ''

ဦးမြတ်ထွန်းက အသံကုန်ဟစ်၍ အော်ခေါ်ရှာသည်။ အိမ်၏



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်းပိုင်းထရံများ မီးစွဲလောင်နေပြီဖြစ်သော်လည်း ခြေရင်းဘက်ကို မီးမစွဲသေး။

ဦးအောင်ထူးမြတ်မှာ ဘာသံမျှကြားဟန်မတူတော့၊ သူမွန်းနေလေပြီ။ မီးခိုးလုံးများကလည်း သူ့ကို ပတ်ဝိုင်းနေသဖြင့် သူ့ဘက်ကိုမျှ မကြည့်နိုင် မမြင်နိုင်တော့၊ အရှေ့အနောက်လည်း သိပုံမပေါ်၊ လွတ်ရာလမ်းမှာ ဘယ်အရပ်မှန်းလည်းမသိနိုင်ရှာတော့။ ကျွန်မစောစောက မြင်ရသော သုဘရာဇာ၏ အဝတ်ကာကီရောင် ဘောင်းဘီတိုကြီးနှင့် ခြေတစ်ဖက်ဆွဲလျက်က ဟိုဟိုသည်သည် ကြောက်လန့်တကြား ပြေးလွှားနေရှာသည်။ မကြည့်ရက်စရာ၊ မကြည့်ရဲစရာပင်။

"ဟာ…ကိုစံရိပ်ငြိမ်ရဲ့အလောင်းကြီး ပြုတ်ကျသွားပြီ"

ကျွန်မ၏ မျက်စိရှေ့တွင်ပင် မြင်ရသော မြင်ကွင်းပြောင်းလဲမှုများက မြန်ဆန်လှသည်။

ကိုစံရိပ်ငြိမ်၏အခန်းကို မီးစွဲလေပြီ၊ သူ့စိတ္တဇပန်းချီကားများနှင့်အတူ သူ၏ သက်မဲ့ကိုယ်ခန္ဓာတို့ကိုပါ မီးက တမဟုတ်ချင်း ဝါးမြိုလောင်မြိုက်ပါလေပြီတည်း။

"အမယ်လေး…ဦးလေးလဲကျသွားပြီ"

ကိုယ်ကို မီးမစွဲသေးပါဘဲနှင့် ဦးအောင်ထူးမြတ်မှာ ပြေးလွှားနိုင်စွမ်းအားမရှိတော့။ မီးဟပ်သည့်အရှိန်ကြောင့် ပုံလျက်သား လဲကျသွားရှာလေပြီ။

သူ့ကိုယ်ခန္ဓာပေါ်သို့ မီးစွဲလောင်သည်နှင့် ဦးအောင်ထူးမြတ်၏ ကိုယ်ကြီးမှာ တွန့်လိမ်ကွေးကောက်လျက် ပြင်းစွာသော အပူဝေဒနာကို ခံစားနေရရှာသည်မှာ ကြည့်ရက်စရာမရှိတော့။

"အား…သွားပြီ…သွားပြီ၊ ပပငယ် မကြည့်နဲ့…မကြည့်နဲ့တော့ကွယ်"

ကျွန်မလည်း မျက်စိမှိတ်လိုက်သည်။ ပပငယ်၏ မျက်နှာလေးကိုလည်း ကျွန်မ၏ရင်ခွင်တွင်ကပ်၍ ကွယ်ထားလိုက်မိပါတော့သည်။ ကျွန်မလည်း မရပ်နိုင်တော့။ အပူရှိန်ဟပ်သည့်နေရာမှလွတ်အောင် အပြင်ဘက်သို့ ပြေးထွက်ပြီး မြက်ခင်းပေါ်သို့ ထိုင်ချလိုက်ရပါ၏။ အိမ်ကြီး၏မြင်ကွင်းကိုလည်း ကျွန်မ မကြည့်ရဲတော့။ ပပငယ်ပါ ကြောက်လန့်ကြီးစွာ ငိုကြွေးနေမိကြပါတော့သည်။ ရဲအဖွဲ့

"သွားပြီ…စုန္ဒာရယ် သွားပြီ။ ကျွန်တော်လိုချင်တာ ဒီလောက်မဟုတ်ဘူး… ဒါမျိုးမဟုတ်ဘူး၊ တရားဥပဒေဘောင်ထဲက လိုချင်တာ…"

ကိုစိုးထွဋ်က တုန်ရီလှိုက်လှဲစွာဖြင့် ပြောရှာသည်။

"ဘယ်…ဘယ်လိုများ ဖြစ်သွားရတာလဲရှင်"

"အေးဗျာ… ကျွန်တော် ဒီလိုဖြစ်လာလိမ့်မယ်လို့ မမျှော်လင့်မိဘူး။ ဦးအောင်ထူးမြတ်… ဦးအောင်ထူးမြတ်၊ သူဒီလိုဇာတ်သိမ်းသွားလိမ့်မယ်လို့ မမျှော်လင့်မိပါဘူး"

ကိုစိုးထွဋ်က မချိတင်ကဲလေသံနှင့် ပြောလိုက်သည်။ အံကိုလည်း တင်းတင်းကြိတ်ထားရှာပါ၏။ ဤမြင်ကွင်းကိုလည်း သူ မကြည့်ရက်၊ သူကြိုးစားပမ်းစား လိုက်ထားသော လျှို့ဝှက်မှုကြီးမှာ







www.burmeseclassic.com

www.burmeseclassic.com



လည်း ပေါ်ခါနီးတွင် သဲထဲရေသွန်သလို ဖြစ်ရလေသည်ဟူ၍ ယူကြုံးမရပြောနိုင် ရှိနေပေသည်။

"အားလုံးတော့ လွတ်ကြတယ်မှတ်လားဟင်"

အိမ်သားမောင်နှမများနှင့် အစေအပါးများ မီးဘေးမှ လွတ်ကင်းကြပါလေစဟူ၍ ပူပန်စိတ်ဖြင့် ကျွန်မမေးမိသည်။

"လွတ်ပါတယ် စုနန္ဒာ...အားလုံး လွတ်ပါတယ်။ ပစ္စည်းတွေနဲ့ ငွေရိုပ်ငြိမ်ရဲ့အလောင်းလည်း သင်္ဂြိုဟ်ပြီးသား ဖြစ်သွားတာပေါ့လေ။ ခြောက်အောင်ထူးမြတ်ရဲ့အဖြစ်ကသာ ရင်နာစရာပဲ"

ပြေးလွှား "သူ...သူ...ဘယ်လို ဖြစ်ပြီး ဘာတွေလုပ်တာလဲ"

ထွင့်ရယ်။ စုနန္ဒာလည်း ကြောက်လိုက်လန့်လိုက်ရတာ မတတ်ပါပဲရင်၊ အသက်ထွက်မတတ်ပါပဲ၊ လူကိုရူးချင်ရော"

ကျွန်မ၏ဒုက္ခနှင့် ခံစားမှုများကို အားပါးတရ ပြောကြားလိုက်ရင်း သက်ပြင်းကြီးတစ်လုံး ချလိုက်မိပါသည်။

"ဦးမြတ်ထွန်းကို ခေါ်မေးမယ်လေ၊ အိမ်ပြင် မြက်ခင်းပြင်မှာပဲ မေးမြန်းဆွေးနွေးကြရတော့မှာပေါ့"

"ဦးမြတ်ထွန်းကို စုနန္ဒာက လူဆိုးလို့ထင်နေတာ"

"သူဟာ စကားနည်းပြီး မာဆတ်ဆတ်ပြောတတ်တာကလွဲရင် အင်မတန် သဘောဖြူစင်သူပါ စုနန္ဒာ။ ဟော... ကိုလှအေးတို့တောင် ရောက်လာကြပြီ၊ သုဘရာဇာ အဘိုးကြီးနှစ်ယောက်လည်း ပါလာတယ်။ လာစုနန္ဒာ... သြော်နေဦး၊ သူတို့ကို ဒီကိုခေါ်ခဲ့မယ်၊ ဒီနေရာမှာပဲဆုံပြီး ပြောကြ ဆွေးနွေးကြတာပေါ့လေ"





ကိုစိုးထွင့်က ကျွန်မကိုပြောပြီး ရဲကားနှင့် ရဲသားများရှိရာဘက်သို့ ထွက်သွားလေသည်။ ကျွန်မက ပပငယ်ကို ပွေ့ချီရင်း မြက်ခင်းပေါ်၌ ထိုင်နေမိသည်။ တစ်နေ့လုံး နေပူထားပါ၍ မြက်ခင်းက သွေ့ခြောက်နေပေသည်။ အိမ်အိုကြီးမှာလည်း မိုးမရွာပါဘဲ နေကျဲကျဲ ပူထားသဖြင့် ကျွတ်ရှပြီး အလွယ်တကူ မီးလောင်ခဲ့ခြင်းဖြစ်လေမည်၊ ကျွန်မတို့ဘက်က လေမသင့်သော်လည်း တစ်ချက်တစ်ချက်တွင် လူကိုမီးရှိသည့် အညီနံ့က ပျံ့လွင့်လာလေသည်။ လူနှစ်ယောက်နှင့် အိမ်တစ်လုံးကို ဝါးမြိုလေသော မီးမှာလည်း မီးညွန့်ကျိုးကျသွားပါလေပြီ။

ကိုစိုးထွင့်နှင့်အတူ ကိုမြတ်ဝဏ္ဏနှင့် ဦးမြတ်ထွန်း၊ ရဲအဖွဲ့ဝင်များတို့ ကျွန်မရှိရာသို့ လျှောက်လာကြပါသည်။ သူတို့၏နောက်တွင် လက်ထိတ်များနှင့် ချောက်ချားစွာ လိုက်ပါလာကြပါသော သုဘ ရာဇာနှစ်ယောက်။

သူတို့၏ ရှင်းလင်းပွဲ ဆွေးနွေးပွဲကို ကျွန်မရှေ့တွင် ကျွန်မကို သိစေချင်၍ တမင်ကိုစိုးထွင့်က ခေါ်လာခဲ့ခြင်းဖြစ်လေမည်။ သူတို့သူတို့၏ ရှင်းလင်းချက်များ၊ ဝန်ခံချက်များကိုလည်း ကျွန်မမှာ နားဆင်လိုလှပါပြီ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



'ဦးမြတ်ဦး' မှာ သဘောသကာယ ကောင်းမွန်လှသော်လည်း ဇနီးဖြစ်သူ 'ဒေါ်မြတ်သူဇာ' မှာ ရုန့်ရင်းကြမ်းတမ်းလှသည်။ 'မြတ်မိသားစု' အနွယ်ဝင် မောင်နှမချင်း လက်ဆက်ထားသော်လည်း ဤဇနီးမောင်နှံ၏စိတ်က အရှေ့နှင့်အနောက်လို ဆန့်ကျင်ဘက်ကွာခြားသည်။

ဤ နှစ်ဦးမှ 'ဦးလှထူးမြတ်'၊ 'ဦးအောင်မြတ်စံ' နှင့် 'ဦးအောင်ထူးမြတ်' ဟူသော သားသုံးယောက်ရှိသည့်အနက် အကြီးဆုံးတစ်ယောက်သာ ဖခင်စိတ်နှင့်တူစွာ နူးညံ့ပျော့ပျောင်းသည်။ ဦးအောင်မြတ်စံက ဒေါသကြီးသော်လည်း သစ္စာရှိသည်၊ ချစ်မေတ္တာကို တန်ဖိုးထားသည်။ သည့်အတွက် ချစ်ဦးသူ စုမြတ်သဲနှာကိုချစ်သည့် စိတ်ဓာတ်ကြီးခါ ပင်ကိုကလည်း ဒေါသကြီးသူဖြစ်ပါ၍ သူ့လက်ချက်ဖြင့် 'ကိုလှုလှ'သည်လည်းကောင်း၊ သူကိုယ်တိုင်သည် လည်းကောင်း သေဆုံးခဲ့ကြရသည်။

ယင်းအရေးအခင်း၌ ဦးအောင်ထူးမြတ် ခြေတစ်ဖက်ပြတ်ခဲ့ရလေသည်။ အရာရာတွင် ရည်မှန်းချက်ကြီးခဲ့သူ၊ လောဘဒေါသကြီးစွာဖြင့် ထွန်းထွန်းပေါက်ပေါက် လှုပ်ရှားခဲ့သူမှာ ခြေတစ်ဖက်ဖြတ်လိုက်ရသည့်အတွက် အားငယ်ဝမ်းနည်းစိတ်ဖြင့် တစ်လောကလုံးကို မကျေနပ်ခဲ့သူဖြစ်လေသည်။

"ဒီအိမ်ကြီးမှာ ဘယ်သူမှ ထာဝရနေနိုင်ကြမှာမဟုတ်ဘူး။ သက်ဆိုင်ရာ ဝေစုတွေယူပြီးသွားကြရင် ဒုက္ခိတငါသာ ကျန်ရစ်တော့မယ်။ ဒီတော့ ဒင်းတို့ကိုသတ်... ပစ္စည်းတွေယူပြီး တခြားအရပ်မှာ





ဇာတ်မြှုပ်သွားနေတော့မယ်"

ဆိုသည့် ရည်ရွယ်ချက်ဖြင့် ပထမပိုင်းက သွေးရိုးသားရိုးဖြင့် ဥပစ္ဆေဒကကံနှင့် သေဆုံးကြသူများကို ကျိန်စာသင့်လေဟန်၊ မကျွတ်သော ဝိဉာဉ်များက ဤအိမ်တွင် လှုပ်ရှားနေလေဟန်၊ ကျိန်စာသင့်ဝိညာဉ်များက ချောက်ချားစေအောင် ဒုက္ခပေးနေလေဟန်ဖြင့် သူ အမျိုးမျိုး သတင်းလွှင့်ဖြန့်ဝေနေခဲ့သည်။

သူ့တွင် တိုင်ပင်ကူညီရန် ဤအိမ်ဤဆွေမျိုးသားချင်းထဲ မရှိ၊ သူမယုံကြည်၊ သူ့လျှို့ဝှက်မှုကြီးကိုလည်း ဘယ်သူ့ကိုမှ ပြော၍မဖြစ်၊ အကူညီမပါ၍လည်းမပြီး။

သည့်အတွက် နောက်ကြောင်းရှင်းသော အိုးအိမ်မရှိသော အရက်ဖိုးရလျှင် ဘာမဆိုလုပ်ရဲသော စန္ဒာလခေါ် သုဘရာဇာများနှင့် ပူးပေါင်းပြီး ဤအကြံအစည်ကြီးကို ကြံစည်လိုက်ခဲ့ခြင်းဖြစ်လေသတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



“လှေကားကလိမ့်ကျပြီးသေအောင် ဘယ်လိုလုပ်တာလဲဆရာ ကျွန်တော်တို့ လာစစ်မေးဖို့ပဲ၊ ဆရာရှိနေလို့ မလာရတာ”

ရဲသားတစ်ယောက်က ကိုပန်ဦးကိုဦးတည်၍ မေးလိုက်သည်။ အဖြစ်အပျက်အ ါ့အဝက်ကို ရှင်းပြပြီးသား ကိုစိုးထွဋ်က…

“ယက်ဆုပ်လက်ကိုင်မမိတာ နာတာပေါ့ ဒါပေမယ့် သေချာပါတယ်၊ ကျွန်တော် အချက်အလက်တွေ စုဆောင်းထားပြီးသားပါ။ ဦးအောင်ထူးမြတ်ဟာ ဇရပ်လှရွာကိုရောက်လာတဲ့ မုဆိုးတစ်ယောက်ဆီက အင်မတန်ကြီးမားတဲ့ ဝက်ဝံရဲ့အရေခွံတစ်ခုကို ဝယ်လိုက်တယ်တဲ့၊ အတိအကျ သတင်းရထားတယ်။ အဲဒီအရေခွံကို အခြောက်ခံပြီး လူပတ်လို့ရအောင် သူပြင်ချုပ်တယ် ဦးအောင်ထူးမြတ် မည်းမည်းကြီးတစ်ခု ချုပ်နေတာ မခင်နုကိုယ်တိုင် မြင်ရတာလေ၊ ပြီးတော့ ခေါင်းပိုင်းကို မောင်စံရိပ်ငြိမ် ပန်းချီဆေးထဲက ရောင်ပြန်ဟပ်တဲ့ ဖလော်ရဲဆိန့်ဆေးအနီရောင်ကို မျက်လုံးနဲ့လျှာမှာ ခြယ်လိုက်တော့… အင်မတန်ကြီးမားတဲ့ အမွေးရှည်နဲ့ သတ္တဝါမည်းကြီးတစ်ကောင်ဟာ မျက်လုံးကြီးပြူး၊ လျှာကြီးထုတ်ပြီး ကိုက်တော့ကုတ်တော့မယ့်ဟန်နဲ့ လှေခါးထိပ်ကဘွားခနဲ ပေါ်ပေါက်လာတော့ ရုတ်တရက် ဗြုန်းခနဲ မြင်လိုက်ရတဲ့ လှေကားက တက်လာကြသူတွေဟာ…သိပ်ကိုလန့်ဖျပ်ပြီး ပက်လက်လန်ကျကုန်တာပေါ့။ လှေခါးခုံမှာလည်း အင်္ဂတေ,သံစတဲ့ အမာခံတွေ ထားလေတော့၊ အဲဒါနဲ့ ခေါင်းနဲ့ရိုက်ခွဲသလို ပွဲချင်းပြီး သေကုန်ကြတာပေါ့”





“ဒါဆိုရင် ကိုစံရိပ်ငြိမ် နောက်ဆုံးဆွဲသွားတဲ့ ပန်းချီကားဟာ အဲဒီအကောင်ကြီးကို ဆွဲသွားတာပေါ့နော်”

“မှန်တယ် စုနန္ဒာ… မောင်စံရိပ်ငြိမ်ဟာ ဒီအဖြစ်ပျက်တွေကို သူမြင်တယ်၊ ဒါပေမယ့် ဒီအကောင်ကြီး‌ရဲ့ အရေခွံထဲမှာ ဦးအောင်ထူးမြတ် ဝင်ပြီးလှုပ်ရှားတယ်လို့တော့ သူသိဟန်မတူဘူး၊ ဒါကြောင့် သေဆုံးခါနီးပုံစံတွေ၊ ဒီအကောင်ကြီးရုပ်ပုံတွေကို သူမှတ်တမ်းတင်ထားနိုင်တာပေါ့”

“ဒါဖြင့်… ကိုစံရိပ်ငြိမ်သေဆုံးတာ သူ့ဟာသူပေါ့နော်”

“ဟုတ်ပါတယ်… ဦးအောင်ထူးမြက်ဟာ သူသေ[illegible]ဆောင်ခင် တစ်နေ့မှာ အဲဒီအရေခွံကြီးကို မီးရှို့ပစ်တယ်၊ တချို့တစ်ဝက်ကျန်တာ သူလည်းတွေ့တယ်၊ ကျွန်တော်လည်းတွေ့တယ်။ သူ့စိတ်ထင်က မကောင်းဆိုးဝါးကောင်ကြီးသေပြီ၊ ဒီအိမ်မှာ နောက်မခြောက်တော့ဘူး၊ လူမသေတော့ဘူး၊ ဒါကြောင့် သူ့ဝတ္ထုရားဆုံးပြီဆိုပြီး သူသတ်သေပစ်လိုက်တာပဲပေါ့”

“သူက စိတ္တဇဝေဒနာသည်ကိုး၊ သူတွေးချင်ရာတွေးပြီး လုပ်ချင်ရာလုပ်သွားတာပဲပေါ့”

ဦးမြတ်ထွန်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဝင်ထောက်ခံသည်။

“ဒါဖြင့် စုနန္ဒာအခန်းထဲကို မည်းမည်းကောင်ကြီး ဝင်တာတို့၊ စာရေးတာတို့ဟာ သူပဲပေါ့နော် ကိုစိုးထွဋ်”



www.burmeseclassic.com

www.burmeseclassic.com



''ဒါပေါ့…အိမ် ၁ တစ်ယောက်တိုးရင် တစ်မိုးရှုပ်လို့ ပြန်ခိုင်းတာ မရတော့ သတ်ဖို့ကြံတာပဲ။ စုန္ဒာက်က ကောင်းလေတော့ သူ့အကြံ မအောင်ပေဘူးပေါ့''

''ဒါလည်း ကိုစိုးထွဋ်ကျေးဇူးပါပါတယ်လေ၊ ကဲ… နောက်ဆုံး သူသေချင်ဟန်ဆောင်ပုံကို ပြောပါဦး''

''ဒါတော့ ကျွန်တော့်ထက် ပိုသိတဲ့ သုဘရာဇာ ဦးဒီကြီးက ကိုယ်တိုင်ဖွင့်ဟဝန်ခံပါလိမ့်မယ်။ ကဲ ဦးဒီကြီး… ခင်ဗျားတို့လုပ်ခဲ့တာတွေ ကျုပ်တို့သိခဲ့ပြီးပြီနော် အားလုံးကြားရအောင် အမှန်အတိုင်း ပြောပြလိုက်ပါ''

ကိုစိုးထွဋ်၏ တည်ကြည်ပြတ်သားသော စကားအပြီးတွင် ဦးဒီကြီးက တုန်တုန်ရီရီဖြင့် ရှေ့တိုးလာသည်။ ကြောက်ရွံ့စွာဖြင့်လည်း ငိုနေရှာသည်…။

''ကျွန်တော့်ဆီကို ဦးထူးမြတ် လာလာစကားပြောပါတယ်။ ကျွန်တော်တို့က အရက်သိပ်ကြိုက်ပါတယ်ဗျာ…။ ရွာမှာ ဒီအိမ်မှာ အသုဘရှိမှ ထမင်းစားရ အရက်သောက်ရတယ်ပေါ့။ ဒါနဲ့ ဦးထူးမြတ်က မြေပေါက်ခိုင်း သစ်ပင်စိုက်ခိုင်းပြီး ကျွန်တော်တို့နဲ့ ရင်းနှီးအောင် လုပ်ပါတယ်၊ ငါးကျပ်မျိုး တစ်ဆယ်မျိုးလည်း ခဏခဏ ပေးပါတယ်… ဒါကြောင့် သူ့ကိုခင်တယ်၊ အားကိုးပါတယ်။ ဒီလိုနဲ့ ကစ်နေ့တော့… မြေပေါက်နေတဲ့ကျွန်တော်တို့ဆီ ရောက်လာပြီး…

''အိမ်မှာလည်း လူတွေတစ်ယောက်ပြီးတစ်ယောက် သေနေ





တယ် အခုရောက်လာတဲ့ ဟန့်ဦးဆိုတာက သတ်တယ်ထင်တယ်တဲ့… ဒါကြောင့် ငါလည်း ဒီအိမ်က ပြေးချင်ပြီ၊ မင်းတို့ကူရင် တစ်ယောက် ငွေတစ်ရာစီပေးမယ် ဘယ်သူမှ မပြောရဘူးတဲ့''

ဦးဒီကြီးက တံတွေးမြိုရင်း ဆက်လက်အစစ်ခံပြန်သည်။ အားလုံးက စိတ်ဝင်စားလျက်…။

''သူ့ဒီည လှေကားပေါ်က တစ်ထစ်ချင်း ခုန်ချပြီး လိမ့်ကျသေချင့်ယောင်ဆောင်မယ်တဲ့''

ဦးဒီကြီးစကားကြောင့် ဦးအောင်ထူးမြတ် လှေကားပေါ်က လိမ့်ကျသံ တစ်မူထူးခြားကြောင်း ကျွန်မ သတိထားခဲ့မိသည်ကို ပြန်လည်သတိရလာမိသည်။ ဦးဒီကြီးအသံက ဆက်လက်ပေါ်လာပါ၏။

''ကျွန်တော်တို့ကို အဲဒီအိမ်မှာနေရမယ်တဲ့၊ သူကျသေတာနဲ့ ပြေးပွေ့ရမယ်တဲ့… အလောင်းစင်ကို သူတို့ပြင်ပါလို့ မှာတဲ့အတိုင်း ကျွန်တော်တို့ ဆောင်ရွက်ရပါတယ်။ အဲ ဒီညက သူက အလောင်းစင်မှာ သေဟန်ဆောင်ပြီးအိပ်… ကျွန်တော်တို့က ဘေးကစောင့်ပေါ့။ အဲဒီညက ချောင်ပါတယ်… ကြည့်မယ့်လူမရှိ ငိုမယ့်လူမရှိနဲ့''

''နောက်နေ့တော့ ခေါင်းသွင်းရော မှတ်လား… အဲဒီခေါင်းကိုလည်း ကြိုလုပ်ထားကြတယ်မှတ်လား''

''ဆရာကိုစိုးထွဋ် ဘယ်လိုလုပ်သိလဲဗျာ''

''ကျုပ်အဲဒီက သဲလွန်စရတာပေါ့ ဘယ့်နှယ့် ဒီအရပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူသေ မှ ခေါင်းစပ်ကြတာ ခုတော့ ညသေတယ် မနက်ကို ခေါင်းကြီး အဆင်သင့်ယူလာတယ်ဆိုတည်းက မသင်္ကာဖြစ်သွားမိသား။ ကဲ… ခေါင်းသွင်းပုံ ဆက်စမ်းပါဦး ဦးဒီကြီး…"

"ဆဲရာတို့ကလည်း ဘယ်သူမှ မကြည့်ကြပါဘူး၊ ဒါကြောင့် ဟောဒီက သံလုံးရဲ့ အဝတ်တွေသူဝတ် ဦးထုပ်ဆောင်းပြီး အိမ်ပြင် ထွက်သွားတယ်။ သူ့ကိုမြင်လည်း ကျွန်တော်တို့ တစ်ယောက်ယောက် ပြန်သွားတယ်ပေါ့… ဘယ်သူမှလည်း မမြင်ဘူး။ သူအိမ်ရှေ့ကနေ ထွက်သွားတယ်… ကျွန်တော်တို့က သံခဲအုတ်ခဲ မီးမြိုက် သစ်တုံးတွေ ဖွဲပြာအိတ်မှာ ပါလာကာထည့် ကျပ်စည်းဖို့၊ ဝါးကြီးပါထည့်ပြီး ဖွဲပြာ အိတ်ပါ သွန်ထည့်ပြီး သံနဲ့အသေရိုက် ပိတ်လိုက်ပါတယ်… မတော် တဆ မ,ကြည့်ကြရင် လေးနေအောင်လို့တဲ့၊ သူ့ဉာဏ်ပေါ့။ ကျွန်တော် တို့လည်း ခေါင်းသွင်းပြီးဟန်နဲ့ ပြန်ထွက်လာကြတယ်… ဘယ်သူမှ မရိပ်မိဘူး"

"ကျွန်တော်ရိပ်မိပါတယ် ဦးဒီကြီး… ဒါကြောင့် စောစောက ခေါင်းပြန်တူးကြည့်တာပေါ့။ ကျွန်တော်ဟာ ဦးအောင်ထူးမြတ် တရားခံ ပဲလို့ တပ်အပ်စွပ်စွဲနေတုန်း ဖြုန်းခနဲ သေသွားတာကို မကျေနပ်ဘူး မယုံဘူး။ ဒီလိုနေတုန်း စုနန္ဒာက ဦးအောင်ထူးမြတ်ကို သရဲအဖြစ်နဲ့ မြင်လိုက်ပါတယ်လို့ ပြောပြီး မေ့လဲ, လဲသွားရော၊ သေချာပြီဆိုပြီး ပိုသေချာအောင် ခေါင်းသွားတူးကြည့်တာ"

"ဒီမှာမရှာဘူးလား"

ကြောင်နှစ်ကောင်စာအုပ်တိုက်



"ရှာတော့ရှာတယ်… စုနန္ဒာကလည်း မေ့နေတော့ မထားခဲ့ ရက်ဘူး၊ ပြီးတော့ ရဲတွေကိုလည်း ဦးခင်မောင်က သွားခေါ်နေပြီ ဒီအိမ်က သူမပြေးနိုင်ဘူး၊ ကိုဖြိုးသေမိမှာပဲလို့ထင်ခဲ့တယ် ခေါင်းထဲမှာ အလောင်းရှိမရှိ သေသေချာချာ သိချင်တာနဲ့ ပြေးရှာတာ… စုနန္ဒာကို လည်း မထားရက်ခဲ့ဘူး။ စိတ်ပူလို့ မြင်းနဲ့တင်ခေါ်သွားတာ။ ဟိုမှာ လည်း ဒီမဟော်ဂနီစံအိမ်ကြီးကို အင်မတန်မုန်းတီးနေတဲ့ ဦးမြစ်နဲ့ သူ့လူတွေက စည်းရုံးပြီးသားရှိနေတယ်လေ"

"နေပါဦး ကိုစိုးထွဋ်ရဲ့… သူက ဒီကိုဘာလို့ ပြန်လာရတာလဲ ဟင်"

"ပစ္စည်းပေါ့ စုနန္ဒာရယ်။ ဟိုညက လိမ့်ကျတော့ သူ့ကို ပွေ့ကြ မ,ကြ။ အလောင်းစင်ပြင်ကြ လုပ်ကြရင်… သူ့ကိုယ်မှာ ရွှေငွေထားလို့ မဖြစ်ဘူးမှတ်လား၊ ဒါကြောင့် ဒေါ်ခက်ခက်ဆီက ခိုးထားခဲ့တဲ့ ရွှေငွေ တွေ သူတစ်နေရာရာမှာ ထားမှာပေါ့ သူဘရာဇာ အဝတ်အစားဝတ်ပြီး တံခါးဖျက်ပြီးသား စုနန္ဒာအခန်းကတစ်ဆင့် ဝင်လာတုန်း စုနန္ဒာနဲ့ ကြုံသွားရတာဖြစ်မှာပေါ့"

"ဒါဖြင့် ပစ္စည်းတွေလည်း…"

"မီးထဲပါသွားပြီပေါ့…"

"ကောင်းပါတယ်…အားလုံး ချုပ်ငြိမ်းပြီးဆုံးသွားတာပေါ့"

ကျွန်မက သံဝေဂစကား ဆိုလိုက်မိသည်။ ကိုစိုးထွဋ်က ဦးမြတ်ထွန်းဘက်သို့ လှည့်လိုက်ပြီး…

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ပုံဘယ်နည်းနဲ့ မီးလောင်တယ်ဆိုတာ ဦးလေးက ပြောပါဦး"

"မောင်ပန်ဦးတို့ ထွက်သွားပြီး အပေါ်က ခြေသံလိုလို ကြားတယ်ဆိုပြီး သားအဖနှစ်ယောက် တက်ကြည့်ကြတယ်လေ… အပေါ်မှာ ရဲတွေလာပြီး မြတ်စိုးအလောင်းယူရင် မှောင်နေမှာစိုးလို့ ရေနံဆီမှန်အိမ်တွေ၊ ဖယောင်းတိုင်တွေ ထွန်းထားခဲ့တယ်"

"မီးကလည်း ပြတ်ပြန်ပြီနော်"

"အင်း…အရင်တုန်းကတော့ သူဖြတ်ဖြတ်နေတာပါ၊ ခုတော့ တကယ်ပြတ်သွားတာ"

"အင်း…ဆက်ပါဦး"

"အဲ…ဦးလေးတို့ရောက်တော့ ကာကီအင်္ကျီရှည်ကြီးနဲ့ ရိပ်ခနဲ မြင်လိုက်တော့ စဏ္ဍာလတွေ တစ်ခုခုဝင်ခိုးတယ်ထင်ပြီး သားမြတ်ဝဏ္ဏ က အတင်းလိုက်တယ်၊ အခန်းတစ်ခုထဲ သူဝင်ပြီး မပိတ်မီ သူကတွန်း၊ သားကတွန်းနဲ့ ဖြစ်နေတုန်း သားက အားကောင်းတော့ ပွင့်လည်း သွားရော… သူ့ကိုတွေ့ရတာပဲပေါ့"

"ကျွန်တော်တောင် သိပ်အံ့ဩ သိပ်လန့်သွားတယ်ဗျာ"

"ဟုတ်တာပေါ့… ကိုမြတ်ဝဏ္ဏ"

"ကျွန်တော်နဲ့သူနဲ့လည်း မျက်နှာချင်းဆိုင်မိရော… သူက မှန်အိမ်ဆွဲပြီး ကျွန်တော့်ကိုပေါက်လိုက်ရာမှာ တံခါးနဲ့ရိုက်မိပြီး မှန်အိမ်ကွဲရေနံဆီတွေ ပြန့်ကျဲပြီး မီးတွေလောင်တော့တာပါပဲဗျာ…၊





ကျွန်တော်တို့သားအဖကတော့ ပြေးဆင်းလာနိုင်ခဲ့ကြတယ်၊ သူ့မှာတော့ ထွက်စရာလမ်းမရှိဘဲ မြင်တဲ့အတိုင်း ဖြစ်သွားရတာပါပဲ"

"အေးလေ…သူ လူတွေသတ်ခဲ့တဲ့အကျိုးဟာ တရားဥပဒေကိုတောင် မစောင့်တော့ဘဲ လက်ငင်းပြန်ပြီး ခံစားသွားရရှာတာပေါ့လေ"

အားလုံး မျက်နှာမကောင်းကြ၊ လူဆိုး၊ လူသတ်သမားဆိုပါသော်လည်း မျက်စိရှေ့တွင် မချိမဆန့် သေဆုံးသွားရရှာလေသူ ဦးအောင်ထူးမြတ်မှာ သွေးသားရင်းချာဖြစ်ပါ၍ အားလုံး စိတ်မကောင်းနိုင်ကြ၊ သနားကြင်နာရကြပါသည်။

"ကဲ- ဒီမှာတော့ ကိစ္စပြီးပြီ၊ အားလုံး မြို့သစ်ကိုသွားကြမှပဲဖြစ်တော့မယ်နော်…၊ ကျွန်တော်တို့ ရဲကားနဲ့ပဲ သွားကြတာပေါ့"

အားလုံး သဘောတူ ကားပေါ်တက်ခဲ့ကြသည်။

"သြော်… မောင်ငွေအေးရေ… ကိုးတောင်ပြည့်ကျောင်းကို ခဏဝင်ပါကွယ်၊ ဒီအိမ်သားတွေနဲ့ ဘ၊ ဘုန်းနဲ့ တွေ့ပေးချင်လို့ပါ"

"ဟင်… ကိုစိုးထွဋ် ပြောလိုက်တော့မယ်"

ကျွန်မက အလန့်တကြား မေးမိသည်။

"ကိစ္စအားလုံးပြီးပြီပဲ စုနန္ဒာရယ်… ကျန်ရှိတဲ့ဆွေမျိုးတွေ စုစုဝေးဝေး တွေ့ကြ၊ ဆုံကြပါစေတော့"

"အို…ကိုစိုးထွဋ်ရယ်"

"ဟင်…မောင်ပန်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…ဦးလေးဦးမြတ်ထွန်း၊ ကျွန်တော် ကိုပန်ဦးဆိုတာ မဟုတ်ပါဘူး၊ ရဲဝန်ထမ်း စိုးထွဋ်ပါ"

"ဟာဗျာ… ခင်ဗျား တော်တော်ဆိုးတဲ့လူ၊ ကဲ… ကျွန်တော့်နှမကလည်း ခင်ဗျားကို…အဲ–ခင်ဗျားကို ကြည်ညိုနေပါပြီဗျာ၊ အစ်ကိုတစ်ယောက်အနေနဲ့ ကျွန်တော်ခွင့်လွှတ်ဖို့အသင့်ပါပဲ"

BURMESE CLASSIC .com

"ကျေးဇူးပဲ ကိုမြတ်ဝဏ္ဏရယ်"

ကားပေါ်၌ပင် ကိုစိုးထွဋ်က ကိုမြတ်ဝဏ္ဏကို လက်ဆွဲနှုတ်ဆက်လိုက်သည်။ ကားက ဘုန်းကြီးကျောင်းရှေ့တွင် ထိုးဆိုက်လိုက်ပါ၏။

"ကဲ…ဦးလေးဦးမြတ်ထွန်း ကျောင်းထဲဝင်သွား၊ ဘုန်းကြီးတစ်ပါးရှိတယ်၊ ဦးလေး သိပ်ကြည်ညိုသွားလိမ့်မယ်၊ ကဲ–ကဲ–အားလုံးဆင်းပြီး သွားကန်တော့ကြချည်"

ကားပေါ်မှ အလျှိုအလျို ဆင်းကြသည်၊ ရဲသားများပါ ဆင်းကြပါ၏။ တရားခံ စဏ္ဍာလနှစ်ယောက်ပါ ရောယောင်၍ ဆင်းသွားကြသည်။ ပပငယ်လည်း မခင်နုနှင့်အတူ ဆင်းသွားလေပြီ။

နောက်ဆုံးမှ ကျွန်မက ဆင်းရန် ထလိုက်စဉ် ကိုစိုးထွဋ်က ကျွန်မလက်မောင်းကို လှမ်းဆွဲလိုက်ပြီး…

"ဘယ်လဲ စုနန္ဒာ"

"ဘုန်းကြီးကျောင်းဆင်းဆို…ဘ,ဘုန်းကိုလည်း သွားကန်တော့မယ်လေ"

"မဆင်းရဘူး…ကိုယ့်နားက ဘယ်မှ စုနန္ဒာ မသွားရတော့ဘူး





စုနန္ဒာကို ကိုယ်သိပ်ချစ်နေလို့ပါကွယ်"

"အို…အရေးထဲ"

"အရေးမထဲတော့ဘူး၊ ပြီးပြီ…အားလုံး ပြီးပါပြီလေ… စုနန္ဒာရဲ့မေမေလည်း ပြန်ရောက်လာပြီ၊ ကိုယ်အရေ ကောက်လိုက်ပို့မယ် ပြီးတော့မှ ဒေါ်စုမြတ်သန္တာလက်ကနေ ကိုယ့်ရင်ခွင်ထဲ ပြောင်းယူမယ်"

"ဟင်…မေမေပြန်ရောက်ပြီ၊ စုနန္ဒာတို့အိမ်ကို ပြန်ရောက်ပြီပေါ့ ဟုတ်လား၊ အမလေး ဝမ်းသာလိုက်တာရှင်၊ မေမေ့ကို သိပ်တွေ့ချင်တာပဲ၊ ကိုစိုးထွဋ် ဘယ်လိုလုပ်သိလဲဟင်"

"[illegible] ကုန်ဟာ ကို့ဇာတိပါ… ပြီးတော့ စုနန္ဒာကို အိမ်ရောက်အောင် ရှာဖွေပေးတာလည်း ကိုပဲမှတ်လားကွယ်"

"အမယ်လေး…အဲဒါကြောင့် လိပ်ပြာလွင့်မတတ် အသက်ထွက်မတတ် ချောက်ချားခဲ့ရတာပေါ့၊ ကယ်ခဲ့ ကူခဲ့တဲ့ ကျေးဇူးတွေကောင် မတင်ချင်တော့ဘူး"

"ဟား…ဟား… ပြောစရာပါပဲဗျာ…၊ စုနန္ဒာဆိုတာ လောက် လုပနုနယ်တဲ့ အလှနတ်သမီးလေး ဖြစ်လိမ့်မယ်လို့ ထင်ခဲ့မိလို့ပါဗျာ။ ကို့ကြောင့် ဖြစ်ခဲ့ရဟာတွေကို ကို့ရင်မှာ ပန်းဖြေလှည့်ပါတော့နော် အချစ်ရယ်။ ကိုဟာ တစ်သက်လုံး နန္ဒာအတွက် အေးရိပ်သာဖြစ်ရပါစေ့မယ်လို့ ကတိပေးပါတယ် ွယ်…နော်အချစ်ရယ်…နော်ကွယ်"

အုပ်ထိန်းသူမဲ့၊ မှီခိုစရာ မရှိပါသော မိန်းမသားငယ်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

အတွက် မြတ်နိုးအားကိုးဖွယ်၊ ဟွယ်တာခိုလှုံဖွယ် ရင်ခွင်တစ်ခုဖြစ် အမှန်ပင်လိုအပ်လှပါသည်။

စုနန္ဒာမည်သော ကျွန်မအတွက် 'မြကွန်းရိပ်သာ' မှာ ကိုစိုးထွဋ်၏ရင်ခွင်သည်သာဟု မှတ်ယူရပါတော့မည်။ သူ့ရင်ခွင်ဆီသို့ ခေါင်းမှီချ၍ပိုက်မိသည်။ ကျွန်မနှုတ်မှ ပြောလိုသောစကားများက ရှင်တွင်း၌သာ အစီအရီ မြည်နေကြလေသည်။

"ကိုရယ်… အားကိုးရုံတင်မဟုတ်ပါဘူး စုနန္ဒာ ချစ်လည်း ချစ်ပါတယ်… လို့…"

※

ပြီးပါပြီ။

※

ကလျာ (ဝိဇ္ဇာ-သိပ္ပံ)
၂၅-၆-၁၉၇၅

ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC .com
www.burmeseclassic.com